
www.burmeseclassic.com




# သုမြတ်မွန်မွန်

## ငါ့ရင်ခွင်ထဲကိုရွှေ့ပြောင်းလာတဲ့ လရောင်မြို့တော်

www.burmeseclassic.com

www.burmeseclassic.com



## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com







# ဆုမြတ်မွန်မွန်

## ငါ့ရင်ခွင်ထဲကို
## ရွှေ့ပြောင်းလာတဲ့
## လရောင်မြို့တော်

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com










www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ယောက်က မင်းဆီကို ပန်း
ခတွေ ဆောင်ယူပေးလာတာကို စောင့်နေ
မလို့အစား ...

ဘာကြောင့် မင်းကိုယ်တိုင် ကိုယ်ပိုင်
ပန်းခင်းလေး မပျိုးထောင်တာလဲ။




ကံကောင်းခြင်းက မင်းဆီ ဥစ္စာချမ်းသာ
မှုကို ယူချင် ယူလာပေးမယ်။
ဒါပေမဲ့ ...

ဉာဏ်ပညာကြီးမြင့်မှုကိုတော့
ဘယ်တော့မှ ယူလာပေးမှာ မဟုတ်ဘူး။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com






## ၁

"ရတယ် ဒေါ်လေးစောရဲ့။ ဒီနေ့တော့ ဖျိုး ဘာသာပဲ သွားလိုက်ပါ့မယ်၊ ဖျိုး သွားလို့ ရနေပါပြီ"

"ဖြစ်ပါ့မလား သမီးရဲ့၊ သမီး သွားရဲလို့လား"

ဖျိုးသည် ဒေါ်လေးစောရဲ့ စကားကြောင့် စိတ်ရှုပ်သည့်ကြားမှ ရယ်ချင်သွားရသည်။ မသိလျှင် ဥမမယ် စာမမြောက်ကလေးတစ်ယောက်ကို မှကြိုပို့သည်ဟု ထင်ချင်စရာကောင်းသော စကားလုံးများမှာ တကယ်တော့ အဲဒီအတိုင်း မဟုတ်ရပါ။ တက္ကသိုလ်ကျောင်းသူတစ်ယောက်ကို ကျောင်းဖွင့်စ တစ်ပတ်မှာ ကျောင်းထိ လိုက်ပို့ရုံတင်မကဘဲ စာသင်ရမည့် အဆောင်ရှေ့အထိ အခန်းထဲ လိုက်မပို့ရုံတမယ် (ဒါတောင် ကျောင်းစတက်တက်ချင်းနေ့က အခန်းထဲအထိ လိုက်ပို့သေးသည်) အပို့ အကြိုလုပ်နေသော အဖြစ်ကို ကာယကံရှင် ဖျိုးကတော့ အတော်စိတ်ညစ်နေပြီ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့တော့ ပျိုးက စာသင်ခန်းရှေ့အထိ လိုက်မပို့စေချင်တော့။ ကိုယ့်ဟာကိုယ်ပဲ လျှောက်သွားလိုသည်။

"ဖြစ်ပါတယ် ဒေါ်လေးစောရဲ့။ ကျောင်းဝင်းထဲမှာ ကျောင်းသား ကျောင်းသူတွေချည်းပါပဲ၊ ဘယ်သူမှ ဘာမှမလုပ်ပါဘူး။ သူများတွေလည်း ဒီလိုပဲ သွားလာနေကြတာပဲဟာ။ ပျိုးဘာသာ လျှောက်သွားလို့ ရပါတယ်"

ဒေါ်လေးစောက ပျိုးကို စိတ်မချသလို မျက်လုံးများဖြင့် ကြည့်သော်လည်း ပျိုး ပြောသည့်စကားကိုတော့ လက်ခံသွားဟန်ဖြင့် ခေါင်းတစ်ချက်ဆတ်သည်။ ပြီးတော့ ပျိုးရဲ့လက်မောင်းလေးကို လာရောက်ဆုပ်ကိုင်ရင်း ...

"အေးလေ ... ဒါဆိုလည်း သွားရင်သွား။ တစ်ခုခု အဆင်မပြေတာရှိရင် ချက်ချင်း ဖုန်းဆက်လိုက်နော်၊ ကြားလားသမီး"

"ဟုတ် ... စိတ်မပူပါနဲ့ ဒေါ်လေးစောရဲ့"

"အေး ... အေး။ အဲဒါဆို သွားတော့"

ပျိုးက ခေါင်းလေးတစ်ချက်ဆတ်ကာ ထွက်လာခဲ့သော်လည်း ပျိုးရဲ့အရိပ်မပျောက်မချင်းအထိ ဒေါ်လေးစော ရပ်ကြည့်နေမည်ဆိုတာ သိသည်။ အဲဒီအတွက်လည်း လုံခြုံသောခြေလှမ်းများဖြင့် ပျိုးရဲ့မေဂျာအတန်းများ ရှိရာဘက်သို့ ခပ်အေးအေးပင် လျှောက်လာခဲ့ပါသည်။ ကျောင်းဝင်းထဲမှာ ပျိုးလို တစ်ယောက်တည်း လျှောက်လာသူတွေ ရှိသလို၊ သူငယ်ချင်းအုပ်စုနှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲတွေ လျှောက်လာတာလည်းရှိသည်။ ဘယ်သူ့ကိုပဲကြည့်လိုက် ကြည့်လိုက် တက်ကြွပျော်ရွှင်သော အသွင်သဏ္ဍာန်များသည် ကျောင်းသူ ကျောင်းသားတိုင်း၏ မျက်နှာတွင် ထင်ဟပ်ပြီးနေသည်။

ပျိုးမှာတော့ သူငယ်ချင်းတစ်ယောက်မှ မရှိသေးပါ။ ပျိုးသည် မေမေဖေဖေတာဝန်ကျရာ တောင်ကြီးမြို့မှာ ဆယ်တန်းအောင်ခဲ့တာဖြစ်ပြီး ပျိုးလည်း စာမေးပွဲ ဖြေပြီးတာနှင့် ဖေဖေကလည်း ရန်ကုန်သို့ ရာထူးတိုးကာ ပြောင်းရွှေ့ခဲ့ရတာဖြစ်သည်။ ပျိုးရဲ့သူငယ်ချင်းတွေမှာလည်း တောင်ကြီးမှာပဲ ကျန်ရစ်ခဲ့လေရာ ရန်ကုန်မှာ တက္ကသိုလ်တက်ရတော့ ပျိုးမှာ သူငယ်ချင်းတစ်ယောက်တလေမှ ရှိမနေ။ ကျောင်းတက်တာကလည်း တစ်ပတ်လောက်ပဲ ရှိသေးတာမို့ သူငယ်ချင်းလည်း မရသေးချေ။ ဒါကြောင့် ဒေါ်လေးစောက ပျိုးကို စိတ်မချနိုင်ဖြစ်ကာ ကျောင်းလိုက်ပို့နေခြင်းဖြစ်သည်။

ပျိုး တစ်နှစ်သမီး အရွယ်လောက်တည်းက ပျိုးရဲ့မိခင်မှာ နှလုံးရောဂါဖြင့် ဆုံးပါးသွားသောကြောင့် မိတဆိုးဖြစ်သော ပျိုးကို အလုပ်ရှုပ်သော ဖေဖေကလည်း အနီးကပ်မကြည့်ရှုနိုင်ခဲ့။ ကြီးတော်ဖြစ်သော ဒေါ်လေးစောကသာ ငယ်ငယ်တည်းက အရိပ်တကြည့်ကြည့် ပြုစုစောင့်ရှောက်ခဲ့သောကြောင့် ပျိုးဟာ အစိုးရိမ်ကြီးလှသော ဒေါ်လေးစောရဲ့လက်ပေါ်မှာပဲ ကြီးပြင်းခဲ့ရကာ ခုလို တက္ကသိုလ်တက်သည့် အရွယ်ထိလည်း စိုးရိမ်ခံရတာပါ။







www.burmeseclassic.com

www.burmeseclassic.com



နေရာတကာမှာ မျက်စိဒေါက်ထောက်ကြည့်လျက် စိတ်မချလက်မချ ဖြစ်ဆဲပါပင်။ ငယ်တုန်းကလည်း ငယ်တုန်းမို့လို့ စိတ်မချသလို ကြီးတော့လည်း အရွယ်ရောက်လာပြီဆိုပြီး ပို၍ စိတ်မချဖြစ်သည်။ ရည်းစားထားမှာကို အင်မတန် စိုးရိမ်သည်။

ပျိုးကိုလည်း သွားတာ လာတာ စားတာ သောက်တာကအစ အဝတ်အစား ဝတ်ဆင်တာအဆုံး ဂရုတစိုက် ထိန်းသိမ်းသောကြောင့် ပျိုးပုံစံသည် ကျောင်းထဲက ကောင်မလေးတချို့နှင့် ခြားနားစွာ တစ်မျိုးတစ်ဘာသာပုံ ထွက်နေသည်။ ခါးထိသော ပိတုန်းရောင် ဆံနွယ်ရှည်များနှင့် မြန်မာဝတ်စုံပုံလုလုများကို ထက်အောက်ဆင်တူ ဝမ်းဆက်လေးတွေ အမြဲဝတ်ဆင်တတ်သော ပျိုးသည် ယဉ်ကျေးလုပ အထက်တန်းကျသူလေးအဖြစ် ကျော်ကြားသောသူလည်း ဖြစ်သည်။ သို့သော်လည်း ဒေါ်လေးစောရဲ့ စနစ်တကျ အုပ်ချုပ်မှုအောက်တွင် ပျိုးသည် အချစ်ဝတ္ထုများကိုတောင် ဆယ်တန်းအောင်ပြီးမှ ဖတ်ခွင့်ရခဲ့တာဖြစ်သည်။ ဒါတောင်စာအုပ်တိုင်းကို မဖတ်ရ။ ဒေါ်လေးစောက စိစစ်ပြီး သူ အောင်လက်မှတ်ပေးသော စာရေးဆရာမကိုမှ ပျိုးက ဖတ်ရတာဖြစ်သည်။ အင်္ဂလိပ်ရုပ်ရှင်ကားများတောင် ထင်သလို ကြည့်ရတာမဟုတ်။ TV မှလွှင့်သော ကိုရီးယားဇာတ်လမ်းတွဲတွေကိုသာ ကြည့်ခွင့်ပေးတာ ဖြစ်သည်။ ဒီလိုတွေ ချုပ်ချယ်ကန့်သတ်ခြင်း ခံထားရသောပျိုးမှာ ချစ်သူရည်းစားဆိုတာ မဆိုထားဘိ ခင်ခင်မင်မင်ပေါင်းသင်းရသော ယောကျ်ားလေးသူငယ်ချင်းတောင် မရှိခဲ့ပါ။



"ဒီမှာ ခဏလေးပါ"

ရုတ်တရက် စကားပြောသံနှင့်အတူ အရိပ်တစ်ခုက ပျိုးရဲ့ဘေးသို့ ဖျတ်ခနဲ ရောက်ရှိလို့လာလျှင် ပျိုးသည် "အမယ်လေး"လန့်မအော်မိရုံတမယ် လန့်ဖျပ်သွားသည်။ ပျိုးရဲ့ဘေးသို့ ရောက်လာတာက ကျောင်းသားတစ်ယောက်ပင်ဖြစ်က သူကရူးရဲ တောက်ပသော မျက်လုံးများဖြင့် ပျိုးကို စိုက်ကြည့်နေသဖြင့် ပျိုးရင်ထဲ၌ ဒိန်းခနဲ ဖြစ်သွားသည်။

ဒါဟာ ဝတ္ထုတွေထဲမှာ ဖတ်ဖူးသလို ရင်ခုန်ခြင်းတော့ မဟုတ်ပါ။

ရင်ခုန်ခြင်း ဆိုတာကို လက်တွေ့မခံစားဖူးပေမယ့် နှစ်သိမ့်ကြည်နူးဖွယ်ကောင်းတဲ့ ရင်ခုန်ခြင်းဆိုတာ ဒါမျိုးတော့မဖြစ်နိုင်ဘူးဆိုတာ ကိုယ့်ဟာကိုယ် သိနေသည်။ အခုဟာက ရင်ထဲမှာ ဒိန်းခနဲ ဆောင့်မြည်သံနှင့်အတူ စိုးထိတ်စိတ်ကလည်း တဖြည်းဖြည်း ဝင်ရောက်လာတာ ဖြစ်သည်။ ပျိုးရဲ့တစ်သက်မှာ ခုလိုမျိုးဘေးနားကနေပြီး ယောကျ်ားလေးတစ်ယောက်က ပူးပူးကပ်ကပ်လိုက်လာတာမျိုးကို တစ်ခါမှ မကြုံဘူးပါ။ တစ်လောကလုံးကပဲ ကိုယ့်ကို ဝိုင်းကြည့်နေကြသလိုမျိုး ခံစားမိကာ ရှက်ရွံ့စိတ်က အလုံးအရင်းနှင့် ဆောင့်တက်လာလျက် နားရွက်တွေ ပါးတွေတောင် ပူလာသလို ခံစားရလေသည်။

ပျိုးရဲ့ခြေလှမ်းတွေသည် ခပ်ဖြည်းဖြည်း လျှောက်နေရာမှ နည်းနည်းမြန်သွားသည်။ ခေါင်းကိုလည်း ငုံ့လိုက်

www.burmeseclassic.com

www.burmeseclassic.com



ပဖြင့် ရှည်လျားဝဲပြာနေသော ဆံပင်တွေက မျက်နှာကို အုပ်သွားပည်။ ဟိုတစ်ယောက်ထံမှ အသံထပ်ထွက်လာသည်။

“ဟိတ် ... ဘာဖြစ်လို့ ခေါင်းကိုငုံ့ပစ်လိုက်ရတာလဲ၊ အဲဒီလောက်ကြီးလည်း မြန်မြန်မလျှောက်နဲ့လေ။ ခလုတ်တိုက်မိဦးမယ် ...

ကိုယ်က မင်းနဲ့ မိတ်ဆွေဖြစ်ချင်လို့ ရိုးရိုးသားသားလိုက်ပြီး ခွင့်တောင်းတာပါ။ မင်းနာမည် နွယ်ပျိုးပင် မဟုတ်လား။ ကိုယ့်နာမည်က ကောင်းခန့်သူထွန်းတဲ့။ ကိုယ်က ဖစ်ဆစ်ကပါ ...

မင်းကို ကိုယ် ကျောင်းစတက်တဲ့နေ့တည်းက သတိထားမိတာ သိလား။ နောက်တစ်နေ့တည်းက မင်းနောက်ကို လိုက်ချင်နေတာ။ ဒါပေမဲ့ မင်းက ဘော်ဒီဂတ်တွေနဲ့ လာတာဆိုတော့ ဟိတ် ... အဲဒီလောက် မြန်မြန်ကြီးမလျှောက်နဲ့လေ”

ပျိုးသည် ဘေးကနေ တအားကပ်ပြီး ကရားရေလွှတ်ဘတွတ်တွတ် ပြောလာသော စကားများကြောင့် ပိုပြီး အရှက်သည်းလာကာ နှုတ်ခမ်းကိုကိုက်ပြီး ခေါင်းငုံ့လျက် လမ်းကိုပို၍သွက်သွက် ထပ်လျှောက်မိသည်။ သူက ဘေးကပြော၊ ပျိုးက စိတ်တွေအိုက်၊ ရှက်ကလည်း ရှက်သောကြောင့် တစ်ချိတွင်တော့ ဘယ်လိုဖြစ်သွားလဲမသိ ပျိုးရဲ့လုံချည်စနဲ့ပဲ ခြေလှမ်းတုပ်သလို ဖြစ်သွားကာ ဟပ်ထိုးလဲကျတော့မလို ဖြစ်သွားသည်။ အဲဒီမှာပဲ





ဘေးကတစ်ယောက်က ပျိုးရဲ့လက်မောင်းကို ဖမ်းထိန်းပေးလိုက်လျှင် ပျိုးသည် အဲဒီလက်ကို ခါးခါးသီးသီး ပုတ်ထုတ်ကာ အဲဒီတစ်ယောက်ကို ဒေါသတကြီး မော့ကြည့်မိသည်။

ရှက်လည်းရှက်ကာ ဒေါသကလည်း အင်မတန်ထွက်နေသောကြောင့် ပျိုးသည် အဲဒီတစ်ယောက်ကို ဘာမှမပြောနိုင်ဘဲ ရှိနေသည်။ သူကတော့ ပျိုး ဖြစ်နေသည့် ပုံစံကို တမင်ပဲ ဂရုမစိုက်တာလား၊ ပဲများနေသည်ဟုပဲ သတ်မှတ်ထားတာလားဆော့ မပြောတတ်။ ပြုံးစိစိ မချိုမချဉ်ရုပ်နှင့်ပင် ပခုံးကို တစ်ချက်ဘွန့်ကာ ...

“အဲဒီလောက်လည်း ဒေါသမထွက်ပါနဲ့။ အဲဒါကြောင့်မင်းကို ကိုယ်ပြောတာပေါ့။ ဖြည်းဖြည်း လျှောက်ပါလို့ ...

ဘာတွေ အရေးကြီးနေတာလဲ။ Class တက်ဖို့က အဝေးကြီး လိုပါသေးတယ် နွယ်ပျိုးပင်။ ကိုယ့်ကို မိတ်ဆွေ တစ်ယောက်အဖြစ် သတ်မှတ်ပေးမယ် မဟုတ်လား”

“ရှင် ... ရှင် ... ကျွန် ... မ ... နောက်က ဆက်လိုက်မလာနဲ့”

ဒါလေးကို ပြောသော ပျိုးရဲ့စကားတို့ပင်လျှင် ဆစ်အ,၅ နေသည်။ ပျိုးရဲ့ပုံစံကြောင့် ဟိုတစ်ယောက်က ပိုမိုရဲဆင်းလာသလိုပင် ရှိသေးကာ မျက်နှာနားကို ပိုမိုနီးကပ်လာအောင် ငဲ့လာပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ၊ မင်း ကြည့်ရတာ ကိုယ့်ကိုကြောက်နေသလိုပဲ။ မကြောက်ပါနဲ့ ကိုယ်က မင်းကို တကယ်ခင်ချင်လို့ပါ"

ပျိုးသည် ဒီလောက်တောင် အတင့်ရဲသော ကျောင်းသားကို ကြည့်ကာ ဒူးတွေတောင် တုန်လာသည်။ အဲဒီအချိန်မှာပဲ တစ်ယောက်ယောက်က ပျိုးရဲ့လက်မောင်းကို ချာခနဲ ဆွဲလှည့်လိုက်တာဖြစ်သည်။ ဒူးတုန်ကာ အားပြတ်ချင်သလို ဖြစ်နေသော ပျိုးသည် ဆွဲလှည့်ရာနောက်သို့ ဆုံလည်ကုလားထိုင်တစ်လုံးကို လှည့်လိုက်သလို အလိုက်သင့် ပါသွားသည်။ အဲဒီမှာ ပျိုးတွေ့လိုက်ရသော မျက်နှာတစ်ခုက အင်မတန် ဆွဲဆောင်မှုအားရှိသော မိန်းမလှလေးတစ်ယောက်၏ မျက်နှာပဲ ဖြစ်ပါသည်။ သူမက ပျိုးကို မေးဆတ်ပြကာ အင်မတန် ရင်းနှီးသော အသွင်သဏ္ဌာန်နှင့် ...

"ဘာဖြစ်နေတာလဲ ပျိုး၊ အနှောင့်အယှက်နဲ့ တိုးနေတာလား"

"အင်း ... ဟိုဒင်းလေ"

သူမက မင်သေသော်လည်း ပျိုးက မပိရိ။ ဟိုလိုလို ဒီလိုလို ဖြစ်နေတာကို သူမက ရိပ်မိဟန်ဖြင့် နားလည်စွာ ပြုံးပြသည်။ သူမ ဘာအတွက် ဝင်လုံးတယ်ဆိုတာကို ရိပ်မိသော ဟိုကျောင်းသားကတော့ မခိုးမခန့်ပြုံးကာ ပခုံးတောင် တစ်ချက်တွန့်လိုက်သေးသည်။



"ဟိုတုံ ... ဗီဒီယိုတွေထဲမှာတော့ ဒီအကွက်က ယောကျ်ားလေးတွေကပဲ သုံးတာပါ၊ မင်းက၊ မဆီမဆိုင် ဘာဖြစ်လို့ ဝင်ပြီး အိုက်တင်တွေ ထုတ်နေရတာလဲ ...

မင်း အိုက်တင်က ကောင်းပါတယ်။ ဒါပေမဲ့ သူက မင်းသယ်သလောက် ပါမလာတော့ မင်းတို့ဇာတ်ကားက Actor တွေ အချင်းချင်း အပေးအယူ မမျှတလို့ ကြည့်မကောင်းဘူး"

အောင်မာ ... လာလာချည်သေး။ မခေသော အဲဒီကျောင်းသားရဲ့ ပြောစကားကို ပျိုးက မခံချင်ဖြစ်သွားသော်လည်း ပျိုးရဲ့ရှုပါမူးမင်းလေးကတော့ နည်းနည်းမှ ဖြုံပုံမပေါ်ပါ။ လက်နှစ်ဖက်ကိုတောင် ပိုက်လိုက်ရင်းမှ ...

"ဆေးလူတစ်ယောက်ကတောင်မှ ဘာမှမဆိုင်ပဲ အိုက်တင်တွေ ဝင်ထုတ်နေတယ် ဆိုကတည်းက ရှင်တို့မြင်ကွင်းက သိပ်ကြည့်မကောင်းလို့ ဆိုတာ ကိုယ့်ဟာကိုယ် ရိပ်မိပေါ့ ... ဒီလိုမျိုးတော့ မဖြစ်သင့်ဘူး ထင်တာပဲ"

"ဘာလဲ ... ပြည်သူ့တရားရှင်ဇာတ်လမ်းတွဲ လာရိုက်နေတာလား"

"ဟင့်အင်း ... ကြာကူလီတွေကို သုတ်သင်တဲ့ ဇာတ်ကား"

အဲဒီအပြောကြောင့် ဟိုကျောင်းသားရဲ့မျက်နှာက ရှုံ့မဲ့သွားသလို ပျိုးသည်လည်း ဒီလောက် စိတ်ရှုပ်သည့်ကြားမှ

www.burmeseclassic.com

www.burmeseclassic.com



ရယ်ချင်သွားသည်။ အဲဒီအခိုက်အတန့်ကို အခွင့်ကောင်းယူကာ သူမက ပျိုးရဲ့လက်ကို ဆွဲခေါ်သည်။

"သွားမယ်လေ ပျိုး။ ဘာလုပ်နေတာလဲ၊ ဟော့ ... ဒီမှာ၊ ရှင် ဆက်လိုက်လာချင်လည်း လာခဲ့နော်။ ကျွန်မဆီမှာ အသံဖမ်းစက်ပါတယ်။ ရှင်ပြောသမျှကို အသံဖမ်းထားပြီး ကျောင်းသားရေးရာကို သွားတိုင်မှာ ...

မလုပ်ရဲဘူး မထင်နဲ့။ ကျောင်းထဲမှာဆို ကျောင်းသားရေးရာ၊ ကျောင်းအပြင်မှာဆို အမျိုးသမီးရေးရာ ဘာမှတ်နေလဲ"

သူမက ဆိုးဆိုးဆတ်ဆတ်ပြောကာ ပျိုးရဲ့လက်ကိုလည်း ဆွဲခေါ်လို့လာလျှင် ဟိုကျောင်းသားက လန်တယ်ဟုသော ဒီနိုင်းဖြင့် ပခုံးတွန့်ကာ ကျန်ရစ်ခဲ့သည်။ လေးငါးလှမ်း လျှောက်ပြီးမှ သူမက ပျိုးရဲ့လက်ကိုလွှတ်ကာ ငဲ့ကာ ပြုံးပြသည်။ ရင်းနှီးဖော်ရွေ ပွင့်လင်းသော အပြုံးတစ်ခုနှင့်အတူ ထင်းထင်းကြီးထွက်ပေါ်လာသော ပါးချိုင့်လေးတစ်ဖက်သည် ပျိုးကိုတောင်ငေးခနဲ ဖြစ်သွားစေသည်။

ငဲ့စောင်းကာ ပြုံးပြသည့်အခိုက်မှာ လှုပ်ခတ်သွားသော နားကွင်းကြီးကြီးနှင့် သူမပုံစံသည် ခေတ်မီတက်ကြွသော ခင်မင်ချင့်စဖွယ် ပုံစံအပြည့်ရှိသည်။

"ကျေးဇူးပဲနော်"





"ရပါတယ်။ မင်း အခက်အခဲ ဖြစ်နေမှန်းသိလို့ ကူညီတာပါ။ မင်း ကြည့်ရတာ စကားလိုက်ပြောခံရတာကို တော်တော်ရှက်နေပုံ ပေါ်တယ်နော် ...

ကြောက်လည်း ကြောက်နေသလိုပဲ၊ ဟုတ်တယ်ဟုတ်"

"အင်း ... ပျိုး အဲဒီလို တစ်ခါမှ အပြောမခံဖူးဘူး"

"အိုးမိုင်ဂေါ့ဒ် ... ရှားပါးအဆင်လေးပါလား။ ဖြစ်ရတယ်။ အဲဒီလောက် ကြောက်ဖို့ မလိုပါဘူး နှယ်ပျိုးပင်ရဲ့"

"ဟင် ... သူက ပျိုးရဲ့နာမည်ကို သိနေတယ်"

"ဩော် ... မောက်စ်လေး တစ်ချက်ရွေ့ရုံနဲ့ ကမ္ဘာကြီးမှာ ဘာဖြစ်နေတယ် ဆိုတာတောင် သိတဲ့ ခေတ်ကြီးထဲမှာ ကျောင်းကို တစ်ပတ်လောက် ဘော်ဒီဂတ်နဲ့ လာတက်တဲ့ မင်းနာမည်ကို သိတာ သိပ်ဆန်းတဲ့ကိစ္စ မဟုတ်ပါဘူး ...

မင်းက သတိမထားမိလို့ပါ။ တို့က နှယ်ပျိုးပင်နဲ့ တစ်မေဂျာတည်း၊ တစ်ခန်းတည်းပဲလေ"

"ဟယ် ... ဟုတ်တယ် ? ။ ဆောရီးနော် ... ပျိုး သတိမထားမိဘူး"

"နဲဗားမိုင်းပါ"

သူမက လွတ်လပ်ပေါ့ပါးစွာ ရယ်မောရင်း ဆိုသည်။ ပျိုးသည် သူမပုံစံလေးကို ငေးကြည့်ကာ ဘာကြောင့်မှန်းမသိဘဲ ရင်ထဲမှာ ခင်မင်နှစ်လိုစိတ် ဖြစ်ထွန်းလာသည်။ ရွှေရောင်ဖျော့



www.burmeseclassic.com

www.burmeseclassic.com



ဖျော့ ဆံနွယ်တွေကို ပိုနီတေးလ်ခပ်မြင့်မြင့် စုစည်းထားကာ မွန်မွန်လေး လင်းလက်တောက်ပနေသော မျက်နှာလေးတစ်ခုဖြင့် သူမရဲ့ကိုယ်ဟန်အနေအထားကလည်း အချိုးညီညီ ဖက်ရှင်ကျနနေသည်။ စိမ်းပြာရောင် ဆွဲသားအင်္ကျီ လည်ပင်းကျယ်ကျယ်နှင့် Stocking အနက်ရောင်တို့မှာ သူမကို မော်ဒယ်တစ်ယောက်ပမာ ထင်မှတ်မှားစေပါသည်။ ဤမျှလောက် ခေတ်မီလှပသော်လည်း မာနကြီးဟန် မရှိဘဲ ခင်မင်ဖော်ရွေ ကူညီတတ်သော စိတ်ထားလေးကို ပျိုးက သဘောကျသွားသည်။

"သူ့နာမည် ဘယ်လိုခေါ်လဲဟင်"

"အင်း ... လေးမျက်မှုံ တဲ့"

"ချစ်စရာလေးနော်။ နာမည်နဲ့ လူနဲ့ လိုက်တယ်"

"ဟုတ်လား ... ဘယ်လိုလိုက်တာလဲ။ နာမည်နောက်ကို လူက ပြေးလိုက်တာလား၊ လူနောက်ကို နာမည်က ပြေးလိုက်တာလား"

သူမက ပြုံးစစဖြင့် နောက်သည်။ ဘယ်လိုကောင်မလေးမှန်းလဲ မသိပါ။ သူမရဲ့ပုံစံမှာ ခုမှတွေ့ရသော ပျိုးအပေါ်၌ အတန်ကြာ ပေါင်းလာသော သူငယ်ချင်းတစ်ယောက်နှယ် ဖော်ရွေရင်းနှီးမှု ရှိနေသည်။ အင်း ... သူမနဲ့ ခင်မင်ချင်လိုက်တာ။ ဘာတဲ့ ... လေးမျက်ပုံ ဆိုသော နာမည်လေးကလည်း စိတ်ဝင်စားဖို့ ကောင်းနေသည်။

"လေးမျက်မှုံက ခင်ဖို့ ကောင်းတယ်နော်"



"ဟုတ်သလား။ ခင်ဖို့ကောင်းရင် ခင်ပေါ့။ မင်းမှာ သူငယ်ချင်း မရှိဘူးနဲ့ တူတယ်"

"အမှန်ပဲ။ ပျိုးက တောင်ကြီးကနေ ပြောင်းလာတာပါ။ ဒါကြောင့် ရန်ကုန်မှာ အပေါင်းအသင်း မိတ်ဆွေ၊ သူငယ်ချင်း သိပ်မရှိဘူး ...

သူငယ်ချင်းကတော့ ရှိကို မရှိတာပေါ့။ အခု လေးမျက်မှုံက ပျိုး စတွေ့တဲ့ သူငယ်ချင်း၊ စကားစ,ပြောဖူးတဲ့ သူငယ်ချင်းပဲ"

"ဩော် ... ဂလိုလား။ ကောင်းပါတယ်။ ကောင်းပါတယ်။ နောက်တော့ သူငယ်ချင်းတွေ အများကြီး ရလာမှာပါ။ ကျောင်းတက်ရတာလည်း ပျော်ဖို့ကောင်းတယ် မဟုတ်လား"

"အင်း ... ကျောင်းကို လာရတာလည်း ပျော်ဖို့ကောင်းပါတယ်။ ဒါပေမဲ့ သူငယ်ချင်း မရှိတော့လေ နည်းနည်းတော့ ပျင်းစရာကောင်းသလားလို့ပဲ"

"အို ... မပူပါနဲ့။ နောက်ဆို ပါးစပ်ပိတ်ရမှာတောင် မဟုတ်ဘူး"

"ဟုတ်လား ... လေးမျက်မှုံနဲ့ နေရင်တော့ ပျော်စရာ ကောင်းမယ်လို့ ထင်တယ်။ လေးမျက်မှုံရဲ့ ပုံစံကိုလေ သဘောကျတယ် သိလား၊ ပျိုး ... လေးမျက်မှုံနဲ့ အတူ ထိုင်မယ်နော်၊ ဖြစ်တယ် မဟုတ်လား"

www.burmeseclassic.com

မုံသည် ကိုယ့်လက်မောင်းကို အားကိုးတကြီးကိုင်ရင်း ပြောလိုက်သော နို့နံ့စင်ပုံ မရသေးသည့် ကောင်မလေးကို ကြည့်ကာ ဟက်ခနဲ တစ်ချက် ရယ်မိသည်။ ပြီးတော့ ဘာမှပြန်မပြောဘဲ လက်တစ်ဖက် ကမ်းပေးလိုက်သောအခါ သူမက မုံ့ရဲ့လက်ကို ဆုပ်ကိုင်ပြီး မုံတို့နှစ်ယောက်အတူ လျှောက်လာခဲ့ကြသည်။ ထူးဆန်းဖို့တော့ ကောင်းလေစွ။ ဒီလမ်းလေးကို ချစ်သူနဲ့အတူ တွဲမလျှောက်ရသေးခင် အသစ်စက်စက် သူငယ်ချင်းတစ်ယောက်နဲ့ လက်တွဲပြီး လျှောက်လိုက်ရပြီ။

မြင်လိုက်တာနဲ့ကို ရိုးသားဖြူစင်ကာ နားမလည်ပါးမလည်ပုံလေးပေါက်သော ကောင်မလေးကို မုံက ခင်မင်စိတ်ဖြင့် သွားကူညီမိခဲ့ရာမှ ကိုယ့်ကိုပဲ တကပ်ကပ် ကပ်တော့မည်ဆိုတာကို သိသွားသည်။ ဒါပေမဲ့ ပြဿနာမရှိပါ။ မုံ ဆိုသောလေးမျက်မုံသည် မကူညီရရင် မနေနိုင်တာကလွဲလို့ ဟူသော လူစားမျိုးထဲတ ဖြစ်ကာ လူတွေကို ကူညီရလျှင် အဲဒီပီတိဖြင့် ပျော်ရွှင်ကျေနပ်နေသော လူသားဆန်သည့် ကောင်မလေးတစ်ယောက်သာ ဖြစ်ပါသည်။





၂

နံနက်ခင်း၏ နေရောင်ခြည်သည် မုံ့ကို ပါးပါးလေးပုတ်နှိုးလိုက်သောအခါ လန်းဆန်းစွာဖြင့် နိုးထလာသည်။ နေရောင်ခြည်က မုံ့ရဲ့အခန်းထဲသို့ ပါးလျားစွာ တိုးဝင်လာသော်လည်း အင်အားကောင်းလှသည်။ မုံသည် တစ်ချက်မျှ သမ်းဝေပြီးနောက် အကြောဆန့်ပြီးလျှင် ခုတင်ပေါ်မှ လူးလဲထကာ ခုတင်ဘေးက စားပွဲပေါ်ရှိ ရေဘူးကိုဖွင့်လျက် ရေအေးအေးတွေကို တစ်ဝကြီး မော့ချပစ်လိုက်သည်။ ပြီးတော့ ခန်းဆီးလိုက်ကာကို ဆွဲဖွင့်ကာ ပတ်ဝန်းကျင် ရှုခင်းတွေကို တစ်ချက် ငေးမောသည်။ ဒါဟာ နံနက်တိုင်း အိပ်ရာနိုးပြီးကာစ မုံ လုပ်လေ့ရှိသော အလေ့အထတစ်ခုသာ ဖြစ်ပါသည်။

ပြီးတော့မှသာ မုံဟာ တစ်ကိုယ်ရေ သန့်ရှင်းရေးအမှုကိစ္စတို့ကို ပြုလုပ်လေ့ရှိသည်။ ပြီးရင်တော့ အောက်ထပ်သို့

www.burmeseclassic.com



ဆင်းလာပြီး Breakfast စားဖို့ ပြင်တော့သည်။ Breakfast မစားခင် မေမေ့ကို မေးခွန်းတစ်ခု မေးတတ်တာလည်း လေးမျက်မုံရဲ့အကျင့်ပဲ ဖြစ်သည်။

"မေ ... မုံ ဘာကူရဦးမလဲ"

"မရှိပါဘူးတော်။ စား ... စား ... အဲဒီမှာ ကော်ပြန့်ကြော်နဲ့ ကြာဆံသုပ် ရှိတယ်"

"အိုကေ ...၊ လာလေ ... မေရော စားလေ"

မုံက မပါမဖြစ် ကော်ဖီတစ်ခွက်ကို ငှဲ့ရင်းမှ ပြောလိုက်ပြီးနောက် ကော်ပြန့်တစ်ဖတ်ကို တူနဲ့ညှပ်ကာ အချဉ်ရည်နဲ့ တို့ပြီးနောက် ပါးစပ်ထဲသွင်းထည့်လိုက်သည်။

"စား ... စား ... ဒီမှာ အုန်းမြင့်ကို ပုစွန်တမ်ပူရာကြော်တာ ကြည့်ပေးမလို့။ ဒီနေ့ သမီး ထမင်းချိုင့်က ပုစွန်တမ်ပူရာကြော်နဲ့ ကျောက်ပွင့်သုပ်။ သိလား"

"အိုကေ ... သင့်ခ်ယူ မေ"

မေမေတစ်ယောက် မီးဖိုခန်းထဲ ဝင်သွားလျှင် မုံသည် နံနက်စာကို အဝစားသည့် ထုံးစံအတိုင်း ကြာဆံသုပ်နဲ့ ကော်ပြန့်ကြော်ကို အားရပါးရ ဆွဲတော့သည်။ မနက်ဆိုလျှင် Breakfast ဝိုင်းမှာက မေမေနဲ့အတူ စားဖြစ်လျက် မုံ့ရဲ့ဖေဖေက ဂေါ့ဖ်သွားရိုက်နေတာမို့ မဆုံဖြစ်တာများသည်။ မုံ ကျောင်းသွားခါနီးအချိန်လောက်မှ ဖေဖေက ပြန်ရောက်တတ်ကာ သားအဖနှစ်ယောက်အဝင် အထွက်သာ ဆုံတတ်သည်။ မုံ့မှာ အစ်ကိုတစ်ယောက်





တည်း ရှိလေရာ အိမ်ထောင်ကျသွားပြီ ဖြစ်သဖြင့် သပ်သပ် အိမ်ခွဲနေကြသည်။

မုံသည် Breakfast ကို စားကောင်းကောင်းနဲ့ စားနေတုန်းမှာပဲ မုံ့ရဲ့ဖုန်းလေးက ထမြည်လို့လာ၍ ဖွင့်ကိုင်လိုက်ရသည်။ ဖုန်းက Over sea call ဖြစ်တာကြောင့် မုံက ဘယ်သူပါလိမ့်ဟူသော အတွေးဖြင့် ထူးလိုက်သည်။

"ဟယ်လို"

"မုံလား။ ငါပါဟ ... ဟေမာပါ"

"ဩော် ... အေး။ ဟဲ့ ... ဟေမာ၊ စောစောစီးစီးဆက်လို့ပါလခ။ ဘာများလဲ"

ဖုန်းဆက်သူမှာ ဆယ်တန်းထိ မုံနဲ့တွဲခဲ့သော၊ ဆယ်တန်းပြီးတော့မှ စင်ကာပူမှာ ကျောင်းသွားတက်နေသော မုံ့သူငယ်ချင်း ဟေမာ ဖြစ်သည်။

"ငါလေ နှင့်အတွက် မွေးနေ့လက်ဆောင်ကို လူကြုံနဲ့ထည့်ပေးလိုက်တယ်ဟ၊ အဲ့ဒါ နှင် သွားယူလိုက်"

"ဟင် ... ငါ့မွေးနေ့ကဖြင့် ပြီးသွားပြီပဲဥစ္စာ"

"ဩော် ... ပြီးသွားပေမယ့်လည်း ပေးလို့ရတာပဲဟာ။ နှင်နဲ့ ငါနဲ့က တစ်နိုင်ငံတည်း နေတာမှ မဟုတ်တာဘဲဟဲ့။ ဒီလောက်တော့ ရှိမှာပေါ့ ...

အမယ်လေး ... ပေးတာကိုတောင် ကျေးဇူးမတင်ဘဲနဲ့ ကြီးကျယ်နေသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မကြီးကျယ်ပါဘူး၊ အားနာလို့ပါ သယ်ရင်းရဲ့။ ဘာတွေများ ထည့်ပေးလိုက်တာလဲ၊ နည်းရင်တော့ မလိုချင်ဘူးနော် ... ဟဲ ... ဟဲ"

"ဟွန်း ... ပဲရစ်ဟီလ်တန်ရေမွှေးတစ်ပုလင်းရယ်၊ အင်္ကျီနဲ့ ဘောင်းဘီတစ်ထည်စီ ... ဒါပဲ"

"အိုခေ ... အိုခေ ... ဒီလောက်ဆိုရင်တော့ မဆိုးပါဘူး။ ဒါနဲ့ ဘယ်ကို သွားယူရမှာလဲ"

"ငါ့ချစ်ချစ်ရဲ့ ဘော်ဒါတစ်ယောက်နဲ့ ထည့်ပေးလိုက်တာပဲ။ သူက ရန်ကင်းမှာနေတာ။ သူ့နာမည်က မုတ်သုန်မိုးစက်တဲ့။ ပြီးခဲ့တဲ့ နှစ်ရက်ကမှ စင်ကာပူက ပြန်သွားတာ။ ဒီကို လာလည်သွားတာလေ"

"ဟုတ်လား !။ မုတ်သုန်မိုးစက်တဲ့လား။ နာမည်ကတော့ အမိုက်စားပဲ"

"လူကလည်း မိုက်တယ်နော်။ ရှစ်မိုင် ကင်ရေးဝန်ပဲ ... ဟဲ ... ဟဲ" (ကင်ရေးဝန် = တစ်ခါတုန်းက တက္ကသိုလ်ဇာတ်လမ်းတွဲမှ မင်းသား)

"ဟယ် ... ကင်ရေးဝန်နဲ့ တူတာလား။ အောင်မယ်လေး ... သေတော့မှာပဲ။ ငါက ကင်ရေးဝန်ကို အသေရရ အရှင်ရရ လိုချင်နေတာ နင်လည်း သိသားနဲ့။ ကိုရီးယားသွားဖို့ လမ်းစရိတ်မရှိလို့ ငြိမ်နေရတာ။ အင်း ... ရှစ်မိုင်ကင်ရေးဝန်ဆိုလည်း မဆိုးပါဘူး"





"ကဲပါ ... ကင်ရေးဝန် ဆိုတာနဲ့ ထမင်းမေ့ ဟင်းမေ့ ဖြစ်ကုန်ပြီ။ အဲဒါ သူ့ဖုန်းနံပါတ်ကို နင် မှတ်ထားဦး။ (xxx) တဲ့။ သူ့ဆီကို ဖုန်းဆက်ပြီး မေးလိုက်ပေါ့။ ဘယ်အချိန်လောက် ဘယ်ကိုလာယူလို့ ရမလဲ ဆိုတာကို"

"အေးပါ ... အေးပါ။ ပေးမှာပါ။ ဘာတဲ့ နာမည်က မုတ်သုန်မိုးစက်နော်"

"အေး ... ဟုတ်တယ်။ ကဲ ... အဲဒါဆို ဒါပဲ။ နောက်နေ့မှ ငါ ဖုန်းထပ်ဆက်လိုက်မယ်"

"အိုကေ ... ဆီးယူ သူငယ်ချင်း။ သင့်ခ်ယူပါနော်"

"ရင်ထဲကမပါတဲ့ စကားတွေ ပြောမနေနဲ့"

ဟောမာက မုံ့ကို အနိုင်နဲ့ပိုင်းကာ ပြောပြီးနောက် ဖုန်းချသွားသည်။ မုံသည် ဖုန်းကိုစိုက်ကြည့်ပြီးမှ အစုတ်ပလုတ်မဟု ချစ်စနိုးရေရွတ်ပြီးနောက် အသာပြုံးမိသည်။ ပြီးတော့ မေမေနဲ့ အတူ Breakfast ဆက်စားရင်းမှ စကားစမြည် ပြောပြီးနောက် ဟောမာက လူကြုံနဲ့ လက်ဆောင်တွေ ထည့်ပေးလိုက်တာကိုတောင် ပြောပြလိုက်သေးသည်။ ပြီးရင်တော့ ကျောင်းသွားဖို့ရာအတွက် ပြင်ဆင်ဖို့ရာ အပေါ်သို့ ပြန်တက်လာခဲ့သည်။ ရေချိုးရင်းနဲ့ မုံစဉ်းစားမိသည်မှာ ပစ္စည်းတွေကို အနုသွားယူရမလား ဆိုတာပင်။

မုံက ကမ္ဘာအေးစေတီလမ်းမှာ နေထိုင်တာမို့ ရန်ကင်းနဲ့ဆို သိပ်မဝေးပါ။ သို့သော် သူများအိမ်ကို နံနက်စောစောသွားယူဖို့ ဆိုတာလည်း ကောင်းမှကောင်းပါ့မလားဟု စဉ်းစားနေမိတာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ သို့သော် ဘာပဲဖြစ်ဖြစ် ဖုန်းဆက်ကြည့်တာတော့ မမှားဘူးဟု တွေးကာ မုံက ရေချိုးပြီးတာနှင့် ဖုန်းကို ကောက်နှိပ်လိုက်သည်။ ဖုန်းဝင်သွားချိန်တွင် မုံသည် ဖုန်းထူးမည့်အသံတစ်ခုကို နားစွင့်နေမိသည်။ သံရှည်သုံးလေးချက် မြည်ပြီးသွားချိန်တွင် တစ်ဖက်မှ ဖုန်းကိုဖွင့်ကာ ထူးသည်။ ခပ်ရှရှ အသံတစ်ခုသည် မုံ့ရဲ့နားထဲသို့ ရိုးစင်းစွာ ဖြတ်စီးလာသည်။

"ဟယ်လို"

"အခု ပြောနေတာ ကိုမုတ်သုန်မိုးစက်ပါလားရှင့်"

"ဟုတ်ပါတယ်"

"သြော် ... ကျွန်မက ယောမှာ သူငယ်ချင်းပါ။ ယောမာက ကိုမုတ်သုန်မိုးစက်နဲ့ လူကြုံပစ္စည်းလေးတွေ ထည့်ပေးလိုက်တယ် ဆိုလို့လေ။ အဲဒါ ဘယ်ကိုများ၊ ဘယ်အချိန်လောက်လာယူရင် အဆင်ပြေမလဲလို့ပါ"

"အင်း ... ရပါတယ်။ ရပါတယ် ဆိုတာက ခဏနေရင်တော့ ကျွန်တော် အပြင်သွားတော့မယ်။ အချိန်အားဖြင့် မိနစ်နှစ်ဆယ်လောက်တော့ ရပါတယ် ...

မိနစ်နှစ်ဆယ် အတွင်းမှာ လာယူနိုင်ရင်တော့ ..."

"ဟို ... မိနစ်နှစ်ဆယ် အတွင်းမှာတော့ ကျွန်မ ရောက်မှာမဟုတ်ဘူးရှင့်။ ဟိုဒင်း အဲဒီ အိမ်လိပ်စာကိုပဲ လာယူရင်ရတယ် မဟုတ်လား။ အိမ်သား တစ်ယောက်ယောက်ဆီက ယူလိုက်မယ်လေ"



"အဲဒီလို လုပ်လို့မရဘူး။ အိမ်မှာက ဘယ်သူမှ မရှိဘူး။ အားလုံးက ကိုယ့်ကိစ္စနဲ့ကိုယ် အပြင်သွားကြတော့မှာ"

"သြော် ... အဲလိုလား"

"အင်း ... ကဲ ... အဲဒါဆို မင်း ဘယ်အချိန်လောက် အစောဆုံးထားပြီး ရောက်လာနိုင်မလဲ။ ကိုယ် စောင့်ပေးမယ်"

"ဟုတ် ... အဲဒါဆိုရင် ကျွန်မ ရှစ်နာရီခွဲလောက် အရောက်လာခဲ့ပါ့မယ်၊ ဖြစ်မလား မသိဘူး"

"အိုခေလေ ... ဖြစ်ပါတယ်။ အဲဒီလောက်တော့ ကိုယ်စောင့်ပေးနိုင်တယ်"

"ဟုတ်ကဲ့ ... ကျေးဇူးပါပဲ။ အဲဒါဆို ရှစ်နာရီခွဲကို ကျွန်မ အရောက်လာခဲ့ပါ့မယ်၊ လိပ်စာလေး တစ်ချက်လောက် Comfirm လုပ်ပေးပါနော်။ အိမ်နံပါတ်(A-13)၊ မိုးကောင်းဘုရားလမ်းနော်"

"ဟုတ်တယ် ... ဟုတ်တယ်"

"ဟုတ်ကဲ့ ... ဒါဆို ရပါပြီ။ ကျွန်မ ရောက်လာခဲ့ပါ့မယ်"

မုံသည် ဖုန်းကို ပိတ်ပြီးသောအခါ လုပ်စရာများကို သွက်သွက်လက်လက် လုပ်ဆောင်လိုက်သည်။ ရှစ်နာရီထိုးဖို့ ဆယ့်ငါးမိနစ်လောက် လိုသေးသည့်မို့ ရှစ်နာရီခန့်တွင် မုံ အိမ်မှ ထွက်နိုင်လိမ့်မည်။ မျက်နှာကို ခပ်ပါးပါး ပြင်ဆင်ပြီးသောအခါ

www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစားကို အရင်လဲလိုက်သည်။ လေ့စ်အထပ်ထပ်လေးတွေ ပါဝင်သော အဖြူရောင် လည်ပင်းအတိ ကော်လာတပ် အင်္ကျီလေးကို ခါးအပေါ် တက်ဝတ်ရသည့် ခါးပတ်ပြားပါ စကတ်အနက်အတိုကို ဝတ်ဆင်ပြီးသောအခါ ဆံပင်တွေကို ခပ်မြောက်မြောက်လေး စုစည်းလိုက်သည်။ ပြီးတော့မှ L'OREAL နှုတ်ခမ်းနီ ပုစွန်ဆီရောင်ရွှဲရွှဲလေးကို နှုတ်ခမ်းမှာ ဆိုးပြီးသောအခါ မုံ့ရဲ့ အလှပြင်မှုက ပြီးဆုံးသွားပြီဖြစ်သည်။

အဆုံးသတ်အနေဖြင့် မုံ သုံးနေကျ ရေမွှေးကို ဆွတ်ဖျန်းပြီးသောအခါ မုံသည် ကျောင်းသွားဖို့ အဆင်သင့်ဖြစ်သွားခဲ့ပြီ။ အိတ်ကို ကောက်ယူပြီးနောက် စစ်နေကြ မလေ့အတိုင်း ဖုန်း၊ လိုင်စင်၊ ကျောင်းသားကတ်၊ ပိုက်ဆံ၊ စတာတွေ စစ်ဆေးပြီးသောအခါ အောက်ထပ်သို့ သွက်သွက်လေး ဆင်းလာခဲ့သည်။ မေမေက မုံ့အတွက် ခြင်းလေးကို အဆင်သင့်ကိုင်ကာ စောင့်နေသည်။ မုံသည် မေမေ့ထံမှခြင်းကို လှမ်းပြောင်းယူကာ မေမေ့ပါးကို တစ်ချက်နမ်းမွှေးရင်း နှုတ်ဆက်နေကြအတိုင်း နှုတ်ဆက်သည်။

"မေ ... မီး သွားပြီနော်"

"အေး ... ကားကို ဂရုစိုက်မောင်းနော် သမီးလေ"

"ဟုတ်ကဲ့ပါ။ ဘိုင့်ဘိုင် မေ။ ဆီးယူ အီးဗင်းနင်း"

မုံက ကားကို ပေါ်တီကိုအောက်မှ မောင်းထွက်လာရင်းမှ မေမေ့ကို လက်ပြနှုတ်ဆက်ခဲ့သည်။ မုံသည် လက်မှနာရီကို တစ်ချက်ကြည့်ရင်းမှ ကားကို ပုံမှန်နှုန်းဖြင့် မောင်းလာခဲ့သည်။





ကားမောင်းရင်းမှ သူငယ်ချင်းတစ်ယောက်ထံက ဖုန်းလာသဖြင့် ဖုန်းပြောရသေးသည်။ သူငယ်ချင်းက သူ့ကောင်လေးနဲ့ အဆင်မပြေ ဖြစ်နေသောကြောင့် မုံက လိုအပ်သည့် အကြံဉာဏ်တွေကို ကူညီထားခြင်း ဖြစ်လေရာ အခုလည်း ကျောင်းကို မရောက်သေးဘူးလား လှမ်းမေးနေသဖြင့် လမ်းရောက်နေပြီဖြစ်ကြောင်း မြန်မြန်ပြောကာ ဖုန်းပိတ်လိုက်ရသည်။

မုံသည် ဘယ်လိုဗီဇနဲ့များ မွေးလာသလဲတော့ မသိ။ ငယ်ငယ်လေးတည်းက သူများကိုကူညီရတာကို ခုံမင်ဝါသနာပါခဲ့သူဖြစ်သည်။ သူငယ်ချင်းတွေကိုသာမက မုံ့ပတ်ဝန်းကျင်တွင် အမြင်မတော်တာတွေ့လျှင် အမြဲကူညီနေကြဖြစ်သည်။ အဲဒီလူဟာ မုံနှင့် သိသိ မသိသိ မုံက ကိုယ့်ကိစ္စ အပျက်ခံပြီးတောင် ကူညီတတ်သူဖြစ်သည်။ ဒါကြောင့်လည်း မုံ့ထံတွင် အပေါင်းအသင်း မိတ်ဆွေသူငယ်ချင်း ဆိုတာ ရေတွက်လို့တောင် မရနိုင်။ စာများများဖတ်တတ်သူလည်း ဖြစ်သောကြောင့် မုံသည် ကိုယ်တိုင်ရည်းစားမထားဖူးသော်လည်း သူငယ်ချင်းတွေရဲ့ နှလုံးသားရေးရာကိစ္စတွေမှာ ကတ်စွမ်းသမျှ ဝင်ရောက်ကူညီသူ အဖြစ်လည်း နာမကြီးသေးသည်။

မုံ ပေးလိုက်သော အကြံဉာဏ်တွေဖြင့် သူငယ်ချင်းတွေ၏ နှလုံးသားရေးရာကိစ္စတွေ အဆင်ပြေသွားလျှင် ဘာနဲ့မှ မတူအောင် ကျေနပ်ပျော်ရွှင်လေ့ ရှိပါသည်။

"ဟယ် ... ဘာဖြစ်တာပါလိမ့်"



www.burmeseclassic.com

www.burmeseclassic.com



မုံသည် ရှေ့မှ လူတွေတရုန်းရုန်း ဖြစ်နေတာကို မြင်လျှင် အတွေးတွေတောင် လွင့်စဉ်သွားရကာ လက်ရှိအခြေအနေပေါ်တွင်သာ အာရုံစူးစိုက်မိသွားသည်။ လူတချို့ရဲ့အော်သံ စကားပြောသံတွေကိုလည်း ကြားနေရသေးသည်။

"လုပ်လေ ... လုပ်လေ၊ ဆေးရုံပို့မှ ဖြစ်မှာပေါ့။ ဒီအတိုင်းဆို သွေးလွန်ပြီး သေလိမ့်မယ်"

"ကားငှားလိုက် ... ကားငှားလိုက်"

"ဟော့လူ ... ခင်ဗျားကား အားတယ် မဟုတ်လား။ ဟာ... ခင်ဗျားတို့ကဗျာ"

မုံသည် ကြားနေရသော အသံကြောင့် စူးစမ်းစိတ်ပူစိတ်ဖြင့် ကားပေါ်မှ ဆင်းလာခဲ့သည်။ လူအုပ်ကြားထဲသို့ တိုးဝှေ့ကြည့်လိုက်လျှင် ကားပေါ်မှ ဆွဲထုတ်ထားသော လူတစ်ယောက်ကို တွေ့လိုက်ရသည်။ သတိလစ်မလိုဖြင့် ညည်းညူနေသောလူကို ကြည့်ကာ မုံသည် တိကျသော ဆုံးဖြတ်ချက်တစ်ခုဖြင့် ပြောလိုက်သည်။

"ဒီမှာ ... ကျွန်မကားပေါ် ဝိုင်းတင်ပေးကြပါ။ ကျွန်မ ဆေးရုံလိုက်ပို့ပေးပါ့မယ်"

"ဟာဝ ... အေး အေး။ တင်ကြ ... တင်ကြ၊ လုပ် ... လုပ် မြန်မြန်လုပ်"

အားလုံးက ဝိုင်းဝန်းတင်ကြသဖြင့် လူနာမှာ မုံရဲ့ ကားပေါ်သို့ ရောက်သွားသည်။ မုံသည် လူနာကိုတင်ကာ





ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ အမြန်ဆုံး မောင်းလာခဲ့သည်။ အဲဒီလူနာနှင့်အတူ သတိမလစ်သေးသော နောက်ထပ်လူနာတစ်ယောက်ပါ ပါသေးသဖြင့် နှစ်ယောက်စလုံးကို ဆေးရုံသို့ပို့ပေး၊ သူတို့အိမ်တွေကို ဖုန်းဆက်အကြောင်းကြားပေး၊ ဒီကြားထဲ ယာဉ်ထိန်းရဲက မုံ့ကို စစ်မေးနေတာကို ဖြေကြားပေးရသေး၏။ အားလုံးပြီးစီးသွား၍ ဆေးရုံထဲမှ ပြန်ထွက်လာချိန်တွင် ကိုးနာရီခွဲပြီးနေပြီ ဖြစ်လေသည်။ ဒီတော့မှပဲ မုံဟာ လူကြုံပစ္စည်းကိစ္စကို ဖျတ်ခနဲ ပြန်သတိရလျက် မျက်လုံးပြူးရတော့တာဖြစ်သည်။

ကမန်းကတန်းနှင့် မေ့လျော့စွာ ပစ်ထားမိခဲ့သော ဟန်းဒ်ဖုန်းကို ထုတ်ကြည့်လိုက်လျှင် Missed Calls ခြောက်ခုကို တွေ့လိုက်ရသည်။ အဲဒီထဲကမှ နှစ်ခုက မုတ်သုန်မိုးစက်ဆိုသော ပုဂ္ဂိုလ်လေးရဲ့ ဖုန်းနံပါတ်ဟု သိလိုက်ရလျှင် မုံသည် နဖူးကို လက်နှင့် ဖြန်းခနဲ ပိတ်ရိုက်မိသွားသည်။ သွားပါပြီ၊ တစ်ခါဆက်ဆံ ဆယ်ခါလန်သွားတော့မှာပါပဲ။ မုံသည် ကားကို မောင်းမထွက်သေးဘဲ သူ့ဖုန်းကို ပြန်ခေါ်လိုက်သည်။ ဖုန်းက ချက်ချင်းခေါ်၍မရ။

လေး‚ငါးခါလောက် ကြိုးစားပမ်းစား ခေါ်တော့မှ လိုင်းဝင်သွားသည်။ တစ်ဖက်မှ ဖုန်းဖွင့်နားထောင်လိုက်လျှင် မုံသည် ပြောရမည့် စကားတွေအတွက် စကားလုံးတွေ အလျင်အမြန် စဉ်းစားရွေးချယ်လိုက်သည်။

"ပြောပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟယ်လိုတွေ ဘာတွေတောင် မလာဘဲ တိုပြတ်ပြတ် အသံကြောင့် မုံသည် ပခုံးတစ်ချက် တွန့်မိကာ ...

"ဟုတ် ... လေးမျက်မုံပါ၊ ဟိုလေ ..."

"အင်း ... မင်း ကိုယ့်ရဲ့ Missed Calls ကို တွေ့မှာပေါ့၊ မင်းကို ကိုယ် ကိုးနာရီထိ စောင့်ခဲ့တာ လေးမျက်မုံ။ မင်း မလာဖြစ်ဘူး၊ ဒါမှမဟုတ် နောက်ကျမယ် ဆိုရင်လည်း ကိုယ့်ကို ဖုန်းတစ်ချက်တော့ ဆက်သင့်တာပေါ့ ...

အဲ ... မင်း မဆက်လို့ ကိုယ်က ဆက်တော့လည်း ဖုန်းမကိုင်နိုင်ဘူး"

"ဟုတ်ပါတယ် ... အဲဒီအတွက် ကျွန်မ တောင်းပန်ပါတယ်။ ကျွန်မ အရမ်းအရေးကြီးတဲ့ ကိစ္စတစ်ခု ပေါ်လာလို့ပါ"

"အင်း ... ထားပါတော့။ အခု မင်း လာမယ်ဆိုလည်း ကိုယ်က အိမ်မှာ မရှိတော့ဘူး"

"ဟုတ် ... ရပါတယ်။ နောက်ထပ် ဘယ်အချိန်လောက် များ အဆင်ပြေနိုင်မလဲဟင်"

"ညနေ ငါးနာရီလောက် ကိုယ် အိမ်ပြန်ရောက်မယ်"

"ဪ ... ဟုတ်ကဲ့ပါ။ ကျွန်မ အဲဒီအချိန်လောက် တစ်ခေါက် ထပ်လာပါ့မယ်"

"ကောင်းပြီလေ၊ ဒါပဲ မဟုတ်လား"



လေသံကတော့ မုံ့ကို သိပ်အစာမကြေသည့် လေသံနဲ့ဖြစ်သည်။ မုံသည် ဖုန်းပိတ်သွားသောအခါ လုပ်နေကြပုံစံအတိုင်း နှုတ်ခမ်းကိုစုကာ ပခုံးတွန့်မိသည်။ စကားအသွားအလာနှင့် စကားပြောပုံဆိုပုံကို နားထောင်ရသည့်ပုံစံမှာ ကိုတိကျဒိဋ္ဌိနိုင်းဖြစ်သည်ဟု ခန့်မှန်းရလေသည်။ နေရာတကာမှာ တိတိကျကျ မှန်မှန်ကန်ကန်သမားမျိုးလားတော့ မပြောတတ်ပါ။ မုံသည် မမြင်ရသေးသော လူတစ်ယောက်အကြောင်းကို ဆက်မတွေးတော့ဘဲ ဆေးရုံကြီးဝင်းအတွင်းမှ ကားကို မောင်းထွက်လာခဲ့သည်။

ကျောင်းရောက်သောအခါ အတန်းတာချိန်တောင် ပြီးသွားပြီဖြစ်သည်။ မုံ့ကို အမျှော်ကြီး မျှော်နေဟန်ရှိသော နွယ်ဖြူးပင် ဟူသော ကလေးမမှာ မုံ လာတာကို မြင်တော့မှ မျက်သုံးလေးတွေက တောက်ပအသက်ဝင်သွားတာကို မြင်ရလျှင် ကျိတ်ပြုံးမိရသည်။ မုံက စာသင်ခုံမှာ ဝင်ထိုင်ရင်း သူမဘက်သို့ လှည့်ကာ တစ်ချက်ပြုံးပြလိုက်သည်။

"နောက်ကျလိုက်တာ လေးမျက်မုံရယ်။ ဘာဖြစ်လို့ နောက်ကျနေတာလဲဟင်။ ဖုန်းဆက်မေးချင်တာ ဖုန်းနံပါတ်ကလည်း မသိဘူး ဖြစ်နေတယ်"

"ဪ ... ပေးမှာပေါ့။ ဒီလို နွယ်ဖြူးပင်ရဲ့။ လမ်းမှာ Accident တစ်ခုနဲ့ ကြုံနေလို့ ဝင်ကူညီပေးနေတာ။ ဒဏ်ရာရတဲ့ လူနှစ်ယောက်ကို ဆေးရုံကြီး ပို့ပေးနေတာလေ။ အဲဒါကြောင့် ကြာနေတာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား။ လေးမျက်မုံက သူများကို တော်တော်ကူညီတတ်တယ်နဲ့ တူတယ်နော်"

"အင်း ... ကူညီတတ်တယ်လို့ ပြောတော့လည်း ကိုယ့်ကိုယ်ကိုယ် ဂုဏ်ဖော်ရာ ကျမှာလည်း စိုးရသေးတယ်။ ဒီလိုပါပဲ တို့က သူများ အခက်အခဲ တစ်ခုခု ဖြစ်နေရင် လက်ပိုက်ကြည့်မနေတတ်ဘူး ပြောရမှာပေါ့။ အကူအညီ တကယ်လိုအပ်နေတဲ့သူကို ကိုယ်လည်း တတ်နိုင်တဲ့ အကူအညီမျိုးဆို ပေးဖြစ်တယ်ပေါ့ ...

"ငယ်ငယ်လေးတည်းက တို့အကျင့်လေ။ ကြီးလာတော့လည်း ပရဟိတအလုပ်တွေ ပိုလုပ်ဖြစ်တယ်။ အစုအဖွဲ့နဲ့လည်း လုပ်တယ်လေ။ နွယ်ပျိုးပင်လည်း စိတ်ဝင်စားရင်ပြော၊ အပေါင်းအသင်းမိတ်ဆွေလည်း တိုးတာပေါ့"

"စိတ်တော့ ဝင်စားပါတယ်၊ ဒါပေမဲ့ ဒေါ်လေးစောက ထည့်ပါ့မလား မသိဘူး"

"ဒေါ်လေးစော ဆိုတာက ! "

"ဪ ... ဒေါ်လေးစော ဆိုတာက မေမေ့ရဲ့အဒေါ်ပါ။ ပျိုးကို ငယ်ငယ်လေးတည်းက စောင့်ရှောက်လာတဲ့သူပေါ့။ မေမေက ပျိုး တစ်နှစ်သမီးအရွယ်တည်းက ဆုံးသွားတာလေ။ အဲဒီတော့ ပျိုးက ဒေါ်လေးစော လက်ထဲမှာပဲ ကြီးလာခဲ့ရတာ"

မုံက လက်တစ်ဖက် ကာပြရင်းမှ ...





"I see ... I see ။ သိပြီ။ ငယ်ငယ်လေးတည်းက ဒီအန်တီကြီးရဲ့ အုပ်ထိန်းပုံစံသွင်းမှုအောက်မှာ မင်းပုံစံက ဒီလိုဖြစ်သွားတယ်ပေါ့ ...

အင်း ... ထင်တော့ ထင်ပါတယ်။ မင်းအမေသာ ရှိရင် မင်းပုံစံက ဒီလောက်ကြီး Weak ဖြစ်မှာ မဟုတ်ဘူး။ မင်းပုံစံက ခေါက်ရိုးကျိုးနေတဲ့ ပုံစံခွက်ထဲက လာတယ်ဆိုတာ သိပ်သိသာနေတယ်"

"တကယ် ! အဲလို သိသာနေတယ်ပေါ့"

"အင်းပေါ့ ... အပေါင်းအသင်းလည်း များများစားစား ထားခဲ့ပုံ မပေါ်ဘူး။ လူတွေကိုလည်း ယုံလွယ်မယ့်သဘောမှာရှိတယ်။ လူတွေကို မြင်မြင်ချင်း ပစ်ပြီးမယုံပစ်နဲ့ ကောင်မလေးရေ"

"ဟင် ... ဘယ်မှာ ယုံပစ်လို့လဲ မေမျက်မုံရဲ့"

"ရှင် ကျုပ်ကို မယုံဘူးလား"

"ယုံတာပေါ့"

"ကြည့် ... အဲဒါကိုပဲ ပြောနေတာပဲလေ"

"ဘာဆိုင်လဲ။ လေးမျက်မုံက မိန်းကလေးပဲဟာ။ ပြီးတော့ ပျိုးကို ကူညီထားတဲ့သူပဲ ဘာမယုံစရာရှိလဲ။ လူတွေကို ကူညီတတ်ပြီး စိတ်ကောင်း နှလုံးကောင်းရှိတဲ့သူဆိုတာ သိသာနေတဲ့ဟာပဲ"



www.burmeseclassic.com

www.burmeseclassic.com



မုံသည် သူ မအ,ပါဘူးဆိုတာကို သက်သေပြချင်စောဖြင့် ကိုယ့်ကို အမှန်းတင်နေသော ချစ်ဖွယ် ကောင်မလေးရဲ့ပါးပြင်ကို ချစ်စနိုးဖြစ်လာစိတ်ဖြင့် ဖျတ်ခနဲ ဆွဲလိမ်မိသည်။ ဒီကောင်မလေးရဲ့စိတ်ဓာတ်တွေကိုတော့ မုံ ပြောင်းလဲပေးဦးမှာပါပဲ။

"သြော် ... ဒါပေမဲ့ ရှင်နဲ့ ကျုပ်နဲ့ တွေ့တာ နှစ်ရက်ပဲ ရှိသေးတယ်လေ ပျို့ုးရဲ့။ နောက်ဆုံး လူတစ်ယောက်ကို သိပ်ယုံနေရင်တောင် ပါးစပ်က ဖွင့်မပြောရဘူး။ မိန်းကလေးချင်းလည်း သိပ်ယုံစားလို့ ရတာမှ မဟုတ်တာ ...

လူကုန်ကူးခံရဘဲ့ ကောင်မလေး တော်တော်များများဟာ မိန်းကလေးအချင်းချင်းကပဲ သွေးဆောင်ဖြားယောင်းခြင်း ခံရတာလေ ...

ယုံကြည်မှုမှာ ယောကျ်ား မိန်းမ ခွဲခြားသတ်မှတ်လို့ မရဘူး ပျို့ုးရဲ့။ လူတစ်ယောက်ကို သေချာလေ့လာပြီးမှ ယုံကြည်မှုဆိုတာကို ထားသင့်တယ်။ လူတွေကို မခင်မင်ရဘူး ပြောတာ မဟုတ်ဘူး။ အရမ်းပုံပြီး မယုံပစ်ဖို့။ လူတိုင်းဟာ ကိုယ်လိုမဟုတ်ကြဘူးလေ"

အဆုံးသတ် ပြောလိုက်သော မုံရဲ့စကားကို သူမက တွေးတွေးဆဆဟန်ဖြင့် ခေါင်းတစ်ချက်ညိတ်ကာ ...

"ဟုတ်တယ်နော်။ မုံ ပြောတာတွေက မှန်တယ်။ ကျေးဇူးပဲ မုံ။ ဒါပေမဲ့ မုံ့ကိုတော့ ပျို့ုး ယုံလို့ရတယ် မဟုတ်လား ...





လုံးဝကို မျက်စိမှိတ်ပြီး စိတ်ချလက်ချ ယုံထားလို့ ရတယ် မဟုတ်လား"

"ဟား ဟား ... ဒီတစ်ယောက်နဲ့တော့ ခက်နေပြီ။ အေးပါ ... အေးပါ ... ယုံ ... ယုံ ... ရတယ်။ ဒါပေမဲ့ ကတိတစ်ခု တော့ပေး။ ရှင် နောက်ထပ် ဘယ်သူ့ကိုမှ လွယ်လွယ်ကူကူ မယုံစားပါဘူးဆိုတဲ့ ကတိ"

"သြော် ... ပေးပါတယ်။ မုံကလည်းလေ။ ပျို့ုးက လူတွေကို အဲဒီလောက် ပစ်စလက်ခတ်ယုံတဲ့ မိန်းကလေးမျိုး မဟုတ်ပါဘူး။ ပြောရရင် ဘယ်သူ့ကိုမှတောင် သိပ်ယုံတာ မဟုတ်ဘူး။ နောက်ကျရင် မုံ သိလာပါလိမ့်မယ် ...

မုံကတော့လေ ဘာကြောင့်မှန်း မသိဘဲနဲ့ကို အရမ်း ယုံကြည်ချင်စရာ ကောင်းနေလို့ပါ။ မုံ့ရဲ့မျက်နှာလေးကကို ထက်မြက်သွက်လက်ပြီး ယုံချင်စရာကောင်းနေတယ် ...

အဲဒါ တကယ်ပြောတာ။ တခြားသူတွေကရော အဲလို မပြောကြဘူးလား"

"အင်း ... တခြားသူတွေပါ ဆွဲထည့်ပြန်ပြီ။ အင်းပါ ... ဟုတ်ပါတယ်။ ကဲ ... ယုံပါ ... ယုံပါ။ ဒါပေမဲ့ အခုနက ပြောတာတွေကိုတော့ မမေ့နဲ့ပေါ့ ...

ပျို့ုးအတွက် ပြောတာပါ၊ ဆရာ လုပ်တာ မဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ မုံ့စေတနာကိုလည်း သိတယ်။ မုံ့ရဲ့ခေတ်မီ တက်ကြွနေတဲ့ ပုံစံလေးကို အရမ်းအားကျတာပဲ။ အဲ့ဒီလို ဖြစ်ချင်လိုက်တာ"

ဖြစ်ချင်ရင် ဖြစ်အောင်လုပ်ပေါ့ ဟူသော စကားကို ပြန်တောင် ပြောချိန်မရလိုက်။ အကြောင်းမှာ မုံ့ကို ရည်းစားစာ ရေးခိုင်းထားသော သူငယ်ချင်းတစ်ယောက်က ရောက်လာသော ကြောင့် မုံသည် အိမ်ကအသင့်ပါလာသော ရေးပြီးသား ရည်းစား စာကို ထုတ်ပေးလိုက်ရသည်။ ဒါကို သူငယ်ချင်းက သူ့လက်ရေး ဖြင့် ပြန်ကူးနေတာကို ဖျိုးသည် တအံ့တသြဖြင့် ကြည့်နေလေ သည်။ သူ့ခမျာ မေးချင်လွန်းသဖြင့် ပါးစပ်တပြင်ပြင် ဖြစ်နေတာ ကိုလည်း မုံက သိနေသေးသည်။

သူငယ်ချင်း ထွက်သွားတော့မှသာ သူမက မုံ့ကို တိုးတိုးလေး ကပ်မေးသည်။

"မုံ့ အဲဒါ ဘာစာလဲဟင်"

"ရည်းစားစာလေ"

"ဟင် ... ရည်းစားစာ။ မုံက ရည်းစားစာ ရေးတတ်တယ် ပေါ့"

"ရေးတတ်တာပေါ့"

မုံက ပြုံးပြုံးလေး ပြန်ဖြေလျှင် သူမက မုံ့ကိုမျက်လုံး ပြူးပြီး ကြည့်နေသည်။ ဘာဆက်မေးရမှန်း မသိလဲ ဖြစ်နေပုံ ရသည်။ ပြီးတော့မှ ...





"ဘာလို့ ရည်းစားစာ ရေးပေးရတာလဲဟင်။ သူတို့က မရေးတတ်လို့လား"

"အင်း ... စာတော့ ရေးတတ်တာပေါ့။ ဒါပေမဲ့ တစ်ဖက် သား ကြွေအောင် မရေးတတ်ဘူးပေါ့။ အဲဒါကြောင့် မုံက ရေးပေးရတာ။ သူတို့ အဆင်ပြေသွားတော့လည်း မုံ ကုသိုလ်ရတာပေါ့လေ"

"မုံက အဲဒီလို ကြွေအောင် ရေးတတ်တယ်ပေါ့။ မုံ့မှာ ရည်းစားရှိလို့လားဟင်"

"ဟား ဟား ... ဘယ်လိုထင်လို့လဲ"

မုံက ချစ်စဖွယ် ကောင်မလေးကို ပြန်နောက်လိုက် လျှင် သူမက မုံ့တစ်ကိုယ်လုံးကို အကဲခတ်သည့် မျက်လုံးတွေ ဖြင့် ကြည့်ရသည်။ သဘောကတော့ ရည်းစားရှိတဲ့လူဆိုလျှင် ခေါင်းမှာ ချိုပေါက်နေသည်ဟု ထင်လို့လားတော့ မသိ။ မုံသည် ကိုယ့်ကို စေ့စေ့စပ်စပ် အကဲခတ်နေသည့် ကောင်မလေးကို ရယ် ချင်စိတ်ဖြင့် ပြုံးကြည့်နေမိသည်။

သူမက မျက်ခုံးရှုံ့ရှုံ့လေးဖြင့် ခေါင်းကို အသာယမ်း ကာ ...

"မသိဘူး။ ဖျိုး အကဲမဖြတ်တတ်ဘူး"

"ဟား ဟား ... ခဏလေးနဲ့ အကဲဖြတ်တတ်ပါ့မလား ဖျိုးရဲ့။ အဲဒါ ပြောတာပေါ့၊ လူတစ်ယောက်ကို ချက်ချင်း ဆုံးဖြတ်လို့ မရဘူးလို့ ...



www.burmeseclassic.com

www.burmeseclassic.com



မုံ့မှာ ရည်းစားမရှိပါဘူး။ ဒါပေမဲ့ ရည်းစားရှိတဲ့လူတွေထက် မုံက အချစ်အကြောင်းကို နားလည်တယ်"

"တကယ် ! ။ ဘယ်လိုလုပ် သိတာလဲ"

"ဩော် … ဒီလိုပဲပေါ့။ လေ့လာထားတာပေါ့။ ဘာလဲ … ပျိုးက အချစ်အကြောင်းကို သိချင်နေပြီလား

"ဟင့်အင်း … အဲဒါကို ပျိုး တစ်ခါမှ မကြုံဖူးသေးဘူး"

"ယုံပါတယ်၊ ကြုံလာပြီး စိတ်ဝင်စားတဲ့ အခါကျရင်သာ ပြောပေါ့ … ဟုတ်လား"

မုံက မေးဆတ်ပြကာ ခပ်ပြုံးပြုံး ဆိုလိုက်လျှင် ပျိုးသည် အနည်းငယ် ပန်းရောင်ပြေးသွားသော မျက်နှာလေးဖြင့် "မုံကလည်း"ဟု ခပ်ရှက်ရှက် ဆိုသည်။ မုံသည် ဒီခေတ်ထဲမှာ ရှားပါးနေပြီဖြစ်သော အရှက်သည်းမျက်နှာလေးကို ငေးကာ ဒီကောင်မလေးရဲ့ချစ်သူသာဆိုလျှင် ဘယ်လောက်ချစ်မလဲဟု တွေးနေမိလေသည်။

❧ ⊶ ❧





၃

"ကမ္ဘာပေါ်မှာ ကတိမတည်တဲ့ကိစ္စ၊ အချိန်မတိကျတဲ့ကိစ္စတွေကို မိန်းမတွေက စထွင်တာနဲ့တူတယ်"

သူက စကားပြောပြီးတာနှင့် လက်ဖက်ရည်ကို တစ်ငုံ ငုံလိုက်လျှင် သူငယ်ချင်းတွေက သူ့မျက်နှာကို ဝိုင်းကြည့်ကြသည်။ တစ်ခုခုဆိုလျှင် လိုက်နှောက်ဖို့ ဝန်မလေးသော နေမင်းကတော့ စမူဆာတစ်ခုကို ကောက်ဝါးကာ …

"ဒါဆို ဧဝက ကတိမတည်တဲ့မိန်းမ၊ အချိန်မတိကျတဲ့ မိန်းမပေါ့"

"ဘာ့ဆိုင်လို့လဲ"

"ဆိုင်တာပေါ့၊ အာဒမ်နဲ့ ချိန်းတိုင်း ပျက်ကွက်တာတို့၊ နောက်ကျတာတို့ အမြဲလုပ်လို့ နေမှာပေါ့၊ ဟုတ်တယ်မှလား ဟော့ကောင်"



www.burmeseclassic.com

www.burmeseclassic.com



သူ ပြောလိုက်သော စကားရဲ့မြားဦးက သူ့ဘက်သို့ ပြန်လှည့်လာသည်။

သူက စိတ်ရှုပ်စွာဖြင့် ခေါင်းကို တစ်ချက်ခါယမ်းပစ်လိုက်ကာ ...

"တော်စမ်းပါကွာ၊ မဟုတ်တာတွေ မေးမနေစမ်းပါနဲ့။ ငါ အဲဒီ လေးမျက်မှုံ ဆိုတဲ့ ကောင်မလေးကို တွင်းချင်နေပြီ။ ဘယ်လိုကောင်မလေးမှန်းလဲ မသိဘူး ...

တစ်နေ့ကလည်း မနက်ကိုးနာရီ အရောက်လာမယ် ပြောပြီး ကိုးနာရီခွဲထိ ရောက်မလာ၊ ဖုန်းဆက်တော့လည်း မကိုင်။ နောက် ညနေငါးနာရီ လာမယ်ပြောပြီး ရောက်မလာပြန်ဘူး"

"သူ့ဟာသူ မလာတော့လည်း ဘာဖြစ်လဲကွာ။ မလာဘဲ နဲ့တော့ မနေပါဘူး။ သူ့ကို လက်ဆောင်ပေးတဲ့ ပစ္စည်းတွေ မဟုတ်လား ...

ယူမှာပေါ့၊ မင်းကိုက သိပ်တွေ့ချင်နေလို့ မဟုတ်လား။ မှန်မှန်ပြောစမ်း ... မင်းကို အောင်ကောင်းထက်က အဲဒီကောင်မလေး ချောတယ်လို့ ပြောလိုက်လို့လား"

"မပြောပါဘူး"

"မပြောရင် သူ မလာတဲ့ကိစ္စကို မင်း ဘာဖြစ်လို့ ဒီလောက် အုံးစားနေလဲ"





"ဘာမှ အုံးမစားဘူး။ မင်းတို့လည်း သိသားပဲ။ ငါက အချိန်မတိကျတာ၊ ကတိမတည်တာလောက် မုန်းတာမရှိဘူး ...

မင်းတို့ပဲ စဉ်းစားကြည့်ကွာ၊ ဟိုအချိန်လာမယ်၊ ဒီအချိန်လာမယ် ပြောပြီး မလာတာ၊ အဲဒီလူကို မလေးစားရာ ကျတာပဲကွ။ မဟုတ်ဘူးလား"

သူ့အပြောကို သူငယ်ချင်းတွေက ဘာမှမပြောဘဲ ပခုံးသာ ကိုယ်စီတွန့်ပြကြသည်။ သူသည် စိတ်ထဲမှာတော့ လေးမျက်မှုံ ဆိုသည့် ကောင်မလေးကို နည်းနည်းတော့ ခုနေသည်။ ပြီးခဲ့တဲ့လက သူ စင်ကာပူသို့ သွားလည်ခဲ့လေရာ သူ့ရဲ့ငယ်သူငယ်ချင်း အောင်ကောင်းထက် အိမ်မှာ တည်းခိုခဲ့ခြင်းဖြစ်သည်။ သူ ပြန်ခါနီးတွင် အောင်ကောင်းထက်ရဲ့ ကောင်မလေးက သူမရဲ့ သူငယ်ချင်းအတွက် မွေးနေ့လက်ဆောင် ထည့်ပေးလိုပါသည်ဟု ပြောသောကြောင့် သူက ပါဆယ်ထုပ်တစ်ထုပ်ကို ယူလာခဲ့ရသည်။ အောင်ကောင်းထက်ကတော့ သူ့ရည်းစား မကြားအောင် သူ့အနားသို့ တိုးတိုးကပ်ကာ ...

"ဟေ့ကောင် ... အဲဒီ လေးမျက်မှုံ ဆိုတာ ချောတယ်နော်။ မင်းကြိုက်တဲ့ ဘောလီးဝုဒ်စတား ပါးချိုင့်မင်းသမီး ပရီးတီဇင်တာနဲ့ အရမ်းတူတယ်တဲ့၊ မင်း စိတ်ဝင်စားရင် ဇာတ်လမ်းဆက်လိုက်"



www.burmeseclassic.com

www.burmeseclassic.com



သူကတော့ အဲဒီတုန်းက ပြုံးစိစိဖြင့် ပခုံးတွန့်ပြခဲ့တာ မှတ်မိသေးသည်။ သို့သော် သူ ကြိုက်သည့် အိန္ဒိယမင်းသမီး ပရီးတီဇင်တာနဲ့ တူတယ်ဆိုသဖြင့် စိတ်ဝင်စားသွားမိတာတော့ အမှန်ပင်။ တကယ်တူတာလားဟု ကြည့်ချင်သွားတာလည်းပါသည်။ ကြည့်ချင်ပါတယ်ဆိုမှ မမက မနက်ခင်းချိန်းတော့လည်း ပေါ်မလာ၊ ညနေဘက်မှာလည်း ပေါ်မလာသဖြင့် သူက နည်းနည်း စုချင်လာပြီဖြစ်သည်။

နောက်တစ်နေ့ နံနက်ရောက်တော့လည်း သူမက ဖုန်းမဆက်သေး။ သူသည် ဖုန်းသံတစ်ခုကို ကြားရမလားဟု မျှော်လင့်နေသော်လည်း ဘာဖုန်းသံမှ သူ့ဆီသို့ ရောက်မလာခဲ့ပါ။ သူက ဆက်ဖို့ကျတော့လည်း မကောင်းတတ်သဖြင့် သူ့မှာ အောင့်အည်းနေရလေသည်။

"ပူမနေစမ်းပါနဲ့ကွာ၊ မိန်းကလေးဆိုတာ သူတို့ကိုပေးတဲ့ လက်ဆောင်ပစ္စည်းကို မမက်မောတဲ့လူ ဘယ်သူမှ မရှိဘူး။ စိတ်ချ မင်းဆီကို သူ လာမှာ ...

လောလောဆယ်တော့ ဒီကျောင်းက ဟာတွေကို အာရုံစံစားထား ဟုတ်ပြီးလား။ တို့ အီးမေဂျာမှာကို အလန်းလေးတွေ ရှိသေးတယ်။ ကျောင်းဖွင့်စဆိုတော့ ဘယ်သူက ဘာဆိုတာ မသိရသေးဘူး"

"မင်းတို့ကလည်း။ ငါကပဲ ဟိုတစ်ယောက်ကို မတွေ့ရလို့ ပြောနေတာ ကျနေတာပဲ"





"ဟုတ်တယ်လေ ... မင်းပုံစံကြီးက အဲဒီလို ဖြစ်နေတာကိုး။ ဒီမှာ ငါ ကြားဖူးတဲ့ အင်္ဂလိပ်စကားတစ်ခုရှိတယ် ... 'I"ll ready in a minute' mears I"ll be ready in on hour' တဲ့ ...

မိန်းမတွေရဲ့ အချိန်မဝ ကျမှု ကတိမတည်မှုကို ရည်ညွှန်းတာ။ အဲဒီတော့ မင်း လေးမျက်မုံဟာ အဲဒီလို မိန်းမမျိုးထဲမှာ ထိပ်ဆုံးကပါတဲ့ မိန်းမမျိုး နေမှာပဲ။ မျှော်လင့်စောင့်စားမနေနဲ့၊ သူ့ဟာသူ လာချိန်တန်ရင် ရောက်လာလိမ့်မယ်၊ ကဲ ... လာ ... အတန်းသွားတက်ကြမယ်"

သူ့သူငယ်ချင်း ထက်မြက်က လာဆော်လိုက်လျှင် သူရော နေမင်းရောက စားတာသောက်တာတွေကို လက်စသတ်ကာ ပိုက်ဆံရှင်းပြီးနောက် ကန်တင်းမှ ထွက်လာခဲ့ကြသည်။ ကန်တင်းမှတစ်ဆင့် စာသင်ဆောင်များရှိရာဘက်သို့ သွားရာလမ်းတွင် သူတို့အုပ်စုမှာ ဟိုဟိုဒီဒီ ဝေ့ဝဲကြည့်ရှုလျက် ရောက်တတ်ရာရာများကို ပြောဆိုလာကြသည်။ တစ်နေရာမှာတော့ သူ့မျက်လုံးများက တင်စုံတစ်ရာကို မြင်တွေ့သွားမိသည်။ ကျောင်းသားတစ်ယောက်က မိန်းကလေးတစ်ယောက်ကို စကားလိုက်ပြောနေသေ မြင်ကွင်းသည် မျက်လုံးထဲတွင် ဘယ်လိုမှ ကြည့်မကောင်းပါ။ သကောင့်သားက စားတော့ ဝါးတော့မယ့် အခုပဲ ဆွဲဖက်တော့ မလို အသည်းအသန် ဖြစ်ပြနေကာ ကောင်မလေးကတော့ အရှက်သည်းစွာဖြင့် ခေါင်းကိုငုံ့လျက် လမ်းတွေကို နင်းကန်လျှောက်



www.burmeseclassic.com

www.burmeseclassic.com



နေသည်။ တစ်ချက် တစ်ချက်မှာ ခလုတ်တိုက်မိမလိုတောင် ဖြစ်သေးသည်။

သူက နေမင်းကို လက်တို့ပြကာ ...

"ဟိုမှာ ကြည့်စမ်းကွာ၊ ဒီလို မြင်ကွင်းမျိုးက တက္ကသိုလ်ပရဝုဏ်ထဲမှာ ရှိသင့်သလား"

"မရှိသင့်ပါ အရှင်မင်းသား။ မရှိသင့်ကြောင်းပါ"

မနောက်ရင် မနေနိုင်သော နေမင်းကတော့ သူ့ကို အရွှန်းဖောက်သည်။ ထက်မြက်ကတော့ သူ့လိုပင် အဲဒီမြင်ကွင်းကို တစ်ချက်လှမ်းကြည့်ကာ ...

"မမိုက်ဘူးကွာ။ မြင်ရတာ ကဗျာမဆန်လိုက်တာ"

"အေးလေ ... လူရိုင်းကောင်ပဲ။ ကျောင်းသားမဟုတ်တာ ကျနေတာပဲ။ ကောင်မလေးက တအားရှက်နေတဲ့ပုံစံကွ။ ဒီလူကလည်း အထာမနပ်လိုက်တာ။ မျက်လုံးထဲမှာ Cross ပဲ။ ခက်ပါ့ကွာ"

"ဟင်း ... ဒီလိုကောင်တွေကြောင့် ယောကျ်ားသိက္ခာကျနေတာ"

သူတို့သုံးယောက် တစ်ယောက် တစ်ပေါက် ပြောဆိုနေတုန်းမှာပဲ မြင်ကွင်းက မလှမပ ဖြစ်လာကာ ပိုမိုရုပ်ဆိုးလာသည်။ တစ်ချိန်တွင် ကောင်မလေးသည် လမ်းလျှောက်ရင်းမှ ခလုတ်တိုက်မိသွားကာ ဟပ်ထိုးလဲကျတော့မလိုဖြစ်လျက် လက်ထဲမှာ ကိုင်လာသောဖိုင်နှင့် စာအုပ်တွေက အောက်သို့ပြုတ်ကျ





သွားသည်။ ဒါကို ဟိုကောင်က အခွင့်အရေးယူကာ ကောက်ပေးဖို့ ပြင်သော်လည်း ကောင်မလေးက လက်မခံ။ ပုတ်ထုတ် တွန်းထုတ်ဖို့ပြင်လျှင် သူသည် တက္ကသိုလ်ကျောင်းနှင့် မတူသော မြင်ကွင်းကို ဆက်လက်ကြည့်မနေနိုင်တော့ပါ။

သူ့ခြေလှမ်းများက ဘယ်လိုလုပ်ပြီး အဲဒီနားသို့ ရောက်သွားမှန်းမသိ။ အဲဒီအချိန်မှာ သူ့ဘောင်းဘီအိတ်ထဲမှာ ထည့်ထားသော ဖုန်းမြည်သံက ထွက်ပေါ်လို့လာသော်လည်း သူက ဖုန်းမကိုင်မိတော့ချေ။

"သူငယ်ချင်း ... မင်း မိန်းကလေးတစ်ယောက်ကို ဒီလောက်ထိတော့ နှောင့်ယှက်ဖို့ မကောင်းဘူးနဲ့ တူတယ်"

သူက အောက်မှာကျနေသော ဖိုင်နှင့် စာအုပ်တွေကို အေးအေးဆေးဆေး ကောက်ယူပြီး ပြောလိုက်လျှင် ဟိုသကောင့်သားက သူ့ကို မကြည့်သလို ကြည့်လာသည်။ သို့သော် အဲဒီလောက် အကြည့်ကိုတော့ သူက ဂရုမစိုက်ပါ။

"မင်းနဲ့ ဘာဆိုင်လို့လဲ"

ထိုတစ်ယောက်က သူ့ကို ကြောက်သွားမလားဟူသော ပုံစံဖြင့် ဘုတောသည်။ သူက အရေးမပါဟန်ဖြင့် ခပ်အေးအေးပင်။

"မင်းလည်း တက္ကသိုလ်ကျောင်းသား၊ ငါလည်း တက္ကသိုလ်ကျောင်းသား၊ ဘယ်သူမဆို မိန်းကလေးတစ်ယောက်ကို လွတ်လပ်စွာ ချစ်ကြိုက်ခွင့်ရှိပါတယ်။ ဒါပေမဲ့ မင်းလုပ်



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့ပုံစံက လှူငယ်ချင်းတောင် ဘယ်လိုမှ ခံစားပေးလို့ မရတဲ့ပုံစံမျိုး ဖြစ်နေတယ် ...

မင်း သူ့ကို ဆက်မနှောင့်ယှက်ပါနဲ့တော့"

"အဲဒီလို ပြောရအောင် မင်းနဲ့ သူနဲ့က ဘယ်လိုပတ်သက်နေလို့လဲ"

အဲဒီမေးခွန်းကြောင့် သူ အိုးတိုးအမ်းတမ်းလည်း ဖြစ်မသွားပါ။ အဲဒီလို မေးလိုက်တဲ့အတွက် ပြန်မဖြေနိုင်စရာ အကြောင်းလည်း မရှိချေ။ ခပ်တည်တည်ပဲ ပခုံးတစ်ချက်ကို တွန့်လိုက်ကာ ...

"ဘယ်လိုမှ မပတ်သက်ပါဘူး၊ အဲဒါကို မင်းလည်း သိနေမှာပါ။ ဒါပေမဲ့ မင်းလုပ်နေတဲ့ပုံစံက ဘယ်လိုမှ ကြည့်မကောင်းလို့ ...

မင်း သူ့အနားမှာ ဆက်ရှိနေဦးမယ်ဆိုရင် ပြဿနာတစ်ခုခု ဖြစ်လိမ့်မယ်။ အေး ... အဲဒီလို ပြဿနာဖြစ်ခဲ့ရင်လည်း သူက မင်းဘက်မှာ လုံးဝရှိမှာ မဟုတ်ဘူးဆိုတာတော့ မင်း သိတယ် မဟုတ်လား"

သူ့ရဲ့အေးဆေးသော အပြောတွေကြောင့် ဟိုတစ်ယောက်က –မေးကျောတွေ တစ်ချက်တင်းသွားသည်။ သို့သော် အခြေအနေတွေကို ရိပ်စားမိကာ တက်တစ်ချက် ခပ်တိုးတိုးခေါက်ကာ ချာခနဲ လှည့်ထွက်သွားသည်။ ဒီလောက်ကတော့ သူက အံ့မစားပါ။ သူက ငိုချင်ဟန် အပြည့်ရှိသော ကောင်မလေးကို





အနားကရုံကျောသက်စွာဖြင့် တစ်ချက်ကြည့်ကာ သူ့လက်ထဲမှ သူမရဲ့ဖိုင်နဲ့ စာအုပ်တွေကို ကမ်းပေးလိုက်သည်။ သူမက သူ့ကို တစ်ချက်ကြည့်ကာ ခေါင်းငုံ့သွားသည်။

သူသည် မြင်လိုက်တာနဲ့ကို ရိုးသားဖြူစင်ပုံရသည့် ကောင်မလေးကို အမှတ်မထင် ငေးစိုက်မိသွားသည်။ အသားအရေဖြူစင်ကြည်လင်ကာ ခေတ်မီလှပသော မြန်မာဝတ်စုံလေးနှင့် သူမ၏ပုံစံသည် သူ မြင်တွေ့နေကြ ကောင်မလေးတွေရဲ့ပုံစံနှင့် ခြားနားစွာ ကျက်သရေရှိရှိ လှပနေသည်။ ဒီလိုမိန်းကလေးမျိုးဟာ အခုနကလို ကျားရဲပေါက်စ ဒီဇိုင်းမျိုးရှိသောကောင်နှင့် လားလားမျှ မထိုက်တန်ပါ။ သူမက သူ့ရှေ့မှ ထွက်သွားဖို့ပြင်သည်။ အဲဒီမှာပဲ လွဲချော်မှုတစ်ခုကို ထပ်တွေ့တော့တာဖြစ်သည်။ သူမဆီမှ အဲခနဲ အသံထွက်လာလျှင် သူက သူမကြည့်ရာသို့ လိုက်ပါငုံ့ကြည့်မိသည်။

အားပါးပါး ... သူမရဲ့ကတ္တီပါဖိနပ်သည် သဲကြိုးပြတ်သွားခဲ့ပြီဖြစ်သည်။

"ကျွတ် ... ဒုက္ခပါပဲ"

သူမထံမှ အင်မတန် စိတ်ဆင်းရဲမှန်း သိသာစေသော ညည်းညူသံတစ်ခု ထွက်ပေါ်လာသည်။ သူ့ကိုတော့ မော့မကြည့်ပါ။ ရှက်လည်း ရှက်နေဟန်တူသည်။ သူသည် သက်ပြင်းတစ်ချက်ကို စိတ်ထဲမှာသာ ကျိတ်ချမိလျက် သူမကို စကားစ,ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖိနပ်ပြုတ်သွားတယ်နဲ့ တူတယ်၊ ကိုယ် ဘာကူညီပေးရမလဲ"

သူက စကားပြောလိုက်သောကြောင့် သူမက သူ့ကို မရဲတရဲ မော့်ကြည့်သည်။ အဲဒီမျက်ဝန်းများသည် အကူအညီမတောင်းသော်လည်း အားကိုးချင်သည့် မျက်ဝန်းများဆိုတာကို မွေးရာပါ ပုရိသနလုံးသားဖြင့် နားလည်လိုက်သည်။

"ဟိုဒင်း ... ရ ... ရပါတယ်"

"ရပါတယ်ဆိုတာ ဘာကို ပြောတာလဲ။ ကူညီမယ်ဆိုတာကို ရပါတယ်လို့ ပြောတာလား၊ ဒီဖိနပ်နဲ့တော့ မင်း အတန်းထဲထိ လျှောက်သွားလို့ မရဘူးနဲ့တူတယ်"

သူမက သူ့ကို မျက်လုံးကလယ်ကလယ်ဖြင့် ကြည့်ကာ ဘာပြန်ပြောရမှန်းမသိ ဖြစ်နေပုံရသည်။ အဲဒီအချိန်မှာပဲ သူ့ဘောင်းဘီအိတ်ထဲတွင် ထိုးထည့်ထားသော ဟန်းဒ်ဖုန်းမှ အသံထွက်မြည်လို့ လာပြန်သည်။ သူက ဖုန်းကိုမကိုင်ဘဲ သူမကိုသာ မေးတစ်ချက် ဆတ်ပြလိုက်သည်။

"ဟို ... ဘယ်လိုလုပ်ရမလဲ မသိဘူး"

"ကိုယ့်ဖိနပ်ကို စီးသွားမလား"

"ရှင် ! အဲဒီတော့ သူက ဘယ်လိုသွားမှာလဲ"

"ကင်းမြီးကောက်ထောင် သွားမှာပေါ့"

သူ့အပြောကို သူမက မျက်လုံးအဝိုင်းသားဖြင့် မော့်ကြည့်သည်။ သူက သူမကို နွေးထွေးစွာဖြင့် တစ်ချက်ရယ်





ပြလိုက်လျှင် သူမထံ၌ စိုးရိမ်ကြောင့်ကြမှုများ အားလုံးလွင့်စဉ်သွားသည်။

"အလကား နောက်တာပါ။ ကိုယ်က သူငယ်ချင်းတွေလည်းပါတော့ အဆင်ပြေပါတယ်။ မင်းသာ တစ်ယောက်တည်းဆိုတော့ အဆင်မပြေမှာ စိုးရတာ ...

ဘယ်လိုလဲ ... ကိုယ့်ဖိနပ်ကို စီးသွားမလား။ ကွင်းထိုးဆိုတော့ စီးလို့တော့ အဆင်ပြေမှာပါ"

သူမက ငြင်းလည်း မငြင်းချင်ဟန်ဖြင့် သူ့ဖိနပ်ကို တစ်ချက်ငုံ့ကြည့်ကာ အားနာစကားဆိုသည်။

"အားနာစရာကြီး"

"အားမနာပါနဲ့ ခဏငှားတာပါ။ အပြီးလည်း မပေးပါဘူး ကိုယ့်ဖိနပ်က ဈေးကြီးတယ် ... ဟဲ ဟဲ DAPPER လေ"

သူမက တကယ်ပဲ သူ့ဖိနပ်ကို စိတ်ဝင်စားဟန်ဖြင့် ငုံ့ကြည့်သည်။ သူက ဖိနပ်ကို ချွတ်ပေးလိုက်ရင်းမှ ...

"မင်း ဘယ်မေဂျာကလဲ၊ ကိုယ့်ကို ဖိနပ်တော့ ပြန်ပေးမယ် မဟုတ်လား"

သူ့စကားကို သူမက ပြုံးယောင်သမ်းသွားကာ ခေါင်းငုံ့သွားသည်။ ပြီးတော့မှ လေသံတိုးဖွဖွဖြင့် ...

"ဒီနေ့ပဲ ပြန်ပေးမှာပါ။ ကျွန်မ သူငယ်ချင်းတစ်ယောက်ကို ဖုန်းဆက်ပြီး ဖိနပ်မှာလိုက်ပါ့မယ်။ သူ့နာမည်နဲ့ ဖုန်းနံပါတ်သာ ပြောပါ"



www.burmeseclassic.com

www.burmeseclassic.com



"အိုကေ ... ကိုယ့်နာမည်က မုတ်သုန်မိုးစက်၊ ဖုန်းနံပါတ်ကတော့ (xxx)၊ မေဂျာက အင်္ဂလိပ်စာ"

"ဟင် ... ဟုတ်လား၊ ကျွန်မလည်း အင်္ဂလိပ်စာကပါပဲ"

"ဪ ... မေဂျာတူအချင်းချင်း ကူညီခွင့် ရတာပေါ့။ ကဲပါ ... ကဲပါ ... စီးသွားပါ။ ကိုယ် မင်းကိုယုံပါတယ် ... တစ်ကျောင်းတည်း တစ်မေဂျာတည်းသားချင်းတွေပဲ ပြန်မတွေ့မှာမှ မဟုတ်တာ"

"ဟုတ် ... ကျေးဇူးပါပဲ"

"အိုကေ ... နဲ့တားမိုင်း။ ရတယ် စီးသွားလိုက်တော့"

သူမက ရွံ့တွန့်တွန့် ပုံစံလေးဖြင့် သူ့ရဲ့ DAPPER ကွင်းတိုးဖိနပ်ကို စီးသည်။ ပြီးတော့မှ အသိအမှတ် ပြုသလိုဖြင့် ခေါင်းတစ်ချက် ဆတ်ပြပြီးလျှင် အသာအယာ ထွက်ခွာသွားသည်။ သူကတော့ နေရာမှာတင် ခြေဗလာဖြင့် ငေးမောကျန်ရစ်ခဲ့သည်။ သူ့ကို သူငယ်ချင်းတစ်ယောက်က ပခုံးဖြင့် ပစ်တိုက်ကာ ...

"ဟောကောင် ... မနက်ခင်းမှာ လန်းတဲ့အဆင်လား။ ဘာလဲ DAPPER တစ်ရန်လုံးတောင် ပစ်စလက်ခတ် ပေးလိုက်နိုင်တဲ့အထိ သဒ္ဓါတရားတွေ ထက်သန်နေတဲ့ ကမ္ဘောဇ... ပေါ့လေ၊ ဟုတ်လား"

"အပြီးပေးလိုက်တာမှ မဟုတ်တာ။ ပြန်ရမှာပဲကွာ။ မင်းတို့လည်း မြင်သားပဲ၊ နဂိုကမှ စိတ်ညစ်နေတဲ့သူက ဖိနပ်ပါ ပြတ်သွားတော့ ဘယ်လောက် ထပ်စိတ်ညစ်မလဲ ...





ပြီးတော့ သူ့ဟာသူ တစ်ယောက်တည်း ပြတ်တာဆိုလည်း ထားဦး။ ငါ့ရှေ့မှာတင် ပြတ်တာဆိုတော့ မကူညီလို့လည်း မကောင်းဘူးလေ"

"ဪ ... ဒါနဲ့ပဲ ကူညီပါရစေ လုပ်လိုက်တာပေါ့။ တို့မေဂျာကပဲတဲ့ကွ။ ဧယားကတော့ မှည့်တယ်။ ချစ်စရာလေးနော်"

"ဟင်း ... အသံကိုက မစားရ ဝခမန်းအသံနဲ့။ ဒီလောက်တောင် ချစ်စရာကောင်းနေရင်လည်း မင်းဖိနပ်ကို ချွတ်ပေးလိုက်ပါလား"

"ဪ ... ငါတို့ဖိနပ်က ရှုးတွေလေကွာ၊ သူလေး စီးလို့မှ မရတာ။ ဟဲ ... ဟဲ ... နေစမ်းပါဦး၊ မင်းကရော ဒီလို ခြေတုံးလုံးနဲ့ ဘယ်လိုလိမ့်မှာလဲ ...

မင်းကိုတော့ ငါတို့က ဖိနပ် ချွတ်မပေးနိုင်ဘူးနော်"

"ချွတ်ပေးစရာ မလိုပါဘူးကွာ။ ငှားပေးရင်ကို ရပါပြီ။ သွား ကန်တင်းကို ပြန်သွား။ တို့ ဆော်ဒါ ကိုကြီးကျော်ဆီက ဖိနပ်တစ်ရန်လောက်ငှားခဲ့။ ကိုကြီးကျော်ဆီမှာ ဟိုတစ်ပတ်ကမှ ဝယ်ထားတဲ့ Scholl တစ်ရန်ရှိတယ် ... ငှားလာခဲ့"

"ဟောကောင် ... မင်း စီးဖို့ ဖိနပ်ကို ငါတို့က သွားငှားပေးရမယ်ပေါ့။ ကျွန်ဝယ်ရာ အဆစ်ပါရမှာလား။ ...ကိုက



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတင်တော့ မင်းကိုပဲ ကျေးဇူးတင်မှာ။ ဇာတ်လမ်းဆက်တော့လည်း မင်းနဲ့ပဲ ဇာတ်လမ်းဆက်မှာ ...

မင်းစီးဖို့ ဖိနပ်ကို ငါက သွားယူပေးရတယ်လို့ သူသိမှာမဟုတ်ဘူး"

"ပြောပြလိုက်မယ်ကွာ"

"ဟင်း ... မပြောလိုက်ချင်ဘူး၊ တကကတဲ့မှပဲ ကျွန်ုဝယ်ရာအဆစ်ပါတယ် စောင့်နေ၊ အဲဒီနားမှာ"

ထက်မြက်က ချာခနဲ လှည့်ထွက်သွားလျှင် နေမင်းကပါ သူ့ကို ပြောင်စပ်စပ်ဖြင့် လှျာထုတ်ပြကာ ထက်မြက်နောက်မှ လိုက်ပါသွားသည်။ သူက ခေါင်းတစ်ချက် ယမ်းလိုက်ရင်းမှ အနီးရှိအုတ်ခုံတွင် ဝင်ထိုင်လိုက်ကာ အိတ်ထဲမှဖုန်းကိုယူလျက် အခုနက ဝင်လာခဲ့သော Missed Calls များကို ဖွင့်ကြည့်လိုက်သည်။ သူ့ကို နှစ်ကြိမ်တိတိ ခေါ်ဆိုထားသောဖုန်းမှာ လေးမျက်မှုံ ဟူသော ကလေးမထံမှ ဖြစ်ပါသည်။

သူက ဖုန်းကိုပြန်ပိတ်ကာ ပခုံးကို အသာတွန့်လိုက်သည်။ ဘယ်နှနာရီ ဘယ်အချိန်တွေ ထပ်ချိန်းဦးမလို့လဲတော့မသိ။ သူက ပြန်ခေါ်ဖို့ စိတ်ကူးပြီးတော့မှ မခေါ်ဖြစ်တော့ပါ။ ဖိနပ်မပါဘဲ ထိုင်နေသော သူ့ကို ကျောင်းသူတချို့က ကွက်ကြည့်ကွက်ကြည့်လုပ်ကာ ပြုံးစိစိလုပ်သွားကြသည်။ သူက သိပ်တော့ ဂရုမစိုက်မိပါ။ လောကကြီးတွင် ဒီလိုကိစ္စမျိုးက ဘယ်သူမဆို ကြုံဖူးနိုင်ပါသည်။





"နည်းနည်းလေးတော့ လွဲနေမယ် xxx လွဲလွဲလေးပဲ ကောင်းပါတယ်"

သူက ထူးအိမ်သင်ရဲ့ တစ်နေ့တာအလွဲများ သီချင်းလေး တစ်ပိုင်းတစ်စကို ညည်းညူနေတုန်းမှာပဲ သူ့ဖုန်းက နောက်တစ်ကြိမ် ထပ်မြည်လာပြန်သည်။ Display ပေါ်မှ နံပါတ်ကို ကြည့်လိုက်လျှင် ဟိုကလေးမပဲ ဖြစ်လို့နေပြန်သည်။ ဇွဲကို မလျှော့သေးဘူးတဲ့တူပါရဲ့။ သူက ဖုန်းကိုဖွင့်ကာ ထူးလိုက်သည်။

"ဟယ်လို"

"ဟုတ်ကဲ့ ... ကိုမုတ်သုန်မိုးစက်နဲ့ ပြောချင်လို့ပါ"

"ပြောနေပါတယ်"

"သြော် ... ကျွန်မ လေးမျက်မှုံပါ။ ဟိုလေ ... အားတော့နာပါတယ်။ ပစ္စည်းလေးကို ဘယ်မှာယူရမလဲဟင်"

"သြော် ... ယူဦးမှာလား။ မသိဘူး ကျွန်တော်က မယူတော့ဘူးတောင် ထင်နေတာ၊ အဲဒါကြောင့် ဘယ်ကောင်မလေးကို ပေးပစ်ရမလဲလို့ စဉ်းတောင် စဉ်းစားနေတာ"

"ဟယ် ... အဲ ... အဲလိုတော့ မနောက်နဲ့လေ"

အဲလိုတော့ မနောက်နဲ့လေ ဟူသော စကားကိုက သူ့ကို လှမ်းနောက်နေတယ်ဟု ယူဆရတာကြောင့် သူက အသာပြုံးမိသွားသည်။ ဖုန်းထဲက ကြား့ကြားနေရသော ချိုရှရှ အသံလေးကတော့ နာပျော်ဖွယ်ကောင်းကာ ဆွဲဆောင်မှုရှိသည်။ လူက



www.burmeseclassic.com

www.burmeseclassic.com



လည်း သူ သိပ်ကြိုက်သော ဘောလီးဝုဒ်စတား ပရီးတီဇင်တာနဲ့ အတော်လေးတူသည်ဟု သတင်းရထားပြီးသား။ ကတိမတည်တတ် တာလေးကပဲ ရိုက်ပစ်ချင်စရာ ကောင်းတော့သည်။

"မနောက်စေချင်ရင် မင်းက ကတိတည်မှပေါ့"

"ဆောရီးပါ ... ဒီတစ်ခါ တကယ်တည်ပါ့မယ်။ အရင် အခါတွေတုန်းကလည်း ကတိပျက်ချင်လို့ ပျက်ခဲ့တာမဟုတ် ပါဘူး။ မလွှဲသာ မရှောင်သာ ကိစ္စတွေကြောင့်မို့ ...

အခု ဘယ်ကို လာခဲ့ရမလဲဟင်"

"ဘယ်ကိုမှ မလာခဲ့ပါနဲ့။ ကိုယ်ရှိတဲ့နေရာမှာ မင်းပစ္စည်း တွေလည်း ပါမလာဘူး။ အဲဒီတော့ မနက်ဖြန်မနက် ကိုယ်ရှိတဲ့နေရာကို မင်း လာနိုင်မလား"

"ပြောပါ ... ပြောပါ ... လာနိုင်ပါတယ်။ ဘယ်ကိုလာ ခဲ့ရမလဲဟင်"

"ဒဂုံတက္ကသိုလ်က ကန်တင်းကိုပေါ့။ ဘယ်လိုလဲ ... လာ နိုင်မှာလား"

သူမထံမှ အသံတိတ်သွားသည်။ သူကလည်း သူမ မလာနိုင်ဘူး အထင်ဖြင့် တမင်ကျပ်လွှတ်လိုက်တာ ဖြစ်ပါသည်။ ဟို ... ကျွန်မ ရှင့်အိမ်ကိုပဲ လာလို့မဖြစ်ဘူးလား၊ ဘာလား စသဖြင့် Compliant တက်လေမလားဟု စောင့်နေတာဖြစ်သည်။ သို့သော် သူမထံမှ အဲဒီလို ငြင်းသံမျိုး ထွက်မလာပါ။





"ရပါတယ် ... လာခဲ့ရမှာပေါ့"

သူက အသာကျိတ်ပြုံးမိသွားသည်။ အသံက အား မတန်၍ မာန်လျှော့လိုက်ရသည့်အသံ။ သို့သော် သူက သူမကို ညှာတာထောက်ထားစွာဖြင့် ပြောလိုက်ပါသေးသည်။

"မင်း အဆင်ပြေပါ့မလား။ အဆင်မပြေရင်လည်း ..."

"ပြေပါတယ်။ ကျွန်မက ခဏ ခဏ ပျက်ကွက်တဲ့သူပဲ။ ရှင်ရှိတဲ့နေရာကို ရောက်အောင် လာရမှာပေါ့။ ရှင်က ကျောင်းမှာ တစ်နေ့ကုန် ရှိမှာလား"

"ညနေ လေးနာရီလောက်ထိတော့ ရှိမယ်ပေါ့"

"အိုကေ ... ကျွန်မ ရောက်ရင် ဖုန်းဆက်လိုက်ပါ့မယ်"

"ဟုတ်ပါပြီ ... ဘိုင့် ဘိုင်"

သူက ဖုန်းပိတ်ပြီးလျှင် သူ့သူငယ်ချင်းနှစ်ယောက် ကို စောင့်မျှော်သည်။ ခဏအကြာတွင် အိတ်တစ်အိတ်ကို ကိုင် ထားသော ထက်မြက်နှင့် နေမင်းတို့က ပြန်ရောက်လာကာ ထက်မြက်က သူ့ရှေ့သို့ ဖိနပ်ထုပ်ကို ပစ်ချသည်။ သူက ပြုံးစစ ဖြင့် ဖိနပ်အိတ်ကို ဖွင့်လိုက်လျှင် ရေချိုးစီးသည့် ဖော့ဖိနပ်တစ်ရန် ကို တွေ့လိုက်ရသည်။

"ဟော့ကောင်တွေ ..."

သူ့စကားတောင် မဆုံးသေး။ ထက်မြက်က သူ့ကို လက်ပိုက်လျက် ရှုတည်တည်ကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ပော့ကောင်တွေ လုပ်မနေနဲ့၊ ဒီဖိနပ်ရလာတာပဲ ကျေးဇူးတင်ဦး ... နော်။ မင်း ကိုကြီးကျော်က သူ့ရည်းစားနဲ့ချိန်းထားလို့ အဲဒီဖိနပ်စီးပြီး သွားပြီ ...

ဒီဖိနပ်တောင် အဖျော်ဆရာ ကိုသောင်းမြင့်ဆီက မနည်းတောင်းလာတာ။ ဒီကျောင်းထဲမှာ ဘယ်သူက ဖိနပ်တစ်ရန် အပိုဆောင်းထားမှာလဲ ...

ရော့ ... စီးချင်စီး မစီးချင်ရင်နေ"

"အေးပါကွာ ... စီးရတော့မှာပေါ့"

သူက ရှုံ့ရှုံ့မဲ့မဲ့နှင့်ပင် နောက်မြီးတိုနေသော ဖော့ဖိနပ်ကို တွန့်ဆုတ် တွန့်ဆုတ်နှင့် စွပ်လိုက်ရသည်။ လိမ္မော်နှင့်အဖြူကန့်လန့်စင်း Alter စပို့ရှပ်အကျႌ၊ ဂျင်း(န်)အနက်၊ ဂျယ်(လ်)အစွမ်းတွေဖြင့် လှပစွာ ထောင်ထားသော ဆံပင်၊ လက်မှာဝတ်ထားသော နာရီ၊ ပုတီးလက်ကောက် စတာတွေဖြင့် ဖက်ရှင်ကျလွန်းသော သူသည် ဖိနပ်ကတော့ အထာမကျစွာဖြင့် နောက်မြီးတို ဖော့ဖိနပ်စုတ် ဖြစ်နေတာကတော့ မော်ဒန်ကဗျာတစ်ပုဒ်ပဲ ဖြစ်ပါလိမ့်မည်။

သူသည် ပြုံးစိစိနှင့်ပင် Class တက်ဖို့ ထွက်လာခဲ့ရသည်။ ဟိုနှစ်ကောင်ကတော့ မပြုံးဘဲ ပါးစပ်တဖြဲဖြဲ ရယ်လို့နေကြလေသည်။



မုံသည် ကားကို ဂရုတစိုက် မောင်းနှင်လာတုန်းမှာပဲ ဖုန်းမြည်သံက ထွက်ပေါ်လာသဖြင့် ဖွင့်ကာ နားထောင်လိုက်သည်။ တစ်ဖက်မှ တိုးသက်နူးညံ့သော အသံလေးက ချိုမြစွာ ထွက်ပေါ်လို့လာသည်။ ဟိုကလေးမ ဆက်တာပဲ။

"မုံလားဟင်"

"မုံ့ဖုန်းကို ဆက်မှတော့ မုံပဲပေါ့။ ကဲ ... ဆို"

"ဟို ... မုံ ဒီနေ့ ကျောင်းလာမှာလားဟင်"

"လာမှာပေါ့၊ ခုတောင် လာနေပြီ။ နောက်တော့ ကျနေတယ်လေ၊ Class တက်နေပြီ မဟုတ်လား"

"အင်း ... တက်နေပြီ။ တစ်ချိန်တောင် ပြီးသွားပြီ။ ဟိုဟာလေ ... မုံ့ကို အကူအညီတစ်ခုလောက် တောင်းချင်လို့ပါ"

"ပြောပါ ... ပြောပါ"

"ဟိုသင်းလေ ... ဘယ်လိုမှတော့ မအောက်မေ့ပါနဲ့။ မုံ့ကိုတော့ အဲဒီလို ပြောရမှာ အရမ်းအားနာ ..."

www.burmeseclassic.com

www.burmeseclassic.com



"သြော် ... အစ်မရယ်၊ ပြောစရာရှိတာကိုသာပြော။ ဘာမှ အားနာမနေနဲ့။ အားနာနေရင် ပိုဆိုးတယ်။ ဒီမှာ ကား မောင်းနေတာ ... ပြော ... ပြော"

"ဟုတ်လား ... ဆောရီးပါနော်၊ ဟိုဒင်းလေ ... လမ်းကြုံရင် ပျိုးအတွက် ဖိနပ်တစ်ရန်လောက် ဝယ်ခဲ့ပေးပါလို့"

"ဘာရယ် ... ဖိနပ်တစ်ရန် ! ဟုတ်လား။ ကျောင်းကို ဝယ်ခဲ့ရမှာလား။ ဖိနပ်ပြတ်သွားလို့လား"

"ဟုတ်တယ်၊ ကျောင်းကို ဝယ်လာခဲ့ရမှာ။ ဘယ်လိုဖိနပ်ပဲဖြစ်ဖြစ်ပါ။ မုံရဲ့ခြေထောက်နဲ့ ပျိုးရဲ့ခြေထောက်က အတူတူပဲလေ"

"အိုကေ ... အိုကေ ... I see ... I see အဆင်ပြေစေရမယ်။ ဒါပဲနော်"

"အင်း ... ကျေးဇူးပဲနော်"

မုံက လုပ်နေကျ ပုံစံအတိုင်း ပခုံးတစ်ချက်ကိုတွန့်ကာ ကားကို ဆက်မောင်းလာခဲ့သည်။ ကားမောင်းရင်းနဲ့မှ လမ်းဘေးဝဲယာကိုလည်း ဂရုတစိုက် ကြည့်လာရသေးသည်။ စတိုးဆိုင်တစ်ဆိုင်ကို တွေ့တော့မှ ကားရပ်ကာ ကျေးဇူးရှင်လေးအတွက် ကတ္တီပါဖိနပ်အပါးတစ်ရန်ကို ဆင်းဝယ်ရသည်။ ပြီးတော့ ကျောင်းသို့ ဆက်မောင်းလာခဲ့သည်။





ဒီနေ့တော့ မုံ့ရဲ့လက်ဆောင်ပစ္စည်းထုပ်ကို ပိုင်ပိုင် ိုင်နိုင်ကြီး ရလိမ့်မည်ဟု မျှော်လင့်ရတာပဲဖြစ်သည်။ ဟိုတစ်ယောက် ကတော့ မုံ့ကို ဘယ်လောက်တောင်များ မေတ္တာပို့နေမလဲတော့ ပြောတတ်။ တကယ်တော့ မုံ ပျက်ကွက်ရသည်မှာ ကိုယ့်ရဲ့ပေါ့ လျော့မှုကြောင့် မဟုတ်ဘဲ သူများကိစ္စတွေမှာ ဝင်ရောက်ကူညီ ပေးနေ၍ ဖြစ်သည်။ ဒီနေ့မနက်လည်း သူငယ်ချင်းတစ်ယောက် ဆေးရုံကဆင်းတာမို့ သွားပြီးကူညီပေးနေရ၍ ကျောင်းနောက်ကျ နေရခြင်းဖြစ်သည်။

မုံသည် City FM မှ လာနေသော သီချင်းမြူးမြူး လေးကို လိုက်ဆိုရင်း ကားရှင်းသောအခါ ကျောင်းသို့ ခပ်သွက် သွက် မောင်းလာခဲ့သည်။ ကျောင်းရောက်သောအခါ အတန်းတက် နေချိန် ဖြစ်သောကြောင့် ဆရာစာသင်နေတုန်း မမြင်အောင် ကုန်းကုန်းကွကွနှင့် အသာဝင်လာခဲ့ရသည်။ အရုပ်လေးတစ်ရုပ် လို မတ်မတ်လေး ထိုင်နေသော ပျိုးရဲ့ဘေးနားသို့ ဖျတ်ခနဲ ဝင် ထိုင်လိုက်သောအခါ သူမက မျက်လုံးလေးမြူးကာ လှည့်ကြည့် သည်။ မုံက OK ဟူသော သဘောဖြင့် လက်မနှင့် လက်ညှိုးကို ဝိုင်းကာပြလိုက်လျှင် သူမက ကျေးဇူးတင်သည့် အကြည့်တို့ဖြင့် ကြည့်ကာ ခေါင်းတစ်ချက် ဆတ်ပြသည်။ စာသင်ချိန်ပြည့်သွား၍ ဆရာ ထွက်သွားတော့မှသာ မုံတို့ စကားပြောဖြစ်တော့သည်။

"ကဲ ... စီးကြည့်ဦး ပျိုး။ တော်ရဲ့လားလို့"



www.burmeseclassic.com

www.burmeseclassic.com



သူမက အပြုံးနုနုလေးဖြင့် မှ ဝယ်လာခဲ့သော အစ္စတိုပါဖိနပ်လေးကို စီးဖို့ပြင်သည်။ မုံက သူမ စီးနေတာကို ငုံ့ကြည့်ရင်းမှပဲ ဆောနားမှာ ချွတ်ထားသော ယောကျာ်းစီးကွင်းထိုးဖိနပ်ကိုမြင်ကာ တအံ့တသြဖြင့် ပြုံးစိစိ ဖြစ်သွားရသည်။

"ဖိနပ်က ဘယ်လိုလုပ် ပြတ်သွားရတာလဲ။ ဟို ဖိနပ်ကြီးကရော ဘယ်သူ့ဟာလဲဟင်"

ပျိုးက မုံ့ကို မျက်ခုံးရှုံ့ရှုံ့လေးဖြင့် မော့ကြည့်ကာ ...

"ဟိုတစ်ခါကလို အဖြစ်မျိုးပေါ့ မုံရယ်။ ဟိုတစ်ခါကတစ်ယောက်ပဲလေ၊ သူက သိပ်ရဲတင်းပြီး ကြောက်ဖို့ကောင်းလိုက်တာ။ ယဉ်ကျေးမှုလည်း မရှိဘူး ...

အဲဒါနဲ့ ပျိုးလည်း ကြောက်ပြီး လမ်းတွေဖွတ်လျှောက်တော့ လုံချည်ကတုပ်ပြီး လဲတော့မလို ဖြစ်သွားတာ၊ ခလုတ်တိုက်ပြီး ဖိနပ်ကလည်း ခေါင်းကပြတ်ထွက်သွားတာပဲ။ လူက ရှက်လည်းရှက် ငိုကလည်း ငိုချင်နဲ့ စာအုပ်တွေ ဖိုင်တွေဆိုလည်း လမ်းပေါ်ကို ပြုတ်ကျကုန်တာ ...

အဲဒီမှာ ကျောင်းသားတစ်ယောက်က မုံ့လိုပဲ ဝင်ပြောပေးတာ။ ပြီးတော့ ဖိနပ်ပြတ်သွားမှန်း သိတာနဲ့ သူ့ဖိနပ်ကို ပေးစီးလိုက်တာလေ။ အဲဒါ သူ့ဖိနပ်ကို ဒီနေ့ပဲ ပြန်ပေးချင်တာနဲ့ မုံ့ကို မှာလိုက်ရတာပါ"

"သြော် ... ဂလိုလား။ ဖြစ်ရလေ ပျိုးရယ်။ ရှင့်မှာလည်း အဲ့ဒီ ဘီလူးယက္ခနဲ့က တစ်မှောင့် ...





အင်း ... ပေးစီးသွားတဲ့ ဖိနပ်က DAPPER ပါလား တော်တော်ကို ရက်ရက်ရောရော ပေးစီးသွားတာပဲ။ အေးပေါ့လေ ... ရှင်က ချောတာကိုး ...

သူကရော ချောသလား"

မုံ့ရဲ့အမေးကို ပျိုးက အပျိုဖြန်းမလေးသဖွယ် ရှက်သွားသည်။ အဲဒါကို မုံက အထူးအဆန်းသဖွယ် မျက်ခုံးပင့်ကြည့်ရှိနေလေသည်။

ကြည့်စမ်းပါဦး ... ယောကျာ်းလေးတစ်ယောက်ကို ချောသလား မေးခံရတာဟာ ဒီလောက်တောင် ရှက်နေစရာလိုသား။ ဒီကလေးမနဲ့တော့ ခက်တော့ချေပြီ။ နည်းနည်းတော့ ပုံစံညှင်းပေးမှ ရတော့မည်။ မဟုတ်လျှင် ဒီလောက် ရိုးသားဖြူစင်တာ အရှက်ကြီးပြီး မဝံ့မရဲ ဖြစ်နေပုံနှင့် လူတွေထဲမှာ နေတတ်မှာမဟုတ်ချေ။

"ချောလားလို့ ... ပျိုးကို ကူညီပေးတဲ့ ကောင်လေးက ချောလား"

"အင်း ... မုံကလည်း"

"ဟင် ... ဘာရှက်နေတာလဲ။ ဒါ ဘာရှက်စရာလိုလဲ ပျိုးရဲ့။ ဒီလောက်နဲ့ ရှက်စရာ မလိုဘူးလေ။ လူတစ်ယောက်ကို ချောတယ် မချောဘူး ဝေဖန်တာ အနိမ့်ဆုံး အကဲဖြတ်ခြင်းပါ။ ဥာဏ်တွေ သိက္ခာတွေနဲ့ မဆိုင်ပါဘူး ...



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို လုပ်မနေနဲ့ ပျိုး။ တက္ကသိုလ်ကျောင်းသူဆိုတာ ကိုယ့်ကိုယ်ကိုယ် အမြဲတမ်း ယုံကြည်မှု ရှိနေရမယ်လေ"

"အင်းပါ"

"ဘာအင်းပါလဲ၊ ပြော ... ပြော။ လူဆိုတာ ကိုယ့်အမြင်ကိုလည်း တိတိကျကျ ပြောနိုင်ရဲရမယ်။ ပျိုးကို ဒီလိုမျိုး မပြောရဲ မဆိုရဲ၊ ရွံ့တွန့်တွန့် ဖြစ်နေတဲ့ပုံစံမျိုး မဖြစ်စေချင်ပါဘူး။ လူတိုင်းမှာ ကိုယ်ပိုင်လွတ်လပ်ခွင့်ဆိုတာ ရှိတယ်လေ ...

လူဆိုတာ ကိုယ်ကြိုက်တာ ကိုယ်လိုချင်တာကို ရအောင် လုပ်နိုင်တာတင် အရည်အချင်း မဟုတ်ဘူး၊ ကိုယ်မလိုချင်တာတွေ ကိုယ်မကြိုက်တာတွေကို ရအောင် ငြင်းပယ်နိုင်တာလည်း ကိုယ့်ရဲ့အရည်အချင်းပဲ"

"အင်းပါ မုံရယ်။ ပျိုး နားလည်ပါတယ်၊ သူက အင်း ... အဲဒီတစ်ယောက်က မဆိုးပါဘူး"

"ဟုတ်လား ... ဘယ်လိုပုံစံလေးလဲ"

မုံက သူမ ဘယ်လောက်များ သတိထားမိလိုက်လဲ ဟူသော အတွေးဖြင့် တမင်အစ်လိုက်တာဖြစ်သော်လည်း ရိုးသားသော ကောင်မလေးက အဲဒီလိုတွေလည်း နားလည်ပုံ မပေါ်ပါ။ မျက်လုံးလေးကို ထောင့်ကပ်ပြီး စဉ်းစားကာ ...





"အင်း ... အရပ်ကြီးက တော်တော်မြင့်တယ်။ အသားလည်း ဖြူတယ်။ နောက် ... ခန္ဓာကိုယ်ကလည်း ကျစ်ကျစ်လစ်လစ် ရှိတယ်။ သူ့ကြည့်ရတာ တစ်ယောက်ယောက်နဲ့ တူသလိုပဲ"

"အင်း ... အဲဒီလောက် မှတ်မိရင် မဆိုးပါဘူး။ ဒါနဲ့ သူ့ဖိနပ်ကို ဘယ်လိုပြန်ပေးမှာလဲ"

"ဒီနေ့ပဲ ပြန်ပေးမယ်လေ။ နေ့ခင်း ထမင်းစားချိန်ကျရင် ကန်တင်းမှာချိန်းပြီး ပြန်ပေးလိုက်မယ်။ သူ့ဖုန်းနံပါတ် ပေးခဲ့တယ်"

"ဩော်... အဲလိုလား။ တို့လည်း နေ့ခင်းကျရင် ကန်တင်းမှာ လူတစ်ယောက်နဲ့ တွေ့စရာရှိတယ်။ တို့သူငယ်ချင်းတစ်ယောက် စင်ကာပူက လူကြုံထည့်ပေးလိုက်တဲ့ပစ္စည်းကို ယူရမှာ"

သူမက ဩော် ... ဟူသော ပုံစံမျိုးနှင့် ခေါင်းတဆတ်ဆတ် ညိတ်ပြသည်။ ဒီလိုနှင့် အတန်းချိန် တစ်ချိန် ထပ်တက်ပြီးသောအခါ ထမင်းစားချိန် ရောက်ပြီဖြစ်၍ မုံနှဲ့ ပျိုးသည် ကန်တင်းသို့ ထွက်လာခဲ့ကြသည်။ ကန်တင်းသို့ ရောက်ခါနီးသောအခါ မုံက မှတ်သုန်မိုးစက် ဆိုသော ပုဂ္ဂိုလ်လေးထံ ဖုန်းခေါ်ဆိုက်သည်။ ဒီတစ်ခါတော့ တစ်ဖက်က ချက်ချင်းလိုလိုပင် ဖုန်းကို ဖွင့်ကိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... ကျွန်မ လေးမျက်မှုပါ။ အခု တက္ကသိုလ်ထဲက ကန်တင်းကို ရောက်တော့မယ်။ ရှင့်ကို ကျွန်မ ဘယ်လို ရှာရမှာလဲ"

"မင်း ... ကိုကျော်ကြီးရဲ့ လက်ဖက်ရည်ဆိုင်ကို သိတယ် မဟုတ်လား"

"အင်း ... သိပါတယ်"

"သိရင် အဲဒီဆိုင်ကို လာခဲ့လေ။ အဲဒီမှာ ကိုယ်ရောက်နေပြီ"

"ကိုယ် ရောက်နေတာကတော့ ဟုတ်ပါပြီ။ အဲဒီ "ကိုယ်" ကို ကျွန်မက ဘယ်လိုရှာရမှာလဲ။ ရှင့်ကိုမှ ကျွန်မက မမြင်ဖူးတာ။ ရှင်ကရော ကျွန်မကို မြင်ဖူးလို့လား"

"မမြင်ဖူးပါဘူး၊ ဒါပေမဲ့ ကိုယ်တို့ တွေ့နိုင်မှာပါ"

သူ့ကိုယ်သူ သိပ်ပိုင်နိုင်သလို ပြောသော အပြောကြောင့် မုံက နှုတ်ခမ်းကို တစ်ချက်မဲ့ရွဲ့မိသည်။ မိကျောင်းသားက ဒီမှာတင် မရပ်နိုင်သေးဘဲ စကားကို ဆက်ပြောသည်။

"မင်း Blue tooth သုံးဖူးတယ် မဟုတ်လား။ အဲဒီမှာ Blue tooth နဲ့ တစ်ခုခု ဗို့လိုက်ရင် ဖုန်းက လက်ခံမယ့် Receiver ကို Searching လုပ်တယ်လေ ...

အနီးအနားမှာ ရှိနေရင် ခဏလေးနဲ့ ရှာတွေ့သွားတယ်။ ကိုယ်တို့လည်း အဲဒီအတိုင်းပါပဲ။ ဒါကို လက်ခံလား"





"လက်ခံပါတယ် ... လက်ခံပါတယ်"

"အိုကေ ... ဒါဆိုရင် ကန်တင်းကို လာခဲ့လေ။ ဆုံကြမှာပါ"

"ကောင်းပါပြီ ... ကောင်းပါပြီ"

မုံက ခပ်ငေါ့ငေါ့ ဖြေပြီးနောက် ဖုန်းကိုပိတ်လိုက်သည်။ ပျိုးက မုံ့ကို မျက်လုံးအဝိုင်းသားဖြင့် ငဲ့ကြည့်နေပြီးမှ သူမလက်ထဲက ဖုန်းလေးကို ထောင်ပြကာ "ပျိုးလည်း ဖုန်းဆက်ရဦးမယ်"ဟု ဆိုသည်။ ပြီးတော့ ဖုန်းနံပါတ်တွေကို နှိပ်ခေါ်ကာ တစ်ဖက်သို့ စကားပြောနေလျှင် မုံသည် အတူတူ ကပ်လျှောက်နေသူဖြစ်သောကြောင့် သူ့စကားတွေကို တမင်နားမထောင်သော်လည်း ကြားနေရသည်။

ထို့ကြောင့် "ကိုမှတ်သုန်မိုးစက်လားရှင်"ဟူသော အသံကြားကတည်းက မျက်လုံးပြူးကာ မျက်ခုံးတွန့်သွားမိသည်။ ဟိုတစ်ယောက်ကတော့ ဘာမှမ... သူ့ဟာသူ ပြောကောင်းကောင်းဖြင့် ဆက်ပြောနေသည်။

"ဟုတ် ... ကျွန်မလေ ... ဟိုသင်း ... မနက်ခင်းက ဖိနပ်ငှားခဲ့တဲ့ တစ်ယောက်ပါ။ အဲဒါ ကိုမှတ်သုန်မိုးစက်ရဲ့ဖိနပ်ကို အခုပြန်ပေးချင်လို့ပါ၊ ဟုတ်ကဲ့ ...

ဘယ်ကိုလာပေးရမလဲဟင် ... ရှင် ကန်တင်းမှာလား၊ ဟုတ် ... ကျွန်မ လာခဲ့ပါ့မယ်နော် ... ဟုတ် ... အဆင်ပြေပါတယ် ...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မလည်း ကန်တင်းကို ထမင်းလာစားမှာပါ ... ဟုတ်ကဲ့"

သူမက ဖုန်းပိတ်လိုက်ပြီးနောက် မုံ့ကို လှည့်ပြုံးပြသည်။ မုံ့ကတော့ တိုက်ဆိုင်လှသော အဖြစ်ကို သဘောတကျနှင့် ပြုံးနေပြီးမှ ...

"ပျိုးကို ကူညီလိုက်တဲ့ တစ်ယောက်က မှန်သုန်မိုးစက်တဲ့လား"

"ဟုတ်တယ် ... အခု ကန်တင်းမှာ ရှိတယ်တဲ့။ ကိုကျော်ကြီး လက်ဖက်ရည်ဆိုင်မှာတဲ့"

မုံ့က ပို၍တိကျသွားသော အဖြေတစ်ခုအတွက် ခေါင်းတဆတ်ဆတ်ညိတ်မိကာ ...

"သြော် ... သူပဲကိုး"

"ဟင် ... မုံ့က သူ့ကို သိလို့လား"

"အင်း ... အခု တို့ လူကြုံပစ္စည်း ယူမှာလား၊ သူ့ဆီက ပဲလေ"

"သြော် ... ဟုတ်လား။ တိုက်ဆိုင်လိုက်တာ။ ဒါဆို သပ်သပ်ဆီ သွားနေစရာ မလိုတော့ဘူးပေါ့နော်"

"အေးပေါ့ ... ကဲ ... ကန်တင်းရောက်ရင် အဲဒီလူရှိတဲ့ စားပွဲဝိုင်းကိုသာ တန်းသွားပေတော့နော်။ တို့လည်း ပျိုးရဲ့ဘေးက ပါနေဘာပဲ။ သူ့ရှေ့ရောက်ရင်လည်း ရှက်သလိုလို မပြောရဲသလိုလို လုပ်မနေနဲ့ ... ကြားလား"





စကားပြောရင်လည်း ပြောတဲ့သူရဲ့မျက်နှာကို ကြည့်ပြီးပြော၊ သူမှ မဟုတ်ဘူး ဘယ်သူ့ကိုမဆိုနော် ပျိုး။ အဲဒါမှ တစ်ဖက်သားကိုလည်း respect ပေးရာရောက်တယ်။ ပြီးတော့ ကိုယ့်ကိုယ်ကိုယ်လည်း Confidence ရှိရာလည်း ရောက်တယ်"

"အင်းပါ ... မုံ့ရယ်။ ပျိုး မှတ်ထားပါ့မယ်။ နောက်လည်း အဲဒီလိုပဲ အမြင်မတော်တာရှိရင် ပြောပါနော်"

"အေးပါ ... အေးပါ ... ပြောပါ့မယ်။ ခုလို စေတနာကို နားလည်တဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်"

မုံ့ရဲ့အပြောကို သူမက ပြုံးပြုံးလေးဖြင့် ခေါင်းညိတ်ပြသည်။ ဒီလိုနှင့် ကန်တင်းသို့ရောက်သွားလျှင် သူမက မျက်လုံးဖြင့် တစ်ချက် ဝေ့ဝဲရှာဖွေကာ မှတ်သုန်မိုးစက် ဆိုသော တစ်ယောက်ကို တွေ့မြင်သွားသည်။ ပြီးတော့ မုံ့ကို လှမ်းပြပါသည်။

"မုံ့ ဟိုမှာလေ၊ လိမ္မော်ရောင် ဂန့်လန့်စင်းအင်္ကျီ စပို့ရှပ်နဲ့ တစ်ယောက်ပေါ့၊ ဆံပင်ရွှေညိုရောင် အထောင်ထောင်းတွေနဲ့"

မုံ့သည် ပျိုး လှမ်းပြတာကို တစ်ချက်ကြည့်ပြီးသောနောက် ဟောမာ ပြောသလိုပင် Story In Harved စာတ်လမ်းတွဲထဲမှ မင်းသား ကင်ရေးဝန်နဲ့ တူတယ်ဆိုတာကို လက်ခံလိုက်သည်။ သူကတောင် ကင်ရေးဝန်ထက် ချောပါဦးမည်။ အဲဒီတစ်ယောက်သည် ပျိုးနဲ့ မုံ့တို့နှစ်ယောက် သူ့ဆီသို့ တန်းတန်းမတ်မတ် လျှောက်လာတာကိုမြင်လျှင် အသင့်အနေအထားဖြင့် ထောင့်



www.burmeseclassic.com

www.burmeseclassic.com



ကြိုနေသည်။ သူ့မျက်လုံးတွေက ပျိုးထံသို့ အကြည့်ရောက်သွား ပြီး နွေးထွေးဖော်ရွေစွာ ပြုံးပြသည်။ ပျိုးကတော့ အဲဒီလို နွေးထွေး စွာ ဆီးကြိုသော အပြုံးကြောင့် အနည်းငယ် ရှက်သွားတာကို မုံ က သတိထားမိလိုက်သည်။

ပျိုးသည် မျက်လွှာလေး မချတချဖြင့် ဖိနပ်ထုပ်ကို မရဲတရဲ ကမ်းပေးကာ ...

"ကျေးဇူးတင်ပါတယ်"ဟု မပွင့်တပွင့် ပြောသည်။ အဲဒီပုံစံကို ဟိုတစ်ယောက်ကတော့ ဘယ်လိုနေမယ်မသိ။ မုံက တော့ ကြားထဲက အသည်းတွေယားလို့ နေလေသည်။ ယောကျ်ား ပီသစွာ ချောမောလျက် အကြည့်တွေ စူးရဲသော သူတစ်ယောက် နှင့် မိန်းကလေး ပီသလွန်းအားကြီးစွာ နူးညံ့သိမ်မွေ့သော ကောင် မလေးတစ်ယောက်တို့ရဲ့ တွေ့ဆုံပုံကို Romance ဗီဒီယိုတစ်ကား ကြည့်ရသလို သဘောကျစွာ ငေးကြည့်နေမိသည်။

ဟိုတစ်ယောက်က ပျိုးရဲ့ခြေထောက်ကိုတောင် ငုံ့ကြည့်လိုက်သေးကာ ...

"အဆင်ပြေသွားပြီလား၊ အင်း ... တော်သေးတာပေါ့။ ကိုယ်တော့ ဒီဖိနပ်ကို စီးထားရတယ်"

သူပြသော ဖိနပ်ကို မုံရော ပျိုးရောက ဘာရယ် မဟုတ် ပြိုင်တူငုံ့ကြည့်မိကြသည်။ ဖိနပ်က ရေချိုးစီးသော ဖော့ ဖိနပ်အစုတ်ဖြစ်ကာ မွဲချာလျက် နောက်မြီးတောင် တိုနေပြုဖြစ်သည်။ သူ ဝတ်စားထားပုံနှင့် မလိုက်ဖက်လှသော ဖိနပ်ကြောင့် မုံက





ခိခနဲရယ်ချင်သွားသော်လည်း ပျိုးကတော့ မျက်လုံးအဝိုင်းသားဖြင့် ကရုဏာသက်သွားဟန်ရှိသည်။ ဟင်း ... သူကတော့ ခံစားပေးဖို့ ဆို လာထား။

"အို ... ဆောရီးနော်။ ပျိုး အားနာလိုက်တာ။ ဒါကြောင့် လည်း သူငယ်ချင်းကို ချက်ချင်းမှာပြီး လာပေးတာပါ"

"ရပါတယ်၊ ကိစ္စမရှိပါဘူး"

"ဟော့ကောင် ... မင်းကလည်း ဖိနပ်လာပေးတဲ့သူကို ထိုင် ခိုင်းဦးလေ။ အအေးလေး ဘာလေး တိုက်ဦးမှပေါ့။ ဟာ ... ဘယ်လိုကြီးလဲ၊ ခင်မင်မှုတရား ခေါင်းပါးလိုက် တာ"

"အေးလေ ... တက္ကသိုလ်ကျောင်းသား မဟုတ်တာ ကျ နေတာ့ပဲ"

သူ့သူငယ်ချင်းနှစ်ယောက်က သေားကနေပြီး ညာသံ ပေးသည်။ သူကလည်း ပြုံးစစဖြင့် ပျိုးကို မေးတစ်ချက်ဆတ်ပြ သည်။ သူတို့ပုံစံတွေမှာ သက်သက်ကြောင်နေတာထက် တက္ကသိုလ် ကျောင်းသား ကျောင်းသူ အချင်းချင်း ရင်းနှီးဖော်ရွေသော ပုံစံ သာ ပေါက်ပါသည်။ ဒီယောကျ်ားလေးတွေရဲ့ပုံစံဟာ အဆင့်အတန်း တစ်ခုမှာရှိပြီး ခေတ်မီပွင့်လင်းတဲ့ပုံစံ အပြည့်အဝရှိသော်လည်း ဟော့ဟော့ရမ်းရမ်း မရှိတာကို မုံက အကဲခတ်မိသည်။ မုံမှာ ယောကျ်ားလေးသူငယ်ချင်းတွေ အများကြီးရှိသော်လည်း ပျိုးမှာ တော့ မရှိချေ။



www.burmeseclassic.com

www.burmeseclassic.com



ပျိုးကို ယောက်ျားလေး သူငယ်ချင်းတွေ ရှိစေချင်သည်။ ဒါမှလည်း ယောက်ျားလေးတွေနဲ့ ပြောရဲ ဆိုရဲ ရှိကာ ပေါင်းသင်းဆက်ဆံတတ်လာမည် ဖြစ်သည်။ သို့သော် တွေ့ကရာနဲ့လည်း ဘော်ဒါဖွဲ့နိုင်း၍ မရ။ ဒီကောင်လေးတွေကိုတော့ နဂိုတည်းက ပျိုးကို ကူညီခဲ့ကာ ပုံစံတွေကို အကဲခတ်ကြည့်ရတော့လည်း ရိုးသားပုံရသည်မို့ မုံက ခင်မင်ခွင့်ရအောင် ကြဲဆောင်ပေးမည်ဟု စိတ်ကူးလိုက်မိသည်။ ပြီးတော့ ကိုယ်တိုင်လည်း သူ့ဆီမှာ လူကြုံပစ္စည်း ယူရဦးမည်ဆိုတော့ သူတို့နဲ့ ခင်မင်အဖွဲ့ကျဖို့ဆိုတာ သိပ်တော့ မခဲယဉ်းပါ။

မုံရဲ့ လျှင်မြန်ဖျတ်လတ်သော မျက်လုံးများသည် စားပွဲပေါ်မှာ တင်ထားသော အထုပ်တစ်ထုပ်ကိုလည်း လှမ်း၍ တွေ့နေလေရာ အဲဒါဟာ ကိုယ့်ပစ္စည်း ဆိုတာကိုလည်း အာရုံဖြင့် အလိုလို သိနေသည်။

မုံသည် ခုချိန်မှာတော့ ဘာမှဝင်မပြောသေးဘဲ ပျိုးကိစ္စကိုသာ ဘယ်လိုပြီးမလဲ စောင့်ကြည့်နေမိသည်။

မုတ်သုန်မိုးစက် ဆိုသော တစ်ယောက်က ပျိုးကို အပြုံးနုနုဖြင့် မော့်ကြည့်ကာ ...

"ဖိနပ်ပြန်လာပေးတာ ကျေးဇူးတင်ပါတယ်။ ထိုင်ပါဦးလား၊ တစ်ခုခု သောက်ပါဦးလား"

"ဟင့်အင်း ... ဟို ... ရပါတယ်"





ရပါတယ် ဟုဆိုပြီး ပျိုးက မုံ့ကို လှည့်ကြည့်သည်။ ဘယ်လိုလုပ်မလဲ ထိုင်ရမလား ဟူသော အမေးပါသည့် အကြည့်မျိုးနဲ့မို့ မုံသည် ဒီပွဲထဲသို့ ကိုယ်ဝင်ပါရတော့မည် ဆိုတာကို သဘောပေါက်လိုက်သည်။ မုံသည် နောက်နား မကျတကျမှာ ရပ်နေရာမှ ရှေ့သို့ နှစ်လှမ်းလောက် တက်လိုက်လျှင် မုတ်သုန်ကလည်း ရှေ့ထွက်လာသော ကောင်မလေးကို သတိထားမိသွားသည်။

မုံက စားပွဲထောင့်တွင် တင်ထားသော ပါဆယ်ထုပ်ကို လက်ညှိုးထိုးပြရင်းမှ ...

"အဲဒီအထုပ်ကို ကျွန်မကို ပေးပါလား"

သူက မုံ့ရဲ့စကားကို တအံ့တသြ ဖြစ်သွားပုံနှင့် မျက်ခုံးပင့်ကြည့်သည်။ သူ အံ့သြတာ မဆုံးခင် မုံက အပြုံးနုနဲ့ဖြင့် ခေါင်းတစ်ချက် ဆတ်ပြလိုက်ကာ ...

"ကျွန်မ လေးမျက်မုံပါ"

ဒီတော့မှ သူ့ပုံစံက ဩော် ဟော့မင်းကိုး ဟူသည့် အသွင်မျိုး ပြောင်းလဲသွားသည့် သူ့မျက်လုံးတွေကလည်း ခါတိုင်းထက် လေးနက်သွားကာ မုံကို ဂရုစိုက်လာပါသည်။ ပျိုးသည်လည်း အခုမှပဲ အခြေအနေကို သဘောပေါက်သွားကာ မုံကို အံ့အားတကြီး လှည့်ကြည့်လာသည်။ သူကတော့ ခေါင်းတဆတ်ဆတ်ညိတ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"လေးမျက်မုံ ... ဩော် ... မင်းက ဒီကျောင်းကပဲလား။ အင်း ... ဒါကြောင့်လည်း ကျောင်းမှာ ပစ္စည်းလာယူဆို တော့ သွက်သွက်ကြီးပဲ မငြင်းတာကိုး ...

ကဲ ... နှစ်ယောက်စလုံး ထိုင်ပါဦး။ မတ်တတ်ကြီး တွေနဲ့ ..."

သူ့အပြောကို မုံက မငြင်းဘဲ ခုံမှာ အေးအေးဆေး ဆေးပဲ ဝင်ထိုင်လိုက်သည်။ မုံ ထိုင်တော့ ပျိုးကလည်းပဲ အသာ အယာ ဝင်ထိုင်သည်။ နှစ်ဦးသားပုံစံမှာ မုံကတော့ ကြီးတော် မိကြီးသဖွယ် ဖြစ်ပြီး ပျိုးကတော့ အခုမှ လူကြားထဲကို တိုးဝင် ခါစ အပျိုမလေးသဖွယ် ခပ်ကုပ်ကုပ်လေး ဖြစ်သည်။

သူက မုံနဲ့ ပျိုးတို့ နှစ်ယောက်စလုံးကို ဝေ့ဝဲကြည့် ရှုကာ ...

"တစ်ခုခု စားကြပါလား။ ဘာစားမလဲ။ ထမင်းမစားရ သေးဘူး မဟုတ်လား"

"ဟုတ်တယ်။ ကျွန်မတို့ ထမင်းစားကြမှာ။ ဒါပေမဲ့ အခု တည်းက တစ်ခုလောက် ကြိုပြောထားပါရစေ။ ရှင်က ကျွန်မကိုရော၊ ပျိုးကိုရော ကူညီထားတဲ့သူပါ။ ဒါကြောင့် ဒီဝိုင်းကို ကျွန်မ ရှင်းခွင့်ရမှ ဖြစ်မယ် ...

ဘယ်လိုလဲ ... အဲဒါကို သဘောတူလား"

သူက မုံရဲ့စကားကို အမေရိကန်ကောင်းဘွိုင်တွေ ရဲ့စတိုင်လ်အတိုင်း နှုတ်ခမ်းကို ဘေးသို့တစ်ချက်ဆွဲဆန့်ကာ





ပခုံးနှစ်ဖက်ကို အသာအယာတွန့်သည်။ ပြီးတော့မှ လက်တစ်ဖက် ကို အသာအယာဆန့်ထုတ်ကာ ...

"အိုကေ ... အိုကေ ... တူပါတယ်။ တူတယ် ဆိုတာက လည်း အဲဒီလိုမှ မတူရင် မင်းတို့က ဒီဝိုင်းမှာ ထိုင်မှာ မဟုတ်ဘူးဆိုတာ သိနေလို့ပါ ...

ကဲ ... ဘယ်သူပဲ ရှင်းရှင်း ပြဿနာ မဟုတ်ပါ ဘူး"

သူ့အပြောအဆုံးတွင် မုံက တစ်ချက်ပြုံးကာ ပျိုးကို လှည့်ကြည့်လိုက်သည်။ ပြီးတော့ ... စားပွဲထိုးရောက်လာသော အခါ ထမင်းပေါင်းနှစ်ပွဲစီ မှာလိုက်ပါသည်။ ဒီနေ့မနက်ခင်း အလုပ်ရှုပ်နေသောကြောင့် မုံက ထမင်းချိုင့် ထည့်မလာ၊ ပျိုးသည် လည်း ဒီနေ့ မုံ့အားကိုးဖြင့် ထမင်းချိုင့် ထည့်မလာချေ။ သူက မုံ့ကို တစ်ချက်ကြည့်ကာ သူ့ဘေးက အထုပ်ကို ယူပေးသည်။ မုံက ပြုံးပြီး လက်ခံယူကာ ...

"ကျေးဇူးတင်ပါတယ်"

"အိုကေ ... ရတယ်။ မင်းတို့နှစ်ယောက်စလုံးက အိမ်း မေဂျာကပဲလား"

"ဟုတ်တယ် ... ရှင်ကရော"

"အင်း ... ကိုယ်တို့ သုံးယောက်လုံးလည်း အိမ်းတွေချည်းပဲ။ တစ်မေဂျာတည်းတွေပေါ့။ တစ်ခါတည်း မိတ်ဆက်ပေး မယ်လေ။ သူက နေမင်းကျော်တဲ့။ သူကတော့ ထက်မြက်



www.burmeseclassic.com

www.burmeseclassic.com



သူတာတဲ့။ နာမည်တွေနဲ့ လူတွေနဲ့တော့ တခြားဆီပဲနော်... ဟဲ ဟဲ"

သူက ခပ်တည်တည်နဲ့ နောက်သည်။ သူ့ သူငယ်ချင်းတွေကလည်း ဆတ်ဆတ်ထိ မခံပါ။ သူ့ခေါင်းကို တွန်းထိုးပစ်ကာ ...

"အောင်မာ ... အောင်မာ ... သူ့နာမည်ကျတော့ရော မှတ်သုန်မိုးစက်တဲ့။ ဘာနာမည်ကြီးမှန်းလဲ မသိဘူး။ ကဗျာခေါင်းစဉ်လိုလို ဝတ္ထုနာမည်လိုလို ဘယ်ကနေ ဘယ်လို ဖြတ်ခေါ်ရမှန်းကို မသိဘူး"

"ဟုတ်လား ... ဘယ်လိုဖြတ်ခေါ်လဲ။ ကျွန်မတော့ တော်တော်မောတယ်"

"ကျွန်တော်တို့ကတော့ မုတ်သုန်လို့ ခေါ်တယ်။ သူ့ကောင်မလေးကတော့ တစ်လုံးတည်း ခေါ်တာပေါ့၊ ဟဲ ... ဟဲ... မှော်င်တဲ့"

ထိုတစ်ယောက်က ညှောင်နာနာအသံဖြင့် မောင်ကို "မှော်င်"ဟု ပြောလျှင် သူက "ဟော့ကောင်"ဟု ထအော်သည်။ ကျန်တစ်ယောက်ကတော့ တဟားဟားနှင့် ထအော်သည်။ မုံက တော့ ရယ်သော်လည်း တဟားဟားနဲ့ အသံမထွက်ပါ။ ဘေးက ဣန္ဒြေရှင်ကတော့ သွားမပေါ်စေရဘဲ ပြုံးနေသည်။ သူက မခိုးမခန့်ပြုံးကာ နေမင်း ဆိုသော တစ်ယောက်ကို လက်သီးထောင်ပြရင်း ...





"အေးပါ ... မင်းအလှည့်ကျမှ တွေ့မှာနော် ဟော့ကောင်။ ဝတ်မှုန်နဲ့ မင်း တွေ့တော့မှ ငါ့အကြောင်းကို သိမယ်"

"အငြိုးမကြီးပါနဲ့ကွာ။ နောက်တာပါ ယောက်ဖကလည်း။ ဟား ... ဟား ... ကဲ ... ငါ လျှောက်နောက်နေတာနဲ့ပဲ မိတ်ဆက်တဲ့ အစီအစဉ်တွေ ပျက်ကုန်ပြီ ...

ဟုတ်ကဲ့ ... ကျွန်တော် နေမင်းပါ။ မှတ်ထားပေါ့။ ကျောင်းလည်း တစ်ကျောင်းတည်း၊ မေဂျာလည်း အတူတူ သူငယ်ချင်းတွေဆိုတော့ နောက်လည်း ခင်ခင်မင်မင် ဆက်ဆံနိုင်ပါတယ် ...

ဖိနပ်ပြတ်ရင်လည်း ပြောပါ၊ ဒီတစ်ခါ ကျွန်တော့် ဖိနပ်ကို ငှားပါ့မယ် ... ဟဲ ... ဟဲ"

အဲဒီအပြောက ပျိုးကို ရည်ရွယ်ပြီး ပြောသည်မို့ ပျိုးက မျက်လွှာချကာ အသာပြုံးနေသည်။ အဲဒီအချိန်မှာပဲ မုံတို့ မှာထားသော ထမင်းပေါင်းတွေက ရောက်လာပြီမို့ မုံက အေးအေး ဆေးဆေး စားရင်းမှ စကားပြောသည်။

"အမှန်က သူ့ဖိနပ်က ပုံမှန်အတိုင်းဆို ပြတ်စရာ အကြောင်း မရှိပါဘူး။ အဲဒီတစ်ယောက်က ဖွတ်အတင်း နှောင့်ယှက်လို့သာ ခလုတ်တိုက်ပြီး ပြတ်သွားတာ ...

ကျွန်မသူငယ်ချင်းက လူကြောက်တတ်တယ်ရှင့်၊ ရှင်တို့ ကူညီပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲ ... အဲဒါက ကျွန်တော်တို့ကို အဓိက တင်ရမှာ မဟုတ်ဘူးဗျ။ ဒီကောင်က အမြင်မတော်လို့ သွားကူညီပြီး ပြောပေးတာပါ။ ဖိနပ်ပြတ်တော့လည်း သူပဲ ချုပ်ပေးလိုက်တာ။ ဟဲ ... ဟဲ ... ကျေးဇူးတင်ရင် မုတ်သုန်ကိုပဲ အဓိက တင်ရမှာပါ ...

ဒီက နှယ်ပျိုးပင်ကို စိတ်ရင်းအမှန်နဲ့ ကူညီခဲ့တာ မုတ်သုန်မိုးစက်ဆိုတဲ့ ကောင်လေးပါ ခင်ဗျာ ... ဟဲ ဟဲ"

အဲဒီအပြောက ဘာလိုလို ညာလိုလို ပျိုးရဲ့မျက်နှာသည် ရှက်အားဖြင့် ရဲသွားသည်ဟု ထင်မိသည်။ ဟင်း ... ဟို လူတွေကလည်း အကြောင်းမသိဘဲနဲ့ ပို့နေကြပြန်ပြီ။ မုံသည် ဒီတစ်ခါတော့ ကိုယ်ဝင်ပါတော့မှ ရတော့မည် ဆိုတာကို သိသောကြောင့် စားရင်းမှ ခေါင်းတစ်ချက်ဆတ်ကာ ...

"အင်း ... ဘယ်သူပဲ ကူညီပါ ကူညီပါ။ ရှင်တို့ အားလုံးကို ကျေးဇူးတင်ပါတယ်။ အခု အားလုံးက သူငယ်ချင်းတွေ ဖြစ်သွားပြီဆိုတော့ ဘာပဲဖြစ်ဖြစ် ကျွန်မတို့ကိုလည်း အကူအညီလိုတာရှိရင် ပြောပေါ့"

"ဟုတ်ကဲ့ ... ပိုက်ဆံပြတ်တိုင်း သတိရပါ့မယ်၊ ဖုန်းနံ့ပါတ်လေး တစ်ဆိတ်လောက် ... ဟဲ ဟဲ"

ထက်မြက်ဆိုသော မျက်မှန်နဲ့တစ်ယောက်က လက်ဖဝါးတစ်ဖက်ကို ရှေ့သို့ထုတ်ဖြန့်ပြကာ ပြောင်စပ်စပ်နှင့်ပြောသည်။ မုံသည် ဒီသုံးယောက်ကတော့ ပေါင်းသင်းရမှာ ရှော့ပ်





မရှိနိုင်ဟု ယုံကြည်ပြီး ဖြစ်သွားသည်။ ပုံစံတွေက အဆင့်အတန်းဘစ်ခုရှိကာ ဟော့ဟော့ရမ်းရမ်း မရှိပါ။ မုံ့အတွက်တော့ ပြဿနာမရှိ။ မုံသည် ပျိုးအတွက် အဓိကထား စဉ်းစားပေးတာ ဖြစ်ပါသည်။

"ရပါတယ်၊ ပိုက်ဆံပဲပြတ်ပြတ်၊ ဖိနပ်ပဲပြတ်ပြတ်၊ ကူညီဖို့ အသင့်ပါ"

"အဟင်း ... လေးမျက်မုံက စကားပြောသလောက် နှယ်ပျိုးပင်ကတော့ စကားသိပ်မပြောဘူးနော်။ ကျွန်တော်တို့ကို သိပ်မခင်ဘူးနဲ့ တူတယ်၊ ဟုတ်လား။ ဒီရုပ်လေးတွေက ခင်စရာ မကောင်းလို့လားဟင်"

နေမင်း ဆိုသူက သူ့မေးစေ့သူ ဟိုဘက် ဒီဘက်ဆွဲလှည့်ကာမေးလျှင် ပျိုးတော့မသိ။ မုံကတော့ အဲဒီပုံစံကို သဘောတကျနှင့် ခပ်ဟက်ဟက် ရယ်မိသည်။ ပျိုးဘက်သို့ လှည့်ကြည့်လိုက်လျှင် ပျိုးက အားနာသော အပြုံးလေးဖြင့် ခပ်ယဲ့ယဲ့ဆိုသည်။

"မဟုတ်ပါဘူး။ ပျိုးက စကားသိပ်မပြောတတ်လို့ပါ"

"ဗျာ ! ။ မြန်မာလို မကျွမ်းကျင်တာလား ... ဟုတ်၊ အင်္ဂလိပ်လို ပြောချင်လည်း ရပါတယ်။ ကိုရီးယားလိုကတော့ ထမင်းစား ရေသောက်လောက်ပဲ ရတယ်"

အဲဒီစကားကို မုံက ပြုံးသော်လည်း ပျိုးက သွားပေါ်အောင်ရယ်သည်။ မုံက ပျိုးရဲ့ပခုံးလေးကို ဖွဖွကိုင်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ပျိုး။ ဒါ သူငယ်ချင်းတွေ ဖြစ်သွားပြီပဲ။ ဘာမှ ရှက်နေ ကြောက်နေစရာ မလိုဘူး၊ ခင်ခင်မင်မင် ဆက်ဆံတော့နော် ...

ရှင်တို့ကိုလည်း ကျွန်မသူငယ်ချင်းကို စောင့်ရှောက်ပေးဖို့ အပ်ပါတယ်။ သူက စကားနည်းပြီး အေးလို့ပါ"

"ဟုတ်ကဲ့ပါ ခင်ဗျာ။ ဒီလောက်ဆို သဘောပေါက်ပါပြီ။ စကားများပြီး ပူလို့ကတော့ ကျွန်တော်တို့ကို အပြစ်မပြောပါနဲ့ ... ဟဲ ... ဟဲ ...

ကဲ ... အဲဒါဆို သူငယ်ချင်းတွေ ဖြစ်သွားပြီပေါ့နော်။ ဘာပဲအကူအညီလိုလို ခင်ဗျားတို့ကို သတိရမယ်နော်"

"ရပါ ... ရပါ၊ ကဲ ... ဒါဆိုရင် ခင်မင်မှု အမှတ်တရလေးအနေနဲ့ ဒီဝိုင်းကို ကျွန်မ ရှင်းလိုက်မယ်နော်"

မံ့က ပိုက်ဆံအိတ်ကိုဖွင့်လျှင် ပျိုးက မံ့အနားသို့ကပ်ကာ ခပ်တိုးတိုးပြောသည်။

"မံ့ ... ပျိုး ရှင်းလိုက်မယ်လေ"

"ဟင့်အင်း ... နောက်မှ ရှင်းတော့"

မံ့က အငြင်းစကား ဆိုလိုက်လျှင် ပျိုးက အလွယ်တကူပဲ လက်ခံလေသည်။ အဲဒီနေ့က ကန်တင်းမှာ ထမင်းအတူစားကြရင်း ထွေရာလေးပါးတွေ ဆက်ပြောကာ သူတို့သုံးယောက်နှင့် မံ့တို့နှစ်ယောက်မှာ သူငယ်ချင်းတွေ ဖြစ်သွားကြသည်။ သို့သော် အခြေအနေကို ပြန်သုံးသပ်ကြည့်လျှင် နေမင်း၊ ထက်မြက်နှင့် မံ့တို့မှာ ပိုရင်းနှီးမိကြပြီး မုတ်သုန်၊ မံ့နှင့် ပျိုးတို့မှာ စိတ်ထဲမှ ရင်းနှီးသွားကြသော်လည်း အပြင်ဘက်မှာတော့ မှန်တန်းအဆင့်သာ ရှိ၏။

တကယ်တမ်း ပြောရလျှင် မုတ်သုန်ကို သူငယ်ချင်းစစ်စစ်တစ်ယောက်နှယ် ခံစား၍ မရကြောင်း၊ မံ့ရော ပျိုးမှာပါ ကိုယ်စီကိုယ်ငှ သိကြလေသည်။







www.burmeseclassic.com

www.burmeseclassic.com



## ၄

မုတ်သုန်သည် ဂျစ်ကားကို ခပ်သွက်သွက် မောင်းလာရင်းမှ CD မှ လွှင့်နေသော သီချင်းကို ခပ်တိုးတိုး လိုက်ညည်းနေမိသည်။ သီချင်းညည်းနေရင်းမှ ဘာရယ်မဟုတ်ဘဲ သူ့စိတ်က မနေ့က ကောင်မလေးနှစ်ယောက်ကို ဖျတ်ခနဲ သတိရသွားသည်။ သူ့ရဲ့သူငယ်ချင်းမလေး နှစ်ယောက်လား။ ဟင့်အင်း သူတို့ကို သူ့စိတ်ထဲမှာ သူငယ်ချင်းအဖြစ် ခံစား၍ မရပါ။ ဒါဖြင့်ရင် ဘယ်လိုခံစားရလဲ၊ ဒါကတော့ ပြောဖို့စောသေးသည်ဟု ထင်သည်။ ကောင်မလေးနှစ်ယောက်စလုံးက လှပကြသော်လည်း တစ်ယောက်ကို တစ်မျိုးတစ်ဘာသာစီ ဖြစ်သည်။ သူ့ဆီက လူကြုံပစ္စည်းယူသော လေးမျက်မှုံကတော့ သူ နှစ်သက်သည့် ဘောလီးဝုဒ်စတား ပရီးတီဇင်တာနဲ့ တကယ်တူသည်။

အဲဒီ ပရီးတီဇင်တာလိုပဲ သွက်သွက်လက်လက်လေး ဖြစ်သည်။ ဟိုတစ်ယောက်ကတော့ စတွေ့တည်းက ရှက်အားပို





နေသော မိန်းကလေးတစ်ယောက်အဖြစ် သတိထားမိခဲ့တာဖြစ်ပြီး ိုးသားလွန်းအားကြီးသည်ဟု ထင်မိတာကြောင့် သူကိုယ်တိုင်က ၁င်ကူညီခဲ့ရသူဖြစ်သည်။ ဆံပင်ရှည်ရှည်မှာ မြန်မာဆန်ဆန် ၁တ်စုံလေးများကို ခေတ်မီဒီဇိုင်းများဖြင့် ချုပ်လုပ်ဝတ်ဆင်ထားသော ကောင်မလေးသည် ပုံတုံးတုံး မဟုတ်သော်လည်း ခုခေတ် မိန်းကလေးတွေမှာ တွေ့ရတတ်သော သွက်လက်တက်ကြွသည့် ပုံစံမျိုး မတွေ့ရဘဲ ရိုးသားတည်ငြိမ်လွန်းသော ပုံစံမျိုးကိုသာ တွေ့ရသည်။

တစ်ယောက်ကတော့ သာမန်ထက်ကို Active ဖြစ်သော ဒီဇိုင်းဖြစ်ကာ တစ်ယောက်က မလှုပ်တလှုပ်မို့ ဒီနှစ်ဦးဟာ ဘယ်လိုများ တွဲမိသွားပါလိမ့်ဟု သူက စဉ်းစားနေမိသည်။

အဲဒီအချိန်မှာပဲ အပြင်ဘက် လမ်းဆောင်တစ်နေရာသို့ အကြည့်ရောက်သွားသော သူ့မျက်လုံးများသည် တစ်စုံတစ်ရာကို လှမ်းမြင်သည်။ သို့သော် သူ့ကာ ၊ အရှိန်နှင့် မောင်းလာတာ မို့ ရုတ်တရက် ရပ်၍မရ။ ကျော်သွားပြီးမှ ရပ်လို့ရကာ သူက ကားပြတင်းပေါက်မှတစ်ဆင့် ခေါင်းပြူပြီး သေချာ အောင် ထပ်ကြည့်လိုက်သည်။ သေချာပါတယ်၊ တစ်နေ့ကတင် သူ ကူညီဖူးခဲ့သော နွယ်ပျိုးပင် ဆိုသော ကောင်မလေးပါ။ သူမက လမ်းဆောင်တစ်နေရာမှာ ရပ်နေကာ ဒရိုင်ဘာဖြစ်ဟန်တူသော လူကြီးတစ်ယောက်ကတော့ ကားစက်ဖုံးကိုဖွင့်ကာ ဟိုနှိုက် ဒီနှိုက် လုပ်နေ ာည်။ ဒါလည်း သေချာပါတယ် ကားပျက်နေပြီပေါ့။



www.burmeseclassic.com

www.burmeseclassic.com



သူက ကားကို ဘက်ခ်ဆုတ်သွားကာ သူမတို့ကားနှင့် မလှမ်းမကမ်းမှာ ရပ်လိုက်သည်။ ပြီးတော့ ကားပေါ်မှဆင်းကာ သူမဆီသို့ တန်းတန်းမတ်မတ် လျှောက်သွားလျှင် သူမကလည်း သူ့ကို မြင်သွားသည်။ အံ့ဩသွားသော မျက်လုံးများသည် ပြုံးပြဖို့ကိုတော့ ချက်ချင်းသတိရသေးဟန် မတူပါ။ သူကပဲ သာတယ် နာတယ် တွက်မနေတော့ကာ သူမကို မေးဆတ်ပြီး နှုတ်ဆက်ပြုံးပြလိုက်သည်။

လူတစ်ယောက်ကိုတွေ့လျှင် မေးဆတ်ပြီး ပြုံးပြတတ်တာကိုလည်း သူ့ရဲ့အကျင့်စရိုက်တစ်ခုပဲ ဖြစ်ပါသည်။

"ကား ဘာဖြစ်နေတာလဲ နွယ်ပျိုးပင်"

သူ့အသံကြောင့် ကားခေါင်းထဲသို့ နိုက်နေသော လူကြီးက သူ့ကို မော့ကြည့်သည်။ ဘယ်သူလဲဟု စူးစမ်းသော အကြည့်ထက် သူ့တူမလေးကို ဘာလာကြောင်တာလဲဟူသော အကြည့်မျိုးနှင့် ကြည့်တာဖြစ်သည်။ အဲဒီအကြည့်အတွက် နွယ်ပျိုးပင်မှာ တာဝန်ရှိပါသည်။ သူမကသာ သူ့အပေါ်၌ ဖော်ရွေလိုက်လှဲမှု ကင်းခဲ့လျှင် သူ သွားတော့မှာဖြစ်၏။

သို့သော် သူမက သူ့ကို ကယ်တင်လိုက်သည်။

"ဟို ... မသိဘူး၊ ကားပျက်နေတာ"

သူမရဲ့ ယောင်ကန်းကန်း အဖြေကြောင့် သူက ဟက်ခနဲ တစ်ချက်ရယ်မိသည်။ ကားစက်ဖုံးကြီးကို ဖွင့်ထားမှတော့ ကားပျက်တာမှန်း မသိဘဲ နေပါ့မလား။ ဒီကောင်မလေး





ဘာ ဘယ်လိုကောင်မလေးမှန်းလဲ မသိပါ။ အသည်းယားဖို့ကောင်းသည်ဟု ထင်သည်။

"ကားပျက်နေတာတော့ ကိုယ်သိတာပေါ့။ ကား ဘာဖြစ်တာလဲလို့ မေးနေတာ"

"ဟင့်အင်း ... မသိဘူး။ ဦးရှိုကြီး ... ကားက ဘာဖြစ်တာလဲဟင်"

ဦးရှိုကြီး ဆိုသော ဘိုးတော်ကြီးက သူ့ကို ဘာကောင်လဲဟူသော အထာဖြင့် ကြည့်သည်။ အကြေသား ရှပ်အင်္ကျီအဖြူကို ကြယ်သီးနှစ်လုံး ဖြုတ်ဝတ်ထားပြီး ဂျင်း(န်)ဘောင်းဘီအရောင်ဖျော့ဖျော့ကို လွတ်လပ်ပေါ့ပါးစွာ ဝတ်ဆင်ထားသော သူ့စတိုင်လ်ကို ဂျလေဘီဒီဇိုင်းဟုများ ထင်နေလား မသိပါ။ သူ့ဆံပင်တွေကလည်း ထိုးထိုးထောင်ထောင် ပြောင်ပြောင်လက်လက်ဆိုတော့ ဘာကောင်လဲဟုဟု တွေးနေဟန်ရှိသည်။

ဘိုးတော်ကြီးက သူ့ကို တည်တည်ပဲ ကြည့်ကာ ...

"ဘာမှမဖြစ်ပါဘူး။ ပျိုးလေး ... ကားထဲ ဝင်ထိုင်နေလေ"

"ဟို ..."

သူမက ဘာပြောရမှန်းမသိ ဖြစ်သွားပုံရသည်။ သူသည် တစ်ခုခုပြောမှ ရတော့မည်ဟု ဆုံးဖြတ်ကာ ထိုဘိုးတော်ကြီးကို ခပ်တည်တည်ပဲ ကြည့်လိုက်လေသည်။

(သူကလည်း တည်တည်ဆိုတော့ ကိုယ်ကလည်း တူ ဘည်ပဲပေါ့။)



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေး ... ကျွန်တော်က သူ့အတန်းထဲက သူ့သူငယ်ချင်းပါ။ အတန်းဖော် အချင်းချင်း ဘာအခက်အခဲ ဖြစ်နေလဲလို့ ကားရပ်ပြီး တကူးတက ဆင်းမေးတာပါ ...

ဒီနေ့ ကျောင်းမှာ ကျူတိုရီရယ် ရှိတယ်။ အဲဒါ ကျောင်းနောက်ကျနေမှာစိုးလို့ စေတနာနဲ့ မေးတာပါ။ နှယ်ပျိုးပင် ... မင်းအိမ်ကလူကို နားလည်အောင် ပြောပြလိုက်ဦးလေ"

"ဟုတ်တယ် ဦးချိုကြီး၊ သူက သမီး သူငယ်ချင်းပါ။ သမီး အတန်းထဲက သူငယ်ချင်းပါ"

ဒီတော့မှ ဘိုးတော်ကြီးက မျက်နှာကြော နည်းနည်း လျော့သွားသည်။ ကားစက်ဖုံးကို တစ်ချက်ကြည့်ကာ ...

"ကားက ဘက်ထရီ ဒေါင်းသွားတယ် ထင်တာပဲ။ ဖြုတ်ရမယ်နဲ့ တူတယ်"

"အဲဒါဆို ကြာမှာပေါ့။ နှယ်ပျိုးပင့် ... ဒီပုံအတိုင်းဆို မင်း တက္ကစီငှားသွားရမယ်နဲ့ တူတယ်နော်။ တက္ကစီငှား မှာအတူတူ ကိုယ့်ကားနဲ့ လိုက်ခဲ့ဖို့ ခေါ်ပါတယ် ... ဘယ်လိုလဲ"

သူမက သူ့ကို မျက်လုံးဝိုင်းကြီးတွေနဲ့ တစ်ချက် မော့ကြည့်သည်။ အဲဒီ မျက်လုံးဝိုင်းတွေရဲ့ အရိပ်ထဲတွင် သူနဲ့ မလိုက်လိုသော အရိပ်ယောင်တွေ မပါဝင်ပါ။ သို့သော် ခေါင်း ညိတ်လက်ခံတော့မည့် ပုံစံမျိုးလည်း မရှိ။ သူ တော်တော်စား





သွားသည်။ ဘိုးတော်ကြီးကလည်း သူ့ကို ဒုတိယမ္ဘိ ဘာအထာ လဲဟ ဟူသော ပုံစံဖြင့် ကြည့်ပြန်သည်။ ဒီတစ်ခါတော့ သူက သိပ်ဖြေရှင်းချက်ထုတ်ဖို့ မစဉ်းစားတော့ပါ။ နွတ်ခေါ်ဖို့လည်း မစဉ်းစားတော့။ လောကတွင် တချို့စေတနာများသည် ဝေဒနာ ဖြစ်သွားတတ်ကြောင်း သူ သိထား၍ဖြစ်သည်။

"မင်း ဘာမှအားနာစရာ မလိုဘူးနော်။ ဒါမှမဟုတ် ကိုယ်နဲ့ မလိုက်ချင်ဘူးဆိုလည်း ပြဿနာမရှိဘူး။ ရတယ်"

"ဟို ... အဲလို မဟုတ်ပါဘူး။ (ဒရိုင်ဘာကြီးဘက် လှည့်ကြည့်၍) ဦးချိုကြီး ... သမီး သူ့ကားနဲ့ပဲ လိုက်သွားတော့မယ်။ ညနေမှပဲ လာကြိုတော့နော် ...

ဩော် ... အဲဒါကလည်း ကားကောင်းမှပါ။ သမီး အန်တီစောဆီ ဖုန်းဆက်ထားလိုက်မယ်။ ကားမကောင်းသေးရင်လည်း သမီး သူငယ်ချင်းကို ဝင်ပို့ခိုင်းလို့ရတယ်"

"ဖြစ်ရဲ့လား ပျိုးလေး"

"အင်း ... ဖြစ်ပါတယ်။ မဟုတ်လည်း သမီး Taxi ငှား သွားရတော့မှာပဲ ဥစ္စာ။ သူက သမီးတို့အတန်းထဲက သူငယ်ချင်းပါ။ စိတ်ချပါ"

"အေးပါ ... အေး ... အေး ... ဂရုစိုက်မောင်းသွား ငါ့တူ"

သူကတော့ ရှည်ရှည်ဝေးဝေး ဘာမှပြောမနေတော့ဘဲ ကိုရီးယားစတိုင်လ်ဖြင့် ဦးညွှတ်ပြကာ ထွက်လာခဲ့သည်။ သူမ တက်ဖို့ ကားတံခါးကို ဖွင့်ပေးသောအခါ သူမက ပြုံးပြီး ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ညီတော်ခဲ့ပြသည်။ ပြီးတော့မှ သူက ကားပေါ်တက်ကာ မောင်းထွက်လာခဲ့သည်။ အရုပ်လေးတစ်ရုပ် ချထားသလို မတ်မတ်တောင့်တောင့်လေးနှင့် လှုပ်တောင် မလှုပ်သော သူမပုံစံကိုကြည့်ကာ သူက တစ်ချက်ပြုံးမိသည်။ သူ့ ထင်တာ မမှားဘူးဆိုလျှင် သူမအတွက် ယောကျ်ားလေးတစ်ယောက်နှင့် အတူယှဉ်ပြီး ကားစီးဖူးတာ ဒါ ပထမဦးဆုံးပဲ ဖြစ်ပါလိမ့်မည်။

သူက သီချင်းသံကို နည်းနည်းတိုးလိုက်ပြီးမှ ...

"သက်သောင့်သက်သာ နေပါလား နှယ်ပျိုးပင်"

"ရှင် ! "

"ခြော် ... မင်း ကားပေါ်မှာ ထိုင်စီးလာသလိုပဲ သက်သောင့်သက်သာ ထိုင်ပါ့လားလို့ ပြောတာပါ။ မင်း ကြည့်ရတာ စိတ်ကျဉ်းကျပ်နေသလိုပဲ၊ ဘာမှ စိတ်မကျဉ်းကျပ်ပါနဲ့ လွတ်လွတ်လပ်လပ်နေပါ"

"ဟုတ် ... ဟုတ်ကဲ့"

သူက ရှိရှိသေသေ ဖြေနေသော သူမပုံစံကို သဘောကျစိတ်ဖြင့် ရယ်ရွှင်မြူးသော မျက်ဝန်းများနှင့် လှည့်ကြည့်မိလျှင် သူမက ခေါင်းငုံ့သွားသည်။ အင်း ... သတိထားမှ။ ဒီကောင်မလေးဟာ အင်မတန် ရှက်တတ် ကြောက်တတ်သူလေးဆိုတာ မေ့လို့မဖြစ်ဘူး။ သူက ရိုးရိုးသားသားဖြင့် ခင်မင်ရင်းနှီးစွာကြည့်တာ ဖြစ်သော်လည်း သူမက တစ်မျိုးထင်ချင် ထင်သွားနိုင်သည်။ နဂိုထဲကမှ သူ့အကြည့်ဒဏ်တွေကို တော်ရုံမိန်းကလေးက မခံနိုင်





ပါ။ သူ့မျက်လုံးတွေသည် ဘာကြောင့်မှန်းမသိဘဲ စူးရဲသည်ဟု နာမည်ကြီးပါသည်။

"မင်း ကားမမောင်းတတ်ဘူးလား နှယ်ပျိုးပင်"

"ရှင် ! ဟုတ်၊ မမောင်းတတ်ဘူး"

"ဟုတ်လား ... ဘာလို့ မသင်တာလဲ"

"အင်း ... ကြောက်လို့ပါ"

"ဟင် ... ဘာဖြစ်လို့ ကြောက်တာလဲ။ တခြားမိန်းကလေးတွေလည်း မောင်းနေကျတာပဲဟာ။ မင်း သူငယ်ချင်း ဟိုတစ်ယောက်လည်း မောင်းနေတာပဲ မဟုတ်လား ... သူများ မောင်းတာတွေကို အားမကျဘူးလား"

"အားမကျပါဘူး"

"ဟာ ... ကောင်းလိုက်တာ၊ ဟား ဟား ဟား"

သူက သဘောတကျဖြင့် တဟားဟား အော်ရယ်လျှင် သူမကလည်း နှုတ်ခမ်းစွန်းလေးများ ကော့တက်သွားအောင် အသာပြုံးသည်။ အခုမှပဲ သူနဲ့ သူမကြားမှာ ရင်းနှီးမှုတစ်ခုက စိမ့်ဝင်ပျံ့နှံ့သွားသလို ခံစားရလေသည်။ သူက နှစ်ခြိုက်စွာဖြင့် ခေါင်းတဆတ်ဆတ် ညိတ်ကာ ...

"အင်း ... ကောင်းပါတယ်။ အေးရာအေးကြောင်းပဲနော်။ မင်းကတော့ အေးအေးဆေးဆေးပဲ၊ မင်းက အေးဆေးသလောက် မင်းသူငယ်ချင်းကတော့ သွက်လက်တက်ကြွနေတာပဲ ...



www.burmeseclassic.com

www.burmeseclassic.com



မင်းဆိုနှစ်ယောက် ဘယ်လိုများ ပေါင်းမိသွားတာလဲ"

"အင်း ... သူကလည်း ရှင့်လိုပဲ၊ ကျွန်မကို ကူညီခဲ့တဲ့သူပါ။ ကျောင်းဖွင့်စက အဲဒီလိုပဲ လိုက်နှောင့်ယှက်တဲ့သူ ရှိလို့ ကူညီခဲ့တဲ့သူပေါ့ ...

သူက ခင်ဖို့ကောင်းတယ်။ သူများကိုဆို အရမ်းကူညီချင်စိတ်ရှိတာ။ ရှေ့မှာ ရှင်နဲ့ပစ္စည်းလာယူဖို့ ချိန်းထားပြီး မလာဖြစ်တာတွေက သူများကို ကူညီနေရလို့ ပျက်ကွက်ခဲ့တဲ့ အကြောင်းတွေပါ"

"ဟုတ်လား ... ဒါဖြင့်ရင် ကိုယ် ကြားဖူးတဲ့ စကားတစ်ခုက မှားသွားပြီနဲ့ တူတယ်နော်"

သူမက ဘာပါလိမ့်ဟူသော အကြည့်ဖြင့် သူ့ကို ငဲ့ကြည့်သည်။ သူက စကားဆက်ပြောပါသည်။

"ဩော် ... မိန်းကလေးတစ်ယောက် အကြောင်းကို သိချင်ရင် သူ့သူငယ်ချင်းရှေ့မှာ ချီးကျူးစကားပြောပေးရတယ်တဲ့။ အဲဒါဆို သူ့အကြောင်း အမှန်အကန်တွေ ထွက်လာရောတဲ့"

"ဟင်း ... အဲဒီစကားရဲ့ တကယ့်ဆိုလိုရင်းကို ကျွန်မ သိပါတယ်။ သဘောကတော့ မိန်းကလေးတွဟာ အူတို စိတ် ရှိတယ်၊ အဲဒီလို ချီးကျူးလိုက်ရင် မနာလိုစိတ်နဲ့ တစ်ဖက်သားအကြောင်းကို မကောင်းတာတွေချည်းပဲ ပြောတော့မယ်လို့ ဆိုလိုချင်တာ မဟုတ်လား"





"မင်း ... မဝေးဘူးပဲ"

သူက ပြုံးပြီး မှတ်ချက်ချလိုက်လျှင် သူမက မျက်စောင်းနနလေးကို မသိမသာထိုးသည်။ ပြီးတော့ ဖြေရှင်းချက်တစ်ခုတစ်ရာကိုလည်း ထုတ်ပါသေးသည်။

"အဲဒီလို သိမ်းကျုံးပြီးပြောလို့ မရပါဘူး။ တကယ်တမ်းပြောရရင် ယောကျ်ားလေးတွေ အူတို စိတ်ပုပ်ပြီဆိုရင် မိန်းကလေးတွေ လိုက်လို့တောင် မမီတော့ဘူး"

"ဟား ဟား ... မင်းက ဒီလိုဆိုတော့လည်း ရန်တွေ့တတ်သားပဲ။ ကောင်းတယ် ... Right ။ အဲလိုပဲ ဖြစ်သင့်တာ။ တစ်ခုခုဆို ကိုယ် မကျေနပ်ရင် မကျေနပ်တာကို ပွင့်ပွင့်လင်းလင်း ဖော်ထုတ်ရဲရမယ်။ ဒါမှ နေရထိုင်ရတာ အသက်ရှူချောင်မှာပေါ့၊ မဟုတ်ရင် အသက်ရှူကျပ်တယ်"

"အင်း ... ရှင့်လိုပဲ ကျွန်မကို မိုကလည်း ပြောပြတယ်"

"လေးမျက်မိုကို ပြောတာလား။ မင်းက သူ့ကို တော်တော်ခင်တယ်နဲ့တူတယ်နော်"

"ခင်တယ် ... သူက ချစ်ဖို့ကောင်းတယ်။ ဘောလီးဝုဒ် မင်းသမီး ပရီးတီးဇင်တာနဲ့ တူတယ်"

သူက မျက်ခုံးတစ်ချက် ပင့်မိသည်။ ကြည့်စမ်း ... သူ တွေးသလို သူမလည်း တွေးမိတာပါပဲလား။

"မင်းမှာ သူ တစ်ယောက်တည်းပဲ သူငယ်ချင်း ရှိတာလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်းပေါ့ ... ကျွန်မက တောင်ကြီးက ပြောင်းလာတာပါ။ ဒီမှာ သူငယ်ချင်း မရှိဘူး။ ကျောင်းဖွင့်စတုန်းက ကျွန်မ အခက်အခဲ ဖြစ်နေတုန်း၊ သူက ဝင်ကူညီပေးခဲ့တာလေ၊ ပြီးတော့ တခြားလိုအပ်တဲ့ အကူအညီတွေလည်းပေးတယ်...

ဟိုတစ်နေ့ကလို ဖိနပ်ဝယ်ခဲ့ပေးတာမျိုးတို့ ဘာတို့ပေါ့"

"ဟုတ်လား ... ကိုယ်လည်း ဖိနပ်ငှားခဲ့ပါတယ်နော်။ မင်းက ကိုယ့်ကိုကျတော့ ကူညီတတ်တယ်လို့ မပြောပါလား"

သူက နောက်ပြောင်လိုက်လျှင် သူမက နှုတ်ခမ်းနှစ်ဖက်စွန်း ကော့တက်သွားအောင် ပြုံးသည်။ အဲဒီအပြုံးဟာ ရှင်လည်း စိတ်ကောင်းရှိပြီး ကူညီတတ်ပါတယ်နော် ဟူသော စကားများ ပါဝင်သည့် အပြုံးဆိုတာ သူလည်း သိပါသည်။ ဒါပေမဲ့ သူမအတွက် အရေးကြီးသော စကားစေတနာစကားတစ်ခွန်းကို ပြောလိုက်ရသေးသည်။

"တစ်ခုတော့ ရှိတယ်နော်၊ ကိုယ့်ကို ကူညီတယ်ဆိုပြီး လူတိုင်းကို စိတ်ကောင်းရှိတယ်လို့တော့ မထင်နဲ့။ တချို့က ကူညီမှုရဲ့နောက်မှာ မျှော်ကိုးမှုတွေပါတယ်။ ကူညီမှုကို အခွင့်အရေး ယူတာပေါ့ ...

အဲဒီတော့ ကိုယ့်အပေါ်မှာ ရိုးသားရဲ့လား အခွင့်အရေးယူမယ့်သူလား ဆိုတာ ခွဲခြားတတ်ဖို့လည်း လိုမယ်။





သြော် ... ဆရာ လုပ်တယ်လို့တော့ မထင်နဲ့နော်၊ ကိုယ်က မင်းအတွက် စေတနာနဲ့ ပြောတာပါ"

"ဟုတ် ... ရှင့် စေတနာတွေကို ပျို့ နားလည်ပါတယ်"

"ဟင်း ... ဟင်း ... နားလည်တဲ့အတွက် thanku ... ။ အိုကေ ... အိုကေ ... ဘယ်လိုလဲ စာတွေရပြီလား၊ ဒီနေ့ ကျူတိုရီယယ် ရှိတယ်နော်"

"အင်း ... ရပါပြီ။ ရှင်ရောဟင် ? "

"ကိုယ်လား ! ... ကိုယ်က စာကို မကျက်မိဘူး။ ရလည်း မရဘူး။ မင်းအနားမှာ လာဖြေမယ် ရမလား၊ စာပြမှာလား"

"အင်း ... အဲလိုပြလို့ ရလို့လား"

သူမက တအံ့တသြနှင့် ပြန်မေးနေသည်မို့ သူက ခပ်ဟက်ဟက် ရယ်မောမိသည်။ အဲဒီနောက်မှာတော့ ကျောင်းသို့ ရောက်လာခဲ့ပြီဖြစ်သည်။ သူမက ရှေ့ကသွားနေသော ကားကို ကြည့်ကာ "မုံ့ကားပဲ"ဟု ရေရွတ်သည်။ မုံ့ဆိုတာ လေးမျက်မုံကို ပြောတယ်ဆိုတာ သူ သိပါသည်။ သူမကားက ရှေ့ကနေ ပါ့ကင်ဝင်ပြီးသွားမှ သူက ဘေးကနေ၍ ပါ့ကင်ထပ်ဝင်လိုက်သည်။ ကားတံခါးပိတ်ကာ ပြန်လှည့်လာသော လေးမျက်မုံသည် ကားပေါ်မှ ဆင်းလာသော သူတို့နှစ်ယောက်ကို မြင်သောအခါ အနည်းငယ် အံ့သြသွားပုံနှင့် ရယ်ပြသည်။

ပျို့ ဆိုသော ကလေးမကတော့ ဆရာကိုတွေ့သော တပည့်နှယ် လေးမျက်မုံထံသို့ ပြေးသွားသည်။ လေးမျက်မုံက



www.burmeseclassic.com

www.burmeseclassic.com



သည်း နွယ်ပျိုးပင်ကို အပြုံးတစ်ခုနှင့် ဆီးကြိုပုံမှာ မူကြိုဆရာမ တစ်ယောက်ရဲ့ အပြုံးမျိုးနှင့် ဆင်တူနေသည်။ Zig Zag ဆံပင်ပုံစံ နီညိုရောင် အခွေအလိပ်ကြီးများဖြင့် ဘိုဆန်စွာ ချောမောလှပသော လေးမျက်မှုံသည် အဝါနုရောင် ဘလောက်စ်ကျပ်ကျပ်ကို ဂျင်း(န်)စကတ်တစ်ထည်ဖြင့် လှပစွာ တွဲဖက်ဝတ်ဆင်ထားသည်။ ရယ်လိုက်လျှင် ခုန်ချပစ်ချင်စရာ ခွက်ဝင်သွားသော ပါးချိုင့်များဖြင့် သူတို့ကို လှမ်းနှုတ်ဆက်သည်။

"ဟိတ် ... ဘယ်ကနေ ဘယ်လို ဆုံလာကြတာလဲ"

သူက မဖြေခင် နွယ်ပျိုးပင်က ဝင်ဖြေသည်။

"ပျိုးတို့ကား လမ်းမှာပျက်နေလို့ မုံရဲ့။ အဲဒါ သူကမြင်တာနဲ့ ဆင်းပြီးခေါ်လို့ လိုက်လာတာ"

သူမက ဩော် ... ဩော် ဟူသော သဘောမျိုးဖြင့် ခေါင်းတစ်ချက် ဆတ်ပြသည်။

သူနဲ့ သူမ အကြည့်ချင်း ဆုံဖြစ်သောအခါ သူကပဲ စတင်ပြီး နှုတ်ဆက်လိုက်ပါသည်။

"မောနင်း လေးမျက်မှုံ"

"မောနင်းပါ ... ဒီနေ့ ကျူတိုရီရယ် ရှိတယ်နော်၊ ဘယ်လိုလဲ စာရပြီလား"

"အဟင်း ... အဲဒီအကြောင်းပဲ ကားပေါ်မှာ ပြောနေတာ။ စာမရသေးဘူးလို့၊ ဟဲ ဟဲ ... ဒီအချိန်က စာကျက်ရမယ့်အချိန် မဟုတ်သေးဘူးလေ ...



စောသေးပါတယ်၊ စာမေးပွဲ နီးတော့မှပဲ One subject, Own night ပေါ့"

"ကောင်းပါတယ်၊ ကဲ ... ဒါဆိုရင် အတန်းဘက်သွားတော့မယ်၊ ဆီးယူနော်"

"အိုကေ ... အိုကေ ... ဆီးယူ"

သူတို့နှစ်ယောက် ထွက်သွားကြလျှင် သူကလည်း သူငယ်ချင်းတွေနဲ့ ချိန်းထားရာ ကန်တင်းဘက်သို့ ထွက်လာခဲ့သည်။ ကန်တင်းသို့ရောက်လျှင် သူ့သူငယ်ချင်းနှစ်ယောက်က ...ဘီးဖွင့်ကာ ဆွဲနေကြပြီဖြစ်သည်။ သူကလည်း အားကျမခံ ...မ်းခေါက်ဆွဲတစ်ပွဲ မှာလိုက်ရင်းမှ နေမင်းရဲ့လက်ဖက်ရည်ခွက် ... ကောက်မော့လိုက်သည်။ နေမင်းက သူ့ကို မေးတစ်ချက် ...တ်ပြရင်း ...

"ဒီနေ့ ကျူတိုရီယယ်ကွ၊ ငါ စာသိပ်မရဘူး။ မင်းတို့ရော"

ထက်မြက်က နှုတ်ခမ်းကိုမဲ့ကာ ပခုံးတွန့်ပြသည်။ ...က ထက်မြက် စားနေသော မြီးရှည်ပန်းကန်ကို ဆွဲယူကာ ...ခွန်းယူမြည်းရင်း ...

"စာမရတာများ စကားထဲ ထည့်ပြောမနေစမ်းပါနဲ့ကွာ။ စာရတဲ့ ကောင်မလေးအနား သွားဖြေပေါ့"

"ဩော် ... စာရတဲ့ ကောင်မလေးတွေနဲ့ကလည်း အသိအကျွမ်းမှ မဖြစ်သေးဘဲကိုး"

"ဟုတ်လို့လား၊ သေချာပြန်စဉ်းစားပါဦး"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ ဘယ်သူရှိ ... ဩော် ... မင်းက ဟိုနှစ်ယောက်ကို ဆိုလိုချင်နေတာလား။ သူတို့က မင်းဇာတ်လမ်းတွေ မဟုတ်ဘူးလား။ မှတ်သုန်တို့များ ကံတွေကထတော့ နေရင်းထိုင်ရင်း အလန်းဇယားနှစ်ခုနဲ့တောင် တိုးနေတယ်ကွာ ...

ဇယားတွေက တစ်မျိုးစီလန်းတော့ တစ်မျိုးစီတောင်ရင်ခုန်လို့ ရသေးတယ်။ ကဲ ... ပြော၊ မင်း ဘယ်သူ့ကို ရင်ခုန်မှာလဲ။ နှစ်ယောက်လုံးတော့ သွားမလုပ်နဲ့နော်။ သူတို့နှစ်ယောက်က သူငယ်ချင်း ဖြစ်ရုံတင်မက လက်ရှိမှာလည်း တွဲနေသေးတယ်"

"ဟော့ကောင် ! မင်းကလည်းကွာ၊ ငါ အဲဒီလောက်ထိ စံ
လွဲပါဘူး"

"ဒါဖြင့် တစ်ယောက်ကိုပဲ ရင်ခုန်မယ်ပေါ့။ ဘယ်သူ့ကို ရင်ခုန်မှာလဲ။ နှယ်ပျိုးပင်ကတော့ ဒီခေတ်ထဲမှာ ရှားပါ
နေတဲ့ ပျိုးပင်ပေါက်လေးပါပဲ။ ချစ်စရာ ကောင်းတယ်ကွ
အသည်းယားဖို့ ကောင်းတယ် ...

ပရိုးတီဇင်တာကတော့ အလန်းပဲ။ မြင်လိုက်ရင်
လွင့်နေတဲ့ ဒီဇိုင်းနဲ့။ အေး ... သူ့အကြောင်းကို မိန်းမ
စာရင်း Biography လုပ်နေတဲ့ အီးစီကိုကျော်ဇင်လတ်
က ငါ ကြားခဲ့ရတာတွေက စိတ်ဝင်စားဖို့ ကောင်းတ
သိလား"





"ဟုတ်လား ... ပြောစမ်းပါဦး"

သူက အရင်လာချပေးသော ရှယ်ပုံမှန် ဝမ်းတီးကို ဒွန်းနှင့် အသာမွှေရင်းမှ စိတ်ဝင်စားစွာ မေးမြန်းမိသည်။ နေမင်းနဲ့ ထက်မြက်တို့ရဲ့ ရှုးစမ်းအကဲခတ်နေသော မျက်ဝန်းများကိုတော့ ဥပေက္ခာပြုကာ မသိချင်ယောင် ဆောင်နေလိုက်လေသည်။

"လေးမျက်မုံက ဆော်ဒါစိတ်ဓာတ်တော့ တော်တော်ရှိတယ်တဲ့ကွ။ သူက ပရဟိတအလုပ်တွေဆို သိပ်ပါသနာပါတယ်ဆိုပဲ။ (xxx)ဆရာတော်ကြီး ဦးစီးတဲ့ လူမှုအကျိုးပြုလုပ်ငန်းတွေမှာဆို သူက လူငယ်အဖွဲ့ရဲ့ Leader ပဲတဲ့။ မိန်းကလေးထဲမှာ ရှားတဲ့သူတစ်ယောက်ပေါ့ကွာ ... အဲလိုမျိုး"

"အင် ... အဲဒီလို သူလေးလား။ မသိပါဘူး ... ငါကစိတ်ဝင်စားဖို့ ကောင်းတယ်ဆိုတော့ နှလုံးသားရေးရာကိစ္စတွေဘာတွေများလားလို့"

"အဲဒါတော့ မကြားသေးဘူးကွ။ ဒါပေမဲ့ အီးစီဆီက ကြားသိတဲ့ သတင်းကတော့ သူ့ကို လိုက်မယ့်သူတွေလည်း အများကြီးရှိတယ်ဆိုပဲ။ နှယ်ပျိုးပင်ကို လိုက်မယ့်ကောင်တွေကလည်း ဒုနဲ့ ဒေးပဲ။ ခုတည်းက တန်းစီနေကြပြီ ...

ကဲ ... မင်းကရော ဘယ်သူ့ကို လိုက်မှာလဲ"

သူက ထက်မြက်ရဲ့စကားကို ရှမ်းခေါက်ဆွဲမွှေရင်း နှာခေါင်းတစ်ချက် ရှုံ့ပြမိသည်။ မှန်ညင်းချဉ်ပန်းကန်ထဲမှ ချဉ်နည်းနည်းကိုထည့်ကာ တစ်ရှွန်းစားရင်းမှ ...



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ ပြောနေတဲ့ ပုံစံကြီးကကွာ၊ အလုပ်သဘောဆန်လိုက်တာ။ တက္ကသိုလ်ရောက်တာနဲ့ပဲ ရည်းစားရရေးက ပဓာနလို ဖြစ်နေတယ်"

"အောင်မာ ... ဘူဘူချင်း အီးလာမပေါက်နဲ့ ဟော့ကောင်"

သူက စားရင်း သောက်ရင်းမို့ ရှုံ့မဲ့ကာ ...

"ဟော့ကောင်တွေ ... တစ်မလုပ်နဲ့ ပြောစမ်းပါကွာ၊ မင်းတို့ကလည်း။ ငါက စကားကြီး စကားကျယ် ပြောတာမဟုတ်ဘူး။ ဒါပေမဲ့ ရင်ထဲက feel မလာဘဲနဲ့ ဘာမှ လုပ်ချင်တာ ...

မိန်းကလေးတစ်ယောက်ကို ရင်ထဲမှာ တကယ် နူးနူးညံ့ညံ့ ချစ်လာပြီဆိုတဲ့ ခံစားချက်မျိုးကို ငါက ခံစား ဖူးချင်တာ။ အဲဒီ feeling မျိုး ငါ့ကို ဖြစ်လာစေတဲ့ မိန်း ကလေးကိုပဲ ငါက ချစ်တယ်လို့ ပြောချင်တာ။ ငါ့ချစ်သ အဖြစ် သတ်မှတ်ချင်တာ ...

အဆင်ပြေတိုင်း ရည်းစားတွေ လျှောက်ထားပြီ အချစ်ဆိုတာ ဘာမှန်းမသိတဲ့ ဘဝမျိုးကိုလည်း မလိုချ ဘူး။ အဲဒါ အချစ်နဲ့ ပတ်သက်တဲ့ ငါ့ခံစားချက်စစ်စစ်ပဲ"

"ဒါဖြင့်ရင် ခုချိန်မှာ မင်းနှလုံးသားက ဘယ်သူ့ကို စိတ်မဝင်စားသေးဘူး၊ မလှုပ်ရှားသေးဘူး။ အဲဒီလိုလား"

"အစစ်အမှန်ပဲ"

"ပေါ့ပေါ့ပါးပါးပဲပေါ့"





"ဒါပေါ့"

"အင်း ... ကောင်းပါတယ်။ အဲဒီ ပေါ့ပေါ့ပါးပါး နှလုံးသားလေးနဲ့ပဲ တကယ့်အချစ်စစ်ကို တွေ့ရှိပါစေဗျား။ ခုလောလောဆယ်တော့ စားပြီးရင် လစ်ကြစို့ ...

စာလည်း မရသေးဘူး။ စာရတဲ့ ဘော်ဒါတစ်ကောင် ကောင် ရှာရဦးမယ်"

သူကတော့ အထွေအထူး မစဉ်းစားမိ။ စာမရလည်း သူ့အတွက်တော့ ပြဿနာမရှိပါ။ တက္ကသိုလ်ကျောင်းသားဘဝသည် လူတစ်ယောက်ရဲ့ဘဝမှာ ရခဲလှသော ဘဝဖြစ်သည်။ ဖြစ်နိုင်လျှင် သူက အဆောင်နေကျောင်းသားဘဝကိုတောင် ပိုင်ပိုင်ဆိုင်ဆိုင်လိုက်ချင်သေးသည်။ အဆောင်က ထမင်းဟင်း စားမကောင်းဘာသည် နေ့စဉ်ဘဝရဲ့ ကဗျာတစ်ပုဒ် ဖြစ်ချင် ဖြစ်သွားနိုင်သည်။ ကောင်မလေးတွေ အဆောင်ရှေ့မှာ ဂစ်တာသွားတီးခွင့်သည် ညတိုင်းမက်သည့် အိပ်မက်တွေကို ချိုမြိန်နှားလှပလာစေမည်။ ကောင်မလေးတွေဘက်ကလည်း မာလာဆောင် မောင်မလာဟုသည့် သီချင်းကို ပို၍ခံစားလို့ ကောင်းလာပေလိမ့်မည်။

ခုတော့ ဒီအခွင့်အရေးလေးတွေ မရသည့်တိုင်အောင် သွတ်လပ်ပျော်ရွှင်သည့် နေ့ကျောင်းတက် တက္ကသိုလ်ကျောင်းသားဘဝကိုတော့ သူက တစ်ပွေ့တစ်ပိုက် ပိုင်ဆိုင်လိုက်ချင်ပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၅

"ဒီကားလေး ကောင်းတယ် ပျိုးရဲ့။ အချစ်ဟာသ ဇာတ်မြူးလေးပေါ့။ ကြည့်ကြည့်လိုက်။ ဒီကိုရီးယားကားလေးလည်း မ ဆိုးဘူး။ အချစ်ဇာတ်လမ်းလေးပဲ၊ ရော့ ... ယူသွား။ စနေ တနင်္ဂနွေ ကျောင်းပိတ်ရက်မှာ ကြည့်ပေါ့"

ပျိုးသည် မုံ ကမ်းပေးနေသော အင်္ဂလိပ်ကားနှင့် ကိုရီးယားကား DVD နှစ်ချပ်ကို အားနာပါးနာနှင့် လှမ်းယူလိုက်သော်လည်း မုံ့ကို မအီမလည်ဖြင့် မော့်ကြည့်ကာ ...

"မုံ ... ပျိုးလေ ဒီကားတွေ ြည့်ဖြစ်ပါ့မလား မသိဘူး"

"ဟင် ... ဘာဖြစ်လို့လဲ၊ အချိန်မရှိလို့လား"

"မဟုတ်ပါဘူး၊ ဒေါ်လေးစောက အင်္ဂလိပ်ကားတွေဆို မကြည့်ခိုင်းဘူး မုံရဲ့၊ တချို့ ကိုရီးယားကားတွေ သည်း ဆန်ဆာတွေ ပါတယ်ဆိုပြီး မကြည့်ခိုင်းဘူး ...





ဒါ ... ဒါတွေက ဆန်ဆာတွေ ဘာတွေ ပါလားဟင်"

မုံက ပျိုးရဲ့အမေးကို ဟက်ဟက်ပက်ပက် ရယ်မော ာ ...

"ဆန်ဆာ ! မပါ,ပါဘူး။ ဆန်ဆာပါတဲ့ ကားဆိုရင် ပျိုးကို ပေးပါ့မလား"

"ဟို ... အဲဒီလိုသဘောနဲ့ ဆိုလိုတာ မဟုတ်ပါဘူး။ ဒေါ်လေးစောကလေ ဟိုလို ... နမ်းတဲ့အခန်းတွေ ပါရင်ကို မကြိုက်တာ မုံရဲ့။ အဲဒါကြောင့်ပါ"

"ဟိုလိုနမ်းတယ်ဆိုတာ ဘယ်လိုနမ်းတာကို ပြောတာလဲ"

"အာ ... မုံကလည်း"

ပျိုးက ရှက်ပြီး မျက်နှာလွှဲသွားသောအခါ မုံက ာဟားဟားနှင့် အော်ရယ်လေသည်။ ပျိုးသည် မုံ တစ်ယောက် အဲဒီလို လွတ်လွတ်လပ်လပ် ရယ်မောလေတိုင်း အထူးအားကျရ ၏။ ယောကျ်ားလေးတွေကို ပြောရဲ ိရဲ ရှိတာ၊ ဘယ်ဂ ္ဂမဆို ကနေ ဦးစီးဦးဆောင်ပြုရဲတာ၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိ ာ စတာတွေကို နှစ်သက်သဘောကျရလေသည်။ ပြီးတော့ ာစ်ကိုယ်ကောင်းဆန်စိတ် မရှိဘဲ လူတွေအပေါ်မှာ ကူညီတတ် သော စိတ်ထားကောင်းလေး ရှိတာကိုလည်း ယုံကြည်ခင်မင်ရ သေးသည်။ ပျိုးကတော့ ဒီပုံအတိုင်း နေလာတာ၊ တစ်သက်လုံး ခေါက်ရိုးကျိုးနေပြီမို့ ရုတ်တရက်ကြီး ပြင်လို့မရသေးပေမယ့် အရ ဂထက်စာလျှင် လူတွေကို သိပ်မကြောက်ပ႑တ်တော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



ဒါကလည်း မုံ့ကြောင့်ပဲ ဖြစ်ပါမည်။

"နမ်းတာတော့ နမ်းတာတွေ ပါတာပေါ့ ပျိုးရယ်။ နိုင်ငံခြားကားဆိုတော့ အဲဒီလောက်ကတော့ပါတာပေါ့။ ပြဿနာ မရှိပါဘူး ..."

ဘာလဲ ... ပျိုးရဲ့ ဒေါ်လေးစောက အဲဒီလို နမ်းတာတွေ ပါရင်ကို မကြည့်ရဘူးပေါ့ ဟုတ်လား။' နမ်းတာကတော့ ကိုရီးယားဇာတ်လမ်းတွဲတွေထဲမှာလည်း ပါတာပဲလေ"

"အင်းပါ ... ဒါပေမဲ့ TV မှာပြတဲ့ ဇာတ်လမ်းတွေကျတော့ ဆန်ဆာဖြတ်ပြီးသား မဟုတ်လား။ သူက အဲဒါတွေကိုပဲ ကြည့်ခိုင်းတာ"

"ဩော် ... ဖြစ်ရလေ။ ဒါဖြင့်ရင် တခြားကောင်းတဲ့ ရုပ်ရှင်တွေကျတော့ လက်လွှတ်ခံရမယ်ပေါ့။ ဘယ်ကိစ္စ မဆို ယူတတ်ရင် ပညာရတာပေါ့ 'ပျိုးရယ် ...

ပျိုးက ကလေးမှ မဟုတ်တော့တာ။ ကိုယ်ကြိုက်တဲ့ ရုပ်ရှင်လေး ဘာလေးတော့ လွတ်လွတ်လပ်လပ် ကြည့်ခွင့် ရသင့်တာပေါ့။ တချို့ အချစ်ကားတွေက နမ်းတာတွေ ပါပေမယ့် Sexy ဖြစ်အောင် ရိုက်ထားတာ မဟုတ်ဘဲ Romance ဖြစ်အောင် ရိုက်ထားတာတွေကျတော့ ကြည့်ရတာ ကြည်နူးဖို့တောင် ကောင်းပါတယ် ...





ဟဲ ဟဲ ... ဒုက္ခပဲ၊ ပြောရင်လည်း သင်ပေးသလို ဖြစ်တော့မှာပဲ"

ပျိုးသည် မုံ့ရဲ့ ပြောင်စပ်စပ် အပြောကို သဘောတကျ ဖြစ်နေတုန်းမှာပင် ပျိုးတို့ ထိုင်နေရာ ရေတမာပင်လေး အောက်ရှိ ခုံတန်းလျားလေးနားသို့ ချာတိတ်လေးတစ်ယောက် ရောက်လာသည်။ ချာတိတ်လေးက လှပစွာ ထုပ်ပိုးထားသော ပါဆယ်ပုံးလေးကို မုံ့လက်ထဲသို့ ထိုးထည့်ကာ ...

"မမနွယ်ပျိုးပင် အတွက်"ဟု ပြောပြီး ချာခနဲလှည့်ထွက်ပြေးသွားသည်။ မုံ့က မျက်ခုံးတပင့်ပင့်ဖြင့် ပါဆယ်ထုပ်ကို ချိန်ဆကြည့်ကာ ...

"ဘယ်လိုကြီးလဲ ... ငါ့လက်ထဲလည်း လာထည့်သွားသေးတယ်။ နွယ်ပျိုးပင်အတွက်တဲ့ ဆိုပါလား။ အေးလေ ... ရော့ ... ပျိုး။ ရှင့်ပစ္စည်းတဲ့"

မုံ့က ပျိုးထံသို့ ကမ်းပေးသည်။ ပျိုးက အထုပ်ကို သရဲတစ္ဆေတွေ့သလို အလန့်တကြား ငြင်းပယ်ကာ ...

"အို ... မယူချင်ပါဘူး မုံ့ကလည်း"

"ဩော် ... မယူချင်လို့ ဘယ်လိုလုပ်မှာလဲ။ ပေးတောင် ပေးသွားပြီးပြီပဲ ဥစ္စာ။ ကဲပါ ... ရှင်မဖောက်ရင် ကျုပ် ဖောက်မယ်၊ မှန်းစမ်း ... ဘာလေးပါလိမ့်"

မုံ့က ပါဆယ်ထုပ်ကို ဖွင့်လိုက်လျှင် ချစ်စဖွယ် ဖန်တုံးလေး ထွက်လာသည်။ ဖန်တီးလုံးရဲ့ အောက်ခြေမှာက



www.burmeseclassic.com

www.burmeseclassic.com



**အဆိုင်ဖြင့်** ခတ်ခဲပါပြီး ခလုတ်ဖွင့်လိုက်လျှင် မီးတွေလင်းကာ တီးလုံးသံတွေ ထွက်လာသည်။ အထဲမှာက ကောင်လေးနှင့် ကောင်မလေး နမ်းနေသည့် အရုပ်လေးပါဝင်ကာ အရည်လေးတွေ တလှုပ်လှုပ်ဖြင့် ရောင်စုံအမှုန်လေးတွေကလည်း လဲ့လဲ့လေး လင်းနေကြသည်။

Fancy ဆိုင်တွေမှာ တွေ့ရသော လက်ဆောင်ပေး လေ့ရှိသည့် ပစ္စည်းအလှမျိုးလေးတွေပဲ ဖြစ်ပါသည်။

"လှသားပဲဟဲ့ ... ဩော် ... ဒီမှာ ကတ်လေးတစ်ကတ် ပါသေးတယ်။ ဖတ်မယ်နော် ... ဘာတဲ့ ... နေ့စဉ်နဲ့အမျှ စွဲလမ်းရတဲ့ ပျိုးလေးအတွက် ဆိုပါလား ...

ဟား ဟား ... ကဗျာဆန်သားပဲ၊ ဘယ်သူမှန်းလဲ မသိရ။ နာမည်ရေးမထားတော့ လျှို့ဝှက်ချစ်သူပေါ့။ ရော့ ... ယူသွား"

"ဟင် ... မုံကလည်း မယူချင်ပါဘူး။ ဒေါ်လေးစော မြင် ရင် ဆူလိမ့်မယ်"

"ဟင် ... ပြဿနာပါလား။ ဘာဆူစရာရှိလဲ ပျိုးရဲ့။ ဘယ်သူမှန်း မသိရဘဲ လက်ထဲလာထည့်ပေးသွားတာပဲ ဟာ။ ပြီးတော့ ဒါလေး ပါလာတာနဲ့ပဲ ဘာဆူစရာလိုလဲ၊ ဒီခေတ်ကြီးထဲမှာ အဲဒီလို အယူအဆတွေက မရှိတော့ပါ ဘူးကွာ။ သိပ်ကြီး Serious မဖြစ်စမ်းပါနဲ့ ...

ဒီအတိုင်းလေး အသာထားလိုက်ပေါ့"





"ဟင် ... တော်ကြာ အဲဒီဝဂ်စ်ယောက်က တစ်နေရာရာ ကနေ ချောင်းကြည့်ပြီး ပျိုး ယူသွားမှန်းသိလို့ ကျေနပ် နေရင်ရော"

"ဩော် ... အဲဒါဆိုလည်း ဒါကြီးကို ဘယ်လိုလုပ်ရမလဲ။ မုန့်ဆိုရင်လည်း စားပစ်လို့ ရသေးတယ်။ ဒီနားမှာပဲ ချထားခဲ့ရမှာလား၊ ကဲပါ ... ယူသွားပါ၊ ဘာမှမဖြစ်ပါဘူး ...

အင်း ... ပျိုးက ပျိုးချစ်တဲ့သူပေးတဲ့ လက်ဆောင် မဟုတ်လို့ ဒီလို ငြင်းနေတာပါကွာ။ ချစ်တဲ့သူရဲ့ ပစ္စည်း ဆိုရင် သူစားတဲ့ ပီကေခွံလေးကအစ လွှင့်မပစ်ရက်ပါဘူး၊ တမြတ်တနိုး သိမ်းထားမှာ၊ ပြောစမ်း ... ပျိုးမှာ ချစ်သူ ရှိလား၊ တောင်ကြီးမှာ ကျန်ခဲ့တာလား"

"အို ... ဘယ်ကလာ မုံကလည်း။ ပျိုးမှာ ဘာချစ်သူမှ မရှိ ပါဘူး"

"ဟင် ... သိပ်တော့ မယုံပါဘူးနော်။ ပျိုးက ဒီလောက် ချစ်စရာကောင်းပြီး ဝိုင်းဝိုင်းလည်နေတဲ့ဟာပဲ။ ပျိုး ရင်မ ခုန်ဖူးဘူးလား ... ဟင်"

မုံက ပျိုးရဲ့အနားနားသို့ တိုးတိုးလေး ကပ်မေးသည်။ အဲဒီလိုမေးသော ပုံစံလေးကကို ယောကျ်ားလေးတစ်ယောက်သာ ဆိုလျှင် တော်တော် ရင်ခုန်သွားမှာ သေချာပါသည်။

ပျိုးသည် ကိုယ့်ရင်ဘတ်ကို ကိုယ်ဖိကာ မုံ မေးသော စကားကို သံယောင်လိုက်ပြီး မေးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ! "

"အင်းလေ ... ဒီရင်ဘတ်ကြီးက ခုန်ဖူးလားလို့ မေးတာ။ မခုန်ဖူးဘူးလား၊ တစ်ယောက်ယောက်ကြောင့် ဒီရင်က လှုပ်လှုပ်လေး ဖြစ်မသွားဖူးဘူးလား"

ပျိုးသည် မုံ့ရဲ့စကားကို နှာခေါင်းရှုံ့ကာ ရယ်လိုက်ရင်းမှ တစ်စုံတစ်ယောက်က မျက်လုံးထဲတွင် ဖျတ်ခနဲ ပေါ်လာသည်။ ဘုရားရေ ... သူနဲ့တွေ့တုန်းက ပျိုး ရင်ခုန်နေခဲ့ပါသလား။ ရင်ခုန်နေခဲ့သည်ဟု ထင်သည်။ မုတ်သုန်မိုးစက် ဆိုသော တစ်ယောက်ရဲ့အကြည့်နှင့် အပြုံးတို့ဟာ ပျိုးကို ရင်ခုန်စေခဲ့သည်ဟု ထင်သည်။ သူ့ကားနဲ့ လိုက်ပါလာသည့် နေ့တုန်းကဆိုလျှင် ပျိုးရဲ့နှလုံးသားသည် အထဲမှာ ငြိမ်ငြိမ်လေး မနေဘဲ ဟိုဟိုဒီဒီ တွန်းထိုးလှုပ်ရှားနေသည်ဟု ထင်မိသည်။

နောက်ရက်တွေမှာလည်း သူ့ကို တွေ့ချင်နေမိသည်မှာ ဘာ့ကြောင့်လဲဆိုတော့ ပျိုး မသိ။ သေချာတာကတော့ ပျိုးကို ဂရုတစိုက်နှင့် ကူညီခဲ့သည့် အဲဒီအပေါ်မှာလည်း အခွင့်အရေး တစ်စုံတစ်ရာ ယူလိုစိတ် မရှိတာကို တိတ်တိတ်လေး အသင်ကြီး မိတာလည်း ပါသည်။ လူကိုကြည့်တတ်သော သူ့မျက်ဝန်းစူးရှရှလေးများနှင့် နှစ်သက်စွာ ပြုံးရယ်တတ်သော သူ့နှုတ်ခမ်းများသည် ပျိုးကို ရင်ခုန်စေအောင် ဆွဲဆောင်သလားတော့ မပြောတတ်ပါ။ ကြည့်စမ်း ... သူ့ကို ပျိုး ရင်ခုန်မိပြီပဲ။





"ဟိတ်"

"ပလုတ်တုတ်နဲ့ ကုလားမ"

မုံ့က ပျိုးရဲ့ပခုံးနှစ်ဖက်ကို ဆုပ်ကာ ဟိတ်ခနဲခြောက်လျှင် အတွေးနဲ့မျောနေသော ပျိုးမှာ အသံတွေတောင် ယောင်ထွက်မိလျက် လန့်ဖျပ်သွားရသည်။ ပျိုး လန့်သွားသောပုံကို မုံ့က တအံ့တသြနှင့် မျက်လုံးပြူးကြည့်ကာ ပက်ပက်ပက်ပက် ရယ်မောလေသည်။

"ကြည့်စမ်း ... ဘယ်လောက်တောင်များ ရင်ခုန်နှုန်းအကြောင်းတွေ စဉ်းစားနေလို့ ဒီလောက်တောင် လန့်သွားရတာလဲ ...

ပြောစမ်း ... ပြောစမ်း၊ ဒီကောင်မလေးတစ်ယောက်တော့ မရိုးတော့ဘူးနော်"

"အာ ... မုံ့ကလည်း။ မဟုတ်ပါဘူး"

"ဘာမဟုတ်တာလဲ။ မယုံပါဘူး၊ ပြော ... ဘယ်သူ့ကို ရင်ခုန်လဲ"

"ဟယ် ... မုံ့ကလည်း။ တကယ်ပြောတာပါ။ ပျိုးက ဘယ်သူ့ကို ရင်ခုန်ရမှာမို့လို့လဲ"

"ကြော် ... ရင်ခုန်ခြင်းမှာ ဘောင်ဆိုတာ မရှိဘူးလေ ပျိုးရယ်။ လူတစ်ယောက်ကို ရင်ခုန်တယ်ဆိုတာ ကိုယ့်ရင်ထဲမှာ တိတ်တိတ်လေး ကျိတ်ရင်ခုန်နေလို့တော့ ရတာပေါ့



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ... အဲဒါတွေက ရက်ကြာလာရင် တစ်စုံတစ်ယောက်ကို ရင်ဖွင့်ချင်တဲ့အထိ များပြားလာတတ်တယ်။ အဲဒီကျရင်သာ မံ့ကို မမေ့နဲ့လို့ ပြောမလို့ ...

မံ့က ပျိုးကို ကူညီပေးမယ် ... သိလား"

မံ့ရဲ့အပြောသည် ပျိုးရဲ့ရင်ကို အေးခနဲ ဖြစ်သွားစေသည်။ မံ့ ပြောတာတွေဟာ ဖြစ်နိုင်သားပဲ။ ပျိုးမှာ ဒီကိစ္စနဲ့ ပတ်သက်ပြီး အတွေ့အကြုံ မရှိသလို ဖွင့်ဟတိုင်ပင် ပြောပြစရာလူလည်းမရှိ။ အိမ်မှာကလည်း မလွတ်လပ်။ ပျိုးအတွက် အယုံကြည်ရဆုံးနဲ့ အားအကိုးရဆုံး သူငယ်ချင်းကောင်းမှာ မံ့ကိုသာလျှင် ပြေးမြင်ရလေသည်။ မံ့ကရော ရင်ခုန်ခြင်းနဲ့ ပတ်သက်လာလျှင် ဘယ်လောက်များ အတွေ့အကြုံရှိလို့လဲ။ မံ့အကြောင်းကိုလည်း ပျိုးက စိတ်ဝင်စားပါသည်။

"မံ့ရော ... ရင်ခုန်ဖူးလားဟင်"

"အင်း ... ခုန်ဖူးတာပေါ့"

"ဟုတ်တယ် ! ခုန်ဖူးတယ် ... ဟုတ်လား။ ဒါဆို မံ့မှာ ချစ်သူရှိတယ်ပေါ့"

"အင်း ... အဲဒီလိုတော့လည်း မရှိပါဘူး။ ရင်ကတော့ ဒီလိုပါပဲ နည်းနည်းပါးပါး ခုန်ဖူးတာပေါ့ ပျိုးရယ်။ ဘာမှတော့လည်း မဟုတ်ပါဘူး။ သူနဲ့ ကိုယ်နဲ့ အကြည့်ချင်းတွေ ဆုံကြတော့လည်း ရင်ထဲ သရိုးသရီလေးတွေဖြစ်ပြီး





ရင်ခုန်ဖြစ်ကြတယ်ပေါ့။ ရင်ခုန်ခြင်းကနေ အချစ်အဖြစ် ပီပီပြင်ပြင်ကြီးတော့ မကူးသွားဘူးပေါ့ ...

အချစ်ဆိုတာ တကယ်တော့ ရိုးရိုးလေးပေမယ့် အချစ်တစ်ခု ဖြစ်ပေါ်လာဖို့ ဆိုတာကလည်း လွယ်လွယ်လေးနဲ့တော့ မဖြစ်ဘူးလေ"

"အင်း ... မံ့က အချစ်အကြောင်းတွေ နားလည်တယ်ပေါ့၊ မံ့ရော ချစ်သူ မထားဖူးဘူးလား"

"ဟင့်အင်း ... အရင်တုန်းကတော့ အိစိကလီလေးတွေ ဘာတွေ ရှိတော့ ရှိခဲ့ဖူးတယ်၊ ရည်းစားဖြစ်တဲ့အထိတော့ မရှိခဲ့ပါဘူး ...

မံ့လည်း သူတို့ကို ဟုတ်တိပတ်တိ feel မလာတော့တာနဲ့ ရပ်လိုက်တော့တာ အေးပေါ့၊ မံ့လည်း အချစ်အကြောင်းကို သိပ်အသိကြီးတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ အနူတောမှာ လူချော၊ ပျိုးထက်စာရင်တော့ ဆရာကြီးပေါ့ ... ဟဲ ဟဲ ...

ကဲ ... ရင်ခုန်တဲ့ အကြောင်းအရာတွေကို ဆွေးနွေးရတာ ဗိုက်တောင် နည်းနည်းဆာလာသလိုပဲ။ ကန်တင်းမှာ ခေါက်ဆွဲသုပ်လေး ဘာလေး သွားစားရအောင်၊ စားမယ်ဟုတ်"

"အင်း ... စားမယ်လေ၊ သွားတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ပျိုးနဲ့ မုံသည် ကန်တင်းရှိ လက်ဖက်ရည်ဆိုင်သို့ ချီတက်လာပြီးနောက် အသုပ်နဲ့ အာပူလျှာပူ စားကြသည်။ စားရင်းမှ ဟိုဟိုဒီဒီ စကားပြောနေရင်း မုံရဲ့ဟန်းဒ်ဖုန်းက ထမြည်လို့ လာသည်။ မုံက ရှူးရှူးရှဲရှဲ စားနေရင်းမှ ဖုန်းဖွင့်ကာ ပြောသည်။

"ဟယ်လို ... ရှူး ... အမယ်လေး ... စပ်လိုက်တာ၊ အင်း သဖင် ပြော၊ ကြားတယ် ... ကြားတယ် ... ဟုတ်လား ... အေး ... ဟာ ... ငါပါ လာရမှာလား။ ဟင် ... ရှူး ... နင့်ဘာသာနင် ရှင်းလေဟာ။ အာ ... ပြဿနာပါပဲ။ ကျွတ် ... တိုင်က ငါ့ပါ လာပတ်နေပြန်ပါပြီ ... အေးပါ ... အေးပါ ... လာခဲ့ပါ့မယ်"

မုံက ဖုန်းကိုပိတ်ကာ ပျိုးကို အားနာပြုံးလေးဖြင့် ရှုံ့ရှုံ့မဲ့မဲ့လေး ပြုံးပြသည်။ အဲဒီလို ပြုံးပြတာကို ကြည့်ခြင်းအားဖြင့် မုံတစ်ယောက် တစ်နေရာသို့ သွားတော့မည် ဆိုတာကို ပျိုး ရိပ်မိရလေသည်။

"ပျိုးရေ ... အားနာလိုက်တာ။ တစ်ယောက်တည်း ဆက်စားရဲတယ် မဟုတ်လား။ မုံ့သူငယ်ချင်းတစ်ယောက်က အရေးတကြီးကိစ္စ ပေါ်လာလို့ မုံ့ကို လှမ်းခေါ်တာနဲ့သွားရမယ် ... ဖြစ်တယ် မဟုတ်လားဟင်"

"အင်း ... ဖြစ်ပါတယ်။ သုံးနာရီတောင် ထိုးတော့မယ်။ ဒါဆို မုံ ကျောင်းကို ပြန်မဝင်တော့ဘူးပေါ့"

"အင်းပေါ့ ... ပြန်မဝင်တော့ဘူးလေ။ ဒါဆို မုံ သွားတော့မယ်နော်။ ဆောရီး ... သိလား"

"ရပါတယ် မုံရဲ့။ စိတ်ဖြောင့်လက်ဖြောင့်သာ သွားပါ"

"အိုကေ ... ဆီးယူ"

မုံက ထွက်ခွာသွားလျှင် ပျိုး တစ်ယောက်တည်း စားကာ ကျန်ရစ်ခဲ့သည်။ ခဏနေ၍ အရိပ်တစ်ခု ကျလာသဖြင့် မော့ကြည့်မိသောအခါ ပျိုးရဲ့နှလုံးသားတစ်ခုလုံး ဒိန်းခနဲ တုန်ယင်လို့သွားသည်။ ဒိန်းခနဲ မြည်သံတစ်ချက် ပြီးသောအခါ နှလုံးသားဆီမှ သွေးတွေးသည် တဒိတ်ဒိတ်နှင့် တိုး၍ တိုး၍ နေသည်မှာ ကိုယ့်ရင်ခုန်သံတွေကိုတောင် ကိုယ် ပြန်ကြားနေရလေသည်။ သူကတော့ ဘာမှသိဟန်မတူပါ။ ပျိုးကိုသာ အကြည်လင်ဆုံး ပြုံးပြနေသည်။

"ကိုယ့်ကို မထိုင်ခိုင်းတော့ဘူးလား"

"ရှင် ... ဩော် ... ဟုတ် ... ထိုင်ပါ ... ထိုင်ပါ"

သူက ခေါင်းတစ်ချက်ဆတ်ပြီး ပျိုးရဲ့အရှေ့ကခုံမှာ ဝင်ထိုင်သည်။ ပျိုးတို့ ငယ်ငယ်တုန်းက ဖက်ရှင်တစ်ခေတ် ဖြစ်ခဲ့ဖူးသော ဒွေးကွက်ဆိုသည့် ရှပ်အကျီလက်ပြတ်ကို ဂျင်း(န်)မှိုင်းမှိုင်းဖြင့် တွဲဖက်ဝတ်ဆင်ထားသော သူ့ပုံစံမှာ ကျောင်းသားတစ်ယောက်ထက် မော်ဒယ်ဘွိုင်းတစ်ယောက်နှင့် ပို၍တူနေသည်။ လက်ပြတ်ဝတ်ဆင်ထားသဖြင့် ကြွံမိုင်ကာ ကြွက်သားရှိသော လက်မောင်းသားများကို ဖျတ်ခနဲ ငေးမိသောအခါ ပျိုး ရင်ပိုခုန်



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ အို ... ငါ ဘာတွေလျှောက်တွေးနေမိတာပါလိမ့်။ သူကရော ဘာကြောင့် ငါ့ဆီကို ရောက်လာရတာလဲ။

"မင်း တစ်ယောက်တည်း ထိုင်နေတာ တွေ့တာနဲ့ လာနှုတ်ဆက်တာပါ။ ပြီးတော့ အကူအညီ တောင်းချင်တာလေးလည်း ရှိလို့။ ဟိုတစ်ယောက်ရော"

"သူက ကိစ္စတစ်ခု ပေါ်လာလို့၊ ခုနကပဲ ထ,ထွက်သွားတယ်။ ပြောလေ ... ပျိုး ဘာကိုကူညီရမှာလဲ"

"Paper three စာအုပ်လေး ခဏလောက် ငှားချင်တာပါ"

"ဩော် ... ဟုတ်၊ ရပါတယ် ယူသွားလေ"

"မနက်ဖြန် ကိုယ် ပြန်ပေးမယ်။ Paper three မှာ လွတ်နေတာလေးတွေရှိလို့၊ မင်းက အတန်းမှန်မှန်တက်ပြီး စာကြိုးစားတယ်လို့ ကိုယ် ထင်တယ် ...

ဟုတ်လား"

"ဟို ... အဲလိုလည်း မဟုတ်ပါဘူး။ ကျောင်းတက်တယ်ဆိုတော့ စာတော့ ကြိုးစားရမှာပေါ့"

"ဟား ဟား ... ဟုတ်တာပေါ့။ မစ်း ကြည့်ရတာ ဒီလိုပဲနေတတ်တယ်နဲ့ တူတယ်နော်။ တခြား ဘာမှ ဝါသနာမပါဘူးလား"

"သီးမွှေးထိုးတာတော့ ဝါသနာပါတယ်"

"ဟုတ်လား ... ထိုးတတ်လား"

"အင်း ထိုးတတ်တယ်"





"အတော်ပဲ ... ဒါဆို ဆောင်းတွင်းမှာဝတ်ဖို့ အနွေးထည် တစ်ထည်လောက် ထိုးခိုင်းရမယ်၊ ထိုးပေးမှာလား"

ထိုးပေးမှာလား ဟူသော အမေးကို သူက ပြုံးစစဖြင့် စိုက်ကြည့်ရင်း မေးတာဖြစ်သည်။ ပျိုးသည် အဲဒီအကြည့်အက်တွေကို တကယ်ပဲ မခံနိုင်ပါ။ ဒါကြောင့် ခေါင်းငုံ့ချရင်း ခေါင်းသာညိတ်ပြလိုက်ရသည်။ ရင်တွေ ခုန်လွန်းအားကြီးသောကြောင့် သူ့ရှေ့မှာ ခေါက်ဆွဲသုပ်တောင် ဆက်မစားနိုင်တော့။ ရေနွေးကြမ်းပဲ သောက်ရတော့မလိုလို၊ တစ်သျှူးပဲ ထုတ်ရတော့မလိုလို ဖြစ်နေသည်။ ဟင်း ... ဒီအချိန်မှာ မှဲ့သာ ရှိနေရင် ဘယ်လောက်များ ကောင်းလိုက်မလဲ။

"စားလေ နှယ်ပျိုးပင်။ ကိုယ် ရောက်လာလို့ အနှောင့်အယှက် ဖြစ်သွားတာလား"

"မဟုတ်ပါဘူး၊ ဟို ... ဝပ်လို့ပါ"

"ဩော် ... ဝပ်လို့လား။ ဝပ်ရင်တော့ ဆက်မစားတော့နဲ့။ နေဦး ... ကိုယ့်ဆီမှာ ချွမ်းဂန်းပါတယ်၊ ဝပ်ရင် အဲဒါစားလိုက် ... ရော့"

သူက အင်္ကျီအိတ်ကပ်ထဲမှ စတော်ဘယ်ရီပီကေတောင့်လေး တစ်တောင့်ကို ထုတ်ပေးသည်။ ပျိုးက ရှက်တာရောအားနာတာရောကြောင့် မယူပါ။ ခေါင်းခါငြင်းဆန်ပြီး "ဟင့်အင်း" ဟု ဆိုလိုက်လျှင် သူက ပျိုး၏အရှေ့သို့ ချပေးသည်။

"ယူပါ ... ကိုယ့်ကိုလည်း မင်းက စာအုပ်ငှားမှာပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



"စာအုပ်တော့ ငှားပါ့မယ်။ ပီကေတော့ မစားတော့ပါဘူး"

"စားပါကွာ။ ဘာဖြစ်လို့လဲ ... စိမ်းကားတာလား၊ မခင်ဘူးလား ... ပြော"

ဖျိုးသည် သူ့အပြောကို ရယ်ချင်သွားရကာ ခေါင်းငုံ့ပြီး ရယ်မိသည်။ အဲဒီ ပြောပုံ ဆိုပုံကကို ဖျိုးရဲ့ရင်ခုန်သံတွေအား တငြိမ့်ငြိမ့်တညောင်းညောင်း ဖြစ်စေသည်လေ။

"ဟိတ် ... ကောင်မလေး။ မေးနေတာ ဖြေလေ၊ မခင်ဘူးလားလို့"

"အင်း ... ခင်ပါတယ်"

"ခင်ရင် မင်းရဲ့စာအုပ်ကိုငှား၊ ကိုယ့်ဆီက ပီကေကိုယူ၊ ယူသွားလိုက် အမှတ်တရလက်ဆောင်ပေါ့ ... ဟုတ်လား"

ဖျိုးက အသာပြုံးကာ သူပေးသော ပီကေတောင့်လေးကို အိတ်ထဲသို့ ကောက်ထည့်လိုက်ရသည်။ အဲဒီနောက် ဖျိုးရဲ့ Paper three စာအုပ်ကို သူ့ကို ထုတ်ပေးလိုက်လျှင် သူက အသာလှန်လှောကြည့်ကာ ...

"နွယ်ဖျိုးပင်က စာတော်တယ်နဲ့ တူတယ်နော်။ လက်ရေးတွေလည်း လှတယ်"

"စာတော်တာနဲ့ လက်ရေးလှတာနဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့၊ စာအရမ်းမတော်တောင်မှ ဒီလက်ရေးမျိုးက စာညံ့တဲ့လက်ရေး အမျိုးအစားထဲမှာတော့ မပါဘူးလေ"

"ကိုမှတ်သုန်မိုးစက်ကရော စာညံ့လို့လား"





သူက ဖျိုးရဲ့အပြောကို တဟက်ဟက် ရယ်မောသည်။ သူ ရယ်သောအခါ သူ့ရဲ့သွားတက်လေးက လှစ်ခနဲ ပေါ်လာတာကို ဖျိုးက အမှတ်မထင် ငေးမောမိသွားသည်။ သူကတော့ သတိထားမိဟန် မတူပါ။ သူရဲ့ယောကျ်ားပီသကာ နှစ်လိုဖွယ်အပြည့်ရှိသော ပုံစံသည် ဖျိုးကို တစ်ခါမှ မဖြစ်ဘူးသော ရင်ခုန်သံစည်းချက်တွေကို ဖြစ်စေတာတော့ ကိုယ့်ဟာကိုယ်လည်း ရှက်ရွံ့ရင်ဖိုရပါသည်။

"မင်း ဘယ်လိုထင်လို့လဲ"

"ဟင် ... အဲလို မထင်တတ်ပါဘူး"

"မှန်းကြည့်လေ၊ မင်း ခန့်မှန်းတာကို ကိုယ် လိုချင်တယ်"

"ကိုမှန်သုန်မိုးစက်ကို ကြည့်ရတာ စာမတော်တောင် ညံ့မယ့်ပုံတော့ မပေါ်ပါဘူး။ ပုံမှန်ကြိုးစားရုံနဲ့တင် ဂုဏ်ထူးတန်းတွေ ဘာတွေ ဝင်နိုင်မယ့်သဘောရှိတယ်"

"ဟား ဟား ... နေပါဦး သ်ဖျိုးပင်ရယ်။ မင်းအစားကိုယ်မေးလိုက်တာ၊ ကိုယ့်ကို ဘာဖြစ်လို့ ကိုမှတ်သုန်မိုးစက်လို့ ခေါ်နေရတာလဲ။ ကိုယ်နဲ့ မင်းနဲ့ ရွယ်တူတွေပဲလေ။ မှတ်သုန်လို့ပဲ ခေါ်ပါ ရပါတယ် ...

ကိုယ်လည်း မင်းကို ဖျိုးလို့ပဲ ခေါ်မယ်၊ ဖြစ်တယ်ဟုတ်"

ဖျိုးတဲ့။ သူက ဖျိုးကို ဖျိုးလို့ပဲ ခေါ်မယ်တဲ့။ ဖျိုးသည် နေမထိထိုင်မသာဖြစ်ကာ နှုတ်ခမ်းတွေ တလှုပ်လှုပ် တရွရွ



www.burmeseclassic.com

www.burmeseclassic.com



ခြစ်ချက် ဖြိုးရမလို ရယ်ရမလို ဖြစ်နေသည်။ ရင်ခုန်သံတွေကလည်း တဒိန်းဒိန်းဖြင့် ဆူညံလာသည်မှာ သူ ကြားသွားရမလားဟု တောင် ထင်ရလေသည်။

"ဟော့ ... ကောင်မလေး၊ မေးနေတာလည်း မဖြေဘူး။ ဖြစ်လားလို့"

"အင်း ... ဖြစ်ပါတယ်"

"အိုကေ ... ကဲ ... စားလို့ပြီးပြီ မဟုတ်လား။ အတန်းပြန်တက်ကြရအောင်လေ။ မင်းသူငယ်ချင်းကရော ပြန်မလာတော့ဘူး မဟုတ်လား။ ကိုယ့်သူငယ်ချင်းတွေလည်း ဒီနေ့ ဂျူတီလေးတွေရှိလို့ စောစောစီးစီး လစ်ကြပြီ ...

ဒီတော့ ကိုယ်နဲ့ မင်းနဲ့ပဲ အတန်းတက်ကြတာပေါ့။ Let's Go !"

သူက ခေါင်းလေးကို တစ်ချက်ငဲ့ကာ မျက်လုံးတစ်ဖက်ကိုမှိတ်ရင်း သွားစို့ဟု ဘိုဆန်ဆန်ပြောသည်။ ဖြိုးသည် ခေါင်းကိုငုံ့ကာ ထရပ်မိရင်း သူနဲ့အတူတူ ဆိုင်မှပြန်ထွက်လာမိသည်။

ကန်တင်းမှ အတန်းသို့သွားရာ လမ်းတစ်လျှောက်တွင် သူက ဖြိုးကို စကားစမြည်တွေ ပြောဆိုလာသည်။ သူ ပြောသမျှ ကိုတော့ ဖြိုးက မှုံ့လို သွက်သွက်လက်လက် ပြန်မပြောနိုင်ပါ။ ဒါပေမဲ့ ဖြိုး ရင်ထဲမှာ ဘယ်တုန်းကမှ မခံစားခဲ့ရဖူးသော ခံစားမှုတစ်မျိုးကို ခံစားနေရပြီ ဆိုတာကိုတော့ အသေအချာပဲ သိသည်။





သူ့အရပ်ရှည်ကြီးဟာ ဖြိုးထက် ခေါင်းတစ်လုံးစာ မြင့်တာမို့ ကိုယ့်ဘေးမှာ မားမားမတ်မတ် ရပ်တည်ပေးသလို ဖြစ်နေတဲ့ အဖြစ်အပျက်ကိုလည်း ဖြိုး နှစ်မြို့ရသည်။ သူ ကိုယ့်ဘေးမှာ ရှိနေခြင်းဟာ နွေးထွေးလုံခြုံခြင်း တစ်မျိုးလို ခံစားစေရပါလား။ အဲဒါဟာ ဘယ်လိုခံစားချက်တွေနဲ့ ဖွဲ့စည်းထားတဲ့ အရာတွေပါလိမ့်။ ကိုယ့်အနားမှာ တစ်စုံတစ်ယောက် ရှိနေခြင်းဟာ ပြီးပြည့်စုံသည့် ခံစားမှုတစ်ခုကို ဖြစ်စေတာ ဘာကြောင့်ပါလဲ။ ဖြိုး သိချင်သော အဲဒီအကြောင်းအရာတွေကို ဘယ်သူက ပြောပြမှာတဲ့လဲ။ ဖြိုးသည် တစ်ခုခုဆိုလျှင် သတိရပါဟု ပြောထားသော မှုံ့ကို ဖျတ်ခနဲ သတိရသွားသည်။ မှုံ့ကိုမေးရင် ကောင်းမလား။ မှုံ့ကတော့ ခံစားနားလည်ပေးနိုင်မယ် ထင်တာပဲ။ ဒါပေမဲ့ ရှက်တော့ ရှက်စရာကြီးဟု ထင်သည်။

အတန်းရှေ့သို့ရောက်လျှင် သူက လိုက်မဝင်ဘဲ နောက်မှာ ကျန်နေရစ်ကာ ဖြိုးကို သူ့လက်ထဲမှ စာအုပ်ကို မြှောက်ပြရင်း လက်တစ်ဖက်က တာ့ဟာလုပ်ပြသည်။ သူနဲ့ဖြိုးတို့က အိုးမေဂျာချင်း တူသော်လည်း တက်ရသည့် အခန်းချင်းက မတူပါ။

"သင့်ခ်ယူနော် ... ဆီးယူ ဖြိုး"

ဖြိုးသည် သူ့ကို အထူးအထွေ ဘာမှ ပြန်မပြောတော့ဘဲ အပြုံးနုနုလေးဖြင့်သာ ပြန်လည်နှုတ်ဆက်ဖြစ်သည်။ ဖြိုးအနားမှာ မှုံ့ မရှိတော့သော်ငြားလည်း လစ်ဟာဟာကြီးဖြစ်မ



www.burmeseclassic.com

www.burmeseclassic.com



နောက်ဘဲ ဈေးတွေးရှိန်းဖိုသော ခံစားချက်တစ်ခုက ပျိုးကို လှည့်ပတ်ဝန်းရံခြနေသည်ဟု ခံစားနေခဲ့ရသည်။ အဲဒီ ခံစားချက်လေးက အိမ်ပြန်ရောက်သည်အထိ မပျောက်သေးဘဲ ညအိပ်ရာဝင်ချိန်အထိ ပါဝင်လာခဲ့တာကိုတော့ ပျိုးသည် ကိုယ့်ဟာကိုယ် တိတ်တဆိတ် ကျိတ်၍ အံ့ဩရသေးလေသည်။





၆

ပျိုးသည် သူ ပေးခဲ့သော ပီကေတောင့်လေးကို စားလည်းမစားရက်ခဲ့ပါ။ ပီကေတောင့်လေးကို အရိပ်တကြည့်ကြည့်ဖြင့်သာ ရှိနေခဲ့သည်။ တစ်လက်စတည်းမှာပဲ မံ့ ပြောဖူးသော ကိုယ်ချစ်တဲ့လူကကျွေးရင် အဲဒီ ချိုချဉ်ခွံလေးတောင် အမှတ်တရ သိမ်းထားချင်တယ် ဟူသော စကားကို ဖျတ်ခနဲ သတိရမိလျှင် ပျိုးရော အဲဒီလိုများ ဖြစ်နေပြီလားဟု တွေးမိသွားသည်။ အား ... ဒါဆိုရင် ပျိုးက သူ့ကို တစ်ဖက်သတ် ရင်ခုန်နေမိတာပေါ့။ ရှက်ဖို့ကောင်းလိုက်တာ။ အဲဒီလို တွေးမိတိုင်း ပျိုးရဲ့ပါးပြင်တွေသည် တရှိန်းရှိန်းဖြင့် ပူနွေးတက်လာလေ့ရှိသည်။

ကျောင်းရောက်သောအခါ အတန်းမတက်သေးခင် ပျိုးနဲ့ မံ့တို့နှစ်ယောက် ရေတမာပင်လေးအောက်က ခုံတန်းလေးမှာ ထိုင်နေတုန်း သူက ပျိုးရဲ့ Paper three စာအုပ်ကို လာပြန်



www.burmeseclassic.com

www.burmeseclassic.com



[illegible]သည်။ ပြီးတော့ ကန်တင်းသွားဖို့ လိုက်ခဲ့ပါလားဟု ဖိတ်ခေါ်သော်လည်း ဖျိုးတို့က အိမ်က စားလာပြီးသားဖြစ်၍ မလိုက်ဖြစ်ကြတော့။ သူ ထွက်သွားလျှင် မုံက ဖျိုးကို ပြုံးစိစိကြည့်ကာ ...

"စာအုပ်ကိုလည်း သေချာလှန်လှောစစ်ဦး၊ အထဲမှာ ရည်းစားစာတွေ ဘာတွေ ပါလာဦးမယ်"

"အာ ... မုံကလည်း။ ဘာတွေ လျှောက်ပြောနေတာလဲ"

ဘာတွေ လျှောက်ပြောနေတာလဲ ဟုသာ ဆိုရသော်လည်း ဖျိုးသည် မုံ့ရှေ့မှာ အဲဒီစာအုပ်ကို မဖွင့်ရဲဘဲ ဖြစ်နေသည်။ အထဲမှာ တစ်ခုခုများ ပါလာမလားဟု ကြောင့်ကြမှုကလည်း ရှိနေသေးသည်။

မုံကလည်း ဖျိုး မျက်နှာကိုပဲ အရိပ်တကြည့်ကြည့် ဖြစ်ကာ သူနဲ့တွဲနောက်ချင်သော အနေအထားမှာ ရှိသည်။

"သူက ဖျိုးရဲ့စာအုပ်ကို ဘာဖြစ်လို့ ငှားရတာလဲ။ ကေန္တတော့ ... ကေန္တပဲနော် ... ဟဲ ဟဲ"

"ဟာ် ... မဟုတ်ပါဘူး မုံကလည်း။ သူတို့ Paper three ပျက်ထားတာတွေရှိလို့ ငှားတာပါ။ သူ့သူငယ်ချင်းတွေလည်း အတန်းတွေ ပျက်ထားကြလို့တဲ့"

"ဩော် ... သူကတော့ အဲလိုပဲ ပြောမှာပေါ့။ မှန်မှန်ပြောစမ်း ကျုပ် မရှိတုန်း ရှင်တို့ ဘာတွေပြောကြသေးလဲ"

"မပြောပါဘူး"





"ဩော် ... မပြောဘဲနဲ့ ကြောင်ကြောင်ကြီးတော့ ထိုင်နေမလား။ မဟုတ်ပါဘူး ဖျိုးရဲ့၊ မုံက စပ်စုချင်တဲ့စိတ်နဲ့ လျှောက်မေးနေတာ မဟုတ်ပါဘူး။ ဖျိုးအတွက်ပါ။ ဖျိုးက ဒီလိုကိစ္စတွေမှာ အတွေ့အကြုံ မရှိဘူး မဟုတ်လား ...

ဒီတော့ ဖျိုးမှာ ခံစားချက်တစ်ခုခု ရှိတယ်ဆိုရင် ဖျိုးကို ကူညီပေးရအောင်လို့ပါ။ ဖျိုးဘက်ကနေပြီး ဖျိုးရဲ့ခံစားချက်တွေကို မျှဝေပေးမယ်။ နားထောင်ပေးမယ်လေ။ အဲဒီလိုသဘောနဲ့ ပြောတာပါ ...

ဟို ... ဖျိုးရဲ့ကိုယ်ရေးကိုယ်တာကို စပ်စုချင်စိတ်နဲ့ လျှောက်မေးနေတာ မဟုတ်ဘူးနော်။ အဲလို ထင်ရင်တော့ Sorry ပဲ"

"အို ... ဖျိုးက အဲဒီလိုသဘောနဲ့ပြောတာ မဟုတ်ပါဘူး။ ဟို ... ဘယ်လိုပြောမလဲ ဖျိုးတို့ ဘာမှ ထွေထွေထူးထူး မပြောဖြစ်ကြပါဘူး၊ ဒီလိုပဲ စာအုပ်ငှားရင်း ထွေရာလေးပါး လျှောက်ပြောကြတာ နည်းနည်းပါ"

"အင်း ... Class တက်ဖို့ ပြန်လာတော့ရော၊ အတူတူ ပြန်လာကြတယ် မဟုတ်လား"

"ဟယ် ... မုံက ဘယ်လိုလုပ် သိလဲဟင်"

ဖျိုးရဲ့အပြောကို မုံက တဟက်ဟက် ရယ်မောသည်။ ပြီးတော့ ဖျိုးရဲ့ဆံနွယ်လေးတွေကို အသာအယာ သပ်တင်ပေးနေပုံမှာ ဖျိုးရဲ့အစ်မကြီးတစ်ဦးသဖွယ်ပဲ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မုံက ယောက်ျားလေးတွေရဲ့ ခြေလှမ်းကို သိတာပေါ့ ပျိုးရဲ့"

"သိတယ် ! ဟုတ်လား"

"အင်းပေါ့ … အဲဒါကြောင့် ပျိုးကို မေးနေရာ။ သူ ပျိုးကို စိတ်ဝင်စားနေတယ်နဲ့ တူတယ်"

အဲဒီအပြောကြောင့် ပျိုးရဲ့ရင်ထဲတွင် ရှိန်းခနဲဖြစ်သွားသည်။ မျက်လုံးထဲတွင်လည်း လူကို ပြုံးရွှင်သော မျက်နှာထားဖြင့် စိုက်ကြည့်သော သူ့ရဲ့မျက်ဝန်းတောက်တောက်များကို ပြန်လည်မြင်ယောင်လာသည်။ သူ့မျက်ဝန်းတွေဟာ တောက်ပရုံတင်မကဘဲ စိုစိုလက်လက်ရှိကာ ရီနေကြသည်။ အတူယှဉ်တွဲလျှောက်ကြစဉ်က သူ့အနားမှာရသော ဖျော့တော့သင်းပျံ့သည့် မွှေးရနံ့လေးကိုတောင် ခုချိန်မှာ ပြန်ရလိုက်သလိုလိုပင်။ သူနဲ့ ပတ်သက်သည့် ရင်ခုန်ခြင်းကိုရော ပျိုး, မုံ့ကို အသိပေးသင့်ပါသလား။ မုံ့ကိုတော့ ပျိုး အပြည့်အဝ ယုံကြည်ပါသည်။

"မုံက ဘာကိုကြည့်ပြီး ပြောတာလဲ"

"ဩော် … သူ့ပုံစံတွေကို ကြည့်ပြီး ပြောတာပေါ့။ ဒီမှာ ပျိုး။ ပျိုးကို တစ်ခုပြောပြမယ်။ ပျိုး မသိသေးတဲ့ မုံ့ရဲ့ အလုပ်အကိုင်တစ်ခု ရှိသေးတယ် …

အဲဒါကတော့ တကယ်ချစ်ကြသူတွေကို မှန်မှန်ကန်ကန် ပေါင်းဖက်နိုင်အောင် အောင်သွယ် လုပ်ပေးတာပဲ"

"ဟယ် … မုံက အောင်သွယ်"





"အင်းပေါ့ … အောင်သွယ် ဆိုတာကကျွာ အတင်းကြီး လိုက်ပြီး စပ်ဟပ်နေတာမျိုးတော့ မဟုတ်ဘူးပေါ့။ ဒါပေမဲ့ ကာယကံရှင်နှစ်ယောက်က တစ်ယောက်နဲ့ တစ်ယောက် ကြည်ဖြူလိုလားကြတယ်ဆိုရင် ဖြစ်သင့်တာ မြန်မြန်ဖြစ်သွားအောင် ကြားဝင်ပေးလိုက်တဲ့သဘောပဲ။ ကိုယ့်ထမင်း ကိုယ်စားပြီး သူများကိစ္စကို လိုက်လုပ်တာပေါ့"

"အင် … ကြည့်စမ်း၊ မုံက အဲလိုလည်း လုပ်တတ်တယ် ပေါ့"

"လုပ်တတ်တယ်။ ဘာလို့လဲ မသိဘူး၊ မုံကြောင့် အဲဒီလို ပျော်ရွှင်ကြည်နူးသွားရတဲ့ အတွဲလေးတွေကိုမြင်ရင် သိပ် စိတ်ချမ်းသာတာပဲ။ အလိုလို ကိုယ်ပါ ကြည်နူးနေတယ် …

ကမ္ဘာကြီးမှာ တစ်ယောက်နဲ့တစ်ယောက် ချစ်ခင်စုံမက်ပြီး သစ္စာရှိတဲ့လူတွေများတာ ဝမ်းသာဖို့ ကောင်းပါတယ် ပျိုးရယ်။ တစ်ယောက်နဲ့ တစ်ယောက် ချစ်ကြတာ မင်္ဂလာပါ။ အဲဒီတော့ ပျိုးလည်း ရင်ထဲမှာ အချစ်တစ်ခု ခံစားနေရပြီဆိုရင် ဘာမှ အောင့်အည်းမထားနဲ့။ ချစ်သာ ချစ်ပစ်လိုက် … ဟား ဟား"

မုံက သူ့စကားသူ ပြန်သဘောကျကာ တဟားဟား နှင့် ရယ်မောနေသလို ပျိုးကလည်း ပျိုးအထာနဲ့ပျိုး ပြုံးနေမိသည်။ ပျိုး မျက်လုံးထဲတွင် သူ့ပုံရိပ်တွေကိုသာ ထပ်တလဲလဲ မြင်ယောင်နေမိသည်။ ညဘက် စာကျက်လျှင်သော်လည်းကောင်း၊ မနက်



www.burmeseclassic.com

www.burmeseclassic.com



အထဲ အိပ်ရာအထဲမှာသော်လည်းကောင်း၊ ကျောင်းသွားဖို့ ပြင်ဆင်နေစဉ်လျှင်လည်း ခါတိုင်းထက် လှချင်ပချင်နေတာသော်လည်းကောင်း၊ ဒါတွေဟာ ဘာဖြစ်မလဲ။

"ပျိုးကရော ... သူ့ကို စိတ်ဝင်စားသလားဟင်"

မုံက ပျိုး အနားနားသို့ကပ်ကာ တိုးတိုးလေးမေးသည်။

"အာ ... မုံကလည်း"

"ပြောပါ ပျိုးရဲ့။ မရှက်ပါနဲ့ ဒါ ရှက်စရာမှ မဟုတ်တာ။ ပျိုး ရင်ထဲမှာ ဘာတွေခံစားနေရသလဲဆိုတာ မုံကိုပြောပြမှ မုံက ကူညီလို့ ရမှာပေါ့ ...

မုံ့ရဲ့အမြင်ကို ပြောရရင် သူက ပျိုးကို စိတ်ဝင်စားတဲ့ ပုံပါပဲ။ ဒါပေမဲ့ သိတယ် မဟုတ်လား။ သူက မင်းသားလေ။ အီးကင်းဆိုတော့ ပဲလေး ဘာလေးလဲ နည်းနည်းများချင် များမှာပေါ့ ...

သူက ပဲများပုံမျိုး၊ ပျိုးက ရှက်နေ ကြောက်နေတဲ့ ပုံမျိုးနဲ့သာဆိုရင်တော့ ကျောင်းသာပြီးသွားတယ်။ ရည်းစား တောင် ဖြစ်သွားမှာ မဟုတ်ဘူး"

"အို ... မုံကလည်း ဘာတွေလျှောက်ပြောနေတာလဲ"

ပျိုးက ဒီတစ်ခါတော့ တကယ်ပဲ တအားရှက်သွားတာမို့ ထအော်မိသည်။ မုံက နားလည်စွာဖြင့် ပျိုးရဲ့လက်ကလေးကို ဖွဖွဆုပ်ကိုင်ကာ ...





"တကယ်ပြောနေတာ၊ မုံက အဲဒါမျိုးဆို ကြားထဲက သိပ်အသည်းယားတာ ပျိုးရဲ့။ ပျိုး ဘာမှလုပ်စရာမလိုဘူး။ ပျိုးကသာ သူ့ကို စိတ်ဝင်စားတယ်၊ လက်ခံနိုင်တယ်ဆိုရင် သူ ပျိုးကို လှုပ်ရှားလာဖို့က မုံ့တာဝန်ထား ...

ဒါမျိုးတွေ မုံက ဖြစ်လာတာ"

"မုံရယ် ... အဲ ... အဲဒီလိုတွေက ကောင်းပါ့မလား"

ပျိုးက အနည်းငယ် စိုးရိမ်နေသော မျက်နှာထားလေးဖြင့်ပြောလျှင် မုံသည် ဒီကလေးမရဲ့အထာကို သိစွာနှင့် လှစ်ခနဲ ပြုံးမိသည်။ သူမလေးလည်းပဲ ရှစ်မိုင်ကင်ရေးဝန်ကို ရင်ခုန်နေပြီဆိုတာကို မုံ့ သိတာပေါ့။ မလှုပ်တလှုပ် ခပ်ရှက်ရှက် ကောင်မလေးနှင့် ယောက်ျားပီသစွာ ချောမောသော မုတ်သုန်တို့ နှစ်ယောက်ဟာ လိုက်ဖက်ညီသည်ဟု မုံကတော့ ထင်သည်။ မုတ်သုန်ကလည်း နွယ်ပျိုးပင် ဆိုသော စိတ်ဝင်စားဖွယ်ရာ ခပ်ချောချော ကောင်မလေးကို စိတ်မဝင်စားဘဲနေမည် မဟုတ်ပါ။

မုတ်သုန်ကို စိတ်ဝင်စားသော၊ ရေလာဖို့ မြောင်းပေးကြသော ကောင်မလေးတွေ ရှိပင်ရှိငြား မုတ်သုန်ဟာ ဘယ်သူ့ကိုမှ စိတ်မဝင်စားတာကို မုံလည်း ကြားရသည်။ အခုလောလောဆယ်မှာ မုတ်သုန်နဲ့ ပတ်သက်တာဆိုလို့ ပျိုးသာလျှင် ရှိလေသည်။ မုတ်သုန်ဘက်ကို အနီးကပ် မလေ့လာရသေးပေမယ့် ပျိုးဘက်ကို လေ့လာကြည့်ရသလောက်တော့ ပျိုးရဲ့ရင်ခုန်သံတွေ မငြိမ်သက်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာကို မုံ ရိပ်မိနေရသည်။ မှတ်သုန်နဲ့တွေ့လျှင် ပြုံးတတ်သော ပျိုးရဲ့အပြုံးလေးများမှာ ခါတိုင်းထက် အသက်ဝင်တောက်ပနေလေ့ရှိသည်။ သူတို့နှစ်ယောက်ကို လိုက်ဖက်ညီလှသော အတွဲလေးအဖြစ် မြင်ချင်ရသည်မှာ ကိုယ့်ထမင်းကိုယ်စားပြီး ရှုးသွပ်နေရသော မုံ့ရဲ့ဝင့်ကြွေးတစ်ခုသာပဲ ဖြစ်ပါမည်။

"ပျိုး ဘာမှစိတ်မပူနဲ့။ ဒီကိစ္စမှာ ပျိုးက ဘာမှ ဝင်ပါစရာမလိုဘူး။ ပျိုးဘာသာပျိုး အလိုက်သင့်လေး နေရုံပဲ ...

မုံ့တာဝန်ထား။ အားလုံးကို မုံ တာဝန်ယူတယ်"

"ဟင်း ... ရင်တွေ တုန်လိုက်တာ မုံရယ်"

"ရင်တွေမတုန်နဲ့။ ရင်တွေက ခုန်ဖို့ပဲထား။ နောက်ဒီ့ထက် ပိုခုန်ရဦးမှာ။ ကဲ ... ပြော၊ သူ့အပြုအမူလေးတွေထဲမှာ ပျိုးကို ဘာတွေဂရုစိုက်တာရှိလဲ၊ အင်း ... ဂရုစိုက်တာကတော့ သူက စတွေ့တည်းက ဂရုစိုက်ခဲ့တာပါ။ ဘယ်အချိန်တည်းက ပျိုးကို ကြွေနေခဲ့မှန်းမှ မသိတာ၊ ဒါကြောင့် ပျိုး အခက်အခဲတွေ့တော့ ချက်ချင်းပဲ ကူညီနိုင်တာပေါ့ ...

ပျိုးနော် ... ရှင် ကျုပ်ကို ဘာတွေလှျိုထားသေးလဲ"

ပျိုးက အသာပြုံးကာ အိတ်ထဲမှ ခုထိ မစားရသေးသော ပီကေတောင့်လေးကို ထုတ်ပြလိုက်သည်။ မုံက ဘာလဲဟူသော အထာဖြင့် ငုံ့ကာ မေးဆတ်ပြသည်။





"စာအုပ်ငှားတဲ့နေ့တုန်းက ခေါက်ဆွဲသုပ်စားရင်း ပျိုးက စပ်တယ် ဆိုတာနဲ့ သူက ထုတ်ပေးတာ"

"သြော် ... သြော် ... ဒါကို ရှင်က မစားရက် မသောက်ရက်နဲ့ သိမ်းထားတယ်ပေါ့ ...

ကျုပ်ကို တစ်ခုကျွေးလေ"

မုံက သွေးတိုးစမ်းကာ မေးလိုက်လျှင် ပျိုးက အဲခနဲ ဖြစ်သွားသည်။ မထွေးနိုင် မအန်နိုင် ဖြစ်သွားသော အဲဒီပုံစံကို မုံက တဟားဟားပဲ ရယ်မိလေသည်။ ပြီးတော့ ပျိုးရဲ့ဆံပင်လေးတွေကို ညင်သာစွာ သပ်ဖွပေးလျက် ...

"နောက်တာပါ ပျိုးရယ်။ မုံ့ နားလည်ပါတယ်။ အချစ်ဆိုတာ သိပ်နူးညံ့ပြီး ဆန်းကြယ်တယ် ပျိုးရဲ့။ တစ်စုံတစ်ယောက်ကို ချစ်မိသွားတဲ့အခါမှာ အဲဒီခံစားမှုက ဘာနဲ့မှမတူဘူး။ သူ့မျက်နှာကို နောက်ဆုံး မြင်ယောင်ပြီးမှ အိပ်စက်ခြင်းကို ရောက်သလို သူ့မျက်နှာကို အရင်ဆုံး သတိရပြီးမှ နိုးထတဲ့အဖြစ်ဟာ အချစ်မှာပဲရှိတယ်"

ပျိုးသည် မှန်လိုက်လေဟု တိတ်တိတ်လေး ကျိတ်ပြီး ထောက်ခံမိသည်။ မုံက အချစ်အကြောင်းတွေ ဒီလောက်သိပြီး ချစ်သူ မရှိသေးတာကတော့ နည်းနည်းထူးဆန်းသည်ဟု ဆင်ပါသည်။ မုံကတော့ ပျိုး မျက်နှာကို ပြုံးစိစိကြည့်ကာ သက်မတစ်ချက် ထောင်ပြရင်း ပြောခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"တဲ ... ခရိုနီကစပြီး ပျိုးအတွက် မုံ Cupid လုပ်တော့မယ်နော်"

ပျိုးသည် ရှက်ပြုံးတစ်ခုဖြင့် အသာတိတ်ဆိတ်နေခဲ့တာကိုက လက်ခံခြင်းသင်္ကေတ တစ်ခုပဲ ဖြစ်ပါလိမ့်မည်။

❀ ❖ ❀

"ပ





"ဟေး ... ယူ၊ ကားကို ဘယ်လိုမောင်းနေတာလဲ"

မုံက ကားတံခါးကနေပြီး ခေါင်းပြူထွက်ကာ အော်လိုက်လျှင် ပါကင်သွင်းဖို့ ကြိုးစားနေသော မှတ်သုန်က သက်တစ်ဖက်ထုတ်ကာ ခဏဟူသော သဘောဖြင့် လက်ပြသည်။ ပြီးတော့မှ သူက ပါကင်ဝင်လို့ ရသွားသည်။ သူ ပါကင်ဝင်ပြီးတော့မှ မုံက ကားကို ရှေ့ဆက်မောင်း၍ရသည်။ မုံကတော့ တစ်ချက်မှာ လွယ်လွယ်ကူကူပဲ ပါကင်ထိုး၍ ပြီးသွားသည်။ ကားတံခါးပိတ်၍ ထွက်လာသောအခါ သူက ထွက်ခွာမသွားသေးပါ။ လက်ထဲမှသော့ကို အပေါ်မြှောက်ကာ ဆော့ရင်းမှ မုံ့ကို ခပ်ပြုံးပြုံးကြည့်နေ၏။ မုံသည် သူ့ကို ပျိုး၏အသည်းကျော်လေးဟူသော အသိဖြင့် ခါတိုင်းထက် သေချာစွာ အကဲခတ်မိသည်။

မင်းသားသည် အညိုရောင်၊ ဆင်စွယ်ရောင်၊ အနက်ရောင်များပါဝင်သည့် Alter Shirt လက်တို အကွက်ကျဲကျဲကို မီးခိုးရောင်ဂျင်း(န်)ဖြင့် လိုက်ဖက်ညီစွာ ဝတ်စားဆင်ယင်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



နားတစ်ဖက်မှာ မဟူရာနားကပ်က စပါးစေ့လောက်လေးဖြင့် မယဉ်မရိုင်း။ အနက်ရောင်ကျောပိုးအိတ်ကို လွယ်ထားကာ ပီကေကို တလှုပ်လှုပ်ဝါးရင်း မထိတထိ ပြုံးကြည့်တတ်သော မှတ်သုန်သည် ပင်ကိုရုပ်ရည်က ယောကျ်ားပီသစွာ ချောမောရုံမျှမက ဝတ်တာစားတာအပြင် စတိုင်(လ်)တစ်ခုလည်း ရှိသောကြောင့် ကျောင်းမှာ နာမည်ကြီးစာရင်းဝင်တစ်ယောက် ဖြစ်သည်။

သူနဲ့တွဲချင်သော ကောင်မလေးတွေမှာ ဒုနဲ့ဒေး။ သို့သော် သူက သူ့ဟာသူ အေးအေးဆေးဆေး နေတတ်တာကို တော့ မုံက အမှတ်ပေးရသည်။ ဒါကြောင့်လည်း ဖျိုးနဲ့သဘောတူခဲ့ခြင်း ဖြစ်ပါသည်။

သူက မုံ လျှောက်လာတာကို ပြုံးပြီးကြည့်ရင်းမှ...

"ဆောရီးကွာ၊ ပါ့ကင်က နည်းနည်းကျပ်နေလို့ပါ"

"နဲဗားမိုင်း ... နောက်လိုက်တာပါ"

"ဒီနေ့ ရာသီဥတု သာယာတယ်နော်"

သူက မုံ့ဘေးမှ လျှောက်ရင်းမှ စကားဆိုသည်။ မုံက သူ့ကို ပြုံးပြုံးလေး လှည့်ကြည့်ပြီး "အဲဒီတော့"ဟုထောက်လိုက်လျှင် သူက ဘာမှမဟုတ်ပါဘူး ဟူသော အထာဖြင့် ပခုံးတွန့်ပြသည်။

"ရှင် အတန်းသွားတက်တော့မှာလား"

"နိုး ... ကန်တင်း သွားမလို့"





"ဟုတ်လား ... ကျွန်မလည်း ကန်တင်းသွားမလို့ဘဲ"

"ဩော် ... ဘာမှ မစားခဲ့ဘူး ထင်တယ်"

"ဟုတ်တယ် ... ကန်တင်းက မုန့်ဟင်းခါးက ကောင်းတယ်ပြောလို့။ အဲဒါ စားကြည့်မလို့လေ"

အမှန်တော့ မုံက အိမ်မှာ စားလာပြီးသားဖြစ်သည်။ ဒါပေမဲ့ သူနဲ့ခင်မင်ဖို့၊ သူ့ဆီက ဖျိုးအကြောင်း ခံစားချက်လေးတွေ အစ်ထုတ်ဖို့က သူနဲ့ စကားများများ ပြောကြည့်မှဖြစ်မည်။ ဒါကြောင့် ကျောင်းရောက်လျှင် အတန်းတက်ဖို့ နောက်ထား၊ ကန်တင်းက ရေနွေးကြမ်းတစ်ခွက်လောက် သောက်လိုက်ရမှ အာသာပြေတတ်သော ယောကျ်ားလေးတို့ ထုံးစံကို သိစွာဖြင့် ကန်တင်းကို လမ်းကြောင်းလိုက်ရခြင်းဖြစ်သည်။

"ဟင်း ... မင်းက အခုမှ စားကြည့်မှာလား။ ကိုယ်ကဖြင့် တစ်ပတ်ကို ငါးရက်လောက် အဲဒီမုန့်ဟင်းခါးကို စားရမှ။ ကျန်တဲ့နှစ်ရက်က ကျောင်း[illegible]က်လို့ မစားတာ ...

မုန့်ဟင်းခါးအပြင် ဘဲသွေးနဲ့ နို့စိမ်းခေါက်ဆွဲလည်း ကောင်[illegible]ယ်။ ဒါပေမဲ့ ကိုယ်က မုန့်ဟင်းခါး [illegible]ဖရိတ်။ မုန့်ဟင်းခါးကောင်းကောင်းတစ်ပွဲနဲ့ လက်ဖက်ရည်ကျစိမ့်တစ်ခွက် သောက်ပြီးမှ ကိုယ့်နံနက်ခင်းက ပြည့်စုံတယ်"

"ဟုတ်လား ... အဲဒါဆို ကန်တင်းက မုန့်ဟင်းခါးက တော်တော်ကောင်းတယ်နဲ့တူတယ်"

"ကောင်းတာပေါ့၊ မင်းကို ကိုယ် ဝယ်ကျွေးမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း ... အားနာစရာကြီး"

မံ့ရဲ့အပြောကို သူက တစ်ချက်ငဲ့ကြည့်ကာ ဟက်ဟက်ပက်ပက်ရယ်သည်။ ဘေးတစ်စောင်း မြင်နေရသော သူ့ရဲ့အရယ်မျက်နှာနှင့် လုစ်ခနဲ ပေါ်သွားသော သွားတက်သည် မိန်းကလေးတွေကို ဆွဲဆောင်စေတာပဲဟု မံ့က တွေးနေမိသည်။ သူနဲ့ မံ့သည် ကန်တင်းသို့ အတူတွဲလျှောက်လာကြရင်းမှ စကားပြောလာကြသည်။

"ရှင့် သူငယ်ချင်းတွေရော"

"သူတို့လား၊ သူတို့ အခ,စားဝင်နေတယ်နဲ့တူတယ်။ ပြီးမှ လာကြလိမ့်မယ်။ မင်းက ကိုယ့်ကိုကျတော့ မေးနေတယ်။ မင်းကျတော့ရော"

မံ့က ဘာကိုဆိုလိုမှန်း သိသော်လည်း ခဏတော့ ရှုးချင်ယောင် ဆောင်လိုက်သည်။

"ဘာကိုပြောတာလဲ။ နားမလည်"

"နားမလည်ဘူးလား၊ နားမလည်ရင် နားကိုဆွဲလှည့်ပေးမယ်"

သူက လက်ကိုဆွဲလှည့်သည့်သဏ္ဍာန် လုပ်ကာ ရယ်ရယ်မောမော ပြောသည်။ တစ်နည်းအားဖြင့်တော့ မံ့ကို နောက်လိုက်တာပဲဖြစ်သည်။ အဲဒီလို ရယ်မောနောက်ပြောင်လိုက်သော ပုံစံဟာ တကယ်ပဲ ကြည့်ကောင်းတာကိုတော့ မငြင်းနိုင်။ သို့သော် မံ့က သူ့အပေါ်မှာ ရိုးသားပါသည်။ မံ့ ခင်မင်ချစ်ခင်





ရသော သူငယ်ချင်းမလေးနှင့် အင်မတန် လိုက်ဖက်ညီမည့် အတွဲတစ်တွဲဟု မျှော်လင့်ရသည်။ အဲဒီလို ချိတ်ဆက်ပေးနိုင်ဖို့ အတွက်လည်း သူနဲ့ မံ့ကြားတွင် ရင်းနှီးခင်မင်မှုတစ်ခုရအောင် တည်ဆောက်ရပေလိမ့်ဦးမည်။

"မင်းဘော်ဒါ နှယ်ပျိုးပင်ကို မေးတာ"

"ဩော် ... ပျိုးလား။ မလာသေးဘူး နေမှာပေါ့။ သိဘူးလေ။ ဘာလဲ ... ရှင်က ပျိုးကို တွေ့ချင်လို့လား"

"မဟုတ်ပါဘူး၊ သူ့ ကြည့်ရတာ မင်းကို တော်တော်ခင်ပုံပဲနော်။ ခင်ရုံတင်မကဘူး ဘယ်လိုပြောမလဲ အားကိုးတကြီးပုံစံမျိုးနဲ့ ...

ဒါပေမဲ့ တွေ့ခါစကလောက်တော့ မဆိုးတော့ပါဘူး၊ တွေ့ခါစကတော့ လူကြောက်တတ်တဲ့ ပုံစံလေးနဲ့။ လေတိုက်တိုင်း ကြောက်နေတော့တာ၊ ဒါကြောင့်လည်း လက်ရဲဇက်ရဲကောင်တွေရဲ့ ပစ်မှတ် ဖြစ်သွားတာပေါ့။ ခုတော့ တော်တော်ဟုတ်နေပါပြီ၊ မင်း ပုံစံသွင်းပေးလိုက်တယ်နဲ့ တူတယ်"

"ပုံစံသွင်းပေးတာရယ်တော့ မဟုတ်ပါဘူး။ သူ့ကို နေတတ်ထိုင်တတ်အောင် ပြောပြပေးတဲ့ သဘောပါ။ သူ့ဘဝက သနားဖို့ ကောင်းပါတယ် ...

ငယ်ငယ်လေးတည်းက အမေကမရှိတော့ဘူးလေ။ သူ တစ်တန်းလောက်တည်းက ဆုံးသွားတယ်ဆိုလား။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ သူ့မှာ ကြီးတော်ကြီး လက်ထဲမှာပဲ ကြီးပြင်းခဲ့ရတယ် ...

အုပ်ချုပ်ပုံက ရှေးရိုးစွဲတယ်နဲ့ တူပါရဲ့။ ကိုယ့်ကိုယ်ကိုယ် confidence မရှိတော့ဘဲ အဲဒီလိုပုံစံမျိုး ပေါက်သွားတာ"

သူက အင်း ... အင်း ဟူသော သဘောမျိုးဖြင့် နှုတ်ခမ်းကို တင်းတင့်စေ့ပြီး ပြုံးကာခေါင်းညိတ်ပြသည်။ မုံသည် ဒီနေရာမှာ မျိုးအကြောင်းတွေ ထည့်နိုင်သမျှ ထည့်ရဦးမည်ဟု သဘောပေါက်သဖြင့် မုန့်ဟင်းခါးဆိုင် ရောက်သည့်တိုင်အောင် မျိုးအကြောင်းကို ထပ်ဆက်တုန်းပဲဖြစ်သည်။

"သူက ယောကျ်ားလေးတွေနဲ့ ပတ်သက်လာရင်လည်း စကားတောင် လေလုံးကွဲအောင် ပြောဖူးတဲ့သူ မဟုတ်ဘူးလေ။ ယောကျ်ားလေး အသိမိတ်ဆွေ မရှိတာကိုပဲ ဂုဏ်ယူနေစေချင်တဲ့ ကြီးတော်ကြီး လက်ထဲမှာ ပုံစံသွင်းခံလာရတော့ တကယ်တမ်း ယောကျ်ားလေးတွေနဲ့ ကြုံရတော့ မဖြေရှင်းတတ်တော့ဘူး ဖြစ်သွားတာပေါ့ ...

ဒါကြောင့် ကျွန်မက သူ့ကို ယောကျ်ားလေး သူငယ်ချင်းလည်းထားဖို့ တိုက်တွန်းတာ။ ထားရင်လည်း ကချော်ကချွတ် ဂျိုးဂျောင်ဆိုလည်း မဖြစ်ဘူးလေ။ အဲဒါကြောင့် ရှင်တို့ကိုတော့ သူငယ်ချင်း တော်ဝ ားလို့ ...

သူ့အတွက် ရှော့မရှိဘူးဆိုတာ သိလို့လေ"





"မုန့်ဟင်းခါးက ကိုယ်ကျွေးမှာပါ"

သူက ပြုံးစိစိဖြင့် နောက်သည်။ ဒီလောက်တော့ မုံကလည်း မခေပါ။

"ဟင့်အင်း ... လက်ဖက်ရည်ပါတိုက်မှ။ ရှင်တော့မသိဘူး ကျွန်မက မုန့်တစ်ခုခုနဲ့ လက်ဖက်ရည်နဲ့ တွဲစားရမှ perfect ဖြစ်တယ်လို့ ထင်တာ။ ဟိုဘက်ဆိုင်က လက်ဖက်ရည်ပါ မှာလိုက်မယ်နော်"

သူက မုံ့အပြောကို မျက်ခုံးပင့်ကာ ခေါင်းယမ်းပြီး အသာရယ်နေလေသည်။ အဟုတ်ကိုပဲ မုံက စားပွဲထိုးလေးကို လက်ဖက်ရည်တစ်ခွက် မှာခိုင်းလိုက်သေးလေသည်။ အိမ်က စားလာပြီးသား ဖြစ်သော်လည်း မုန့်ဟင်းခါးက တကယ်ပဲ ကောင်းလွန်းတာမို့ ဗိုက်ထဲသို့ ရှောရှောရှူရှူပဲ ဝင်သည်။ လက်ဖက်ရည်နဲ့ ကော်ဖီကတော့ ဘယ်အချိန် ဘယ်နေရာမှာပဲဖြစ်ဖြစ် လာထားပဲမို့ ပြဿနာမရှိ။

မုံက မုန့်ဟင်းခါး ပန်းကန်ထဲမှ ကြက်သွန်နီဥတစ်ဖတ်ကို ပါးစပ်ထဲ မြှုထားရင်း ...

"မုန့်ဟင်းခါးက တကယ်ကောင်းတယ်နော်၊ အပြင်ကဆိုင်တွေထက်တောင် ကောင်းသေးတယ်"

သူက ကြိုက်နေပြီ မဟုတ်လား ဟူသော ပုံစံဖြင့် ပြုံးကြည့်သည်။ မုံက အဲဒီအပြုံးကို ငေးကြည့်နေမိသောအခါ သူ့



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးထဲတွင် အရိပ်တစ်မျိုး ဖြတ်ပြေးသွားသည်။ အဲဒီအရိပ်ကြောင့် မုံက စကားလမ်းကြောင်းကို လွှဲလိုက်သည်။

"ရှင်နဲ့ကျွန်မ စတွေ့တုန်းက ပစ္စည်းလာယူဖို့ ချိန်းတာ ခဏ ခဏ ပျက်ကွက်လို့ ရှင် ကျွန်မကို တင်းတယ်နဲ့တူတယ်နော်"

"အင်း ... တင်းတယ်တော့လည်း မဟုတ်ပါဘူး။ ဒါပေမဲ့ တစ်မျိုးပေါ့။ ခဏ ခဏ ချိန်းပြီး ပျက်နေတော့ ဘယ်လိုကြီးလဲပေါ့။ မလေးစားတဲ့ အထာလားပေါ့ ... ဟဲ ဟဲ"

အဲဒီအပြောကိုတော့ မုံက မျက်စောင်း အသာထိုးမိသည်။ သူကလည်း အသာရယ်မော်ပါသည်။

"မလေးစားတဲ့အထာ မဟုတ်ပါဘူး။ အဲဒီတုန်းက ..."

"သိပါတယ်၊ မင်း သူများကိစ္စတွေ လိုက်ကူညီနေလို့ မဟုတ်လား၊ ပျိုးက အဲဒီအကြောင်းတွေ ပြောပြပြီးသားပါ"

ပျိုး ... တဲ့။ မုံသည် စိတ်ထဲမှ အသာကျိတ်ပြုံးမိသည်။ အပြင်ဘက်မှာတော့ လက်ဖက်ရည်တစ်ငုံကို အရသာခံသောက်ရင်း ...

"ကျွန်မက နောက်ဆုံးပေါ်သွေးလေ၊ နောက်ဆုံးပေါ်သွေးရဲ့ဗီဇက အဲဒီလိုပဲ"

"ဘာနောက်ဆုံးပေါ်သွေးလဲ။ နောက်ဆုံးပေါ်ရောဂါပဲ ကြားဖူးပါတယ်၊ အဲဒါကို ပြောတာလား"





"နောက်တယ်ပေါ့။ မဟုတ်ပါဘူး တကယ်ပြောနေတာ။ အံမယ် ... အေ့စ်ရောဂါကို ရှင်က နောက်ဆုံးပေါ်ရောဂါလို့ သတ်မှတ်ထားတာလား။ ဒါဆို ရှင်က ပြားတဲ့ကမ္ဘာကြီးပေါ်မှာ နေတဲ့သူ မဟုတ်တော့ဘူး"

"ဟား ... ပြားတဲ့ကမ္ဘာကြီးပေါ်မှာ။ တော်လီကီတွေကတော့ လိုက်ကို မမီတော့ဘူး။ ဟုတ်ပါတယ်။ မင်းပဲ ပြားတဲ့ကမ္ဘာကြီးပေါ်မှာ နေပါ။ ကိုယ်ကတော့ လုံးလုံးလေးပဲ ကြိုက်တယ် ... ဟဲ ဟဲ"

"ဟွန်း ... တော်ပြီ။ အကောင်းပြောမို့ဟာ ပြောတော့ဘူး"

"ဩော် ... အဲလိုတော့ သွေးမကြီးပါနဲ့။ တကယ် မသိလို့ပါကွာ ... ပြောပါ။ ဟိုဟာ ကမ္ဘာပြားတယ်ဆိုတဲ့ စကားကိုတော့ နားလည်ပါတယ်။ အရင်တုန်းကတော့ ကမ္ဘာကြီးက လုံးတယ်၊ ခုတော့ IT ခေတ်မှာ အစစအရာရာမြန်ဆန်လို့ ပြားပြီလို့ တင်စားပြောတာကို သိပါတယ် ...

ဒါပေမဲ့ နောက်ဆုံးပေါ်သွေး ဆိုတာကိုတော့ တကယ်ပဲ နားမလည်ဘူး"

"အင်း ... အဲဒါက တကယ်ပါ။ သွေးအုပ်စုကိုတော့ ရှင်ကြားဖူးတယ် မဟုတ်လား။ အဲဒီ သွေးအုပ်စုတွေနဲ့ လူတွေရဲ့ စိတ်နေစိတ်ထား၊ သဘာဝ၊ ဗီဇလေးတွေနဲ့က ဆက်စပ်နေတယ်ရှင့်။ ကျွန်မလည်း စာအုပ်ထဲမှာ ဖတ်ဖူးတာပါ ..."



www.burmeseclassic.com

www.burmeseclassic.com



သွေးက လေးမျိုးပဲရှိတယ်။ အေ၊ ဘီ၊ အိုနဲ့ အေဘီ သွေး။ ဒါတွေပဲ။ တစ်ကမ္ဘာလုံးရဲ့ ၄၅ % သော သွေးက အိုသွေး၊ အေက ကမ္ဘာရဲ့ ၄၀ % ။ ဘီက ၁၁ % နဲ့ အေဘီကတော့ ၄ % ပဲ ရှိတယ် ...

ကမ္ဘာပေါ်မှာ ပထမဆုံး စပေါ်တာ အိုသွေး။ သူက အရင့်ကျက်ဆုံးသွေးပေါ့။ အိုသွေးက Hunter တွေ၊ တိုက်နိုက်မယ်၊ အမဲလိုက်မယ်၊ ဖိုက်မယ်၊ အငြိမ်မနေဘူး၊ လှုပ်ရှားနေမယ်၊ ဒါက အိုသွေးသမားတွေရဲ့ ဗီဇ။ ကျောက်ခေတ်တုန်းက သွေးပေါ့"

မုံက စကားစကို ခဏနားပြီး မုန့်ဟင်းခါး ဆက်စားလျှင် သူက ခေါင်းတစ်ချက်ညိတ်ကာ ထောက်ပေးသည်။

"အင်း ... ဆက်ပြောပါဦး။ စိတ်ဝင်စားဖို့ ကောင်းသားပဲ"

"အို ပြီးတော့ အေ လာမယ်။ အေကကျတော့ သူက အငြိမ်နေမယ်။ သမိုင်းဦးပုံပြင်လို လယ်တွေစိုက်မယ်၊ ယဉ်ကျေးမှုတွေ ထူထောင်မယ်၊ အုပ်ချုပ်ရေးတွေလုပ်မယ်၊ အဲဒါ အေသွေးပေါ့ ...

ဘီသွေးကျတော့ သမိုင်းဦးခေတ်ကို ကျော်ပြီး ကုန်သွယ်ရေးရာခေတ်ကို ရောက်တယ်၊ စီးပွားရှာမယ်၊ ကုန်သွယ်မယ်၊ အလုပ် လုပ်မယ်။ အေဘီကတော့ နောက်ဆုံးပေါ်သွေး၊ New Age တွေ၊ ဒီကွန်ပျူတာတွေ အီလက်ထရွန်းနစ် တီထွင်တာတွေ၊ မော်ဒန် Art တွေ၊ လမ်းသစ်





ကိုထွင်တာ အေဘီတွေပေါ့။ ကျွန်မပြောတဲ့ နောက်ဆုံးပေါ်သွေးဆိုတာ အဲဒါကိုပြောတာ ...

ဂျပန်မှာဆို အလုပ်ခန့်ရင် သွေးအုပ်စုကိုကြည့်တာများတယ်။ အလုပ်လျှောက်ရင် အေဆို ဘယ်ကိုပို့လိုက်၊ ဘီကို ဘယ်ပို့လိုက်၊ အဲလိုမျိုးတွေ ကျွန်မ စာအုပ်ထဲမှာ ဖတ်ဖူးတယ်"

"အင်း ... ကြားရတာ ဗဟုသုတ ရပါပေတယ်။ မုန့်ဟင်းခါးကျွေးရကျိုးနပ်ပါတယ်"

"ဟဲ ဟဲ ... အလကား မစားပါဘူးနော်။ ပျိုးက အေသွေးလေ၊ ရှင်ရော"

"ကိုယ်က အိုပေါ့။ မင်း ပြောတာတွေနဲ့ နီးစပ်ပါတယ်။ Fighter ပေါ့"

"ဟုတ်တယ်၊ ကျွန်မ တော်တော်များများကို Research လုပ်ကြည့်တာ အဲဒီလို ဆက်စပ်နေတာ တွေ့ရတယ်"

"အင်း ... မင်းကတော့ စုံပါပေတယ်"

သူ့ရဲ့မှတ်ချက်စကားကို မုံက ပြုံးရုံသာ ပြုံးနေလိုက်သည်။ ပျိုးနဲ့ပတ်သက်ပြီး သူ့ဆီက ဘာနှိုက်ရင်ကောင်းဦးမလဲ။ မုံက လက်ဖက်ရည်ကို တစ်ငုံ ငုံရင်းမှ သူ့ကို မသိမသာ အကဲခတ်လိုက်လျှင် သူကလည်း မုံကို ကြည့်လာတာနှင့် ကြုံသောကြောင့် ကပျာကယာ မျက်နှာလွှဲလိုက်ရသည်။ လွှဲပြီးတော့မှပဲ မုံဟာ ကိုယ့်ခေါင်းကိုယ် ပိတ်ထုချင်သွားသည်။ ကျွတ် ... ဘာကိစ္စများ



www.burmeseclassic.com

www.burmeseclassic.com



ချောက်မှာလွဲမိပါလိမ့်။ တကယ်ဆို ကိုယ်က မရိုးသားတာမှ မဟုတ်တာ။ သူ့ကို ရဲရဲကြည့်ရဲရမှာပေါ့။ မုံသည် နောက်တစ်ခါ ဒီလို မဖြစ်စေရန် တေးထားလိုက်သည်။

"ရှင် ဂစ်တာ တီးတတ်လားဟင်"

"ဂစ်တာ ! ဘာဖြစ်လို့လဲ"

သူက ပြုံးစိစိဖြင့် ပြန်မေးသည်။ သူမို့ တစ်ဖက်သားကို ပြုံးစိုက်ပြီး ကြည့်မေးလျှင် အတော်ကြည့်ကောင်းကြောင်း တစ်ထိုင်တည်းနဲ့ မုံ လက်ခံရပြီဖြစ်သည်။

"ဪ ... ဘာမှမဟုတ်ပါဘူး။ မေးကြည့်တာပေါ့၊ တီးတတ်လားလို့"

"ဘယ်လို ထင်လို့လဲ"

သူက မချိုမချဉ်ဖြင့် ပြုံးစိစိ ပြန်မေးနေလျှင် မုံသည် ဒီတစ်ခါတော့ ဘာမှမပြောတော့ဘဲ သူ့ကိုသာ စိုက်ကြည့်နေလိုက်တော့သည်။ တစ်စက္ကန့် နှစ်စက္ကန့်လောက် ကြည့်တော့ မှပဲ ကိုယ်တော်ချောက ပခုံးတစ်ချက်တွန့်ကာ ...

"ဆရာအဆင့်"ဟု ဖြေသည်။ ပြီးတော့ မုံ့ကို အဓိပ္ပာယ်ပါစွာဖြင့် ပြုံးစိုက်ကြည့်လျက် ...

"ဘာလဲ ... မင်းက ကိုယ့်လက်ရာကို နားထောင်ချင်လို့ လား"

"အင်း ... တီးပြမယ် ဆိုရင်တော့ နားထောင်ချင်တာပေါ့"

"ကိုယ်က ကောင်မလေးတိုင်းကို တီးမပြတတ်ဘူးကွ"





"ကျုပ်က ကောင်မလေးတိုင်းမှ မဟုတ်တာ"

မုံရဲ့အပြောကို သူက မျက်လုံးပြူးပြသည်။ ပြီးတော့ မုံ့ကို နှုတ်ခမ်းနှစ်ဖက်များ ကော့တက်အောင် ပြုံးပြသည်။ အဲဒီ အပြုံးမှာ ခင်မင်နှစ်လိုဖွယ် ကောင်းပါသည်။ မုံ့ကို ကြည့်လာသော အကြည့်များထဲတွင် ရင်းနှီးရိပ်တွေ ယှက်သိုင်းနေသည်။

"ဟုတ်လား ... မင်းက ဘယ်လို ကောင်မလေးလဲ"

"လေးမျက်မုံလေ"

"လေးမျက်မုံ ဆိုတော့ ဘာဖြစ်လဲ"

"ဪ ... လေးမျက်မုံ ဆိုမှတော့ လေးမျက်မုံပေါ့။ လေးမျက်မုံ ဆိုကတည်းက ဘယ်သူနဲ့မှ မတူတော့ဘူးလေ"

"ဟုတ်ပါပြီ။ ကြွတော့ တီးပြတာပေါ့။ မင်းရော တီးတတ်လား"

"ဂစ်တာတော့ မတီးတတ်ဘူး။ ဝါးလက်ခုပ်နဲ့ လင်ကွင်းတော့ တီးတတ်တယ်"

"ဟား ဟား ... မင်းက နောက်တတ်သားပဲ။ သင်ထားလေ ... မင်းကြည့်ရတာ ဂစ်တာတီးတာကို စိတ်ဝင်စားမယ့်ပုံပါ"

"စိတ်တော့ ဝင်စားပါတယ်၊ ဒါပေမဲ့ လက်အညောင်းခံပြီး မသင်နေတော့ပါဘူး။ တီးပြမယ့်သူတွေ ရှိတာပဲဟာ။ သူတို့တီးတာတွေကိုပဲ နားထောင်မှာပေါ့။ အဟိ ... မကောင်းလား"



www.burmeseclassic.com

www.burmeseclassic.com



သူက နှုတ်ခမ်းကို တစ်ချက်မဲ့ကာ ခေါင်းတဆတ်ဆတ်ညိတ်ပြသည်။ အဲဒီပုံစံကို မုံက ခပ်ဟက်ဟက် ရယ်မောမိသည်။ မုန့်ဟင်းခါးလည်း စားလို့ကောင်းလို့ ကုန်ပြီ။ ကုန်ရုံတင်မက ဘူးသီးကြော်နဲ့ ဟင်းရည်တောင် ထပ်တောင်းသောက်ပြီးပြီ။ လက်ဖက်ရည်ကလည်း ဖင်ကပ်တောင် မကျန်တော့။ အတန်းတက်ဖို့ အချိန်ကလည်း နီးလာပြီ၊ ဒီကြားထဲ ပျိုးကလည်း မုံ့ကို မတွေ့သဖြင့် ဖုန်းဆက်ခေါ်နေပြီဖြစ်သည်။

"မုံ ဘယ်ရောက်နေတာလဲဟင်။ ဒီနေ့ ကျောင်းမတက်ဘူးလား"

"တက်မှာ ... တက်မှာ ... လာပြီ။ ခဏလေးနော်"

မုံက ဖုန်းပိတ်ပြီးနောက် သူ့ကို နှုတ်ဆက်သည့် အပြုံးဖြင့်ကြည့်ကာ မတ်တတ်ထရပ်သည်။

"ကဲ ... ကျွေးမွေးဒါနပြုစုခဲ့တဲ့အတွက် ကျေးဇူးပါပဲ။ နောက် တွေ့ကြတာပေါ့၊ ခုတော့ အတန်းသွားတက်လိုက်ဦးမယ်"

"အိုကေ ... ဆီးယူပါ လေ:"

သူက လက်တစ်ဖက်ပြရင်းမှ အထာကျစွာ နှုတ်ဆက်သည်။ မုံသည် လှည့်ထွက်ရန် ပြင်ပြီးတော့မှ သူ ခေါ်လိုက်သော နာမည်တစ်ခုကြောင့် မျက်မှောင်ကြုတ်ကာ မေးမိသည်။

"ရှင် ကျွန်မကို ဘယ်လိုခေါ်လိုက်တယ်"

"No five ... four လေ"





"ဘာဖြစ်လို့ လေးလို့ ခေါ်ရတာလဲ"

"သိဘူး ... မင်းကို အဲဒီလိုပဲ ခေါ်ချင်စိတ်ရှိလာလို့။ လေးမျက်မုံလို့လည်း မခေါ်ချင်ဘူး။ ဘော်ဒါတွေ ဖြစ်သွားပြီဆိုတော့ တစ်ခုခု ရင်းရင်းနှီးနှီး ခေါ်ချင်တယ်။ မုံလို့လည်း မခေါ်ချင်ပါဘူး။ somethings ပေါ့ ...

ဒီတော့ လေးလို့ ရိုးရိုးလေးပဲ ခေါ်လိုက်တယ်၊ မကောင်းလား"

သူက မုံ မေးလေ့မေးထရှိသော မကောင်းဘူးလားဆိုသည့် မေးခွန်းကို ပုံစံပြောင်းထားသည့် "မကောင်းလား"ဟူသော စကားအတိုင်း ပြန်မေးသည်။ မုံသည် မကောင်းဘူးလား၊ ကောင်းလား ပြန်ပြောမနေတော့ဘဲ ပခုံးတစ်ချက်တွန့်ကာ သူ့ကို ဘာတာပြလျက် ကန်တင်းမှ ပြန်ထွက်လာခဲ့သည်။ မုံ့ ခေါင်းထဲတွင်တော့ သူ ဘယ်လိုပဲခေါ်ခေါ် အရေးမကြီး၊ သူနဲ့စကားပြောပြီးသောအခါ ပျိုးနဲ့ သူနဲ့ကို ဒီ့ထက် နီးကပ်သွားအောင် ဘယ်လိုကြံဆောင်ရမလဲ ဆိုတာကိုသာ စိတ်ကူးကြံရွယ်လျက် ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၇

"ပျိုးလေး ... သမီး သူငယ်ချင်း ရောက်နေပြီ"

"ဩော် ... ဟုတ် ... လာပြီ ဒေါ်လေးစော"

ပျိုးသည် မှန်ရှေ့မှ ထပြီးနောက် ကိုယ့်ပုံရိပ်ကိုယ် မှန်ထဲမှာ တစ်ချက်စစ်လိုက်သည်။ ဒေါ်လေးစောက ပျိုးကို တစ်ချက်အကဲခတ်ကာ ဘာမှမပြောဘဲ အသာလှည့်ထွက်သွားသည်။ ပျိုးက ဆံပင်ကို ခေါင်းဘီးနဲ့ တစ်ချက် နှစ်ချက် ထပ်သပ်ရင်းမှ ဘာမှမလိုတော့ပါဘူးလေဟု သုံးသပ်မိသည်။ မှန်ထဲမှာ ပေါ်နေသော ပုံရိပ်သည် အဖြူရောင် ရယ်ဒီမိတ်အကျီလှလှကို အနက်ရောင် စခေတ်ရှည်တစ်ထည်ဖြင့် တွဲဖက်ဝတ်ဆင်ထားသော ကောင်မလေးတစ်ယောက်ရဲ့ပုံစံ ဖြစ်သည်။ ဒါတောင် မုံနဲ့ အတူတူတွဲ၍ အပြင်ထွက်မှာမို့ ဒီလောက် ခေတ်မီအောင် ဝတ်ထားခြင်းဖြစ်သည်။ ခါတိုင်းကတော့ မြန်မာဝတ်စုံပုံဆန်းလေးများကိုသာ စတိုင်လ်တစ်ခုအနေနဲ့ စွဲစွဲမြဲမြဲ ဝတ်ခဲ့တာဖြစ်သည်။



ဒီနေ့တော့ နည်းနည်းလေး သွက်ခဲ့ပါဟု မုံက ဘိုက်တွန်းသဖြင့် ပျိုးက ဒီလောက်ထုတ်ထားခြင်း ဖြစ်သည်။ အရင်ကတော့ ဒီလိုမျိုး သူငယ်ချင်းတွေ ဘာတွေဖြင့် ပျိုးက အွက်လေ့ထွက်ထ မရှိပါ။ အခုတော့ မုံက တိုက်တွန်းတာရော၊ ပျိုးက စိတ်ပါပဟရောကြောင့် ကျောင်းပိတ်ရက်မှာ ဟိုဟိုဒီဒီ သွားဖို့ အကြောင်းဖန်လာသည်။ ဒေါ်လေးစောကတော့ သိပ်မလွှတ်ချင်။ သို့သော် အရင်ကထက်စာလျှင် မျက်စိပွင့် နားပွင့်ကာ ပြောရဲဆိုရဲ ရှိလာသော ပျိုးက မုံ့အကြောင်းကိုလည်း ပြောပြထားသဖြင့် ဒေါ်လေးစောလည်း ခွင့်မပြုပေးလို့ မရတော့။

ဖေဖေကတော့ ခေတ်ပညာတတ်ပြီး နားလည်မှုရှိသော လူကြီးပီပီ သူ့အစ်မရဲ့ ရှေးရိုးစွဲ အုပ်ချုပ်ပုံတွေကိုလည်း သိသဖြင့် ပျိုးဘက်ကလိုက်ကာ စည်းကမ်းတွေကို လျှော့သင့်သလောက် လျှော့ပေးသည်။ ဖေဖေ ကိုယ်တိုင်လည်း အိမ်မှာမုန့်လုပ်စားစဉ်က မုံ့ကို နှစ်ခါ သုံးခါ တွေ့ဖူးထားပြီး မုံ့ရဲ့စတိုင်လ်ကိုလည်း သဘောကျတာမို့ မုံနဲ့ ခင်မင်စွာ ပေါင်းသင်းတာကို ဘာမှမကန့်ကွက်။ ပျိုးကတော့ မုံနဲ့ အတွေ့နောက်ကျသည်ဟုတောင် ထင်မိလေသည်။

မုံသည် ပျိုးအတွက် တကယ့်ကို သူငယ်ချင်းကောင်းဖြစ်ပါသည်။ ငယ်ပေါင်းကြီးဖော် မဟုတ်ခဲ့သော်လည်း ရင်းနှီးဖော်ရွေပွင့်လင်းကာ စိတ်နှလုံးသား ကောင်းမွန်သော မုံ့ကို ဟိုးနှစ်ပေါင်းများစွာက ခင်မင်လာခဲ့ရသူလိုပဲ ရင်းချာမိ၏။ ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



မုံသည် ပျိုးရဲ့နှလုံးသားကို နားလည်ပေးနိုင်သောသူလည်း ဖြစ်သေးသည်။ တိတ်တဆိတ် ရင်ခုန်သံပိုင်ရှင်ဖြစ်သော ပျိုးရဲ့နှလုံးသားအတွက် တိုးတိုးဖော်၊ တိုင်ပင်ဖော်လည်း ဖြစ်သေးသည်။ ဒီလိုစိတ်ထားကောင်းသည့် သူငယ်ချင်းတစ်ယောက်နှင့် ဆုံစည်းခွင့်ရခဲ့သည့်အတွက် ပျိုးကိုယ်ပျိုး ကံကောင်းသည်ဟု ထင်မိပါသည်။

ပျိုးသည် လက်ကိုင်အိတ်ကိုဆွဲကာ အောက်ထပ်သို့ ဆင်းလာတော့ ဧည့်ခန်းထဲမှာ ထိုင်စောင့်နေသည့် မုံက မတ်တတ်ထရပ်သည်။ မုံကတော့ ဘယ်အချိန်ပဲကြည့်ကြည့် သွက်လက်တက်ကြွကာ ခေတ်မီသော စတိုင်လ်ကို ယူထားသည်။ အနီရဲရဲ ဘလောက်စ်တစ်ထည်က ကန်စွန်းပွင့်သဏ္ဌာန် လက်ဖောင်းဖြင့် ဒီဇိုင်းဆန်းဆန်းဖြစ်ကာ အပြာနုရောင် Skinnery ကျပ်ကျပ်တစ်ထည်ကို အနီနှင့်ဂျင်း(န်) လိုက်ဖက်ညီအောင် ဝတ်ဆင်ထားသည်။ ခါးပတ်က ကျစ်ဆံမြီးသဏ္ဌာန် ရွှေရောင်ခါးပတ်ဖြစ်ကာ မုံ့ရဲ့ပုံစံသည် အင်မတန်ဘဲ ဖက်ရှင်နေးဘဲလ် ဖြစ်ပါသည်။

"ရယ်ဒီနော် ... ရွှေ့ကြမယ်မလား"

"အင်း ... သွားမယ်လေ။ ဒေါ်လေးစော ... ပျိုးတို့ သွားတော့မယ်နော်"

"အေး ... အေး ... မုံရေ ကားကို ဂရုစိုက်မောင်းနော်"

"ဟုတ်ကဲ့ ... စိတ်ချပါ အန်တီ၊ ပျိုးကို ဘေးမသီ ရန်မခ ပြန်ပို့ပေးပါမယ်"





မုံက ပျိုးကို မေးတစ်ချက် ဆတ်ပြကာ တက်ဟူသော သင်္ကေတဖြင့် ကားတံခါး ဖွင့်ပေးသည်။ ပြီးတော့ ပျိုးတို့အိမ်ထဲမှ ကားကို ကျင်လည်စွာ မောင်းထွက်လာခဲ့သည်။ ပျိုးသည် ကားမောင်းတာကို ငေးကြည့်ကာ အားကျလာသည်။ မျက်မှန်တပ်ကာ စတီယာတိုင်ကို ပေါ့ပေါ့ပါးပါးကိုင်တွယ်ရင်း မုံ ကားမောင်းနေသောပုံစံမှာ သက်သောင့်သက်သာ ရှိလှသည်။ မုံသည် CD ထဲမှ လွှင့်နေသော ကောင်းမြတ်ရဲ့ သီချင်းတစ်ပိုင်းတစ်စကို လိုက်ဆိုနေသည်။

"ဘယ်ဆီမှာ မင်းရောက်နေလဲ xx ပျော်စရာ သတင်းပေးပါဦး ... အိုး ..."

"မုံ ... ပျိုးတို့ ဘယ်သွားမှာလဲဟင်"

"ဘယ်သွားချင်လို့လဲ"

မုံက ပျိုးကို ပြုံးပြုံးလေး လှည့်မေးသည်။ မုံ့ရဲ့ပုံစံသည် ကလေးတစ်ယောက်ကို အလိုလိုက် အကြိုက်ဆောင်နေသည့် ယုယသည့် ပုံစံမျိုးဖြစ်သည်။ အဲဒီအတွက်လည်း ပျိုးမှာ မုံနဲ့နေရတာကို နွေးထွေးစိတ်ချမ်းသာလှပါသည်။

"မုံတို့ ရန်ကင်းကြေးအိုး သွားသောက်မယ်လေ"

"ကြေးအိုးသောက်မယ် ! "

"အင်းပေါ့၊ ဒီရာသီဥတုကလည်း ကြေးအိုးသောက်သင့်တဲ့ ရာသီဥတု မဟုတ်လား။ အချိန်ကလည်း ကြေးအိုးသောက်ချိန်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ခစ် ခစ် ... ကြေးအိုးသောက်ချိန်လို့ ရှိလို့လား မုံကလည်း"

"သြော် ... ရှိတာပေါ့။ သိဘူး မုံကတော့ ကြေးအိုးကို နေ့လယ်ခင်းနဲ့ ညနေခင်းတွေမှာပဲ သောက်တတ်တယ်။ အခုဟာက သုံးနာရီလောက်ဆိုတော့ တစ်ခုခု စားသင့်တဲ့အချိန်ပေါ့။ ရာသီဥတုက ကိုယ့်ဘက်ပါတယ် ဆိုတော့ ကြေးအိုးသောက်ဖို့ပဲ အာသီသ ရှိနေတယ် ...

ကြေးအိုးသောက်ပြီးရင် ရန်ကင်းစင်တာကို တစ်ချက်လောက် ဝင်ပတ်တာပေါ့။ City mart ထဲဝင်ပြီး ဟိုငေး ဒီငေး၊ ဟိုဟာကောက်ထည့် ဒီဟာကောက်ထည့် လုပ်ကြမယ်။ အဲဒီအစီအစဉ် ကောင်းလား"

"ကောင်းပါတယ်"

"အဲဒီထက်ကောင်းတာ ရှိသေးတယ်"

"ဘာလဲဟင်"

ပို့ူးက စိတ်ဝင်တစားဖြင့် မေးမိသည်။ မုံက ပါးပါးလေးပြုံးရင်းမှ ကားကို မီးဝါနေသဖြင့် အရှိန်လျှော့ထားလိုက်သည်။ မီးနီသွားချိန်မှာတော့ ကားကို ဘရိတ်မေးကာ ...

"အဲဒီကြေးအိုးကို မုတ်သုန်နဲ့ အတူတူ သောက်ရမယ်လေ"

"ဟင် ... တကယ်လား။ သူက ဘယ်လိုလုပ် လာမှာလဲ"

"ကျန်ကြောင်းလို့ လေထဲကနေ ပျံလာမှာပေါ့ ... ဟားဟား"





"ဟာ ... အဲဒီ မုံကလည်း။ လျှောက်နောက်မနေပါနဲ့။ အကောင်းမေးတာပါ"

"အကောင်းပြောနေတာပဲ။ သူ လာမှာပေါ့။ သူ့အိမ်က ဒီနားမှာပဲဟာ။ သူ့ကို လှမ်းခေါ်လိုက်မှာလေ၊ အဲလို"

"ကောင်းပါ့မလား"

"သြော် ... ဘာမကောင်းစရာရှိလဲ၊ ဘော်ဒါတွေပဲဟာ။ အကယ်၍ သူ အိမ်မှာရှိတော့လည်း ထွက်လာခဲ့ပေါ့။ မရှိတော့လည်း မလာခဲ့နဲ့ပေါ့။ အဲဒီလောက်ကြီး လျှောက်တွေးမနေပါနဲ့ ပို့ူးရယ်။ ဒီခေတ်ထဲမှာ အဲဒါမျိုးတွေက မရှိတော့ပါဘူး။ အားလုံးက ယောကျ်ားလေး မိန်းကလေး အေးဆေးတွေချည်းပါပဲ ...

ပြီးတော့ ... ပို့ူးက ဖုန်းဆက်ခေါ်မှာမှ မဟုတ်တာ။ မုံ ခေါ်မှာပဲလေ။ ပို့ူးက အေးဆေးလေး နေရုံပဲ။ သူ လာရင်သာ စကားလေး ဘာလေး ပြောပေး။ ရင်းနှီးအောင်နေပေါ့။ ငြိမ်ငြိမ်ကြီး လုပ်မနေနဲ့ပေါ့လို့"

"အင်းပါ"

ပို့ူးက အင်းပါဟုသာ ဆိုလိုက်ရသော်လည်း သူနဲ့ တွေ့ရတော့မည် ဆိုသဖြင့် ရင်တွေ ဘာတွေတောင် ခုန်လာသည်။ မုံကတော့ စင်တီရာတိုင်ပေါ်မှာ တင်ထားသော လက်ချောင်းလေးများက ဘလုပ်လှုပ်ဖြင့် သီချင်းကို စည်းချက်လိုက်နေသည်။ မုံကြည့်ရ ဘ ပေါ့ပေါ့ပါးပါးပဲ ဖြစ်သည်။ ဘာမှ မိတ်လှုပ်ရှားမှုလဲ



www.burmeseclassic.com

www.burmeseclassic.com



ရှိမနေ။ မျိုးသည် သူ့လို ခံစားချက်မျိုးကို အားကျပါသည်။ မုံသည် ယောကျ်ားလေးတွေနဲ့ တွေ့လျှင်လည်း အေးအေးဆေးဆေးပဲ ဖြစ်သည်။ သူ တကယ် စိတ်လှုပ်ရှားရမည့်သူမျိုးနဲ့ မတွေ့သေးလို့လားတော့ မပြောတတ်။

ရန်ကင်းကြေးအိုးဆိုင်သို့ ရောက်လျှင် မုံက ဦးဆောင်ကာ ကြေးအိုးနှစ်ပွဲမှာသည်။ ပြီးတော့ ကြေးအိုးမလာခင်စပ်ကြားမှာ မုံက သူမရဲ့ဖုန်းကို ထောင်ပြသည်။

"မုံ ဆက်တော့မယ်နော်၊ မျိုး ဘာမှာဦးမလဲ"

"ဟင် ... ဘာမှာရမှာလဲ"

"အိုကေ ... ဒါဆို ဆက်တော့မယ်"

မုံက ဆလိုက်ဖုန်းလေးကို တွန်းဖွင့်ကာ နံပါတ်တချို့ကို နှိပ်ခေါ်နေသည်။ မျိုးသည် မုံ နှိပ်နေသော လက်ချောင်းလေးများကို ငေးကြည့်ကာ အားကျလာသည်။ မျိုးကတော့ သူ့ဖုန်းနံပါတ်တွေကို ဖိနှပ်ပြန်ပေးဖို့ ဆက်တုန်းက တစ်ခါလားပဲ နှိပ်ခေါ်ဖူးသည်။ နောက်ထပ် ခေါ်ချင်လှသော်လည်း အခွင့်မသာခဲ့။ မိန်းကလေးတို့ ဣန္ဒြေသည် မျိုးကို ခိုးငေးကြည့်ရုံသာ ခွင့်ပေးထားသည်။ ဒါတောင် သူနဲ့က စာသင်ရသည့် အခန်းချင်း မတူသဖြင့် သူ့မျက်နှာကို မြင်ချင်တိုင်း မမြင်ရ။

မုံက ဖန်တီးပေးမှသာ မျိုးက တွေ့ခွင့်ရသည်။ အခုလည်း မုံက သူ့ဆီ ဖုန်းဆက်နေပြန်ပြီ။ မျိုးသည် ကိုယ်တိုင်ကိုယ်ကျ စကားပြောရတာလည်း မဟုတ်ပါဘဲနှင့် ဘေးနားကနေ





ဘာနဲ့ကို ရင်တွေ ခုန်လာသည်။ ဒါဟာ မျိုး ဖတ်နေသော၊ မျိုးကြည့်နေသော ဇာတ်လမ်းတွေထဲက အတိုင်းဆိုလျှင် "အချစ်"ဟု ကောက်ချက်ချရမှာဖြစ်သည်။

"ဟယ်လို ... မုတ်သုန်၊ Nice to see u"

တစ်ဖက်သို့ ဖုန်းဝင်သွားသဖြင့် မုံက ရွှင်လန်းစွာ နှုတ်ဆက်လိုက်သောအခါ ငေးကြည့်နေမိသော မျိုးသည် ကိုယ့်ကိုယ်ကိုယ် အသက်တောင် မရှူမိဟု ထင်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"နောက်ဆုတ်ဖို့ ကြိုးစားရင်း ရှေ့ဆက်တိုးနေမိ ... မေ့ပစ်ဖို့ အားထုတ်မှ ပိုမိုကာ သတိရမိ"

မှတ်သုန်သည် ထက်နေကြည်၏ နောက်ဆုတ်ဖို့ ကြိုးစားရင်း သီချင်းကို ခံစားချက်ပါပါဖြင့် သီဆိုရင်းမှ ကိုယ့်ကို ဂစ်တာတီးတတ်လားဟု မေးသော ကောင်မလေး တစ်ယောက်ကို ဖျတ်ခနဲ သတိရသွားသည်။ ရွှန်းလက်တောက်ပသည့် အကြည့်၊ လွတ်လပ်သန့်စင်သော အပြုံးတို့ဖြင့် ခေတ်မီကာ လန်းဆန်းတက်ကြွသော ကောင်မလေးသည် သူ့ကို နှစ်လိုဖွယ်ကောင်းသော မျက်ဝန်းများဖြင့် ကြည့်တတ်တာကို သူက ခုတလောမှာ ခဏခဏ သတိရနေလေ့ရှိသည်။ သူနဲ့ဆုံပြီး စကားပြောလေတိုင်း သူ့မျက်နှာကို တည့်တည့်ကြည့်ကာ မျက်ဝန်းညိုလေးတွေက တောက်ပသွားတတ်သော ပါးချိုင့်လေး ခွက်ဝင်သွားအောင် ပြုံးတတ်သောပုံစံသည် တစ်စုံတစ်ရာအတွက် ဆွဲဆောင်ညှို့ယူနေသည်ဟု ထင်ပါသည်။

"မျက်ဝန်းလေးနဲ့ ညှို့ယူလိုက်တယ် ... မင်း ဘယ်သူလဲ"



သူက ထက်နေကြည် သီချင်းကို တီးရင်းကနေပြီး ချက်ချင်းလိုလိုပင် ဆင်ပေါက်ရဲ့ "အကြည့်တစ်ချက်" ကို ပြောင်းတီးလိုက်သောအခါ ဘေးက လိုက်တီးနေသော နေမင်းက "ဟော့ကောင်" ဟု ထအော်သည်။ သူက နေမင်း ဖြစ်ပျက်သွားပုံကို ကြည့်ရင်းမှ တဟားဟား အော်ရယ်မိရင်း ဂစ်တာကို အောက်သို့ ချလိုက်သည်။

"ဘာဖြစ်တာလဲ၊ နေရင်းထိုင်ရင်းက"

"ဩော် ... ဒီလိုပါပဲကွာ။ အကြည့်တစ်ချက်ကို သတိရမိသွားတော့ နောက်ဆုတ်ဖို့ မကြိုးစားချင်တော့ဘူးပေါ့"

သူ့အပြောကို အထာပေါက်စွာဖြင့် ထက်မြက်က အံမယ် ... အံမယ်ဟု ထအော်သည်။ သူက ဂစ်တာကို တခေါင်ခေါင် ခေါက်ပစ်ရင်းမှ မျက်လုံးထဲတွင် ပါးချိုင့်နက်နက်လေးနဲ့ ကောင်မလေးတစ်ယောက်ရဲ့ ပုံရိပ်တွေကို ထပ်၍မြင်ယောင်လာပြန်သည်။

ဒီအချိန်မှာ အဲဒီကောင်မလေး ဘာလုပ်နေမလဲ။ ဒီနေ့ဟာ ကျောင်းပိတ်သည့် စနေနေ့ ဖြစ်ပါသည်။

"နေပါဦး ... မင်း သတိရသွားတဲ့ အကြည့်တစ်ချက်က ဘယ်သူလဲ ... လေးမျက်မှုံလား၊ နှယ်ပျိုးပင်လား"

"အမှန်အတိုင်း ပြောရရင်တော့ ..."

"နှယ်ပျိုးပင်"

www.burmeseclassic.com

www.burmeseclassic.com



သူက စကားကို ဆက်မပြောဘဲ ရပ်ထားလိုက်သော်လည်း နေမင်းက နှယ်ပျိုးပင် ဆိုသော နာမည်ကို ထအော်သည်။ သူက နေမင်းကို မျက်မှောင်ကြုတ်ကြည့်လျက် …

"ဟောကောင် … မင်းက ဘာဖြစ်လို့ အဲဒီနာမည်ကို ထည့်သုံးရတာလဲ"

"ငါ ထင်တာ ပြောတာလေ။ မင်းနဲ့ သူနဲ့က အဆက်အစပ်ရှိတော့ မင်းနှလုံးသားက သူများလားလို့"

သူက နေမင်းရဲ့စကားကို သဘောတကျဖြင့် ပြုံးစာ ခေါင်းယမ်းမိသည်။

"ငါ့နှလုံးသားက သူ မဟုတ်ပါဘူးကွာ"

"ဟား … ဒါဆိုရင် လေးမျက်မှုပေါ့။ အေး … မင်းကတော့ မသိဘူး။ သူကတော့ မင်းကို တော်တော် favour ပေးတယ်နော်။ သူ မင်းကို ပြောဆိုဆက်ဆံနေတဲ့ ပုံစံတွေက ငြိစဉ်တွေပဲကွ … ဟောကောင် …

သူမို့ မင်းကို စကားပြောရင် ငါ ကြည့်နေတယ်။ မျက်လုံးတွေက တောက်ပပြီး နှုတ်ခမ်းတွေက ပြုံးနေတာပဲ။ ကျောင်းမှာ သူ့ကို လိုက်တဲ့ကောင်တွေ များပေမယ့် ဘယ်ကောင့်ကိုမှ မင်းလောက် favour မပေးဘူးကွ …

ကြည့်ရတာ … မင်းကိုတော့ စိတ်ဝင်စားပုံ ပေါ်တယ်နဲ့ တူတယ်"





"ဟောကောင်တွေ … မင်းတို့ကကွာ။ မိန်းကလေးတစ်ယောက်ကိုတော့ အဲဒီလိုကြီး မပြောပါနဲ့၊ မကောင်းပါဘူး"

သူ့ Style လည်း မင်းတို့ သိသားပဲဟာ။ ဘယ်သူ့ကိုမဆို ပွင့်ပွင့်လင်းလင်း ဖော်ဖော်ရွေရွေပဲ မဟုတ်လား"

"အေးပါ … အဲဒီ ပွင့်လင်းဖော်ရွေတာနဲ့ နေရာပေးခြင်းတစ်ခုနဲ့ကို မင်းလည်း ခွဲတတ်မှာပါကွာ။ ငါ ပြောတာက သူက မင်းကို ကြိုက်နေတယ်၊ တစ်ဖက်သတ် ချစ်နေတယ်လို့ ငါတို့ကပြောတာ မဟုတ်ပါဘူး …

ဒါပေမဲ့ သူများနဲ့တော့ မတူဘူးပေါ့ကွာ၊ ကဲပါ … အကြင်နာပိုသူလေးရယ်ပေါ့။ အဲလိုပြောတာ"

"အင်း … ထားပါတော့"

ထားပါတော့သာ ဆိုလိုက်သော်လည်း သူ့မျက်လုံးထဲတွင် သူ့ကို ရွှန်းလဲ့တောက်ပစွာ စိုက်ကြည့်တတ်သော မျက်ဝန်းတစ်စုံကို ပြန်လည်မြင်လာသည်။ လူတစ်ယောက်နဲ့ မျက်ဝန်းချင်း ကြာကြာဆုံမိသောအခါ ရင်ခုန်ခြင်းဆိုတာ ဖြစ်တတ်ပါလား။ သူမနဲ့ ပတ်သက်ပြီးတော့ သူ ရင်မခုန်သေးပါ။ သို့သော် သူမနဲ့တွေ့ရလေတိုင်း နှစ်လိုဖွယ်ကောင်းသော ခံစားချက်တစ်ခုကို အမြဲပဲ ခံစားရပါသည်။

ခုချိန်မှာ သူမများ ဘာလုပ်နေမလဲ။ ရုတ်တရက်ပဲ သူ့စိတ်ကို တစ်စုံတစ်ရာက စေ့ဆော်မှု ပေးလာသည်။ အဲဒါကတော့ သတိရစိတ်က သူ့ကို ဖုန်းဆက်ခိုင်းတာပဲ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ ဖုန်းဆက်ကြည့်လိုက်ဦးမယ်"

သူက ပြောလည်းပြော၊ လက်ကလည်း ဟန်းဒ်ဖုန်းကို ကောက်ကိုင်လိုက်လျှင် အံ့သြစရာကောင်းစွာပဲ သူ့ဟန်းဒ်ဖုန်းကမြည်လာသည်။ ဒီ့ထက် အံ့သြဖို့ကောင်းတာကတော့ Display ပေါ်မှာ ပေါ်လာသည့် နာမည်သည် "Lay" ဟူသော သူမရဲ့နာမည်အတိုကောက်လေးပဲ ဖြစ်ပါသည်။ ထူးဆန်းလေစွ။ သူမဆီဖုန်းဆက်ဖို့ ကြံရွယ်နေတုန်းမှာပဲ သူမထံက ဖုန်းဝင်လာတာ။ ဒါဆိုအခုနက သူ သတိရနေချိန်မှာ သူမလည်းပဲ သူ့ကို သတိရနေခဲ့တာပေါ့။ အဲဒီအတွေးသည် သူ့ရင်ကို နည်းနည်းတော့ လှုပ်ခတ်သွားစေသည်။

သူသည် နည်းနည်း တွေးမိသွားသောကြောင့် ဖုန်းကို ဖွင့်ကိုင်တာ နောက်ကျသွားသည်။

"ဟယ်လို"

"ဟယ်လို ... မုတ်သုန်။ Nice to see you"

သူမထံမှ ရည်မွန်သာယာသော ဘိုဆန်ဆန် နှုတ်ဆက်သံလေးကို ကြားလျှင် သူသည် အဲဒီအသံကြောမှာ ခေတ္တတော့ နစ်မျောသွားရပြန်သည်။ သူမရဲ့ အင်္ဂလိပ်လို လေယူလေသိမ်းကလည်း အင်မတန် ကော ်ပါသည်။

"Hey ! Do u know me ? "

သူက ငြိမ်နေသဖြင့် သူမထံမှ မင်း ငါ့ကိုသိလားဟူသော အမေးသံလေးက မြူးမြူးကြွကြွ ထပ်ပေါ်လာပြန်သည်။





ဒီတစ်ခါတော့ သူက အသာအယာ ရယ်မောကာ သူ့နှလုံးသားကလည်း စည်းချက်နဲ့ညီညီ လှုပ်ရှားယိမ်းထိုးလာပါသည်။

"သိတာပေါ့၊ ကိုယ့်ဆီ မဆက်စဖူး ဆက်တော့ အံ့သြနေတာ"

"အံမယ် ... ဒါလောက်လည်း အံ့သြစရာကောင်းတဲ့ကိစ္စမဟုတ်ပါဘူးနော်။ အခု ရှင် ဘယ်မှာလဲ"

"အိမ်မှာပဲ၊ ဘာလုပ်နေတယ် ဆိုတာပါ ပြောပြရဦးမလား"

"ပြောကြည့်လေ"

"ကိုယ် ဂစ်တာတီးနေတာ၊ အခု ကိုယ့်အနားမှာ ဂစ်တာရှိတယ်။ မင်း နားထောင်ချင်တယ် ဆိုရင် ကိုယ် တီးပြမယ်"

"အင်း ... နားတော့ ထောင်ချင်တယ်။ အခုတော့ တီးမပြနဲ့ဦး။ အခု ရှင် ကျွန်မရှိတဲ့နေရာကို လာနိုင်မလား"

သူမရဲ့အပြောကြောင့် သူက မျက်ခုံးပင့်သွားရကာ ခေါင်းတဆတ်ဆတ် ညိတ်မိသွားသည်။

"မင်းက ဘယ်မှာလဲ။ တစ်ခုခု ဖြစ်နေလို့လား"

"အို ... အတွေးကြီးကလည်း။ လွဲလိုက်တာ၊ ကျွန်မက ရှင်တို့အိမ်နားက ရန်ကင်းကြေးအိုးဆိုင်မှာ၊ ကြေးအိုးလာဆွဲနေတာ၊ အဲဒါ ဒီနားမှာ ရှင်နေတယ်ဆိုတာကို သတိရသွားတာနဲ့ လှမ်းခေါ်လိုက်တာ ...

ကြေးအိုးသောက်ဖို့ ကြွပါရှင့်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလား ... ဒါဆိုရင်တော့ လာရမှာပေါ့။ ကိုယ် အခု
လာခဲ့မယ်လေ"

"အခုဆို အခုပဲနော်။ ရှုပါတွေ သိပ်ဖွင့်မနေနဲ့တော့။
လှပြီးသားပါ"

"အင်း ... ကိုယ်လှတယ်ဆိုတာ မင်း မပြောလည်း သိပါ
တယ်၊ စိတ်ချ ! ရှုပါကို လုံးဝမောင်းမတင်တော့ဘူး။
ပကတိအလှလေးနဲ့ပဲ ထွက်လာခဲ့မယ်"

"အိုကေ ... အိုကေ ... စောင့်နေပါမယ် ... ဆီးယူ"

သူမက ရွှင်လန်းစွာပြောပြီး ဖုန်းချသွားသည်။
သူက ပခုံးတစ်ချက်တွန့်ကာ သူငယ်ချင်းတွေကို ဖုန်းလေးအား
လှုပ်ယမ်းပြရင်း တာ့တာ ပြလိုက်သည်။ ပြီးတော့ မတ်တတ်ထ
ရပ်ကာ ပြတင်းပေါက်ကမှန်မှာ သူ့ကိုယ်သူ မှန်ကြည့်လိုက်သေး
သည်။ သူတို့အုပ်စုသည် ဝရန်တာမှာ ဂစ်တာတီးနေကြခြင်းဖြစ်
ပါသည် အခုတော့ သူက ချက်ချင်းပဲ အပြင်သွားတော့မည်။
သူမကို ပြောလိုက်သလိုပင် အဝတ်အစားတွေ ဘာတွေလဲဖို့
စိတ်မကူးတော့ပါ။ သို့သော် ရေမွှေးတော့ ထပ်ဆွတ်သွားရမည်။
သူက ရေမွှေး Crazy တစ်ယောက် ဖြစ်ပါသည်။

"ဟေ့ကောင်တွေ ... ငါ အပြင်ခဏ သွားလိုက်ဦးမယ်
ဘယ်လိုလဲ ... ဒီ့ဒီနိုင်းက လန်းတယ် မဟုတ်လား"

သူက လက်ဝါးနှစ်ဖက်ကို ဖြန့်ပြကာ တစ်ကိုယ်လုံး
ကို ကော့ပြလိုက်သည်။ နေမင်းနဲ့ ထက်မြက်က တဟားဟား





...အော်ရယ်ကြသည်။ သူသည် နို့နှစ်ရောင်တီရှပ်အကျပ်ကို စစ်စိမ်း
...ရောင် ဘက်ဂီဘောင်းဘီ ခါးလျော့လျော့ဖြင့် ချက်ပြုတ်ပဲ ခပ်မိုက်
...မိုက် ဝတ်ဆင်ထားတာ ဖြစ်သည်။

"လန်းပြီးသား ... လန်းပြီးသား။ ဘယ်လဲ ဟေ့ကောင်။
ငါတို့ကို ဒီလိုတော့ ပစ်မထားခဲ့နဲ့လေ။ ငါတို့လည်းလိုက်
မှာပေါ့။ ဘယ်သူ လှမ်းခေါ်တာလဲ၊ ဘောလီဝုဒ်စတား
လေး မဟုတ်လား။ ဟား ... အသက်ရှည်ဦးမှာပဲကွာ"

"အသာနေခဲ့စမ်းပါကွ။ ကိုယ့်ကုသိုလ်နဲ့ ကိုယ်ဆိုတာ
မင်းတို့က အားကျရုံပဲ တတ်နိုင်တဲ့ ကောင်တွေပါ"

"အောင်မာ ... ရှုံးသွားဦးမယ်"

သူက တစ်ယောက်တစ်ပေါက် အော်ပြောနေသော
...သူငယ်ချင်းများကို လက်ပြကာ သူ့အခန်းထဲသို့ဝင်လျက် ရေမွှေး
...ဆွတ်သည်။ ဆံပင်ကို ဂျယ်လ်ဖြင့် တစ်ချက် နှစ်ချက် ထောင်ကာ
...ဘောင်းဘီအိတ်ကပ်ထဲသို့ ဖုန်းနဲ့ ပိုက်ဆံအိတ်ကို ထည့်သည်။
...ကားသော့ကို ယူပြီးသောအခါ အောက်ထပ်သို့ ဆင်းလာလျက်
...ကားပေါ်သို့တက်ကာ မောင်းထွက်ခဲ့သည်။ ရန်ကင်းကြေးအိုး
...နှင့် သူတို့အိမ် နီးတယ်ဆိုသော်လည်း ဆယ့်ငါးမိနစ်လောက်
...တော့ မောင်းရပါသည်။ သူသည် မျက်လုံးထဲမှာ သူမရဲ့ပုံစံကို
...ကြိုတင်မြင်ယောင်ကြည့်ကာ တစ်ကိုယ်တည်း ပြုံးမိလာရသည်။
...ဝင်ထားသော သီချင်းသည်ပင်လျှင် ခါတိုင်းထက် နားထောင်လို့
...ကောင်းသည်ဟု ထင်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သိပ်မကြာခင်မှာပဲ သူမ ချိန်းထားသော ကြေးအိုးဆိုင်ရှေ့သို့ ရောက်သွားသည်။ ဆိုင်ရှေ့မှာလည်း သူမရဲ့ကားကို ရပ်ထားတာ တွေ့ရသည်။ သူမနဲ့အတူတူ မျက်နှာချင်းဆိုင် ကြေးအိုးသောက်ခွင့် ရတော့မယ်ပေါ့။ ဘာကြောင့်များ သူမက သူ့ကို တကူးတက ဖိတ်သလဲတော့ မပြောတတ်ပါ။ သူသာဆိုလျှင်ရော သူမကို အဲဒီလို ဖိတ်ရဲပါ့မလား။ သူသည် ဆက်၍ စဉ်းစားချိန် မရတော့။ အကြောင်းမှာ ဆိုင်ထဲဝင်လာသော သူ့ကို သူမက ထိုင်ရာမှထကာ လက်ပြလိုက်သောကြောင့် ဖြစ်သည်။ သူကလည်း လက်တစ်ချက် ပြန်ပြလိုက်သည်။ အနီးနားကိုရောက်သွားတော့မှ သူမတစ်ယောက်တည်း မဟုတ်ဘဲ နှယ်ပျိုးပင်ပါ ပါနေတာကို တွေ့လိုက်ရသည်။

နှယ်ပျိုးပင် ဆိုသော ကလေးမသည် သူ့ကို နူးညံ့သော အပြုံးတစ်ခုဖြင့် နှုတ်ဆက်ရှာသည်။ သူကလည်း အပြုံးတစ်ခုဖြင့် ခေါင်းတစ်ချက် ဆတ်ပြလိုက်သည်။ ပြီးတော့ သွက်လက်သော နှုတ်ဆက်စကားကို ဆိုလိုက်ပါသည်။

"နှစ်ယောက်တည်းလား"

"ဟင့်အင်း သုံးယောက်"

"ဟုတ်လား၊ တစ်ယောက်က ဘယ်မှာလဲ"

"ဒီမှာလေ"

လေးမျက်မှုံက သူ့ရင်ဘတ်ကို လက်ညှိုးထိုးပြသည်။ သူသည် အဲဒီပုံစံကြောင့် သူ့စတိုင်လ်အတိုင်း မျက်နှာကို တစ်





...လွဲကာ ဟားခနဲ ရယ်မိသည်။ ဒါကို သူမက ရွှန်းလဲ့စွာ ...က်ကြည့်နေပါသည်။ အဲဒီအကြည့်တွေပဲ သူ သဘောကျရတာ၊ ...ဒီအကြည့်တွေကိုပဲ ဖြစ်သည်။ လူတစ်ဖက်သားအပေါ်မှာ ...တစ်ခုလုံး ပုံထားပြီး ကြည့်တတ်သော အကြည့်မျိုးကို သူမ ...ယ်လိုများ ကျင့်ထားပါလိမ့်။ မျက်ဝန်းလုရုံတင်မက အဲဒီလိုပါ ...တ်"တစ်ခုထည့်ပြီး ကြည့်တတ်သောကြောင့် ကြာရင် ရူးသွား ...ိုးရသည်။

"ကဲ ... စားဖို့ ခေါ်တာဆိုတော့ တစ်ခုခုမှာလေ။ ဘာစားမှာလဲ"

"ကိုယ်က ကြေးအိုးဆီချက် ပိုကြိုက်တယ်"

"အိုကေ ... ကြိုက်ရာကိုသာ သုံးဆောင်တော်မူ"

သူက ခေါင်းတဆတ်ဆတ်ညိတ်လျက် ဝိတ်တာကို ကြေးအိုးဆီချက်တစ်ပွဲ မှာလိုက်သည်။ သူမတို့ကတော့ အရင် ...ောက်နှင့်သူတွေမို့ စားသောက်နေရင်းတန်းလန်း ဖြစ်ပါသည်။ သူသည် တူနှစ်ချောင်းကို ကျွမ်းကျင်စွာ ကိုင်တွယ်၍ လွတ်လပ်စွာ စားသောက်နေသော သူမကို တစ်ချက်မျှ ငေးစိုက်မိသွားသည်။

သူမက ဘာကြောင့် ရှူးရှူးရှဲရှဲ စားသောက်ရသော ...အစားအသောက်မျိုးကို စားသောက်ရင်းကနေ သူနဲ့စကားပြောချင် ...တာပါလိမ့်။ ပုံမှန်အတိုင်းဆိုလျှင် ကော်ဖီဆိုင်လေးတစ်ဆိုင်ဆိုင် ...သာ စကားပြောဖို့ ကောင်းလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကို ကြည့်ချင်းအားဖြင့် သူမတို့ဟာ တကယ် အစားအသောက်ကောင်းကောင်းစားတုန်း သူ့ကို သတိရ ဖြစ်နိုင်ပါသည်။ သူနဲ့ အေးအေးဆေးဆေး စကားပြောချင်ရုံသ သက်နဲ့တော့ ခေါ်တာမဖြစ်နိုင်ပါ။ တချို့မိန်းကလေးတွေရဲ့ဆို ကိုသည် ယောကျ်ားလေးတစ်ယောက်ရဲ့ရှေ့မှာ ဟမ်ဘာဂါမစာ တာမျိုး၊ ရှူးရှူးရှဲရှဲ စားသောက်ရသည့် အစားအသောက်မျိုး မစားရဲတာမျိုး ရှိတတ်ကြသည်။ အခုလည်း သူမကသာ တု ချောင်းဖြင့် ရှလွတ် ရှလွတ် အားရပါးရ ဆွဲနေသော်လည်း တစ်ယောက်ကတော့ သူ့ရှေ့မှာ စားရတာ ရှက်နေသည့်ပုံပ သူသည် သဘောကျစွာဖြင့် အသာအယာ ပြုံးမိပါသည်။

"သူငယ်ချင်းနှစ်ယောက် ချိန်းပြီး ဝါးတီးဖွင့်ကြတာပေါ့

သူ့မေးခွန်းက နှစ်ဦးစလုံးကို ဆိုလိုသော်လည ဒီတစ်ခါလည်း သူမကပဲ ဖြေသည်။

"အင်း … မျိုးက ရန်ကုန်သာ ရောက်နေပေမယ့် ဘယ် သိပ်ရောက်ဖူးတာ မဟုတ်ဘူးလေ။ ဒါကြောင့် ရန်ကုန် ရဲ့ အထင်ကရ နေရာလေးတွေကို လိုက်ပို့ပေးနေတ ဒါပေမဲ့ ကြာရင်တော့ သူ ဖက်တီးပုပ်ကြီး ဖြစ်မှာသေ တယ်။ မုံ့ ခေါ်သွားတဲ့ နေရာတွေက စားတဲ့ သောက် နေရာတွေချည်းပဲ … ဟား ဟား"

"ဟုတ်လား … လေးက အစားအသောက် ဝါသနာပါတ ပေါ့"





"ပါတာပေါ့။ အအိပ်နဲ့အစား အငှားလိုက်တယ် ဆိုတာ အိုင်ပေါ့တော်"

သူမရဲ့သွက်လက်သော အပြောကို သူရော မျိုးရော ဟက်ဟက်ပက်ပက် ရယ်မိကြသည်။ သူ့အတွက် မှာထားသော ကြးအိုးဆီချက်က ရောက်လာပြီ ဖြစ်သဖြင့် သူက မွှေရင်းမှ ကားဆက်လေသည်။

"ဟုတ်လား … ဒါဆိုရင်တော့ ကြာရင် ဖက်တီးပုပ်ဖြစ် မှာပေါ့"

"အင်း … ဒါပေမဲ့ ကျွန်မက ကြက်တောင်ရိုက်တယ်လေ၊ သထုံကွင်းမှာ။ ဒီတော့ စားသာစား ဝိတ်တက်မှာတော့ ပူစရာ မလိုတဲ့သူပေါ့ရှင်"

"သြော် … သြော် … အားကစားတစ်ခုခု လိုက်စားတာ ကောင်းပါတယ်။ ကိုယ်ကတော့ ငယ်ငယ်လေးတည်းက ရေကူးတာ ဝါသနာပါတယ်၊ ကိုယ့်ဖေဖေက တက္ကသိုလ် ရေကူးချန်ပီယံလေ …

မျိုးရော ဘာအားကစားလုပ်တာ ဝါသနာပါလဲ။ ဘာလုပ်လဲ"

သူက ငြိမ်နေသော ကောင်မလေးကို စကားစ,ပေး လိုက်လျှင် သူမက ရှက်ပြုံးလေးစွက်သော အပြုံးဖြင့် ချစ်စဖွယ် နှာခေါင်းရှုံ့ရင်း ခေါင်းယမ်းပြသည်။

"ဟင့်အင်း … မျိုး ဘာမှ မလုပ်ဖြစ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား ... ရေကူးမလား ပျိုး။ ကိုယ် သင်ပေးမယ်လေ ... ဟဲ ဟဲ"

သူ့ရဲ့နောက်ပြောင်သောစကားကို သူမက ရက်စွဲ့ရှာ ရယ်မောရင်း ခေါင်းငုံ့သွားသည်။ မုံက ဝင်ပြောပါသည်။

"ပျိုးက အေသွေးလေ မုတ်သုန်"

သူက သူမ တစ်ခါပြောပြဖူးထားသော သွေးအုပ်စုနှင့် မျိုးရိုးဗီဇတွေအကြောင်းကို သွားသတိရမိကာ ဪ ... ဟုတ်လား ဟု ဆိုမိသည်။ သူ့ကို လေးမျက်မုံက ပြုံးစိစိဖြင့်ကြည့်ကာ ...

"ဟုတ်တယ်၊ မုံလည်း ပျိုးကို Exercise တစ်ခုခုလောက် လုပ်စေချင်နေတာ။ သူ့ပုံစံကို သိပ်အားမရဘူးလေ။ မုတ်သုန်က ပျိုးကို ရေကူးတကယ်ပဲ သင်ပေးမလား။ မုတ်သုန်က ဘယ်မှာကူးတာလဲ"

"ကိုယ်က Sedona မှာ Member ဝင်ထားတယ်"

"ဟုတ်လား ... အမြဲတမ်း ကူးဖြစ်တယ်ပေါ့"

"အင်း ... မနက်တိုင်း တစ်ခါတလေတော့လည်း ညနေဘက်ပေါ့။ အိမ်နဲ့လည်း နီးတော့ နေ့တိုင်းလိုလို သွားကူးဖြစ်ပါတယ်"

"ဟုတ်လား၊ အဖော်ရှိရင်တော့ ပျိုးကို ကူးစေချင်တယ်။ အဲ ... သင်စေချင်တယ်ပေါ့။ မုံက ရေကူးတတ်ပေမယ့် သိပ်ဝါသနာမပါဘူးလေ။ ပျိုးကတော့ ရေကူးချင်တယ်လို့တော့ ပြောသား ...

နှစ်ယောက်သား ညှိမရတာ ခက်တာ။ မုံကတော့ ကြက်တောင်မှ ကြက်တောင်။ ချွေးထွက်တာကို ကြိုက်တာ။ ဘယ်လိုလဲ မုတ်သုန်။ ပျိုးကို တကယ်ပဲ ရေကူးသင်ပေးမှာလားဟင်"

သူက ဒီတစ်ခါတော့ စားလက်စ ကြေးအိုးဆီချက်ဆောင် နင်ထွက်မလို ဖြစ်သွားသည်။ အမြန်မျိုချကာ ရေတစ်ခွက်ပါ မော့ရင်းမှ ပျိုးကို အကဲခတ်ရသည်။ ဟိုကလေးမကသာ သူ့ဘော်ဒါကို ဖြစ်စေချင်သောဓာဖြင့် စွတ်တင်နေပေမယ့် ဟိုတစ်ယောက်ကတော့ တုတ်တုတ်မှ မလှုပ်သေး။ သူက တစ်သျှူးတစ်ရွက်ကို ဆွဲထုတ်ရင်းမှ လေးမျက်မုံကိုပဲကြည့်ကာ ...

"လေးကသာ ပြောနေတယ်။ ပျိုးကဖြင့် အသံတောင်မထွက်ဘူး။ သူများ ဆန္ဒရှိမှန်း မသိမှန်း သိမှန်းနဲ့ကွာ"

"ဪ ... ရှိပါတယ်၊ မုတ်သုန်ကလည်း။ ပျိုးက စကားနည်းပြီး အေးလို့ပါ၊ သူလည်း ရေမကူးတတ်သေးဘူးလေ။ သူနဲ့ အစောကြီးတည်းက အဲဒီအကြောင်းကို ဆွေးနွေးပြီးသားပါ၊ အကောင်အထည်မဖော်ဖြစ်သေးတာပဲရှိတယ် ...

အခုဟာက မုတ်သန်ရဲ့ စကားနဲ့ ဆက်စပ်မိလို့၊ ဟုတ်သားပဲ ပျိုးကလည်း ပြောလိုက်ဦးလေ"







www.burmeseclassic.com

www.burmeseclassic.com



ပျိုးက သူ့ကို အားနာသော မျက်ဝန်းလေးများဖြင့် ကြည့်ကာ ခေါင်းညိတ်ပြသည်။

"ဟုတ်ပါတယ် ပျိုးကလည်း သင်ဖို့စိတ်ကူးရှိပြီးသားပါ၊ ဟို ... မုတ်သုန်ကို အားနာလို့ပါ"

"အားမနာပါနဲ့၊ Sedona မှာ ရေကူးဖို့ စိတ်ဝင်စားလို့လား၊ ကူးနိုင်ရင်တော့ ကောင်းပါတယ်၊ အားကစားတစ်ခုခုလုပ်တဲ့သူက မလုပ်တဲ့သူနဲ့စာရင်တော့ ရေရှည်မှာ ကွာသွားတာပဲ လေ"

ပျိုးက သူ့ကို တစ်ချက်မျှ ငေးကြည့်ပြီးနောက် ခေါင်းငုံ့သွားသည်။

"ကဲ ... ဒါဆိုရင် မုတ်သုန်က ကူညီနိုင်တယ်ပေါ့နော်၊ ကူညီပြီး သင်ပေးလိုက်ဝါ မုတ်သုန်ရယ်။ မုတ်သုန်က ဘယ်အချိန်တွေ သွားကူးတတ်လဲဟင်၊ ပျိုးလည်း အဲဒီအချိန်တွေပဲ ကူးရအောင်လို့ပါ၊ ပျိုးနဲ့ Sedona နဲ့လည်း လမ်းသင့်ပြီး နီးပါတယ်"

"ခုတလောတော့ ကိုယ် မနက်စောစော ကူးဖြစ်နေပါတယ်၊ ညနေဘက်က သင်တန်းလေးတစ်ခုတက်နေတာနဲ့ မအားလို့"

"အော် ... မနက်စောစောလည်း ဖြစ်ပါတယ်၊ ပိုတောင် အဆင်ပြေသေးတယ်၊ ပျိုးက မနက်ဆိုရင် အစောကြီးထနေကြ၊ မုံကတောင် စောစောမထနိုင်ဘူး၊ ကျောင်းသွားခါနီးကျ





မှ ကသောကမျော ထပြေးရတာ၊ ညဘက်လည်း အိပ်တာ နောက်ကျလို့"

သူက ကာယကံရှင်ကိုယ်စား တက်ကြွစွာပြောနေသော မုံ့ကို ကြည့်ကာ ခေါင်းတဆတ်ဆတ်ညိတ်မိသည်။ နွယ်ပျိုးပင်နဲ့ လေးမျက်မုံကို နည်းနည်းလောက်ရောကျိုလိုက်လျှင် ကောင်းမည်ထင်ပါသည်။ သူက နွယ်ပျိုးပင်ကို ဦးတည်ကြည့်ကာ ...

"ကိုယ် တစ်ခုမေးမယ်၊ ပျိုးအနေနဲ့ တကယ်ရော ရေကူးချင်တဲ့စိတ် ရှိရဲ့လား"

ပျိုးက လေးမျက်မုံကို ငဲ့ကြည့်ပြန်သည်။

လေးမျက်မုံက ပြုံးစိစိဖြင့် ပခုံးတွန့်၍ သူ့ကို ခပ်နက်နက်ပြန်ကြည့်လျက် ...

"ပျိုးရေ ... ရှင် လုပ်နေတာနဲ့ မုတ်သုန်က ကျုပ်ကို အထင်လွဲနေပြီနော်၊ ကျုပ်ကပဲ ရှင့်ကို မဟားဒယား ဆန္ဒမပါဘဲ ဖွတ်အတင်းတိုက်တွန်းနေတဲ့ပုံ။ ဟုတ်တယ်မှလား မုတ်သုန်၊ ရှင် အဲလို ထင်နေတယ်မှလား"

လေးမျက်မုံကို သူ သဘောကျတာ အဲဒါတွေပဲဖြစ်သည်။ သူမသည် တစ်ခုခုကို ပါးရည်နပ်ရည်ရှိကာ လျင်လျင်မြန်မြန်ပဲ သိနိုင်စွမ်းရှိသူဖြစ်သည်။ သူမ၏ မျက်လုံးတောက်တောက်များသည် တစ်စုံတစ်ရာပေါ်မှာ အာရုံစူးစိုက်မှု အပြည့်ရှိလျက် ဘာဆိုတာနဲ့ ချက်ချင်း သဘောပေါက်နိုင်သူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် အဲဒီလိုဆိုလိုတာ မဟုတ်ပါဘူး။ တချို့က မဖြစ်မနေလုပ်ရမယ်ဆိုတဲ့ စိတ်တစ်ခုကြောင့်သာ စဉ်းစားကြတာလေ၊ တကယ်တမ်းကျတော့ စိတ်က သိပ်မပါဘူး ...

ကိုယ်တို့ကျတော့ ဝါသနာလည်းပါတယ်၊ ကျန်းမာရေးအတွက်လည်း လုပ်သင့်တယ် ကောင်းတယ်ထင်လို့ လုပ်တာလေ"

သူ့စကားကို မုံက ဘာမှ မပြော။ အပြုံးတစ်ခုနဲ့သာ အေးအေးဆေးဆေးကြည့်နေသည်။ သူမ မပြောတော့ဘူးဟုသည့်သဘော။ နွယ်ပျိုးပင်သည် အနေရခက်သောပုံစံဖြင့် ...

"ဟို ... ပျိုးလည်း သင်တော့သင်ချင်ပါတယ်၊ စိတ်လည်းဝင်စားတယ်၊ ဆရာဝန်ကလည်း ပျိုးကို ရေကူးဖို့ တိုက်တွန်းထားတယ်လေ ...

အဲဒါ မုံ့ကိုတောင်ပြောနေတာ၊ မုံကလည်း မအားတာနဲ့ ပျိုးကလည်း တစ်ယောက်တည်းဖြစ်နေတာကြောင့် မသင်ဖြစ်တာပေါ့"

"ဩော် ... ဒီလိုလား၊ အဖော်ကိုတော့ သိပ်မမင်ပါနဲ့ ပျိုးရယ်၊ အဖော်ရှိမှ တစ်ခုခုလုပ်မယ်ဆိုရင်တော့ လုပ်ဖြစ်မှာကိုမဟုတ်ဘူး၊ ကဲပါ ... ပျိုး စိတ်ဆန္ဒရှိတယ်ဆိုရင်လည်း ပြီးတာပါပဲ။ အဲဒါဆိုရင် ပျိုး အဆင်ပြေတဲ့ရက်ကို မနက်ခင်းခြောက်နာရီခွဲလောက် လာခဲ့လေ ...





ကိုယ် Swimming Pool နားမှာရှိတယ်၊ ကိုယ့်ကိုဖုန်းတော့ကြိုဆက်ပေါ့၊ လိုအပ်တာတွေ ကိုယ် လုပ်ပေးပါ့မယ်။ ဖြစ်ရဲ့လား"

"ဟုတ် ဖြစ်ပါတယ်"

"အိုကေ ... ကဲ ... ဒေါ်လေးမျက်မုံ ကျေနပ်တယ်နော်"

"အစတည်းက မကျေနပ်ဘူးဆိုတာ မရှိခဲ့တဲ့အတွက် ကျေနပ်ခြင်းဆိုတာလည်း မရှိဘူးပေါ့"

"ဟား ... တော်လိုက်တွေကတော့ လန်းတယ်ကွာ၊ မင်းရော တစ်ရက်လောက်လာခဲ့လေ၊ သူငယ်ချင်းအားရှိအောင် တစ်ရက်လောက်တော့ လိုက်ပြီး အားပေးဦးမှပေါ့၊ ကူးတတ်တယ်မဟုတ်လား၊ ဝင်ကူးသွားပေါ့ ...

ကိုယ့် Merber Card က မိတ်ဆွေတွေကို ကူးခိုင်းလို့ရပါတယ်"

"အင်းပါ လာခဲ့ပါမယ်၊ အိုကေ ... အဲဒါဆိုရင် မမျှော်လင့်ဘဲနဲ့ အားလုံး အဆင်ပြေသွားပြီပေါ့၊ ကြေးအိုးဆိုင်ရောက်တုန်း ဩော် ... ဒီနားမှာ မုတ်သုန်နေတာလေဆိုတဲ့ သတိရစိတ်လေးတစ်ခုကြောင့် လှမ်းခေါ်လိုက်ရာကနေ ခုတော့ ပျိုးအတွက် အဆင်ပြေဖို့ ဖြစ်သွားပြီပေါ့၊ သင့်ခ်ယူနော် မုတ်သုန်"

သူက သူမရဲ့စကားကို တစ်စုံတစ်ရာ ပြန်မပြောတော့ ပြုံးရုံသာ ပြုံးနေလိုက်သည်။ ဒီနားရောက်တုန်းမှာ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သတိရစိတ်တဲ့။ မင်းက ကိုယ့်ကို သတိရတယ်တဲ့လား လေးရယ်။ ကိုယ်ကလည်း မင်းကို ဂစ်တာတီးနေရင်းကနေ သတိရတယ်ဆိုရင် ရော။ သတိရစိတ်နှစ်ခုဟာ တိုက်ဆိုင်နေတယ်ဆိုရင် ရှေ့ဆက် ဖြစ်လာမယ့် အကြောင်းအရာတွေဟာ ဘာတွေများ ဆက်ဖြစ်လာ လိမ့်မယ်လို့ မင်း ထင်သလဲဟင်။

သူသည် အဲဒီမေးခွန်းကိုတော့ ရင်ထဲမှာပဲ တိတ်တဆိတ် မေးမိပါသည်။ အဲဒီနေ့က ကောင်မလေးနှစ်ယောက်နှင့် နှုတ်ဆက်လမ်းခွဲလို့ လာခဲ့သည့်တိုင်အောင် သူ့ရင်ထဲတွင် "သတိရတဲ့စိတ်"ဆိုသော စကားလုံးလေးက ကြီးစိုးမင်းမူလို့လာခဲ့သည်။ အဲဒီစကားလေးဟာ ဘာမှ မဟုတ်သော်လည်း သူမရဲ့ ရွှန်းလဲ့တောက်ပသည့်မျက်ဝန်း၊ အဓိပ္ပာယ်ရှိသော အပြုံးတစ်ခုနှင့် ပေါင်းစပ်လိုက်သောအခါ သူ့အတွက်တော့ မျှော်လင့်ချင်စရာ အိပ်မက်တစ်ခု ဖြစ်သွားခဲ့ပါသည်။

* * *





## ၈

"ဖြစ်ပါ့မလား မုံရယ်။ ပျိုးတော့ စိတ်ညစ်တာပါပဲ။ ပြီးတော့ ရှက်လည်းရှက်တယ် ဒုက္ခပါပဲ။ မသင်လို့မဖြစ်ဘူးလားဟင်"

မုံသည် တကယ့်ကို စိုးရိမ်ရှက်ရွံ့စွာပြောနေသော ပျိုးကို ကြည့်ကာ နည်းနည်းတော့ သနားသွားသည်။ သို့သော် ရေကူးမည့်ကိစ္စဟာ ဒီလောက်ကြီးလည်း ရှက်စရာမကောင်းတော့ပါ။ သူသူငါငါ လူတိုင်းကူးနေကြသောကိစ္စဖြစ်သည်။ ခက်တာက နှယ်ပျိုးပင်ဆိုသော ကလေးမမှာ စကတ်အတိုတောင် ဝတ်လေ့ဝတ်ထမရှိသောသူဖြစ်ရာ အနည်းဆုံး ပေါင်လယ်လောက်အထိ ရှိမည့် လုံခြုံသော ရေကူးဝတ်စုံဖြစ်စေဦးတော့ သူမက ရှက်မည်သာပင်။ ပြီးတော့ ရေကူးသင်ပေးမည့်သူကလည်း သူမ တစ်ဖက်သတ်ရင်ခုန်နေရသည့် မုတ်သုန်ဖြစ်နေလေရာ အတော်တော့ ရင်ခုန်သံတွေ ပရမ်းပတာဖြစ်မည့်ကိစ္စဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ဒီအခြင်းအရာတွေသည် “အချစ်”ဟူသော စကားလုံးလေးနှင့် နှိုင်းယှဉ်လိုက်လျှင် ပမွှားဖြစ်သွားသည်ဟု ထင်ပါသည်။ ဒါကြောင့် နူးနူးညံ့ညံ့လေးပြုံးကာ ပျိုးရဲ့ပခုံးလေးကိုကိုင်လျက် အားပေးရသည်။

“လူတစ်ယောက်မှာ အရေးအကြီးဆုံးက စိတ်ပဲ ပျိုးရဲ့။ စိတ်က ရှက်တဲ့စိတ်ကို အရမ်းကြီးမွေးထားရင် လူက ဘာမှ အလုပ်မဖြစ်တော့ဘူး ...

အဲဒီနေ့ကပဲကြည့်ကွာ၊ မုံကတော့ ပျိုးအတွက် သူနဲ့တွေ့ခွင့်ရအောင် တမင်ဖန်တီးပေးထားရတယ်၊ ဒါပေမဲ့ ပျိုးက ဘာစကားမှ ဝင်မပြောတော့၊ အခြေအနေက ထင်သလောက်မဟုတ်ဘူးလေ၊ မုံလည်း သူနဲ့ ပြောရင်းကနေ အဲဒီ ရေကူးတဲ့ကိစ္စတွေ ဘာတွေ ပါကုန်တာ၊ ဒါက တစ်ထိုင်တည်းချလိုက်ရတဲ့ ဆုံးဖြတ်ချက်လေ ...

ဖျတ်ခနဲပေါ် ဆတ်ခနဲလုပ်တဲ့ ပျိုးရဲ့၊ အဲဒီလို လျှပ်တစ်ပြက်ထွက်လာတဲ့ Idea တွေက အဖိုးတန်တတ်တယ်၊ ဒီလိုဆိုတော့ ပျိုးနဲ့ သူနဲ့လည်း ရင်းနှီးမှု မြန်မြန်ပိုရသွားတာပေါ့၊ တော်ကြာ မုံပါနေရင်တောင် ဇာတ်လမ်းက တက်သင့်သလောက်မတက်ဘဲ ရှုပ်နေဦးမှာ၊ ဒီလောက်ကတော့ Romance ဖြစ်ပါတယ် ပျိုးရယ်၊ ရှက်မနေပါနဲ့”

“ဟင် ... ရှက်တာပေါ့ မုံကလည်း၊ မုံလည်း လိုက်ကူးပေါ့လို့”





“ဩော် ... မုံက အစတည်းက ရေကူးတာကို ဝါသနာမပါတာ၊ တတ်အောင်သာသင်ထားတာပဲရှိတယ်၊ ပြီးတော့ မုံပါဆိုရင် ပျိုးတို့ရဲ့စခန်းက ဒီလိုပဲ သွားနေမှာပဲ၊ မုံနဲ့သာ ပိုရင်းနှီးလာတာပဲရှိမယ် ...

မုံမရှိတော့ ပျိုးက ကိုယ့်အားကိုယ်ကိုးပြီး ဒီထက် အဆင်ချောမှာ။ ဘာလဲ ပျိုးက တကယ်ပဲ မသင်ချင်ဘူးလား၊ အင်းလေ ... မုံကသာ ပျိုးအတွက် ဖြစ်စေချင်တဲ့ဇောနဲ့ ဖွတ်တိုက်တွန်းနေတာ၊ ပျိုးအတွက် အရမ်းကို ခက်ခဲနေတယ်ဆိုရင်လည်း ပျိုး သဘောပါပဲ ...

သေချာတော့ စဉ်းစားပေါ့၊ မုံကတော့ Do or Die ပဲကွာ၊ မလုပ်ရင်လည်းမလုပ်ဘူး။ လုပ်ရင်လည်း ပီပီပြင်ပြင်ပေါ့ အဲလိုပဲ”

မုံက ပြတ်ပြတ်သားသားပြောလိုက်လျှင် ထိုကလေးမမှာ မျက်လုံးလေး ကလယ်ကလယ်ဖြင့် ငြိမ်သက်သွားရှာသည်။ မှတ်သုန်နဲ့ တွေ့လည်းတွေ့ချင်၊ မှတ်သုန်နဲ့ အတူတူရေကူးသင်ရမှာကျတော့လည်းရှက် စသဖြင့် နှလုံးသားက အချစ်နဲ့ အရှက်တရားကြားမှာ လွန်ဆွဲနေလျက်ရှိတာကို မုံက ထပ်၍ မတိုက်တွန်းတော့ဘဲ ငြိမ်သက်စွာ လက်ပိုက်ကြည့်နေလိုက်သည်။ ဘယ်အရာက များ ဘယ်အရာကို အလဲထိုး အနိုင်ယူသွားလေမလဲ။

လူတစ်ယောက်ရဲ့ ညွှတ်ပျောင်းသော စိတ်ဆန္ဒမပါဘဲ ဘယ်အရာမှ မအောင်မြင်နိုင်ဟု မုံကတော့ ယုံကြည်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ပျိုးလည်း သင်တော့သင်ချင်ပါတယ်၊ ခက်တာက ရှက်နေတာပဲ။ ပျိုး ရေကူးဝတ်စုံဝတ်ရမှာ ရှက်တယ် မံ့ရယ်"

"ဩော် ... ရေကူးဝတ်စုံဆိုတာလည်း အမျိုးမျိုးရှိတယ် ပျိုးရဲ့၊ ပျိုး မြင်ဖူးတဲ့ နိုင်ငံခြားက မော်ဒယ်တွေ ဝတ်တဲ့ဟာမျိုးတွေလည်းရှိသလို တော်တန်ရုံ လုံခြုံတဲ့ ရေကူးဝတ်စုံတွေထဲမှာ အလုံခြုံဆုံးပါ"

သူမက မံ့ ပြောတာကို နည်းနည်းလက်ခံသွားပုံဖြင့် တွေးဆသွားသည်။ ပြီးတော့မှ တစ်စုံတစ်ရာကို သတိရဟန်ဖြင့် လက်ညှိုးတစ်ချက်ထောင်ကာ ...

"အဲ ... အ ... အခုမှ အရေးကြီးတာကို သတိရတာ။ ပျိုး ပျိုးက ရေကူးဝတ်စုံဝတ်ရဲတာတော့ ဟုတ်ပါပြီ၊ သူကရော ဘယ်လို ရေကူးဝတ်စုံမျိုးကို ဝတ်မှာလဲဟင်"

"ဘာရယ် ... ဟာ ... အဟား ... ဟား ဟား"

မံ့သည် ပျိုးရဲ့စကားကို အံ့သြခြင်းကြီးစွာဖြင့် ဗိုက်ကို နှိပ်ကာ ဟက်ဟက်ပက်ပက်ကြီးပဲ ရယ်မိလေသည်။ ဒီကလေးမတစ်ယောက်နဲ့တော့ မံ့လည်း ခတ်ပျက်ချင်စိတ်တွေတောင် ပေါက်လာသည်။

"ယောက်ျားလေးတွေမှာ ရေကူးဝတ်စုံလို့ရှိလို့လား ခေါ်နှယ် ပျိုးပင်ရဲ့၊ ရှင်နဲ့တော့ ကျုပ် ရူးတော့မှာပဲ"





"အဲလိုပြောတာ မဟုတ်ဘူးလေ၊ တချို့ဝတ်တာတွေက စက်ဘီးစီးတဲ့ ဘောင်းဘီတွေလို ဒူးအတိနဲ့ ကပ်ကပ်လေးတွေ မဟုတ်လား ...

တချို့ကျတော့လည်း ဟို ... အတွင်းခံဘောင်းဘီလိုမျိုး အာ ... ပျိုးဘာသာဝတ်ထားတာကို ရှက်တာမရှက်တာထက် သူ ဝတ်ထားရင်ကို ပျိုး ကြည့်ရဲတော့မှာမဟုတ်ဘူး၊ အဲဒါကို ပိုရှက်မှာ၊ ဟား ... စိတ်ညစ်လိုက်တာ မံ့ရယ်"

မံ့ကတော့ ခြေမကိုင်မိ လက်မကိုင်မိဖြစ်နေသော ပျိုးပုံစံကို ကြည့်ပြီးတော့ တဟားဟားနှင့် အော်ရယ်နေမိလေသည်။ ပြီးတော့ ခေါင်းတွေကိုသာ ခါယမ်းနေမိတော့သည်။ ရယ်လို့အားရတော့မှ မျက်ဝန်းထောင့်က မျက်ရည်စလေးများကိုသုတ်ကာ ...

"ကဲ ... ဒါဖြင့်ရင် ကျုပ်က ဘာလုပ်ပေးရဦးမှာလဲ၊ မုတ်သုန်ဆီကို ဖုန်းဆက်ပြီး ရှင် ဝတ်မယ့်ဘောင်းဘီက ဘယ်လို ဘောင်းဘီမျိုးလဲ ...

ဒူးအထက်လား၊ ဒါမှမဟုတ် Susperder နဲ့ကူးမှာလား"

"ဟင် ... တကယ်မေးမလို့လား"

"အေးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



နောက်နေတာကို နောက်နေတယ်လို့လည်း မထင်ဘဲ အဟုတ်ထင်နေရှာသော ကောင်မလေးကိုကြည့်ကာ မုံက ရယ်နိုင်စွမ်းအားတောင် မရှိတော့ပါ။ ရယ်ရလွန်း၍ မောနေပြီဖြစ်သည်။ တစ်ဆိတ်တော့လည်း ပျိုးရဲ့ ရိုးသားသော ချစ်ခြင်းတရားနှင့် ဖြူစင်သော စေတနာလေးကို အသိအမှတ်ပြုရပါမည်။ မှတ်သုန်ရေ ... ရှင် ပျိုးဆိုတဲ့ကောင်မလေးကို လေးလေးနက်နက်ကြီး ရန်စုန်လိုက်စမ်းပါ။

ဒီခေတ်ကြီးထဲမှာ ဒီလို မိန်းကလေးမျိုးတွေ ရှားပါးသွားပါပြီ။

"မကောင်းဘူးနဲ့ တူပါတယ် မုံရယ်"

"ကဲ ... ဒါဆိုလည်း ရှင် ဘယ်လို ဆုံးဖြတ်မှာလဲ၊ တစ်ခုတော့ ပြတ်ပြတ်သားသား ဆုံးဖြတ်တော့လေ ...

ဗွတ်တော့မတိုက်တွန်းချင်တော့ပါဘူး ပျိုးရယ်။ ရှင့်အတွက် စိတ်အနှောင့်အယှက်ဖြစ်နေရမယ်ဆိုရင် မကောင်းတော့ဘူးလေ"

ပျိုးက ခဏတော့ ငြိမ်သက်သွားပြန်သည်။ မုံကလည်း ဘာစကားမှဆက်မပြော။ သီချင်းဖွင့်ထားသဖြင့် သီချင်းစာသားလေးကိုသာ ခပ်အေးအေးလိုက်ညည်းနေလိုက်သည်။ ခဏနေတော့ ပျိုးက မုံ့ရဲ့လက်ကို လာတို့သည်။ မုံက အသာမော့ကြည့်လိုက်လျှင် ...





"ပျိုး ရေကူးသင်ပါ့မယ်"

မုံသည် သူမစကားကြောင့် ပြည့်ပြည့်ဝဝကြီးပြုံးမိကာ ပျိုးရဲ့လက်ကလေးတွေကို ဖျစ်ညှစ်ရင်း အားပေးစကားဆိုလိုက်လေသည်။

"ဒါမှပေါ့ ပျိုးရဲ့၊ သတ္တိရှိရမယ်နော်၊ အရမ်းကြောက်မနေရဘူး၊ အရမ်းရှက်မနေရဘူး။ ရေကူးတဲ့နေရာမှာမို့ ရေကူးဝတ်စုံဝတ်ရတာ ဘာမှ ရှက်စရာမရှိဘူး၊ ပြီးတော့ လူတွေလည်း အရမ်းအများကြီးရှိတဲ့နေရာ မဟုတ်ပါဘူး ...

သူကလည်း ပျိုးကို ဂရုစိုက်မှာပါ။ နွေးနွေးထွေးထွေးနဲ့ အေးအေးဆေးဆေးပဲနေ။ ကိုယ့်ကိုယ်ကိုယ်လည်း ယုံကြည်မှုရှိ သိလား။ ပျိုး Body က ရေကူးဝတ်စုံဝတ်လည်း လှမှာပဲ၊ အဆီထွက်နေတဲ့ Body မှမဟုတ်တာ ...

အဲဒီလို Attrection လေးတွေကလည်း အချစ်ရဲ့ အထောက်အပံ့ဖြစ်စေတယ် ပျိုးရဲ့"

"အင်းပါ မုံရယ်၊ ပျိုးကို ခုလို ဂရုတစိုက်ရှိတဲ့အတွက် ဝမ်းသာပါတယ်၊ ပျိုး ... ပျိုးလည်း ကြိုးစားပါ့မယ်"

"**Fighting !**"

ပျိုးကို လက်သီးလေးဆုပ်ပြပြီး အားပေးလိုက်လျှင် ...က သဘောကျစွာဖြင့် ရှက်ရယ် ရယ်မောသည်။ အဲဒီပုံစံလေး မုံက ချစ်စနိုးဖြစ်စွာဖြင့် ပျိုးရဲ့ပါးလေးကို အသာလိမ်ဆွဲမိလေသည်။ ဒီလို ဖြူဖြူစင်စင် ချစ်စရာကောင်းတဲ့ ကောင်မလေးရယ်၊



www.burmeseclassic.com

www.burmeseclassic.com



စတိုင်မိုက်မိုက်နဲ့ ယောက်ျားပီသသော ကောင်လေးတစ်ယော[က်] ရယ်သော သိပ်ကိုချစ်ကြသော ချစ်သူတွေဖြစ်သွားကြလျှင် အ[...] ဆိုသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ပိုပြီး အရာတင်ပြည့်စုံသ[...] မည်ဟု ထင်ပါသည်။





## ၉

"ပျိုး ရယ်ဒီပဲလား"

သူက တဘက်ဝတ်ရုံကို ဆင်မြန်းကာ ပျိုးအနားသို့ [...]ျှောက်လာရင်း မေးလိုက်သော်လည်း ပျိုးကတော့ မဝံ့မရဲအပြုံ[...]းဖြင့် မသက်မသာ ခေါင်းညိတ်ပြလိုက်ရသည်။

သူ့ကိုတော့ဖြင့် သေချာမကြည့်ရဲ။ သို့သော် မျက် [...]န်းထောင့်ကနေပြီးတော့ သူ့ခါးက ကြိုးကိုဖြေနေတာ၊ အဲဒီနောက် [...]တက်ဝတ်စုံကို ချွတ်ပစ်လိုက်တာ စတာတွေကိုတော့ ရိုးတိုး [...]တေား မြင်နေရသေးသည်။ ပျိုးသည် ကိုယ့်ဟာကိုယ် ရေကူး [...]တ်စုံဝတ်ထားတာကိုလည်း ရှက်ရသည့်အပြင်၊ သူတစ်ယောက် [...]ကူးဘောင်းဘီတိုလေးဖြင့် အပေါ်ပိုင်းဗလာကျင်းကာ ရေကူး [...]ဘာ့မှာကိုလည်း ကြည့်ရမှာ ရှက်သည့်စိတ်က ရှိသေး၏။

ဒုက္ခပါပဲ နေရထိုင်ရ ခက်လိုက်တာ။

"ပျိုး လာလေ၊ ရေထဲဆင်းကြမယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ့ထံမှ စကားသံထွက်ပေါ်လို့လာလျှင် ဖျိုးသ[illegible] မထ,လို့မရတော့ဘူးဆိုတာ သဘောပေါက်လိုက်ရသည်။ သူ့[illegible] မရဲတရဲကြည့်မိသော်လည်း သူကတော့ ဖျိုးကို အေးအေးဆေး[illegible] ပြုံးပြသည်။ ဖျိုးကို မဝံ့မရဲကြည့်တာမျိုး၊ အားတုံ့အားနာဖြစ်နေတ[illegible] မျိုး တစ်ခုမှမရှိပါ။ သူ့ပုံစံက မံ ပြောသလို ကိုယ့်ကိုယ်ကို[illegible] ယုံကြည်မှုရှိကာ တည့်တည်ငြိမ်ငြိမ်ပဲ ဖြစ်သည်။ အေးပေ[illegible] သူကတော့ ရေကူးဝတ်စုံဝတ်ထားသည့် မိန်းကလေးတွေကို မြ[illegible] ရတာ ရိုးနေပြီ နေမှာပေါ့။

ဖျိုးကတော့ သူ့ကို ရဲရဲမကြည့်ရဲပါ။ မကြည့်[illegible] ကြည့်ရဲ ကြားကကို ကြည့်မိရင်း မြင်သွားရသည့် သူ့ပုံစံဟ[illegible] တကယ့်ကို ကျန်းမာကြံ့ခိုင်သော ယောကျ်ားတစ်ယောက်ရဲ့[illegible] အပြည့်အဝရှိသည်။ အပေါ်ပိုင်း ဗလာကျင်းထားသော သူ့ရင်အု[illegible] များမှာ ယောကျ်ားပီသသော ကြွက်သားများဖြင့် ကျစ်လစ်သ[illegible] စွမ်းနေကြသည်။ ရင်အုပ်ကြွက်သား၊ လက်မောင်းကြွက်သ[illegible] စတာတွေဟာ မောင်ဗမာတွေလို ထွားထွားကျိုင်းကျိုင်းကြီး မဟု[illegible] ဘဲ ကြည့်ကောင်းရုံ၊ အဆင်ပြေရုံ အနေအထားမှာရှိသည်။ [illegible] ရပ်နေသော ဝမ်းဗိုက်ပြင်နှင့် ရေကူးဘောင်းဘီ ဝတ်ဆင်ထားသေ[illegible] သူ့ပုံစံသည် ဖျိုးရဲ့ရင်ခုန်သံတွေကို မြန်လာစေလေသည်။

"ဖျိုး ဘာမှကြောက်မနေနဲ့နော်။ ကိုယ့်ကိုလည်း ဘ[illegible] အားမနာနဲ့၊ ခန္ဓာကိုယ်ကိုလည်း တောင့်မထားဘဲနဲ့ ပေ[illegible] ပျော့ပျော့ပျောင်းပျောင်းပဲထား ...





ရေထဲမှာ အရင်ဆုံး ခြေထောက်ခတ်ကြည့်ရမယ်၊ ဟုတ်လား"

"အင်း"

ဖျိုးက ရေထဲကို လှေကားတစ်များမှတစ်ဆင့် ဆင်းသည်။ သူကတော့ ရေကူးတတ်သူမို့ ကန်ပေါင်ပေါ်ကနေပြီးတော့မှပဲ ရေထဲသို့ ဗွမ်းခနဲ ဒိုင်ဗင်ပစ်ချသည်။ ရုတ်တရက် ဒိုင်ဗင်ပစ်ချလိုက်သော အရှိန်နှင့် ဖျိုးကို လာစင်သော ရေစက်ရေမှုန်ရေမွှားများကြောင့် ဖျိုးသည် လန့်ဖျပ်ကာ (နဂိုတည်းကလည်း ရင်တုန် ပန်းတုန် ဖြစ်နေသောကြောင့်) လှေကားထစ်များမှ ချော်ကာ ရေထဲသို့ ပြုတ်ကျသွားလေသည်။ ထို့နောက် ဖျိုးရဲ့ ဦးခေါင်းမှာ ရေကူးကန်ထဲမှ လှေကားတစ်ထစ်နှင့် ဆောင့်မိလျက် မှုံးနှောက်ရီဝေကာ အောက်ထဲသို့ နစ်သွားတော့သည်။ နှာခေါင်းထဲသို့ ရေဝင်သွားတာကိုသာ နောက်ဆုံး သိလိုက်လျက် ကျန်တာ ဘာမှ မသိတော့။

ဖျိုး သတိရချိန်တွင် အခန်းတစ်ခုထဲမှာ ရောက်နေပြီဖြစ်သည်။ ဘေးနားမှာ ဖျိုးကို စိုးရိမ်တကြီး စောင့်ကြည့်နေသော မံရဲ့မျက်နှာကို အားတက်စဖွယ် မြင်လိုက်ရလေသည်။

"ဖျိုး သတိရပြီလား၊ ခေါင်းက ဘယ်လိုနေသေးလဲဟင်။ သက်သာတယ် မဟုတ်လား"

"အင်း ... သက်သာပါတယ်။ မံ ... မံက ဘယ်လိုလုပ် ရောက်နေတာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... မုတ်သုန်က ဖုန်းဆက်ခေါ်လို့ပေါ့ ပျိုးရယ်။ ဖြစ်မှ ဖြစ်ရလေ၊ ဘယ်လိုများဖြစ်ပြီး ချော်လဲသွားရတာတဲ့လဲ"

"ကိုယ့်အမှားပါကွာ။ ကိုယ်ကလည်း ဘာရယ်မဟုတ် အရှင်လိုပဲ ရေထဲကို ဒိုင်ဗင်ပစ်ချလိုက်တာ ...

အဲဒါ သူ့ကို ရေတွေက သွားစဉ်ပြီး သူလည်း ရုတ်တရက်ဆိုတော့ ဟန်ချက်ပျက်ပြီး ချော်လဲသွားတာပေါ့၊ ချော်လဲတော့ လှေကားထစ်နဲ့ ခေါင်းနဲ့ ဆောင့်မိသွားတယ် တူပါတယ်။ တော်သေးတာပေါ့၊ ခေါင်းတွေ ဘာတွေ ကွဲမကုန်တာ။ နောက် အထဲမှာ ဦးနှောက်နဲ့ အာရုံကြောတွေ ဘာတွေ ထိမှာလဲ စိုးရိမ်ရတယ်"

"အင်း ... ခုတော့ သက်သာပါတယ်"

ပျိုးရဲ့နွမ်းလျစွာပြောသော အပြောကို မုံက စာနာစွာ ငေးကြည့်ရင်းမှ အားမရှိစွာ ပြုံးပြသည်။ ပြီးတော့ ပျိုးရဲ့လက်ကလေးများကို ဖွဖွဆုပ်ကိုင်ကာ ...

"ပျိုး စိတ်ညစ်သွားပြီလားဟင်။ ရေကူးရမှာ ကြောက်သွားပြီနဲ့တူတယ်"

"ကြောက်သွားမှာပေါ့။ ပထမဦးဆုံးနေ့မှာတင်ပဲ ဒီလိုဖြစ်တာဆိုတော့ တော်တော်တော့ လန့်သွားမှာပဲ။ ဟိုတယ်က ဆရာဝန်က ဆေးထိုးပေးထားတယ် ပျိုး။ ဒဏ်ရာကြီးကြီးမားမားတော့ မရပါဘူး ...





အနားယူလိုက်ရင် သက်သာသွားမှာပါ"

သူက ပျိုးကို ခုတင်ဘေးမှာ လာရပ်ကြည့်လျက် စိတ်မကောင်းသော ပုံစံဖြင့် ဆိုသည်။ တကယ်တော့ သူ့အမှားလည်း မဟုတ်ပါ။ ပျိုးကိုက အခြေမခိုင်နိုင် ယိုင်တိုင်တိုင် နှလုံးသားဖြင့် ရင်တုန်ပန်းတုန် ဖြစ်နေသောကြောင့် နမော်နမဲ့ ချော်ကျသွားရခြင်း ဖြစ်သည်။ အဲဒီအတွက်လည်း ကိုယ့်ကိုယ်ကိုယ် စိတ်ပျက်ကာ ရှက်ရွံ့ရပါသည်။ ပျိုးအတွက်ကြောင့် အလကား နေရင်း မုံရော၊ သူရောပါ ဒုက္ခများရပြီဖြစ်သည်။

"ဆောရီးနော် ... ပျိုး အတွက်ကြောင့် မုတ်သုန်ရော၊ မုံရောပါ ကိစ္စများရပြီ"

"ကိုယ့်က ဘာမှမဖြစ်ပါဘူး။ ပျိုးကိုပဲ အားနာနေတာပါ။ ဘယ်လိုလဲ ပျိုး၊ ရေကူးဖို့တော့ တော်တော်ကြောက်သွားပြီနဲ့ တူတယ်နော်"

ပျိုးသည် သူပြောတာထက်ကို ဆယ်ဆလောက် ပိုကြောက်သွားသဖြင့် မကြောက်ပါဘူးဟု ဟန်ဆောင်ပန်ဆောင်လေးတောင် မငြင်းနိုင်ပါ။ အပြုံးယဲ့ယဲ့လေးဖြင့် ငြိမ်သက်နေရသည်။ တကယ်ဆိုလျှင် ရေကူးသင်ဖို့ဆိုတာ ပျိုး စိတ်လည်းမဝင်စား။ စဉ်းတောင့်မစဉ်းစားမိသောအရာ ဖြစ်သည်။ မုံရဲ့တစ်ထိုင်တည်း ချလိုက်သော စိတ်ကူးကြောင့်သာ ဒီလိုသင်ဖြစ်ရသော်လည်း တကယ်တမ်းမှာ ပျိုးအတွက် မလွယ်ကူဘူးဆိုတာကို အခြေအနေတွေက သက်သေပြလိုက်ပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မှတ်သုန်သည်လည်းပဲ အဲဒီလို တွေးမိဟန်တူပါသည်။ သူက ဖိုးရော မုံရောကို တစ်ချက်စီကြည့်ကာ အေးအေးဆေးဆေးပဲ စကားပြောလာသည်။

"ဒီစကားကို ပြောရတာ ကိုယ့်ကို တစ်မျိုးမထင်ပါနဲ့။ ကိုယ် စေတနာမရှိလို့ ပြောတာ မဟုတ်ဘူး။ တကယ်တော့ ဖိုးက ရေကူးသင်မယ်ဆိုရင် မိန်းကလေးဆရာနဲ့ပဲ သင်သင့်တယ်၊ အဲဒါမှ ဖိုးအတွက် ဖလက်ဆီဗယ်ဖြစ်မယ်လို့ ထင်တယ် ...

အခုတော့ ဖိုး စိတ်ထဲမှာ ဘယ်လိုလုပ် လွတ်လပ်မှုရှိမလဲ။ ဟုတ်တယ်မှုလား။ ကိုယ် ပြောတာကို လက်ခံလား လေး"

သူက မုံ့ကို လေးလို့ ခေါ်လိုက်တာကို ဖိုးက သတိထားမိလိုက်သည်။ မုံကတော့ အဲဒါကို အရေးစိုက်ဟန်မတူပါ။ သူ့ကိုသာ ပြန်စိုက်ကြည့်လျက် ...

"အင်း ... လက်ခံပါတယ်လေ။ လက်ခံရတော့မှာပေါ့။ ဒေါ်ချွေဖိုးရဲ့အနားမှာ ကျုပ် မရှိလို့ကို မဖြစ်တာပေါ့၊ ဟုတ်လား ဖိုး"

မုံက ဖိုးကို ပြုံးပြုံးလေးပဲ မေးဆတ်မေးသည်။

"ဖိုး မုံ့ကို အားနာပါတယ် မုံရယ်။ မှတ်သုန်ကိုလည်း အားနာပါတယ်"





"အားနာမနေပါနဲ့၊ ကဲ ... ဖိုး သက်သာတယ်ဆိုရင် ဖိုးကို မုံပဲ ပြန်လိုက်ပို့ပေးမယ်။ မှတ်သုန်လည်း အလုပ်တွေ ရှုပ်ရောပေါ့ ...

တော်သေးတယ်၊ ဒီနေ့က ကျောင်းပိတ်ရက်မို့။ ကဲ ... မှတ်သုန်၊ စိတ်ချလက်ချနဲ့သာ ပြန်ပေတော့။ ဖိုးကို မုံ လိုက်ပို့လိုက်မယ်"

မှတ်သုန်က အပြုံးတစ်ချက်ဖြင့် နှုတ်ဆက်ပြီး ပြန်သွားသည်။ မှတ်သုန် ပြန်သွားတော့မှပင် ဖိုးကို မုံက မျက်လုံးပြူးဖြင့် ကြည့်ကာ ...

"ဖိုးရယ် ... ရှင့်ဟာကလည်း ဘယ်လိုဖြစ်ရတာလဲ။ ကျုပ် သေချာမှာလိုက်တယ်လေ။ စိတ်ကို တည်တည်ငြိမ်ငြိမ်နဲ့ ပေါ့ပေါ့ပါးပါးပ်ထား ...

လွတ်လွတ်လပ်လပ်နေ ဆိုပြီးတော့။ ဘာလဲ ... ရှင် သူ့ Body ကိုမြင်ပြီး ရင်ခုန် ရင်တုန် ပန်းတုန် ဖြစ်သွားတာ မဟုတ်လား"

ဖိုးသည် မှန်လွန်းသော မုံ့စကားကြောင့် ရှက်သွားရသည်။

"မုံကလည်း ... ဘာတွေ လျှောက်ပြောနေတာလဲ"

"ဟုတ်တာ ပြောတာလေ။ အေးဟယ် ... ရှင်နဲ့လည်း ကျုပ် စိတ်ညစ်ပါတယ်။ ဒီလို အဖြစ်အပျက်မျိုးကသူ



www.burmeseclassic.com

www.burmeseclassic.com



လည်းရင်ခုန်၊ ရှင်လည်း ရင်ခုန်ပြီး သာယာကြည်နူးဖို့ ကောင်းတဲ့ အခြေအနေလေးနဲ့ ရှင်တို့ကို ဒီထက် Close ဖြစ်သွားစေချင်လို့ပဲ ...

ခုတော့ ရှင်က ရင်ခုန်ရုံတင် မကဘူး။ ခြေတွေလက်တွေပါ တုန်ပြီး ကိုယ့်ကိုယ်ကိုယ် မထိန်းနိုင်တော့ သွားပြီပေါ့။ နေဦး ရှင် ရေနစ်တော့ သူက ရှေးဦးသူနာပြုစုနည်းတွေ ဘာတွေနဲ့ လုပ်ပေးသေးလား"

"ဟင့်အင်း ... မသိဘူးလေ မုံရဲ့။ ရှေးဦးသူနာပြုစုနည်းက ဘာဖြစ်လို့လဲ"

"ကျွတ် ... ဆေးလိုက်တဲ့ ကလေးမ။ ရှေးဦးသူနာပြုစုနည်းထဲမှာ ရှင် အသက်မရှူတော့ရင် ရှင့်ကို ထမ်းပြီးပြေး၊ ပြီးတော့ ရှင့်နှုတ်ခမ်းကနေ လေမှုတ်သွင်းပြီး အသက်ရှူအောင် လုပ်ပေးရတာ ...

အဲဒါကို ပြောတာ ..."

မုံ့ အပြောကြောင့် ပျိုးက အခုမှပင် မျက်လုံးပြူးတော့ကာ ပါးစပ်အဟောင်းသား ပွင့်သွားလျက် ကိုယ့်နှုတ်ခမ်းကိုယ် လက်နဲ့အုပ်မိတော့သည်။ ဘုရားရေ ... အဲဒီလို အဖြစ်မျိုးတကယ်ပဲ ဖြစ်ခဲ့သလား။ ဒါဆိုရင်တော့ သူ့ကို ပျိုး ဘယ်လိုများ မျက်နှာချင်းဆိုင်ရတော့မှာပါလိမ့်။

"အဲ .... အဲလို လုပ်တာလားဟင်။ ဟယ် ... ဒုက္ခပါပဲ"





"မသိဘူးလေ၊ အဲဒါကြောင့် ရှင့်ကို မေးနေတာ။ ကျုပ်လည်း သူ ဖုန်းဆက်ပြီးခါမှ ကမန်းကတန်း ရောက်လာရတာ ...

ဒီရောက်တော့ ရှင်က ခုတင်ပေါ် ရောက်နေပြီလေ။ အဲဒါကြောင့် ရှင့်ကို မှတ်မိလားလို့ မေးနေတာ"

"ဟင့်အင်း ... မမှတ်မိပါဘူး မုံရယ်။ ဒုက္ခပါပဲ။ အဲလိုသာ တကယ် ဆိုရင်တော့ ပျိုးတော့ သူ့ရှေ့ကို ဘယ်လိုလုပ် မျက်နှာပြရတော့မှာလဲ"

"အဲဒါ ပြောတာပေါ့။ အစတည်းက စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပြီး အဆင်ပြေအောင် နေပါလို့။ ခုတော့ ငွမ်းကုန်ပြီ ...

ကဲပါ ... အဲလိုကယ်တင်လိုက်တော့လည်း တစ်မျိုးကောင်းတာပေါ့"

"ဘာ ... ဘာကောင်းတာလဲ"

"ဟုတ်တယ်လေ၊ အဲဒါဆို သူလည်း ရင်တွေ ဘာတွေခုန်ပြီး သူ့ရင်ခုန်သံတွေသူ ပြန်ဆန်းစစ်လို့ ရတာပေါ့ ...

ဒီပုံစံအတိုင်းဆို ရှင်တို့ Close ဖြစ်သွားပြီပေါ့"

"ဟာကွာ ... အဲဒီ မုံကလည်း၊ ဘာတွေလျှောက်ပြောနေတာလဲ။ စိတ်ညစ်လိုက်တာ၊ စိတ်ညစ်လိုက်တာ၊ ပျိုးတော့ သိပ်ရှက်တာပဲ။ ဘယ်လိုလုပ်ရမလဲ၊ ပျိုး သူ့ကို ဘယ်လို မျက်နှာချင်းဆိုင်ရမလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



မုံက ပျိုးကို ပြုံးပြုံးလေးပဲ လက်ပိုက်ကြည့်သည်။

"ဒါက မသေချာပါဘူး။ မုံ့ဘာသာ ရမ်းပြီးလျှောက်ပြောတာပါ။ အဲဒီလောက်လည်း ရှက်ဖို့မလိုပါဘူး ပျိုးရယ်။ မင်းက မလိုအပ်ဘဲ သိပ်ရှက်တတ်တာပဲ။ အဲဒါကို နည်းနည်းလျှော့ ...

ကိုယ်က သူ့ကို ချစ်တာပဲ မဟုတ်လား။ ဒီတော့ ကိုယ့်နှလုံးသား အထဲကို သူ သိအောင် ဖွင့်ဟပြရမှာပဲလေ"

"အို ... အဲဒီလိုကြီး လုပ်ရမှာလား၊ မုံကလည်း"

"ဟိုလိုကြီး လုပ်ရမှာကို မဆိုလိုဘူးလေ။ ဒါပေမဲ့ လူတစ်ယောက်ကို ခံစားချက်ပါတဲ့ မျက်ဝန်းတွေနဲ့ ကြည့်တတ်ရမယ် ပျိုးရဲ့"

"ခံစားချက်ပါတဲ့ မျက်ဝန်းတွေ"

"အင်းပေါ့ ... မုတ်သုန်လို လူမျိုးက အဲဒီလို ကြည့်ပေးရုံနဲ့တင် လုံလောက်နေပါပြီ"

"ပျိုးမှ မကြည့်တတ်တာ"

"ဝေါ ... ခက်ပြီ။ ကျွတ် ... ပျိုးကလည်းကွာ။ ရှင်က ခေတ်မှီန်းကလေး မဟုတ်တာ ကျနေတာပဲ။ ရှင် ဝတ္ထုတွေ ဖတ်တယ် မဟုတ်လား ...

အဲဒီထဲမှာ မင်းသမီးက မင်းသားကို ချစ်နေပြီဆိုရင် ဘယ်လိုကြည့်လဲ၊ သေချာရေးဖွဲ့ထားတာတွေရှိတယ်၊ နောက် ကိုရီးယားကားတွေ ကြည့်ကွာ ...





အဲဒီမှာ ဆော်တွေက ဘဲတွေကို ဘယ်လိုကြည့်လဲ ...

အဲဒါတွေကို အတုယူပေါ့"

"ဟင့်အင်း ... သူ့ရှေ့ရောက်ရင် ပျိုး သူ့ကို ကြည့်လို့ကို မရတော့ဘူး။ ခေါင်းပဲ ငုံ့မိနေတော့တာ"

"ကောင်းရော ... အဲဒါဆိုလည်း ဘယ်လိုသွားလုပ်တော့မှာလဲ ပျိုးရယ်။ ရှင့်ဟာက အတုရေကူးဖို့ ကြံရွယ်တော့လည်း မဖြစ်မြောက် ...

အကြည့်ချင်းလေးတွေ ဆုံပေးပါဆိုတော့လည်း မကြည့်ရဲဘူးတဲ့။ ပြဿနာပဲ"

"မုံရယ် ... ပျိုး အဲဒီလိုတွေ မလုပ်ချင်တော့ပါဘူး။ သူ့ဟာသူလေးပဲ ဒီအတိုင်း ထားချင်ပါတော့တယ် ...

မုံလည်း ကြားထဲက ပျိုးအတွက် ပင်ပန်းပါတယ်။ ပျိုး ... ပျိုးလေ ဒီအတိုင်းလေးပဲ သူ့ကို ခိုးငေးနေရရင်ပဲ ကျေနပ်ပါပြီ"

မုံက ပျိုးကို စာနာသနားသွားသော မျက်လုံးများဖြင့် တစ်ခဏတာ ငေးကြည့်နေသည်။ ပြီးတော့မှ တစ်ခုခုကို ဆုံးဖြတ်သွားသော မျက်လုံးများက လက်ခနဲ တောက်ပသွားကာ ...

"အို ... မုံကတော့ ဒီအတိုင်း လက်မလျှော့နိုင်ပါဘူး။ သူလည်း ပျိုးကို သံယောဇဉ်ရှိနေတာပဲ။ ပျိုးတို့နှစ်ယောက်က အလိုက်ဖက်ဆုံးပဲ ...



www.burmeseclassic.com

www.burmeseclassic.com



နေပါဦး ... ပျိုး အသာနေပါ။ ဒီကိစ္စကို မုံ ဆက် try ပါ့မယ်။ ပျိုးသာ ဒီ့ထက် သွက်နိုင်အောင် ကြိုးစားထားပါ၊ ဟုတ်ပြီလား ...

စိတ်ဓာတ်တွေကို နှိမ်မထွေးပါနဲ့ ပျိုးရယ်။ ကိုယ့်ဆန္ဒတွေဆိုတာ ပြည့်ဝတတ်တယ်လို့ ယုံကြည်ချက် ထားရမယ်။ ဟုတ်လား"

ပျိုးသည် တက်ကြွစွာ ပြောနေသော မုံ့ကိုငေးကာ မတတ်သာသည့် အဆုံး၌ ခေါင်းညိတ်ပြလိုက်ရတော့သည်။ စိတ်ထဲကတော့ တိတ်တိတ်လေး ကျိတ်တွေးနေမိသည်မှာ မုံ ဆိုသော ကလေးမသည် ဘာကြောင့်များ အောင်သွယ်တော် မြားနတ်မောင်အလုပ်ကို ဝါသနာပါနေပါလိမ့် ဆိုတာပဲ ဖြစ်တော့သည်။ အခုလောလောဆယ်မှာတော့ ပျိုး သိတာသည် မုံ ပြောသလိုပဲ မုတ်သုန်က ပျိုးကို ပြုစုကူညီပေးခဲ့ရပါသလား။ ဒါမျိုးက သွားမေးလို့ရတဲ့ကိစ္စလည်း မဟုတ်။

ပျိုးသည် အခုမှပဲ ပြန်လည်မြင်ယောင်ကြည့်ရင်း ရင်တွေ တဒိန်းဒိန်းပဲ ခုန်လာရတော့လေ့သည်။





၁၀

မုတ်သုန်သည် ရေချိုးခန်းထဲမှ ထွက်လာသောအခါ ခရုသုတ်ရင်းနဲ့မှ သူ့အကြည့်တို့က စားပွဲပေါ်မှာ တင်ထားသည့် ဖုန်းထံ ရောက်သွားသည်။ ဖုန်းထဲမှာ Missed Call ဝင်နေကြောင်း ပြတာမို့ သူက ဖွင့်ကြည့်လိုက်သည်လျှင် Lay ဟူသော စာလုံးသေးကို တွေ့လိုက်ရသည်။ တစ်လက်စတည်းမှာပင် မျက်ဝန်းထဲမှာ သူက လေးဟု ခေါ်ရသည့် ကောင်မလေးတစ်ယောက်ရဲ့ ပုံစံကို ဖျတ်ခနဲ မြင်ယောင်မိသည်။ ဒီကောင်မလေး ဆက်ထားဘာပဲ။ ရေချိုးခန်းထဲ ဝင်နေတာမို့ ဖုန်းလာတာကို မကြားမိဘဲ ဖုန်းမကိုင်နိုင်ခြင်း ဖြစ်သည်။ သူက အသာ့ပြုံးကာ ဖုန်းကိုချထားပြီးတော့ အိမ်နေရင်း ပေါ့ပေါ့ပါးပါး လွတ်လွတ်လပ်လပ်ရှိသည့် အဝတ်အစားကို ဝတ်ဆင်လိုက်သည်။

အဲဒီနောက်မှာတော့ ဖုန်းကိုယူကာ ဝရန်တာသို့ထွက်လာခဲ့သည်။ သူမဆီသို့ သူ ဖုန်းပြန်ခေါ်ရပါမည်။ သူသည် ဝရန်



www.burmeseclassic.com

www.burmeseclassic.com



တာကိုမှီကာ သူမရဲ့ဖုန်းနံပါတ်ကို နှိပ်လိုက်သည်။ ပထမတော့ Network Busy တွေ ဘာတွေ အကြောင်းပြပြီးမှ ဖုန်းက ဝင်သွားသည်။ Ring Tone မြည်သံ သုံးချက်အပြီးမှာ သူမက ဖုန်းဖွင့်ကိုင်ပါသည်။

"ဟယ်လို"

"အင်း ... ကိုယ်ပါ လေးရဲ့။ မင်း အခုနက ခေါ်တုန်းက ကိုယ် ရေချိုးခန်းထဲ ဝင်နေလို့ ... ဆောရီး"

"ရပါတယ်၊ ကိစ္စမရှိဘူး။ အကြောင်းအထွေအထူးတော့ မရှိပါဘူး ...

ဒီလိုပါပဲ ... ဟင်း ... ဟင်း"

သူမက ချိုလွင်သော ရယ်သံလေးဖြင့် ရယ်မောသည်။ သူသည် မျက်ခုံးပင့်သွားမိကာ အသာပြုံးမိသည်။ သူမကို မေးခွန်းတစ်ခု မေးမိပါသည်။

"ဘာလဲ ... ကိုယ့်ကို သတိရလို့ ဆက်တာလား"

"အင်းပေါ့ ... စိတ်ထဲမှာ ဒီလူတစ်ယောက်ကို ဖျတ်ခနဲ သတိရသွားတဲ့အခါကျရင် ဘာရယ်မဟုတ် ဖုန်းလေး ဘာလေး ဆက်မိတာပေါ့"

သူမက အဲဒီစကားကို ပေါ့ပေါ့ပါးပါးပဲ ပြောသည်။ သူကတော့ ရင်ထဲမှာ တစ်မျိုးတစ်မည် လှုပ်ရှားပြီး လာလေသည်။ သူမဟာ သူ့ကို သတိရလို့ပါဆိုတဲ့ စကားကို ဒါပါနဲ့ဆိုလျှင် နှစ်ကြိမ် သုံးခဲ့ပြီဆိုတာ သူ မှတ်မှတ်ရရ သတိထားမိပြီဖြစ်သည်။





သတိရတယ်ဆိုတဲ့ စကားလုံးလေးဟာ လွမ်းတယ်ဆိုတဲ့ စကားလောက် မလေးနက်ပေမယ့် မျက်ဝန်းချင်းဖလှယ်သူတွေ အတွက်တော့ "သတိရတယ်"ဆိုတဲ့ စကားလုံးလေးကတင် ရင်ခုန်ဖို့ကောင်းကောင်းလုံလောက်ခဲ့ပြီဖြစ်သည်။

သူသည် ကျားပေါက်ရဲ့ "သတိရရဲ့လား" ဟူသော သီချင်းကိုတောင် သတိရသွားခဲ့သည်။

"သတိရမိလို့ ဖုန်းဆက်တဲ့အခါ ဖုန်းလေးမချပါနဲ့ပေါ့"

သူက Example အဖွဲ့ရဲ့ သီချင်းတစ်ပိုင်းတစ်စလေးကိုတောင် ညည်းပြလိုက်လျှင် သူမက ချိုလွင်စွာ ရယ်မောသည်။ ပြီးတော့ စကားပြောကောင်းသူ ပီသစွာ သူ့စကားကိုနင်းလျက် ချက်ချင်းပဲ ပြန်ပြောပါသည်။

"ရှင်က သတိရလို့ အဲဒီလို ဖုန်းဆက်ရင် ဖုန်းချပစ်တတ်တဲ့ သူမျိုးလား"

"အာ ... ဒီရုပ်ဒီရည်ကို ထင်စရာလား"

"ပြောတတ်ဘူးလေ၊ သိရတာမျိုးမှ မဟုတ်တာ"

"သြော် ... ကိုယ်က ရုပ်ချောပေမယ့် အဲဒီလိုမျိုးတော့ မာနမကြီးတတ်ပါဘူး"

"ဟယ် ... ပေါ်တင်ကြီး ပြောတယ်တော့။ စိတ်ညစ်စရာ !"

"ဟား ဟား ... အမှန်တရားကို လက်ခံလေ ကောင်မလေးရဲ့"

"အေးပါ ... အေးပါ ... လက်ခံပါတယ်။ စားပြီးပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ပြီးဦးမလဲ။ ခုနကမှ ရေချိုးပြီးတာ၊ ကိုယ်တို့အိမ်က ညခုနစ်နာရီကျမှ ဂီသားစုအားလုံးဆုံပြီး ထမင်းစားကြတာလေ ...

ဪ ... ဒါနဲ့ နွယ်ပျိုးပင်ရော၊ ရေကူးသင်ဖြစ်သေးလား၊ အဆင်ပြေလား"

"အင်း ... ပျိုးလား။ သူက နဂိုတည်းကမှ ကြောက်တတ်တော့ ခု ပိုဆိုးနေတာပေါ့၊ သင်တော့ သင်ချင်တယ်၊ ဒါပေမဲ့ ကြောက်နေတယ် ...

ကိုယ် တစ်ခုပြောရင် မင်း စိတ်ဆိုးမှာလား"

"အမယ် ... စကားက အရင်ကြိုခံလို့၊ ပြောပါ စိတ်မဆိုးပါဘူး"

"ပျိုး ကြည့်ရတာ ရေကူး သိပ်သင်ချင်ပုံ မရဘူး။ မင်းက ဖွတ်သင်ခိုင်းလို့ သင်ရတဲ့သဘောမျိုး ဖြစ်နေတယ်"

"အံမာ ... အဲလို မဟုတ်ပါဘူးနော်။ သူက သင်ချင်ပါတယ်၊ ဒါပေမဲ့ ရှင် သင်ပေးမှာကိုတော့ ရှက်နေတဲ့ပုံစံပေါ့၊ အဲလိုမျိုး"

"ဒါများ ဘာလို့ ကိုယ်နဲ့ သင်ခိုင်းလဲ လေးရယ်၊ မင်း သူငယ်ချင်းကို သက်သက်ဒုက္ခရောက်အောင် ...

ကိုယ့်လူအကြောင်းလည်း ကိုယ် မသိတာလည်း မဟုတ်ဘဲနဲ့"

"ဪ ... သိလွန်းလို့ပေါ့"





"ဘာသိတာလဲ"

"သိတာဟာ သိတာပဲပေါ့။ ကဲပါ ... အဲဒီအကြောင်းတွေ မပြောချင်ပါဘူး"

"ကဲ ... ပြော၊ ဘာအကြောင်း ပြောချင်တာလဲ"

သူက ထောက်ပေးလိုက်လျှင် သူမက တဟင်းဟင်း ယေသည်။ ဒီကောင်မလေးဟာ တွေ့လိုက်လျှင် အရယ်မျက်လုံးနဲ့ အပြုံးမျက်နှာ ဆိုသော အစားထဲကဖြစ်သည်။ လူတစ်ကိုယ်လုံးကလည်း ဖက်ရှင်မယ်တစ်ယောက်လို စမတ်ကျနေကာ အဲဒီပေါ်မှာ ပဲများတာမျိုးလည်းမရှိ။ သွက်သွက်လက်လက်နဲ့ ခေတ်မီမီ ကောင်မလေးမျိုးမို့ ဒီကောင်မလေးရဲ့စတိုင်လ်ကို သူက အရမ်း သဘောကျပါသည်။

နွယ်ပျိုးပင်လို နူးညံ့သိမ်မွေ့ကာ အရှက်အကြောက် ကြီးလွန်းသော ပုံစံမျိုးကျတော့လ ... သိပ်မကြိုက်။

အချစ် ဆိုတာ ဘယ်ကစဖြစ်သလဲ။ လူတစ်ယောက်ကို နှစ်သက်သဘောကျရာကနေ အချစ်ဖြစ်သွားသယားတော့ မပြောတတ်တော့ပါ။ နောက်ကျမှပဲ သူဟာ အဲဒီအကြောင်းအရာကို သူငယ်ချင်းတွေနဲ့ ဆန်းစစ်ကြည့်ရပါဦးမည်။ သို့သော် သူမက သူ့ရင်ထဲကို မြင်နေသည့်အလား နိမိတ်ပြမေးခွန်းထုတ်သည်။

"ဘာကြောင်း ပြောချင်တာလဲ ဆိုတော့ ဒီလိုမျိုး ..."

"အင်း ... ဘယ်လိုမျိုးလဲ၊ ပြောပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလေ"

"ပြောလေ"

"ရှင် ... လူကို လှောင်ပြောင်နေတာလား"

"မလှောင်ပြောင်ပါဘူး။ ကဲ ... ပြောပါ၊ မနှောက်တော့ဘူး ပြော"

"လူတိုင်းမှာ ကိုယ့်ဟာကိုယ် တွေးပြီး၊ အဖြေအတွေးမရတဲ့ ပုစ္ဆာတွေလည်း ရှိကြမှာပဲလေ။ အဲဒီလို ပုစ္ဆာမျိုးရှိခဲ့ရင် ကျွန်မကိုမေး။ ကျွန်မ ဖြေပေးမယ်"

"အလို ... တယ်ဟုတ်ပါလား"

သူက သူမရဲ့အတွေးအိုက်ဒီယာကို သဘောကျသွားသည်။ သူ စကားပြောချင်တာလည်း အဲဒီလို မိန်းကလေးမျိုးနဲ့ပဲ ဖြစ်ပါသည်။ ကိုယ်ကချည်း ဦးဆောင်ပြောကာ အင်းတစ်လုံး အဲတစ်လုံးဖြင့် ရှက်ပြုံးမပွင့်တပွင့် ဆင်မြန်းထားသော မိန်းကလေးမျိုးကို သူ သဘောမကျပါ။

"ဟုတ်ရမယ်လေ ... I'm Laymyatmom ခုနစ်ရက်သား သမီးတွေရဲ့ ပြဿနာကို ဖြေရှင်းပေးဖို့ လောကကြီးထဲကို ရောက်လာတာ"

"ဟား ... ဒါဆို မင်းက မယ်တော်လား"

"နီးပါ။ မယ်တော်ထက် အဆင့်မြင့်တဲ့ မော်ဒယ်လ် ... ဟား ဟား ... ကဲပါ ... ရှင်နဲ့ နှောက်နေရတာနဲ့ စကားအကောင်းက ပြောလို့မရတော့ဘူး။ ကဲ ... ပြော၊ ရှင့်မှာ





ဖြေရှင်းမရတဲ့ ဒါမှမဟုတ်ရင် ကျေနပ်လောက်အောင် အဖြေမထုတ်နိုင်တဲ့ မေးခွန်းတွေရှိရင် ကျွန်မကိုပြော ... ကျွန်မ ဖြေပေးမယ်"

"တကယ်လား။ စိတ်ဝင်စားစရာပဲ။ မင်းက ဘယ်လိုမေးခွန်းကိုပဲဖြစ်ဖြစ် ဖြေပေးနိုင်တယ်ပေါ့"

"ဖြေပေးနိုင်တာပေါ့"

"ဟာ ... အဆန်းတကြယ်ပါပဲလား။ အဲဒီလို ဖြေနိုင်ဖို့ မင်း ဘယ်လောက်တောင်များ ကြိုးစားထားရသလဲ"

"အဲဒီမေးခွန်းတွေ မေးဖို့က စောပါသေးတယ်။ ရှင်ဖြင့် ဘာမှတောင်မမေးရသေးဘဲနဲ့ စွတ်ပြီး အထင်ကြီးမနေနဲ့လေ"

"အဟက် ... ဟက်၊ အေးပါ ... အေးပါ။ ကဲ ... အဲဒါဆို မေးမယ်။ မြွေတွေဟာ နားကြားရသလား"

"ဟင် ... ဘာဆိုင်လို့လဲ၊ ကျွန်မ ပြောတာက စိတ်ထဲမှာ မရှင်းမလင်းဖြစ်နေတဲ့ အငှေ့ ပုစ္ဆာလို့ ပြောတာလေ။ ရှင့်ဟာက သုတစုံလင် ရွှေဉာဏ်ရှင် အစီအစဉ် ဖြစ်နေပြီ"

"မဟုတ်ပါဘူး၊ ဒါက ဝဏ္ဏာမအပျို မေးလိုက်တဲ့ မေးခွန်းပါ။ ဒီမေးခွန်းကို ဖြေနိုင်မှ ကိုယ် တကယ်မေးချင်တဲ့ မေးခွန်းကို မေးမှာ"

"အံမယ်လေး ... ဆရာနဲ့ တွေ့နေပြန်ပြီ။ ကဲ ... ဟုတ်ပါပြီ။ ရှင်မေးတဲ့ မေးခွန်းကို ကျွန်မ ဖြေနိုင်ပါတယ်။ မြွေတွေဟာ နားမကြားနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... မှန်တယ်။ ကဲ ... အဲဒါဆိုရင် ကိုယ် တကယ်မေးချင်တဲ့ မေးခွန်းကို မေးတော့မယ်။ လူတစ်ယောက်ကို ချစ်တယ်ဆိုတဲ့နေရာမှာ ချက်ချင်းချစ်တာလား၊ ဒါမှမဟုတ် ရှေ့က အကြောင်းအရာတစ်ခုခု ခံပြီးမှ ချစ်တာလား ...

ဥပမာ ... အထင်ကြီးခြင်း၊ လေးစားခြင်း၊ ခင်မင်နှစ်လိုဖွယ်ကောင်းခြင်း စသဖြင့်ပေါ့"

"ရှင် မေးတာကို ကျွန်မ သဘောပေါက်တယ်၊ လူတစ်ယောက်ကို ပထမဆုံးအကြိမ် ပြုန်းခနဲ စတွေ့တာနဲ့ ချစ်တယ်ဆိုတာ သိပ်မဖြစ်နိုင်ဘူး။ အဲဒါကို ကျွန်မကတော့ သိပ်လက်မခံဘူး။ ပထမဦးဆုံးမှာ normal ရှိရင်လည်းရှိမယ်။ ပြီးတော့မှ ခင်မင်သွားပြီး တဖြည်းဖြည်း သဘောကျနှစ်လိုစိတ် ဝင်လာတာလည်း ဖြစ်ချင်ဖြစ်မယ် ...

သူ့ရဲ့အပြုအမူ အပြောအဆို စိတ်ဓာတ် လုပ်ရည်ကိုင်ရည် စသဖြင့်ပေါ့။ အဓိက,ပြောရမယ် ဆိုရင်တော့ ဆယ်ကျော်သက်တွေမှာတောင် ကြိုက်တဲ့စိတ်က အရင်လာတာပါ။ ကောင်မလေးကို ကြိုက်တယ်ပေါ့ ...

ကြိုက်လို့ လိုက်တာ၊ ဘာရယ်မဟုတ်ဘူး ...

နည်းနည်း Stable ဖြစ်တဲ့ အရွယ်မှာဆိုလည်း အဲသလိုပါပဲ။ သိပ်တော့မကွာဘူး။ သဘောကျတယ်၊ နှစ်သက်တယ်ပေါ့။ ပြီးတော့မှ အချစ်တစ်ခုက လာတာ





အဲဒီတော့ ရှင် ပြောသလို ချစ်ခြင်းရဲ့ရှေ့မှာ တစ်ခုခုခံတယ်ဆိုတာ ဖြစ်နိုင်တယ် ...

တစ်ခါတလေကျတော့လည်း တချို့က ပထမဦးဆုံးအကြိမ်မှာတင် စွဲလမ်းသွားတာမျိုးလည်း ရှိတယ်။ ချစ်တာတော့ မဟုတ်ဘူး။ so crazy ပေါ့။ ဒါကျတော့လည်း တစ်မျိုးတစ်ဘာသာပေါ့။ ဒီကိစ္စက နည်းနည်းတော့ကျယ်တယ်။ စိတ်ခံစားမှုတွေနဲ့ သက်ဆိုင်နေတာကိုး"

"အင်း ... မင်း ပြောသွားတာ မဆိုးပါဘူး"

"ဟား ဟား ... ဒါတောင် အပျိုးပဲ ရှိသေးတယ်။ အင်း ... ရှင့်ကို ကျွန်မ တစ်ခုပြောမယ်၊ မှန်နေရင် ဝန်ခံမှာလား"

"ဟား ... စိတ်တောင် ဝင်စားလာပြီကွာ။ ကဲ ... ပြော"

"ကျွန်မမေးတာ ရှင် မဖြေသေးဘူးလေ။ မှန်နေရင် ဝန်ခံမှာလား"

"အင်း ... ဒါကတော့ နည်းနည်းစဉ်းစားရမှာပဲ၊ ကိုယ့် Personal ကို အရမ်းမထိခိုက်ဘူးဆိုရင်တော့ ဝန်ခံသင့်ရင်လည်း ဝန်ခံရမှာပေါ့"

"အိုကေ ... ရှင့် personal ကို အရမ်းကြီး မထိခိုက်စေရပါဘူး။ ကျွန်မက ရှင့်ကို တစ်ခုလေးပဲ ပြောပြမှာ။ အခုလောလောဆယ်မှာ ရှင် ကောင်မလေးတစ်ယောက်ကို စိတ်ဝင်စားနေတယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း ... သူမ ဒီလိုမေးလိမ့်မည်ဟု သူ လုံးဝ ထင်မထားခဲ့ပါ။ ဒါဟာ ဘာစကားလဲ။ ရေလာဖို့ မြောင်းပေးသော စကားဟုတော့ သူ အထင်သေးစွာ မတွေးရက်ခဲ့ပါ။ လေးသည် အဲဒီလို မထင်ရက်လောက်အောင်ပင် ပွင့်လင်းဖော်ရွေကာ ချစ်ဖို့ကောင်းသော ကောင်မလေးဖြစ်သည်။ ပြောရလျှင် သူ့ထက်တောင် ပွင့်လင်းသော ကောင်မလေးဖြစ်သည်။ သူမရဲ့ပွင့်လင်းဖော်ရွေမှုကို သူ တန်ဖိုးထားပါသည်။ ကမ္ဘာပေါ်ရှိ နားလည်မှုရှိသော ချစ်သူစုံတွဲတိုင်းကို သူ အားကျသည်။

တချို့စုံတွဲများတွင် ရည်းစားစကားပြောကာ အဖြေတောင်းခြင်းနှင့် အဖြေပြန်ပေးခြင်းတို့ မပါဝင်ဘဲ နားလည်မှုနှင့် ချစ်သွားကြကာ ချစ်သူဖြစ်သွားကြတာကိုလည်း သူက တွေ့ဖူးသေးသည်။

အဲဒီလို အဖြစ်အပျက်မျိုးကို သူ အင်မတန် ရင်ခုန်ပါသည်။

“ဟော့ ... ရှင် ဘာလို့ ငြိမ်နေတာလဲ။ ကျွန်မ ပြောတာကို ရှင် လက်ခံလား၊ ဟုတ်တယ် မဟုတ်ဘူးပဲ ဖြေရုံပါပဲ။ အဲဒီကောင်မလေးဟာ ဘယ်သူ ဘယ်ဝါပါဆိုပြီး အတိအကျ ဝန်ခံဖို့ မဟုတ်ပါဘူး”

“အင်းပါ။ မင်း ပြောတာ မှန်တယ်”

“Woo ! ကြည့်စမ်း။ ရှင်က အမှန်အတိုင်း ဝန်ခံသားပဲ”





“ဝန်ခံပါတယ်၊ မင်းလည်း ဝန်ခံရလိမ့်မယ်။ မင်းက ကိုယ့်ရဲ့ဘယ်အကြောင်းအချက်ကိုကြည့်ပြီး ဒီလိုပြောနိုင်ရတာလဲ”

“ရှင့်မေးခွန်းကိုလေ”

သူ ရုတ်တရက် ဘာမှပြန်မပြောနိုင်ဘဲ ငြိမ်သွားရသည်။ သူမဟာ သူ ထင်ထားတာထက် ပိုတော်ပြီး ပါးနပ်မှုရှိပါသည်။ လေးရယ် ... မင်းကို ငါ ချစ်မိတော့မယ်လို့ ထင်ပါတယ်။ ကျေးဇူးပြုပြီး အဲဒီမေးခွန်းလေးကို မင်း ထပ်ပြီးဖြေပေးပါဦး ...

“ဒါဆို မင်းကို တစ်ခု ထပ်မေးလို့ ရမလား”

“ရပါတယ်”

“အိုကေ ... လူတစ်ယောက်ကို ချစ်မိတော့မယ်လို့ ထင်ထားတာကရော၊ အချစ်တစ်ခု တကယ်ဖြစ်သွားနိုင်လား”

“ချစ်မိတော့မယ်လို့ ကိုယ့်ကိုယ်ကိုယ် ထင်နေတာကိုက တကယ်တမ်းမှာ အဲဒါ ချစ်နေပြီပဲ”

“ဘာရယ် ! ”

“ဟုတ်တယ်၊ ရှင့်ကိုယ်ရှင် သေချာဆန်းစစ်ကြည့်ပေါ့။ ကဲ ... နောက်ထပ် ဘာတွေမေးစရာရှိလဲ စဉ်းစားထား။ ဆက်ဖြေပေးဦးမယ် ...

ခုတော့ ... ကိုရီးယားကား လာခါနီးပြီမို့ ဖုန်းလေး ချပါရစေ၊ ရှင်လည်း မိသားစုနဲ့ ထမင်းစားချိန် ရောက်ပြီ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား။ ခုနစ်နာရီ ထိုးတော့မယ်လေ၊ သွားစားတော့ ကောင်းသောညပါ မုတ်သုန်"

"အိုကေ ... ဆီးယူပါ လေး"

သူမက ဖုန်းချသွားသည်။ ဖုန်းချသွားသော်လည်း သူမ ပြောခဲ့သော စကားများက သူ့နားထဲတွင် ပိတ်မိပြီး ကျန်ရစ်ခဲ့သည်။ ဒါဆိုရင် ကိုယ်က မင်းကို ချစ်နေပြီပေါ့။ ရင်ခုန်ခြင်းဆိုတာ ချစ်ခြင်းရဲ့အစိတ်အပိုင်းတစ်ခုဆိုလျှင် သူသည် သူမကို ချစ်မိနေတယ်ဆိုတာ ဖြစ်တော့ ဖြစ်နိုင်သည်။ ဒါပေမဲ့ သူက ဟုန်းခနဲ ပွင့်ထွက်လာသော ချစ်ခြင်းစေ့ဆော်မှုတစ်ခုကို တောင့်ထားနေခဲ့သေးသည်။





၁၁

"ဟုတ်တယ် ? ။ သူက အဲဒီလိုတွေ ပြောတယ်ပေါ့၊ ဟုတ်လား မုံ"

ပျိုးက နန်းကြီးသုပ်ကိုတောင် ကောင်းကောင်းမစားနိုင်တော့ဘဲ မနေ့ညက မုံနဲ့ မုတ်သုန် ဖုန်းပြောခဲ့သည့် အကြောင်းများကို မျက်လုံးအဝိုင်းသားဖြင့် အံ့သြတကြီး မေးမြန်းနေသည်။ သူမ စားမဝင်ပေမယ့် မုံကတော့ စားဝင်သည်။ ဒါကြောင့် နန်းကြီးသုပ်ကို စားလိုက်၊ ကြက်ရိုးဟင်းချိုကို သောက်လိုက်ဖြင့် စကားကို ကောင်းကောင်းမပြောနိုင်။ ကိုယ့်ကို မျှော်လင့်တကြီး မျက်ဝန်းများဖြင့် ငေးမောနေသော ပျိုးပုံစံကို သနားသွားသောကြောင့်သာ ရေနွေးကြမ်းကို ငုံရင်း အာရှင်းလိုက်ရသည်။

"ဟုတ်ပါတယ် ဆိုမှကွာ။ ကျုပ် ထင်တာတော့ ရေကူးတုန်းက သူလည်း ရှင့်လိုပဲ ရင်တွေပန်းတွေတုန်ပြီး ရင်ခုန်သွားတာ နေမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... မုံကလည်း"

ပျိုးက ရှက်ရဲသော မျက်နှာဖြင့် ဆိုသည်။ မုံက သူ့မှ ရှက်သွားချိန်ကို အခွင့်ကောင်းယူကာ နန်းကြီးသုပ်တစ်ဇွန်းကို ပါးစပ်ထဲ ထည့်လိုက်ပြန်သည်။ ဝါးလို့ကုန်ခါနီးကျမှ စကားဆက်သည်။

"သူက ဇဝေဇဝါတော့ ဖြစ်နေတဲ့ပုံပဲ။ အဲဒါကြောင့် ရှေ့ကို ပီပီပြင်ပြင် တိုးမလာသေးတာပေါ့။ ဒါကြောင့် ပျိုးက သူ့ကို ရင်ထဲမှာ ရှိတယ်ဆိုတဲ့ အမူအရာမျိုး ပြပေးရမယ်"

"ဟင် ... အဲဒီလို လုပ်ရမှာလား"

"အဲဒီလို လုပ်တယ်ဆိုတာ ဘာမှခက်တာ မဟုတ်ဘူး။ မျက်လုံးနဲ့တင်ကို ပြီးတယ် ပျိုး။ ရှင်က မျက်လုံးနဲ့တောင် မကြည့်တတ်တော့ ခက်နေတော့တာပေါ့ ...

အဲဒီတော့ တခြားနည်းလမ်းလေးတွေ စဉ်းစားကြည့်ရမယ်"

"တော်ပါပြီ မုံရယ်။ ပျိုးကတော့ အဲဒီလိုတွေ မလုပ်ချင်ပါဘူး။ သူ့ကို ခိုးငေးနေရတာနဲ့တင် ကျေနပ်နေပါပြီ"

"ဟင် ... မယ်အားလျော့က တစ်မျိုး။ သူ့စိတ်ထဲမှာ ရှင် ရှိပါတယ် ပျိုးရဲ့။ ဒါကို ရှင် သိထားစမ်းပါ ...

ဟော ... ပြောရင်း ဆိုရင်း ဟိုမှာ သူတို့အုပ်စုလာနေပြီ။ ကျုပ်တို့ကို မြင်သွားပြီ။ ဘာဆက်လုပ်မလဲ စောင့်ကြည့်နေ"





မုံက နန်းကြီးသုပ်စားရင်းမှ မသိမသာ အကဲခတ်ကြည့်လိုက်လျှင် သူတို့အုပ်စုမှာ မုံတို့ဝိုင်းရှိရာသို့ လှမ်းလာတာကို တွေ့ရလေသည်။ အနားရောက်သောအခါ ထက်မြက်ဆိုသော တစ်ယောက်ရဲ့ နှုတ်ဆက်သံကို အရင်စကြားရသည်။

"ဟား ... နှစ်ယောက်သား ကျိတ်တွယ်နေလိုက်ကြတာ။ အားကျစရာကြီး၊ ဟဲ ဟဲ ... စားတောင် စားချင်လာပြီ။ ကျွေးမှာလားဟင်"

မုံက မော့ကြည့်လိုက်လျှင် မုံတို့ကို ပြုံးပြီးကြည့်နေသည့် မုတ်သုန်ကို တွေ့လိုက်ရသည်။ မုံက တွေ့လားဟူသော သဘောဖြင့် ပျိုးရဲ့ခြေထောက်ကို မသိမသာ လှမ်းတို့လိုက်သည်။

"ဘာလဲ ... ဘိုင်ပြတ်လာလို့လား၊ ပိုက်ဆံလိုရင်တော့ ချေးမယ်လေ"

"ဟား ... စေတနာကတော့ ရေစီးကမ်းပြိုနေပြီ၊ ရပါတယ်၊ ရပါတယ်၊ စိတ်ဓာတ်လေးတွေ သိရတာပေါ့"

"ကဲပါ ... ထိုင်ကြပါ၊ မိုးတိုးမတ်တတ်တွေနဲ့ အလှူခံတွေကျနေတာပဲ"

သူတို့သုံးယောက်က မုံတို့ စားပွဲဝိုင်းမှာပဲ ဝင်ထိုင်ကြသည်။ နေမင်း ဆိုသူ တစ်ယောက်က ...

"အလှူခံတော့ အလှူခံ။ ဒါပေမဲ့ ကျွန်တော်တို့အဖွဲ့က ပိုက်ဆံတော့ အလှူခံတာ မဟုတ်ဘူး။ ကောင်မလေးတွေ



www.burmeseclassic.com

www.burmeseclassic.com


ရဲ့ နှလုံးသားကို လိုက်ပြီးအလှူခံတာ၊ ဟဲ ဟဲ ... လေးမျက်မံတို့ရော လှူချင်သေးလား"

နေမင်းရဲ့စကားကို မံက တစ်ချက်မဲ့မိသည်။ အဲဒီအခိုက်မှာ စားပွဲထိုးလေးက အနားသို့ ရောက်လာသဖြင့် သူတို့အုပ်စုက စားချင်တာတွေကို တစ်ယောက် တစ်ပေါက် မှာကြားကြသည်။ ပြီးသွားလျှင် သူက ပျိုးကို ဦးတည်ထားပြီးပြောသည်။

"ပျိုး စားစရာတွေမှာလို့ စားမဝင်ဘဲ မနေနဲ့နော်၊ ဒီဝိုင်းက ကိုယ်ရှင်းမှာပါ"

"အို ... မဟုတ်ပါဘူး။ စားပါ ရပါတယ်၊ ပျိုး ကျွေးပါ့မယ်"

"ပျိုးက စေတနာရှိပေမယ့် စေတနာမရှိတဲ့သူတွေက ရှိတယ်လေ"

သူက မံ့ကို စောင်းပြောတာဖြစ်သည်။ သို့သော် မံက တမင်ပဲ မနာချင်ဟန်ဆောင်လိုက်သည်။

"ရပါတယ်၊ မှန်တာ ပြောတာကို လက်ခံရမှာပေါ့၊ ဟုတ်တယ် ပျိုးက စေတနာ သဒ္ဓါတရားနဲ့ ပြည့်စုံတဲ့သူရှင် ကျွန်မ သူငယ်ချင်းလို အဖိုးတန် အမျိုးမှန်တဲ့ မိန်းကလေးမျိုး ဒီခေတ်ထဲမှာ သိပ်ရှားသွားပြီ ...

ဒါကြောင့် ..."

"အို ... မံကလည်း ဘာတွေလျှောက်ပြောနေတာလဲ"



ပျိုးက ဟန့်လိုက်သောကြောင့် မံ ဆက်ပြောမည့်စကားများသည် ဆက်မပြောသာတော့။

"လေးမျက်မံက ကြော်ငြာထိုးနေတာပေါ့။ ဒါပေမဲ့ အံ့ဩဖို့ကောင်းတာက ကိုယ့်ကိုယ်ကိုယ် မထိုးဘဲ သူများကိုထိုးနေတာပဲ၊ ဘာလဲ ကိုယ်တိုင်က ဂဏန်းငြိမ်ပြီးသားမို့လို့လား"

ထက်မြက် ဆိုသော တစ်ယောက်က မျက်မှန်လေး ဘဝင့်ဝင့်ဖြင့် ဝင်မေးသည်။ မံက တစ်ခုခုပြောဖို့ ပါးစပ်ဟလိုက်လျှင် မံ့ကို ပြုံးငေးနေသော မုတ်သုန်ရဲ့မျက်ဝန်းများနှင့် ဆုံသည်။ အဲဒီမျက်ဝန်းများကြောင့် မံ ပြောမည့်စကားများမှာ လေထဲ၌ ဆစ်အသွားသည်။ တစ်ခုခုပြောဖို့ စဉ်းစားနေတုန်းမှာပဲ သူတို့မှာထားသော အစားအသောက်တွေက ရောက်လာသဖြင့် စကားမပြောဖြစ်တော့။ သူက မြီးရှည်ပန်းကန်ကို မှန်ညင်းချဉ်ထည့်ကာ မွှေနေပြန်သည်။ မွှေရင်းမှနေ၍ ဘယ်သူ့ကို ရည်ရွယ်ပြီး ပြောမှန်းသိသော စကားတို့ကို ပြောသည်။

"မန္တလေးသွားတုန်းက စားခဲ့ရတဲ့ မန္တလေးမြီးရှည်ကို သတိရတယ်"

"ဟုတ်လား ... မုတ်သုန်က မန္တလေးမြီးရှည်ကို ကြိုက်လားဟင်"

အဲဒီစကားကို မေးလိုက်တာ မံ မဟုတ်ချေ။ ဆိတ်ဆိတ်ငြိမ် ထောင်တန်သည်ဟု ယူဆထားသည့် နွယ်ပျိုးပင်သာဖြစ်သည်။ မုတ်သုန်က မျက်ခုံးကိုတစ်ချက်ပင့်ကာ ...


www.burmeseclassic.com

www.burmeseclassic.com



"ကြိုက်တယ် ... အရမ်းကြိုက်တာပေါ့။ ဒီမှာ အဲဒီလိုမျိုး ကောင်းတာ မတွေ့သေးဘူး။ ကျွန်တော် တောင်ကြီးလည်း ရောက်ဖူးတယ်၊ အဲဒီက ဟင်းထုပ်နဲ့ နှစ်ပြန်ကြော်ကိုလည်း အရမ်းကြိုက်တာ။ တောင်ကြီးကလည်း အစားအသောက် ကောင်းတယ်နော်။ အဲဒီက Sweet Heart ဆိုတဲ့ ကော် ဆိုင်လေးကလည်း မိုက်တယ်၊ နှစ်ခါလောက် သွားထိုင် ဖူးတယ်"

"ဟုတ်လား ... ရောက်ခဲ့တာ ကြာပြီလား"

"အင်း ... မနှစ်က ကန်ဆောင်တိုင်ကပေါ့"

"ဪ ... အဲဒါဆို ပျိုးတောင် အဲဒီမှာ ရှိတုန်းပဲ"

မုံက ဒီနေရာမှာတော့ အခွင့်ကောင်းယူကာ စကား ပို့ပေးလိုက်သည်။

"အင်း ... ရေစက်က အခုမှပဲ ဆုံရတာဆိုတော့ တိုး ဆိုင်တာပေါ့။ နည်းတဲ့ရေစက်တော့ မဟုတ်ဘူး"

"ရေစက် မဟုတ်ဘူး၊ ဘုံဘိုင် ... ဘုံဘိုင် ... ဟဲ ... ဟ"

နေမင်းက ဝင်နှောက်သည်။ ပျိုးက ခေါင်းငုံ့သွား သော်လည်း သူကတော့ ဘယ့်နှယ်မှ မနေပါ။ မုံသည် ပျိုးကိုကြည် ကာ အသည်းတွေ ယားလာသည်။ သူက ဒီလောက်လေးနဲ့ ရင်တွေ ပန်းတွေတုန်ကာ ခေါင်းငုံ့ပစ်လိုက်ပြီ။ အဲဒီလို ငုံ့နေလို့ သူတို့အခြေအနေတွေက ရှေ့မဆက်နိုင်တော့တာဖြစ်သည်။

"ရှင်တို့က ယောက်ျားလေးတွေဆိုတော့ မေးရဦးမယ်"





"ဗျာ ... ဘာမေးမှာလဲဟင်။ ဟို ... မဟုတ်က ဟုတ်က တွေ့တော့ မေးနဲ့နော်၊ ဟိုသင်း ... အတွင်းရေးတွေ မေး မယ်ဆိုရင်လည်း ဖုန်းဆက်မေးလို့"

မနှောက်ရလျှင် မနေနိုင်သော နေမင်းက ထပ်၍ နှောက်ပြန်သည်။ သို့သော် ဒီလောက်ကတော့ မုံတို့က မမှုပါ။ အေးအေးဆေးဆေးပဲ လက်ဖက်ရည်ပုံမှန်ကို မော့သောက်ကာ ...

"ဖုန်းဆက်မေးသင့်တဲ့ ကိစ္စဆိုရင်လည်း မေးသင့်ရင် မေး ရမှာပေါ့။ ဒီကိစ္စကတော့ ဖုန်းဆက်မေးစရာ မလိုပါဘူး ...

ဒီလိုပါ .. ခုနက ရှင်တို့ပြောလိုက်တဲ့ စကားကိုပဲ ပြန်ပြောမှာ။ ရှင်တို့ယောက်ျားလေးတွေက မိန်းကလေး တစ်ယောက်နဲ့ ရေစက်တို့ ကံတို့၊ ဖူးစာတို့ ဆိုတာတွေကို ယုံလား"

မုံက အတည်အတံ့ မျက်ဝန်းများဖြင့် မေးလိုက် ချင်း အားလုံးမှာ နည်းနည်းတော့ ငြိမ်သွားကြသည်။ ခဏနေတော့ မတ်သုန်က ပြန်မေးသည်။

"လေး ပြောတာကို ကိုယ်မရှင်းဘူး။ ဘယ်လို ဆိုလိုတာ လဲ။ မိန်းကလေးတစ်ယောက်နဲ့ ပေါင်းဖက်ရတာကို ရေစက် ပါတယ်၊ ဖူးစာပါတယ် အဲဒါမျိုးကို ပြောချင်တာလား"

"ဟင့်အင်း ... ပေါင်းဖက်ရတဲ့ အနေအထားထိ မဆိုလို သေးဘူး။ အဲဒီအနေအထားနဲ့ ကျွန်မတို့လို ကျောင်းသူ ကျောင်းသားတွေနဲ့က နည်းနည်းဝေးသေးတယ် ...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ဆိုလိုတာက ကိုယ်ချစ်ရတဲ့ မိန်းကလေး
တစ်ယောက်ပေါ့၊ အဲဒါကို ဆိုလိုတာ”

ဒီစကားကိုလည်း မုတ်သုန်ကပဲ ဝင်ဖြေပေး
ဖြစ်ပါသည်။

“ကိုယ် ပြောမယ်၊ မိန်းကလေးတစ်ယောက်ကို ကိုယ်
ချစ်နေရဲ့သားနဲ့ သူ့ကို ချစ်ခွင့်ရဖို့ ကြိုးစားရဲ့သား
သူက ကိုယ့်ကို ပြန်မချစ်တာကတော့ အဲဒါ သူနဲ့ရေစ
မပါဘူးလို့ ပြောရမှာပေါ့”

“ဘာဖြစ်လို့ အဲဒီလို ပြောရတာလဲ”

“လူနှစ်ယောက်က တစ်ယောက်နဲ့ တစ်ယောက် ချစ်
တယ်ဆိုတာ ကိုယ်တို့ဗုဒ္ဓဘာသာ အယူအဆအရ
ရှေးထဲက အကြောင်းကံက ပါလာခဲ့လို့ပေါ့ ...

ယောက်ျားလေးတွေ မိန်းကလေးတွေ အများ
ရှိကြတဲ့ အထဲက ဒီတစ်ယောက်သော မိန်းကလေး
တစ်ယောက်သော ယောက်ျားလေးတို့ ချစ်ကြိုက်သွားတ
ဆိုကတည်းက ဒီနှစ်ယောက်က ခေတ်စကားနဲ့ ပြော
တော့ ရင်ဘတ်ချင်း နီးတယ်ပေါ့ ...

ရှေးစကားနဲ့ ပြောရရင်တော့ ရေစက်ရှိတယ်
ရေစက်ရှိတယ်ဆိုတဲ့ အဆင့်မှာပဲနော်၊ ဖူးစာပါတယ်
မရောက်ဘူး ...





ဖူးစာဆိုတာကတော့ ပေါင်းဖက်မှု အဆင့်ပဲလို့
ထင်တယ် ...

ဘယ်လိုလဲ ဒေါ်လေးမျက်မုံ၊ အဲဒါကိုရော လက်ခံ
လား”

“Right u r right ! ”

မုံက လက်မတစ်ချက် ထောင်ပြကာ မင်း မှန်ပါတယ်
ဟု ပြောလိုက်လျှင် သူက အသာအယာပြုံးသည်။ ဒီတော့ မုံက
နောက်ထပ် မေးခွန်းတစ်ခုကို သွေးတိုးစမ်းကာ မေးလိုက်သည်။

“ဒါဆို မုတ်သုန်ကရော ကိုယ်နဲ့ရေစက်ရှိတဲ့ မိန်းကလေး
ကို တွေ့ဖူးလား”

သူက အဲဒီမေးခွန်းကို ကြားလျှင် မျက်ခုံးတွေက
တွန့်တက်သွားသည်။ သို့သော် နှုတ်ခမ်းတွေကတော့ ပြုံးနေဆဲ။
သူ့သူငယ်ချင်း နှစ်ယောက်ကလည်း သူ ဘာပြန်ဖြေမလဲဆို
တာကို ငံ့လင့်လို့ နေကြသည်။ သူကပေ့ာ လူပုံအလယ်မှာ စိတ်
ဒုံစားခံရသော မင်းသားတို့ ထုံးစံအတိုင်း ချက်ချင်းမဖြေသေးဘဲ
လက်ဖက်ရည်ကို အရသာခံကာ သောက်လိုက်သေးသည်။ ပြီး
သော့မှ ...

“ရေစက်ရှိတဲ့ မိန်းကလေးကို တွေ့ဖူးလားဆိုတော့ အင်း ...
ရေစက်နည်းတယ်ပဲ ပြောရမလား။ ရေစက်က တစ်ပေါက်
နှစ်ပေါက်ပဲလို့ ပြောရမလား ...



www.burmeseclassic.com

www.burmeseclassic.com



ရေစက်တွေက ပြတ်ပြတ်သွားကြတယ်။ ဒါပေမဲ့ ကာယကံရှင်ကိုယ်တိုင်က သိပ် [illegible] မလာတာလည်း ပါမှာပေါ့။ အဲဒီတော့ ရေစက်ရှိတယ်လို့လည်း ပြောလို့မရတော့ဘူးပေါ့"

မုံက ဒီလောက်နဲ့တင် မကျေနပ်သေးချေ။ လှုရှေ့ သူရှေ့ အားလုံးရှေ့မှာ မျက်နှာစုံညီတုန်း အထူးသဖြင့် ပျိုးလည်း ရှိနေသည့် အခိုက်အတန့်အတွင်းမှာ သူ့ရင်ထဲက စကားတချို့ကို အစ်အောက်ထုတ်ချင်သေးသည်။

"အင်း ... ဒါဖြင့်ရင် ခုချိန်မှာရော ကာယကံရှင် ကိုယ်တိုင်ကိုက လိုလိုလားလား ရေစက်ရှိနေတဲ့ ကောင်မလေးမျိုးရော တွေ့နေပြီလား"

မုံ့မေးခွန်းကြောင့် သူ့မျက်လုံးတွေက ဖျတ်ခနဲ အရောင်လက်သွားသည်။ ပြီးတော့ မုံ မျက်လုံးတွေထဲသို့ တည့်တည့်စိုက်ကြည့်ကာ ...

"အဲဒီအကြောင်းအရာကို လေးက စိတ်ဝင်စားလို့လား"

"စိတ်မဝင်စားပဲနဲ့ မေးနေပါ့မလား"

သူက မုံ့ကို အလာကြီးပဲဟူသော ပုံစံဖြင့် ပခုံးတစ်ချက် တွန့်သည်။ သူ့သူငယ်ချင်းတွေကလည်း ပြုံးစိစိရုပ်တွေ ဖြစ်နေကြလေသည်။ ပျိုးကတော့ မုံ့ မျက်နှာကိုကြည့်ကာ မျက်လုံးလေး ကလယ် ကလယ်ဖြင့် ရှိနေသည်။





"မဖြေဘဲ နေရင်ရော မရဘူးလား"

"ဘယ်ရမလဲ။ ရှိရင် ရှိတယ်၊ မရှိရင် မရှိဘူးကတော့ ဖြေရမှာပေါ့။ မဖြေချင်တာလား မဖြေချင်တာဆိုရင်တော့ ရှိတယ်ဆိုတဲ့ အဖြေကို ယူဆရလိမ့်မယ်နော်"

"မင်း အဲဒီလိုတော့ မယူဆနဲ့လေ။ ကိုယ် အတည်ပြုပေးမှ ဖြစ်မှာပေါ့။ အိုကေ ... ကဲ ... ကိုယ်ဖြေမယ်။ ကိုယ် ရေစက်ရှိချင်နေတဲ့ ကောင်မလေး တစ်ယောက် ရှိနေတယ်"

သူ့စကားသံအဆုံးတွင် သူ့သူငယ်ချင်းတွေထံမှ ဆါခနဲ အသံတွေညံပြီး ထွက်လာသည်။ မုံ့ မျက်လုံးတွေက သက်ခနဲ ဖြစ်သွားသော်လည်း ပျိုးကတော့ ခေါင်းငုံ့လို့သွားသည်။ သူကတော့ မုံ့ကို စိုက်မြဲစိုက်ကြည့်လျက်ရှိကာ သူ့မျက်လုံးတွေက ခါတိုင်းထက်ကို ရှန်းတောက်လာသည်ဟု ထင်ရသည်။

"အဲဒီကောင်မလေး ဘယ်သူ ဆိုတာကိုရော သိချင်သေးလား"

မုံ့ရဲ့မျက်ဝန်းတွေက မှေးစင်းလို့ သွားကြသည်။ စိန်ခေါ်သလိုမေးသော သူ့အမေးကို မုံ မခံနိုင်ပါ။ မုံ့ရဲ့နှုတ်ခမ်းတွေက တလှုပ်ရှုရှု ဖြစ်နေတုန်းမှာပဲ မုံ့ရဲ့လက်တစ်ဖက်ကို ပျိုးက လှမ်းတို့ကာ ...

"မုံ ... အတန်းတက်ရတော့မယ်လေ၊ နောက်ကျနေလိမ့်မယ်၊ သွားရအောင်"



www.burmeseclassic.com

www.burmeseclassic.com



ပျိုး ဘာလုပ်လိုက်တယ် ဆိုတာကို မုံ သိသည်။ ဒါကြောင့် စိတ်ကို လျှော့လိုက်ကာ ခေါင်းညိတ်လိုက်သည်။ ပျိုးက မုတ်သုန်တို့အုပ်စုကို အားတုံ့အားနာဟန်ဖြင့် ...

"ဟို ... ပျိုးတို့ အတန်းတက်ရဦးမှာမို့ ခွင့်ပြုပါဦး။ ဒီဝိုင်းကို ပျိုး ရှင်းခဲ့မယ်နော်"

သူက ကုလားထိုင်ကို နောက်ကျောမှီလျက် အေးဆေးသက်သာသောဟန်ဖြင့် နေရင်းမှ လက်ဝါးတစ်ချက် ကာပြသည်။

"ရတယ် ပျိုး၊ သွားလိုက်တော့၊ သွားလိုက်တော့၊ ကိုယ်တို့က ဆက်ထိုင်နေဦးမှာ"

ပျိုးက တစ်ခုခု ပြောချင်သေးသည်။ သို့သော် မုံက ဖွတ်ဆွဲခေါ်လာသဖြင့် ဘာမှမပြောသာတော့ဘဲ မုံ့နောက်သို့သာ ပါလာခဲ့သည်။ လမ်းသို့ ရောက်တော့မှ မုံက ပျိုးကိုလှည့်ကာ မာန်မဲရသည်။

"ပျိုးကလည်းကွာ၊ ရှင်က စကားကို ဘာလို့ဝင်ဖြတ်ရတာလဲ၊ ဒီနေရာကိုရောက်ဖို့ ကျုပ် အရှိန်တွေ ဘယ်လောက်တောင် တင်ခဲ့ရသလဲ"

"အာ ... မုံကလည်း။ မုံ အဲလိုတွေ ပြောနေတယ် ဆိုကတည်းက ပျိုးက ရှက်နေပြီ။ တော်ကြာ သူက ပြောချလိုက်ရင် ဘယ်လိုလုပ်မလဲ။ သူ့သူငယ်ချင်းတွေလည်း ပါနေတဲ့ဟာ ရှက်စရာကြီး"





အဲဒီလို ရှက်စရာကြီးဟု ပြောနေသော ပျိုးရဲ့မျက်နှာလေးကိုက ရှက်စိတ်ဖြင့် နီရဲနေပျိုနေကြသည်။ မုံသည် ကိုယ့်အစီအစဉ်ပျက်သွားရသည့် စိတ်ချဉ်ပေါက်ပြီး အတွက် ကျေနပ်စွာ ပြုံးမိရင်းမှ ...

"ကဲ ... ဒေါ်ရွှေပျိုး၊ သူ့သဘောထားကိုလည်း ရှင် မြင်ပြီနော်၊ ရှင်ကလည်း တုံ့နှေးနှေး လုပ်မနေနဲ့လေ။ သူ့ဆီ ဖုန်းလေး ဘာလေးဆက် စကားစမြည်လေးပြော၊ ရှင်က ဒီလိုကြီး နှုတ်ပိတ် လုပ်နေမှတော့ သူက ရှေ့ဆက်တိုးဖို့ ဘယ်လိုစဉ်းစားတော့မလဲ"

"အဲ ... အဲလိုကြီးတော့ ပျိုး မလုပ်ရဲပါဘူး မုံရယ်။ ပျိုးက မုံ့လိုလည်း စကားပြောလည်း ကောင်းတာ မဟုတ်ဘူး။ ကိုယ်က ဖုန်းစဆက်ပြီး ဘာစကားမှ မပြောတတ်ရင်လည်း ရှက်စရာကြီး ...

ခုတိုင်းလေးပဲ ကောင်းပါတယ်။ ခုလိုလေး တွေ့နေရရင်ကိုပဲ ပျိုး ကျေနပ်ပါပြီ"

မုံက ဖြစ်ရတယ်ဟူသော ပုံစံဖြင့် နှုတ်ခမ်းတစ်ချက်ခဲပြလိုက်လျှင် ပျိုးက နှစ်နှစ်ခြိုက်ခြိုက် ရယ်မောသည်။ ပြီးတော့ ဘာစိုးတစ်ခုကို သတိရသွားဟန်ဖြင့် ...

"မုံ သူက မန္တလေးမြို့ရှည် ကြိုက်တယ်တဲ့။ အဲဒါ ပျိုး ကောင်းကောင်းလုပ်တတ်တယ် သိလား"

"ဘာလဲ ... အဲဒါ ရှင်က လုပ်ကျွေးဦးမလို့လား"

"အင်းပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မျိုးက ရှက်ပြုံးလေးဖြင့် ဆိုသည်။ မုံက မနိုင်တော့ဘူးဟူသော ပုံစံဖြင့် ခေါင်းခါရင်း ...

"လုပ်ပေါ့၊ ပြီးရင် သူ့အိမ်ကို သွားပို့လိုက်"

"အင် ... အဲဒီလိုကြီးတော့ မပို့ရဲပါဘူး၊ မျိုး လုပ်ပေးမယ်။ မုံ သွားပို့ပေးလေ၊ သူ စားတယ်ဆိုရင်ပဲ မျိုး ကျေနပ်ပါပြီ"

"အမယ်လေး အစ်မတော်ဖုရားရယ်။ ကောင်းပါပြီ၊ ကောင်းပါပြီ။ လုပ်တော်မူပါ ကျွန်တော်မျိုးမ သွားပို့ပေးပါ့မယ်။ ရှင့် ပါရမီကို ဦးဆွေးဆံမြည့် ထမ်းရွက်ပေးပါ့မယ် ...

ဟင်း ... ကျုပ်တော့ ကြားထဲက အသည်းယားလာပြီ။ ပေါ်တင်သာ ဖွင့်ပြောပြီး အောင်သွယ်ပစ်ချင်တော့တယ်"

"အို ... အဲဒီလိုတော့ မလုပ်နဲ့နော် မုံ။ မျိုး ရှက်တာနဲ့ သေလိမ့်မယ်။ မျိုးက မုံ့ကို ယုံကြည်လွန်းလို့သာ အစစ အရာရာ ရင်ဖွင့်တာ ...

မျိုး သူ့ကို တိတ်တိတ်လေး ချစ်သွားလို့လည်း ရတယ်။ မျိုး ချစ်နေတယ် ဆိုတာကိုတော့ သူ သိသွားလို့ မဖြစ်ဘူး။ မျိုးက ချစ်နေပြီး သူ့ရင်ထဲမှာ မျိုးမရှိဘူးဆိုရင် မျိုး ရှက်တာနဲ့ သေမှာပဲ ...

အဲဒီလိုတော့ မလုပ်ပါနဲ့ မုံရယ် ... နော်။ မျိုး တောင်းပန်ပါတယ်"





မုံသည် တကယ့်ကို မျက်နှာငယ်လေးနှင့် ပြောနေရာသော မျိုးကိုကြည့်ကာ ရင်ထဲမှာ ကြင်နာသနားစိတ်တို့ ဖြစ်ထွန်းလာလျက် ခေါင်းညိတ်ပြမိသည်။ ဒါပေမဲ့ သူမကို အားတော့ဆးလိုက်ပါသေးသည်။

"မျိုးလို မိန်းကလေးတစ်ယောက်ကို သူက ရေစက်မဆုံချင်စရာ ဘာအကြောင်းရှိလို့လဲ မျိုးရယ်။ ခုကိုပဲ သူ့စကားထဲမှာ ပါနေပြီပဲ မဟုတ်လား ...

အဲဒါဟာ မျိုးကို ပြောတာ မဟုတ်လို့ ဘယ်သူ့ကို ပြောတာလို့ မျိုးက ထင်တာလဲ။ မျိုး မဟုတ်ရင် ဘယ်သူလဲ"

မုံ့စကားကိုတော့ မျိုးက မဖြေနိုင်တော့ချေ။ နှုတ်ဆိတ်သွားသော မျိုးရဲ့မျက်နှာလေးသည် တစ်စုံတစ်ရာကို နက်နက်နဲနဲတွေးတောကာ ငြိမ်သက်နေသည်။ မုံသည်လည်းပဲ စိတ်ထဲမှာ အသစ်ထွင်ထားသော အကြံဉာဏ်တွေက ပြေးလွှားလို့နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၂

"ဟော့ကောင် အခြေအနေ ဘယ်လိုလဲ" ဟူသော စကားမှာ အခုဆိုလျှင် သူငယ်ချင်းတွေနဲ့ တွေ့လေတိုင်း သူ့ကို အမြဲမေးတတ်သော စကားတစ်ခွန်း ဖြစ်နေခဲ့လေသည်။ လေးမျက်နှာ ဆိုသော ကောင်မလေးတစ်ယောက်ရဲ့ ပွင့်လင်းရိုးသားသော ဆက်ဆံမှုများသည် သူမနဲ့ သူ့ကို သူငယ်ချင်းတွေက တစ်မျိုး တစ်မည် အဓိပ္ပာယ်ဖွင့်ချင်ကြသည်။ သူကိုယ်တိုင်ကလည်း ဘယ်လိုများလဲ ဟူသော အတွေးဖြင့် သူမရဲ့ခြေလှမ်းတွေကို တိတ်တဆိတ် စောင့်ကြည့်နေခဲ့တာကို ဝန်ခံပါသည်။ အဲဒါဟာ ယောက်ျား လေးတစ်ယောက်အနေနဲ့ တမင်အကျောကြီး နေတာတော့ မဟုတ်ရ။ သူမက သူ့အပေါ်မှာ အဲဒီလို သဘောထားလို့လည်း သူက ရင်ခုန်ခဲ့တာ မဟုတ်ပါ။





သူမရဲ့ သွက်လက်တက်ကြွကာ Intelligent ဖြစ်သော စတိုင်လ်လေးများကို အရင်တည်းက စိတ်ဝင်စားခဲ့ရတာ ဖြစ်သည်။

တစ်နေ့ကတည်းက သူငယ်ချင်းတွေနဲ့ ဂစ်တာတီး ဖြစ်တုန်း သူက သူမအိမ်ရှေ့သို့ ဂစ်တာသွားတီးချင်ကြောင်း ဖွင့်ဟခဲ့သေးသည်။ အရင်ကတော့ ဝါသနာပါ၍သာ တီးခဲ့သော်လည်း ဘယ်သူ့ဆီမှ သွားမတီးဖြစ်ခဲ့။ ခုချိန်မှာတော့ ကိုယ့်ရင်ထဲမှာ တစ်စုံတစ်ရာ ဖြစ်တည်စေသော ကောင်မလေးတစ်ယောက် နားဆင်စေဖို့ သီချင်းကလေးတွေ တီးပြချင်လာပြီဖြစ်သည်။ သို့သော် သူမ ဘယ်မှာနေတယ်ဆိုတာ သူ မသိရသေး။ (ရယ်တော့ ရယ်ဖို့ကောင်းပါသည်) သူငယ်ချင်းတွေကတော့ သူ့ကို မြှောက်ပေးကြသည်။ အေးအေးဆေးဆေး နေသော သူ့အနေအထားကိုလည်း သဘောမကျကြ။

"ဟော့ကောင် ... မင်းက လှုပ်ရှားတော့လေ။ ဘာလုပ်နေတာလဲ။ မိန်းကလေးတွေက ဖွင့်ပြောတာကို စောင့်နေတာလား"

"မင်းတို့ကလည်းကွာ၊ အဲလို မပြောပါနဲ့။ တစ်ဖက်မိန်းကလေးကို အားနာစရာ"

"ဟော့ကောင် ... အားနာစရာတွေ ဘာတွေ လုပ်မနေနဲ့။ ဒီလောက်တောင် မင်းကို စကားတွေ ကြောင်းနေတဲ့ဟာ။ မင်းကဘာလုပ်နေတာလဲ။ ဘာလဲ မင်းက ရင်မခုန်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"အဲလိုလည်း မဟုတ်ပါဘူး"

"ဒါဖြင့်ရင် ရင်ခုန်တယ်ပေါ့"

"အင်း ... ရင်ခုန်တယ် ဆိုတာထက် ကျေနပ်တာပေါ့ကွာ။ ဘယ်လိုပြောရမလဲ၊ သူက ငါ နှစ်သက်တဲ့ မိန်းကလေးပုံစံမျိုးလေ၊ ငါက ကောင်မလေးဆိုရင် အရမ်းကြီး လန်ထွက်နေတာမျိုးကျတော့လည်း မကြိုက်ဘူး။ သိတယ်မဟုတ်လား။ လုံးဝ အပေအတေ ဒီဇိုင်းမျိုးကျတော့လည်း မကြိုက်ဘူးပေါ့ကွာ ...

ဟို ... နွယ်ပျိုးပင်လို အရမ်းမိန်းမဆန်ပြီး ကြွေရရ သိမ်သိမ်မွေ့မွေ့ ကျပြန်တော့လည်း တစ်မျိုးပဲကွာ။ သိပ်ခံစားလို့ မရဘူးပေါ့။ ခေတ်မီပြီး သွက်သွက်လက်လက်နဲ့ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုရှိတဲ့ အတွဲမျိုးကိုပဲ အားကျတယ် ...

ခုဆိုရင်ကွာ ... သူက ငါ့ကို အဲဒီလို သဘောထားတဲ့အတွက် သူ့အပေါ်မှာ ငါ အထင်သေးတာ ဘာညာ မရှိပါဘူး။ သူ့ကို နားလည်တယ်။ သူ့ရဲ့အဲဒီလို ပွင့်လင်းတဲ့စိတ်ဓာတ်ကို သဘောကျတယ်။ ပြီးတော့ သူက စည်းတစ်ခုအတွင်းမှာပဲ ရှိတယ်။ အရမ်းကြီး ဘောင်မလွတ်ဘူး။ သူ့ခံစားချက်လေးတွေက သူ့မျက်ဝန်းထဲတို့၊ သူ့အပြုံးထဲတို့၊ နောက် ... သူ့စကားလေးတွေထဲမှာပဲ တစ်စွန်းတစ်စပေါ်လာတာပဲ ရှိတာ ...





အဲဒါကို ငါ ခံစားလို့ အရဆုံးပဲ။ အား ... ပြောရင်းနဲ့တောင် သတိရလာပြီကွာ၊ သူ့ဆီကို ဖုန်းဆက်ကြည့်ဦးမယ်"

သူက ပြောရင်း ဆိုရင်းနဲ့ ဟန်းဒ်ဖုန်းကို ကောက်ကိုင်လိုက်လျှင် သူ့သူငယ်ချင်းတွေက မနိုင်တော့ဘူးဟူသော စံဖြင့် ပခုံးတွေ တွန့်ပြကြသည်။ သူက သူမရဲ့ဖုန်းနံပါတ်တွေကို နှိပ်ခေါ်လိုက်လျှင် လိုင်းမဝင်သေးဘဲ Busy ဖြစ်နေသည်ဟု အကြောင်းပြန်သည်။ ဒါကြောင့် သူက ခဏနားကာ ပြန်ခေါ်လိုက်သော်လည်း Busy ။ သူ နည်းနည်းစိတ်ညစ်သွားသည်။ လူတစ်ယောက်ကို ကိုယ် သတိရတဲ့အချိန်မှာ ဖုန်းဆက်လိုက်တိုင်း ဖုန်းလိုင်းမအားတာလောက် စိတ်ပျက်ဖို့ ကောင်းသောကိစ္စ မရှိဟု ထင်ပါသည်။

သူက ခဏနေတော့ ထပ်ခေါ်ပြန်သည်။ ဒီတစ်ခါမှာတော့ လိုင်းက ရှောခနဲပဲ ဝင်သွားသည်။ သူမဘက်ကလည်း ချက်ချင်းလိုလိုပင် ဖုန်းဖွင့်ကိုင်ပါသည်။ ပြီးတော့ သူတောင် ဘာမှမပြောရသေးခင် သူမထံမှ အသံသွက်သွက်လေးတစ်ခုက သူ့နားထဲသို့ R & B ဂီတလို စွဲမက်ဖွယ်ရာ စီးဝင်လာသည်။

"ဟေး ... မုတ်သုန်၊ အံ့သြစရာကြီး၊ ရှင့်ဆီကို ကျွန်မ ဖုန်းခေါ်နေတာ၊ ရှင့်ဖုန်းက Busy ဖြစ်နေတယ်လို့ ပြောတယ်၊ အံ့သြစရာကြီး၊ ရှင်ရော ကျွန်မဆီ ဖုန်းခေါ်နေတာလား"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ဟုတ်တယ်။ ဒါဟာ အံ့သြစရာကြီး ဟုတ်လို့လား"

"အံ့သြစရာကြီးပေါ့။ တိုက်ဆိုင်နေတဲ့ဟာပဲ ဟာကို"

သူမက စတိုင်လ်မပျက်စေရဘဲ အရွှန်းဖောက်သည်။ သူက အသာရယ်မောနေတုန်းမှာပဲ သူမက စကားဆက်ပြော သည်။

"ရှင် အိမ်မှာလား"

"အင်း ... အိမ်မှာ ! ဘာဖြစ်လို့လဲ၊ အိမ်လာလည်မ လား"

"အကြားအမြင်တွေ ရနေတယ်နဲ့ တူတယ်"

"ဟုတ်တယ် ! တကယ်လာမလို့"

"တကယ်လာမှာ။ ဒါပေမဲ့ အလကားလာမှာတော့ မဟု ဘူး"

"ကိုယ်တို့အိမ်က ပန်းခြံမဟုတ်ပါဘူး။ အလကားဝင် ရပါတယ်။ ပိုက်ဆံပေးစရာ မလိုပါဘူး"

"ဟင့်အင်း ... ပိုက်ဆံထက် တန်ဖိုးရှိတဲ့အရာကို ပေ ဝင်မှာ"

သူမစကားကြောင့် သူ ရင်တစ်ချက် ဆောင့်ခုန်သွ သည်။ ပုံမှန်အတိုင်းဆိုလျှင် သူ ပြောလိုက်သော စကား ကြောင့် သူမကသာ ရင်ခုန်သွားရမှာဖြစ်သည်။ ဒါပေမဲ့ သူမ သူ့ကို ရင်ခုန်အောင် လုပ်နေသလို ဖြစ်နေသည်။ တစ်ခုခု လွှဲနေပြီဟု ထင်ပါသည်။





"ကဲ ... ဘယ်လိုလဲ၊ လာရမှာလား။ ရှင် အိမ်မှာရှိတယ် ဆိုတာ သေချာရင်တော့ ကျွန်မ လာခဲ့ပြီနော်"

"နေပါဦး၊ ခုနက မင်း ပြောတဲ့ ပိုက်ဆံထက် တန်ဖိုးရှိတဲ့ အရာဆိုတာ ဘာကိုပြောတာလဲ။ တကယ်ယူလာမှာလား"

"သြော် ... တကယ်ပါဆိုမှပဲ၊ ရောက်တော့ ကြည့်လေကွယ် နော်၊ ဒါပဲ ... ဆီးယူ ခဏနေရင်"

သူမက ပြောင်စပ်စပ် နောက်ပြောရင်း ဖုန်းချသွား ည်။ သူက အံ့သြစွာနှင့် ဖုန်းကိုကြည့်ရင်း နောက်တော့ ထုံးစံ တိုင်း ပခုံးတွန့်မိသည်။ သူငယ်ချင်းတွေက သူ့အနေအထားကို ့လာပြီးမှ ...

"ဘာတဲ့လဲ ဟောကောင်၊ မင်းဆီကို လာခဲ့မလို့တဲ့လား"

"အေးကွ ... အိမ်လာမလို့တဲ့"

"ဟာ ... လေးမျက်မုံတို့ကတော့ ခြေလှမ်းတွေ သွက်တယ် ကွာ။ မင်းကတောင် နောက်ကျကျန်ခဲ့တော့မယ်နဲ့ တူပါ တယ်။ ဟိ ... ကော်တာပဲ၊ ငါတို့ပါ ပွဲကြည့်ပရိသတ် လုပ်ကြတာပေါ့"

"အေးလေ ... နင်တော့ မထုတ်နဲ့နော်။ မပြန်ဘူး ... ဟဲ ဟဲ"

သူငယ်ချင်းတွေက တစ်ယောက်တစ်ပေါက် ဝိုင်း က်ကြသော်လည်း သူကတော့ နည်းနည်း တွေးမိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူးကွ၊ သူ လာတာ ကိစ္စတစ်ခုခုတော့ ရှိမယ် ထင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ့စကားထဲမှာ အဓိပ္ပာယ် တစ်ခုခု ပါနေတယ်။ ဒီအတိုင်း သက်သက်ကြီးတော့ လာမယ်မထင်ဘူး ...

ဘာလဲ မသိဘူး"

သူက သူမရဲ့စကားကို စိတ်ဝင်စားခြင်းကြီး ဖြစ်ရသည်။ သူ့စိတ်ထဲမှာလည်း သူမဟာ တစ်ခုခုကိုတော့ ထူးခြားခြား ဆောင်ယူလာလိမ့်မည်ဟု ထင်ရလေသည်။ မျက်မှံသည် သူ့စိတ်တွေကို တကယ်ပဲ လှုပ်ရှားစေအောင် ဆောင်စေသော မိန်းကလေးဖြစ်သည်။ သူမ ဘယ်လိုပုံစံနဲ့ ရောက်လာလိမ့်မလဲဟု သိချင်စိတ်ဖြင့် သူတို့အုပ်စုမှာ စရန် မှာတောင် ဆက်မနေတော့ဘဲ ခြံထဲထိ ဆင်းလာခဲ့ကြပြီး မင်းသမီးကို အကြိုတော်ထောက်ဖို့ ပြင်ရသည်။ ခြံထဲက ခုံ တွေမှာ သူတို့သုံးယောက် ထွေရာလေးပါး ပြောဆိုနေတုန်းမှာ သူမက ရောက်လို့လာသည်။

ကားပေါ်မှ ကားတံခါးဖွင့်ပြီး ဆင်းလာသော သည် နီညိုရောင်မျက်မှန်ခပ်ကြီးကြီးကို နဖူးပေါ် ပင့်တင်ပြီး ပြုံမှာ တကယ့်ကို စတိုင်လ်ကျ လှပနေသည်။ လူတစ်ကို အကြိုက်တစ်မျိုးပဲဆိုဆို ကျောင်းမှာ နုးညံ့သိမ်မွေ့၊ ၊ မြန်မာ သော နွယ်ပျိုးပင်ကို ကြိုက်သူတွေ မနည်းမနော ရှိသော် သူကတော့ လေးလို သွက်သွက်လက်လက်နှင့် Active ဖြစ်





စတိုင်လ်ဝင်လှသော မိန်းကလေးမျိုးကိုပဲ ပိုသဘောကျပါသည်။ ခုလည်းပဲ သူမက ပန်းနုရောင်တီရှပ်အကျပ်လေးကို အောက်က န်းနုရောင်အကွက် ဘောင်းဘီရှည်လေးဖြင့် လွတ်လပ်ပေါ့ပါးစွာ တ်ဆင်ထားသည်။ သူတို့တင်မက သူ့ သူငယ်ချင်းတွေကိုပါ သူမက လက်တစ်ဖက် ထောင်ပြကာ နှုတ်ဆက်သည်။

"ဟိုင်း ! ဒီနေ့ လူစုံနေကြတယ်ပေါ့။ အတော်ပဲ ရှင်တို့ပါ ရှိနေမယ်လို့ထင်လို့ ပိုပိုသာသာ ထည့်လာတာ"

"ဟာ ... ဒါဆိုရင်တော့ စားစရာပဲ ဖြစ်ရမယ်"

အစားအသောက်မက်သော ထက်မြက်က ထအော် သည်။ သူမက ထက်မြက်ဘက်သို့ လှည့်ကာ မင်းမှန်တယ်ဟူ သော အမူအရာမျိုး လုပ်ပြလျက် ...

"Right ! ဒီနေ့ အိမ်မှာ မန္တလေးမြီးရှည် လုပ်စားလို့လေ၊ အဲဒါ သတိရတာနဲ့ လာပို့တာ"

သူမရဲ့စကားအဆုံးတွင် အားလုံးမှာ ဟေးခနဲ ဖြစ် သွားကြသည်။ သူကတော့ လွင့်ခနဲ ဖြစ်သွားသည်ဆိုလျှင် ပိုမှန် မည်။ သူမက နောက်ခန်းတံခါးကိုဖွင့်ကာ အထဲမှ ခြင်းတစ် ခြင်းကို ထုတ်ယူကာ သူ့လက်သို့ လွှဲပြောင်းပေးအပ်သည်။ အဲဒီ အချိန်ထိ သူ့မှာ ဘာစကားမှ မပြောနိုင်သေးပါ။ သူမရဲ့ပါးချိုင့် တစ်ဖက်ထဲမှာသာ မျောလျက်ရှိသည်။

"လေးမျက်မှံတို့ကတော့ သိတတ်တယ်ကွာ။ မုတ်သုန်စီကျ တော့ ပို့တယ် ဟုတ်လား၊ မျက်နှာလိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ထက်မြက်ရဲ့စကားကိုလည်း သူမက ဘယ်လို နေဟန်မတူပါ။ ပန်းနှစ်ဖက်ကို အသာတွန့်ရင်းမှ ...

"ရှင်တို့အတွက်လည်း ပါတာပဲလေ။ ပြီးတော့ သူ မန္တလေးမြို့ရှည် ကြိုက်တတ်တယ်ဆိုလို့ သတိရတာနဲ့ လာပို့ဖြစ်တာပါ"

သတိရတယ်၊ အဲဒီစကားကို သူမရဲ့နှုတ်ဖျားမှ သုံး ကြိမ်မြောက် ရွတ်ဆိုခြင်း ဖြစ်သလို သူသည်လည်း ဒီအချိန် တော့ သူမဟာ နှလုံးသားထဲသို့ အတိုင်းအဆမရှိ ဝင်သွားခဲ့ ဆိုတာ သဘောပေါက်လိုက်ရသော အချိန်ဖြစ်သည်။ ဖုန်းခေါ် တိုင်း တစ်ယောက်က တစ်ယောက်ကို ခေါ်နေတာမို့ လိုင်း မအားတာလည်း သူတို့နှလုံးသားချင်းရဲ့ စိတ်ချင်းနီးစပ်မှု လား။ နှလုံးသားချင်း နီးစပ်တယ်ဟူသော စကားလုံးလေးကို အင်မတန်ပဲ ရင်ခုန်ပါသည်။

"စားလိုက်ကြတော့လေ၊ ဟင်းရည်လေးလည်း ပူတုန်း အခိုက်အတန့်လေးကို၊ ကျွန်မ ပြန်တော့မယ်"

"ဟာ ... ဘယ်ဟုတ်မလဲ။ ကော်ဖီလေးတော့ သောက်သွား ဦးမှပေါ့။ အိမ်ထဲဝင်ပါဦး လေးရဲ့"

သူက အခုမှပင် သူမကို ပျာပျာသလဲ ဖိတ်ခေါ် သတိရသည်။ သူမက အပြုံးလေးနဲ့ပဲ ငြင်းဆန်သည်။

"ရပါတယ်၊ ရှင်တို့ကို စားစေချင်လို့ သက်သက်လာ တာပါ။ မဝင်တော့ပါဘူး"





"အာ ... အိမ်ထဲ မဝင်ချင်ရင် ခြံထဲမှာတော့ ထိုင်ပါ"

"ဟင့်အင်း ... မထိုင်တော့ဘူး။ သွားစရာကိစ္စလေးတစ်ခု လည်း ရှိတာနဲ့ တစ်ခါတည်း လှည့်ထွက်လာတာပါ။ နောက်မှပဲ သောက်ပါတော့မယ် ...

နေမင်းနဲ့ ထက်မြက်တို့လည်း တစ်ဝကြီး စားကြ နော်။ အများကြီးပဲ ထည့်လာတာပါ။ မုတ်သုန်တို့ အိမ်သားတွေ စားရအောင်ရောပါ ...

ကဲ ... အားလုံး ကျွန်မကို ခွင့်ပြုကြဦး"

သူမက ကားပေါ်ပြန်တက်ဖို့ ပြင်လျှင် သူက ကား အထိ လိုက်လံပို့ဆောင်နှုတ်ဆက်မိသည်။ သူမသည် ကား ခါးကိုဖွင့်ပြီး မတက်မီ သူ့ကို ဒဏ္ဍာရီဆန်ဆန်လေး လှည့် ပြုံးပြလာသည်။ အဲဒီအပြုံးလေးသည် ဒီညနေခင်းလေးကို အခါတိုင်း က် များစွာ အသက်ဝင်သွားစေပါသည်။

"လေး"

သူ့ရဲ့ခေါ်သံကို သူမက နှုတ်ခမ်းမပွင့်ဘဲ မေးဆတ် ထူးသည်။ သူက ခေါ်သာ ခေါ်လိုက်ရသော်လည်း ဘာပြန် ပြောရမှန်းမသိ။ သူ့ရင်ထဲမှာရှိသော ခံစားချက်တို့ နှုတ်ဖျားမှ ကားလုံးများအဖြစ် ပြန်လည်ထုတ်မချနိုင်ပါ။ သို့သော် သူ ပြောမချင်း သူမက အရည်ရွှန်းလဲ့သော မျက်ဝန်းများဖြင့် ငြည့်နေသောကြောင့် သူက စကားပြောလိုက်ရသည်။

"ကျေးဇူးတင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူက မျက်ခုံးများကို လှပစွာ ပင့်ပြကာ ...

"ကျေးဇူးတင်ရင် ကျေးဇူးဆပ်ပေါ့

"ဘယ်လို ဆပ်ရမှာလဲ ... ပြော"

"ဒီနေ့ည ကျွန်မအိမ်ရှေ့မှာ ဂစ်တာလာတီးပြလေ"

"တကယ် ! တီးပြမှာပေါ့။ မင်းက ဘယ်မှာနေတာလဲ ပြော"

သူမက လိပ်စာတစ်ခုကို ရွတ်ပြသည်။ သူက နှလုံးသားထဲ စွဲသွားအောင် မှတ်ထားလိုက်ကာ သူမကို ခေါင်း ညိတ်ပြလိုက်သည်။

"အိုကေ ... မင်းတို့အိမ်ရှေ့ရောက်ရင် ကိုယ် မက်ဆေ့ချ် ပို့လိုက်မယ်။ မင်း ဘာသီချင်းတွေ ကြိုက်တတ်လဲပြော"

"အကုန်ကြိုက်ပါတယ်။ feel လာသလိုပဲ ဆိုပါ"

"အိုကေ ... ကိုယ် လာခဲ့မယ်၊ ဆက်ဆက်စောင့်နေနော်"

သူမက အပြုံးတစ်ချက်ဖြင့် ခေါင်းညိတ်ကာ သူတို့ ခြံထဲမှ ကားကို ကျင်လည်စွာ မောင်းထွက်သွားသည်။ သူမရဲ့ ကားနောက်မြီး ပျောက်ကွယ်သွားသည်အထိ လိုက်လံငေးမောနေ သော သူ့ကို သူငယ်ချင်းတွေက အော်ရုံသာအော်ပြီး ထားပစ်ခဲ့ ကြသည်။

"ဟေ့ကောင် ... နောက်ကျတဲ့ ခြေထောက် သစ္စာဖောက်ပြီ နော်။ ငါတို့ကတော့ဆွဲပြီ၊ မင်းပဲ ဖိလင် ဘွတက်ပြီး ကျန်ခဲ့ပေတော့"





အဲဒီလောက်ထိတော့ သူ မရူးနှမ်းသေးပါ။ သူ ကြိုက်တတ်လွန်း၍ သူမ လာပို့သွားသော မန္တလေးမြီးရှည်ကို ဘယ်လောက်ကောင်းသလဲဆိုတာ သူ မြည်းစမ်းကြည့်ချင်သေး သည်။ သူမရဲ့စေတနာတွေကြောင့်လားတော့ မပြောတတ်။ သူ စားခွင့် ရသော မန္တလေးမြီးရှည်သည် အခါများစွာက သူစား ခဲ့ဖူးသော မြီးရှည်တွေထက် အရသာထူးကဲ ကောင်းမွန်တာကို ဘယ်လိုမှ မငြင်းနိုင်ပါ။ ဒါက သူ့စိတ်ထင်မဟုတ်။ သူငယ်ချင်း တွေအားလုံးကလည်း တညီတညာတည်း အတည်ပြုပေးကြသည်။

"လေးမျက်မုံ ဆိုတဲ့ ကလေးမ သက်တော်ရာကျော် ရှည် ပါစေ"

သူလည်းပဲ ဆုတောင်းပေးပါသည်။ သူ့ဆုတောင်း ကတော့ နည်းနည်းပိုသည်။ သူနဲ့သူမတို့ ချစ်သူဖြစ်သွားလျှင် သူတို့ချစ်ခြင်းသည် သက်တော်ရာကျော်ရှည်ဖို့ တလေးတနက် ဆုတောင်းဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



၁၃

ပျိုးသည် ဒီနေ့ညအဖို့ ကောင်းကောင်း စာလည်း ကျက်နိုင်၊ စာလည်း မဖတ်နိုင်၊ ဒါတွေ လုပ်လို့မရလို့ TV ကြည့်မယ်ဆိုတော့လည်း TV ထဲ ကောင်းကောင်းစိတ်မရောက် ထိုင်မရ ထမရဖြင့် ဂနာမငြိမ် ဖြစ်လျက်ရှိသည်။ ဒီနေ့မှာ ပျိုးထ သူကြိုက်တတ်သော မန္တလေးမြီးရှည်ကိုလုပ်ကာ မုံကို အကူအည် တောင်းလျက် သူ့အိမ်သို့ သွားပို့ပေးစေခဲ့သည်။ မုံကလည်း ကူညီခဲ့ပါသည်။ ပျိုးသာဆိုလျှင် သူ့ထံသို့ ဖုန်းတောင်မဆက်ရဲ အိမ်သို့ ကိုယ်တိုင်ကိုယ်ကျ သွားပို့ပေးဖို့ဆိုတာတော့ ဝေလာဝေး ပင်။ ဒါပေမဲ့ အဲဒါတွေကို မုံသည် အေးဆေးသော အပြုံးလေး တစ်ခုနဲ့ပဲ လုပ်သွားလိုက်သည်။ သူ့မရှေ့မှာ တစ်ခုခု မပြောလိုက် နဲ့ I'm OK! ဆိုသော စကားလေးကိုသာ အမြဲကြားရလေ့ရှိသည်။

အဲဒီလို စိတ်ထားမျိုးလေးကို ပျိုးလည်း အားကျ ပါသည်။ သူ့လိုပဲ ဘာမဆို ပေါ့ပေါ့ပါးပါးလေးပဲ လုပ်ချင်သည်။





ဒါပေမဲ့ ကိုယ့်စိတ်ကိုက မှုမမှန်တာပဲလားတော့ မပြောတတ်ပါ။ ပျိုးသည် မုတ်သုန်ရှေ့သို့ ရောက်သွားလျှင် အလိုလို ခြေဖျား လက်ဖျားတွေက အေးစက်ကာ နှုတ်ကလည်း အာစေးထည့်ထား သလို မပွင့်တော့။ အဲဒီအကျင့်ကို ဘယ်လိုကြိုးစား ပြင်စေကာမူ ဆင်သလောက် အရာမထင်ခဲ့ပါ။ ဒီနေ့ညတော့ မုံရဲ့ပြောပြချက် အရ မုတ်သုန်တစ်ယောက် ပျိုးတို့အိမ်ရှေ့မှာ ဂစ်တာလာတီးမည် ဟု သိထားရလျှင် သိတဲ့အချိန်ကစပြီး ရင်ခုန်ခဲ့သည်မှာ အခု ည ဆယ်နာရီ ရောက်သည်အထိ မပြီးပျက်သေး။ မုံက စပြောတုန်း က ယုံတောင် မယုံပါ။

မုံသည် သူ့ထံသို့ မြီးရှည်သွားပို့ပေးပြီး အပြန်မှာ ပျိုးထံသို့ ဝင်ပြောတာဖြစ်သည်။

“ပျိုးရေ ... ဒီနေ့ညလေ မုတ်သုန်တို့ ပျိုးတို့အိမ်ရှေ့မှာ သီချင်းလာဆိုလိမ့်မယ် သိလား”

“ဟင် ... တကယ်လား။ ဘာ ... ဘာဖြစ်လို့ ဆိုမှာလဲဟင်”

“သြော် ... သီချင်းဆိုတာပဲ ဘာဖြစ်လို့ ဆိုတယ်ဆိုတာ ရှိလို့လား။ နားထောင်စေချင်လို့ ဆိုတာပဲပေါ့။ အဲဒါ လာဆိုမယ်တဲ့၊ အခန်းထဲကနေ ငြိမ်ငြိမ်လေး နားထောင် နေပေတော့ ...

သူကတောင် သီချင်းတွေ ဘာတွေ လာဆိုနေပြီပဲ ပျိုးရယ်၊ ရှင်ကလည်း အရမ်းကြီးဣန္ဒြေရှင်မမကြီး လုပ်မနေ နဲ့တော့ပေါ့။ အလိုက်သင့်လေး ဆက်ဆံပါ၊ ဟုတ်ပြီလား”



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတုန်းက ပျိုးသည် မံ့ကို ရက်ပြုံးလေးတစ်ချဖြင့် ခေါင်းညိတ်ပြခဲ့သည်။ ညဆယ်နာရီလောက်တွင်တော့ ပျိုးတို့ခြံ ရှေ့မှာ တကယ်ပဲ ကားတစ်စီး ရောက်လာလျက် ဂစ်တာကြိုးညှိသံ တွေကို စတင်ကြားရသည်။ ပြီးလျှင်တော့ အခုတလောမှာ ယောကျ်ားလေးတွေ ပါးစပ်ဖြင့် ရေပန်းစားနေသည့် "ကောင်မလေး" သီချင်းကို စတင်ကြားရပါသည်။

"ဒီတစ်ညတော့ ကောင်မလေးရာ ... သံစဉ်လေးနဲ့ နှင် အိပ်ဖို့ရာ ... ဂစ်တာလေးတစ်လက် ကိုယ်ထမ်းလို့လာ _ မင်းလေး အိပ်ပြီလား ... မအိပ်သေးနဲ့ ကောင်မလေးရာ _ ဒီသီချင်းလေး ခံစားပေးပါ ... ကောင်မလေးအတွက် _ ကိုယ်ရေးထားတာ ... မီးလေး ဖွင့်ပါဦး ... ကောင်မလေး ရဲ့အိမ်အပြင်ဘက်မှာ လေပြည်လေးနဲ့ ကိုယ်သီချင်းညည်း ကာ ... အဖေအမေကြားလို့ စိတ်ဆိုးသွားလား ... မင်း လေး ပြောကူဦး ... တစ်ညလုံးလည်း ဆိုနေဦးမှာ _ သံစဉ်ညည်းလို့ ကိုယ်မောတဲ့အခါ ... အသံမကြားလို့ အိပ်မသွားနဲ့ကွာ ...

ဒီတစ်ချက်တော့ တောင်းပန်တယ် ... ကလေးလေး ရာ"

သူ့အသံသည် တိတ်ဆိတ်သော ညဥ့်ယံထဲ၌ ချိုမြ ရှတစွာ လွင့်မျောစီးဆင်းနေသည်။ ပျိုးသည် နဂိုတည်းက သီချင်းကြိုက်တတ်သောသူ ဖြစ်လေရာ သူ ဆိုပြလိုက်သောအခါ





၌ ပြောဖွယ်ရာ မရှိတော့ပြီဖြစ်သည်။ သူ့အသံသည် သာမန် ဂါယကာရှင်တစ်ယောက် ဆိုနေတာထက် သီချင်းကို သေချာလေ့ ကျင့်ပြီး ဆိုထားသလို အဆွဲအငင်တွေပါကာ နားထောင်လို့ ဆော်တော်ကောင်းလှပါသည်။ သူက သီချင်းကောင်းတွေချည်း ကိုသာ ဆက်တိုက်ဆိုသွားသည်။ ဟန်ထွန်းသီချင်း၊ မျိုးကြီး သီချင်း၊ လေးဖြူရဲ့အလွမ်း၊ သံယောဇဉ် စသဖြင့် သီချင်းကောင်း ကောင်း အသံကောင်းကောင်းဖြင့် ဆက်တိုက် ဖျော်ဖြေသွားလေ သည်။

သူမို့ မမောဘူးလား မသိချေ။ ပျိုးသည် ဟိုးအရင် တုန်းက အဆောင်ရှေ့ကို ဂစ်တာလာတီးသော တက္ကသိုလ်ကျောင်း သားတွေကို အဆောင်သူတွေက ရေဘူး၊ ကော်ဖီဓာတ်ဘူး၊ လက်ဖက်သုပ်၊ အာလူးကြော် စတာတွေကို ပေးပို့သလို ပျိုးလည်း ပို့ပေးချင်လှသည်။ ဒါပေမဲ့ ပျိုးမှာ အဲဒီလိုလုပ်ဖို့ အခွင့်အရေးမရှိ။ အခုတောင် ဒေါ်လေးစောက ပျိုးရဲ့အခန်းတံခါးကို လာခေါက် ကာ ပျိုးကို မအိပ်သေးဘူးလား ဘာလုပ်နေတာလဲဟု အကဲခတ် နေသေးသည်။ ပျိုးက မနက်ဖြန် ကျူတိုရီယယ်ရှိလို့ပါဟု လိမ် လိုက်တော့မှသာ သိပ်ညဥ့်မနက်စေနဲ့ဟု ပြောပြီး အခန်းထဲက ပြန်ထွက်သွားတာဖြစ်သည်။ ပျိုးသည် ဒေါ်လေးစော ထွက်သွား တော့မှသာ ခန်းဆီးလေးကတစ်ဆင့် သူ့ကို ချောင်းကြည့်ရသည်။ သူ မမောသေးဘူးလားတော့ မသိ။ ခဏနေတော့ သူက စိုးပိုင် ရဲ့ အချစ်ညရင်ခုန်သံ သီချင်းကိုဆိုသည်။ ပျိုးသည် အဲဒီသီချင်း



www.burmeseclassic.com

www.burmeseclassic.com



ကို နားထောင်တာနဲ့ကို ရင်တွေက အလိုလို ပြန်ခုန်လာကာ ရှက်ရွံ့စွာဖြင့် ပါးနှစ်ဖက်ကိုတောင် ခပ်ဖွဖွ အုပ်ကိုင်မိသေးသည်။

"မောင်လေ ချော့ကာ သိပ်ပါ့မယ် ... အို မေရယ် အိပ်တော့ကွယ်"

မောင်တဲ့ ...။ အဲဒီ အခေါ်အဝေါ်ကြောင့် ပျိုးက နှုတ်ခမ်းများ ကော့တက်အောင် ပြုံးမိသည်။ သဘောကတော့ သူက ပျိုးကို ချော့သိပ်တယ်ပေါ့လေ။ ပျိုးသည် အတွေးထဲမှာတင် ကြည်ကြည်နူးနူးလေးပြုံးကာ ခုတင်ပေါ်သို့ အသာအယာ လှဲချလိုက်သည်။ ပျိုးရဲ့ရင်ဘတ်တစ်ခုလုံးသည် နိမ့်ချီမြင့်ချီဖြင့် စုန်ဆန်နေသည်။ သူ ဆိုပြသွားသော အချစ်သီချင်းများသည် ပျိုးအတွက်တော့ ခံစားချက်တွေကို အမြင့်ဆုံးသို့ ရောက်စေလေသည်။ ခဏနေတော့ ကားစက်နှိုးသံ ကြားရကာ သူတို့ပြန်သွားကြောင်း သိရသည်။

ထိုနေ့ညက ပျိုး တော်တော်နှင့် အိပ်မပျော်ခဲ့။ ပထမဦးအပုဒ်အဖြစ် သူ ဆိုပြခဲ့သော "ကောင်မလေး"သီချင်းကို အထပ်ထပ် အခါခါ ပြန်လည်ကြားယောင်ရင်း သူ့ကို အဆုံးမရှိ ချစ်မြတ်နိုးခဲ့ပြီဆိုတာ ကိုယ့်ကိုယ်ကိုယ် ပြန်လည်သိမြင်လိုက်ရ ဖြစ်လေသည်။

❧ ◆ ❧





မုံသည် ညက ပျိုးတို့အိမ်ရှေ့မှာ မုတ်သုန်တို့ သီချင်းလာဆိုသည့်ကိစ္စကို ကိုယ်က လက်တစ်လုံးခြား လှည့်စားထားသည် ဖြစ်လေရာ ဒီကိစ္စကို ပျိုးရှေ့၌ မုတ်သုန် အစမဖော်မိအောင် ဂရုစိုက်ရသည်။ ဒီအတွက် ပျိုးရဲ့ရှေ့မှာ မုတ်သုန်တို့ မပြောမိအောင် ဖုံးဖိရလေသည်။ မုတ်သုန် လာဆိုသော အိမ်ဟာ မုံ့ရဲ့အိမ်ပဲဟု သူက ထင်နေလေရာ ဒါကို ပျိုး မသိစေရန်အတွက် ဖုံးဖိရတာဖြစ်သည်။ တစ်ခါတလေတော့လည်း မုံ လုပ်နေတာတွေဟာ မှန်ရဲ့လားဟု ကိုယ့်ကိုယ်ကိုယ် ပြန်လည်စဉ်းစားမိသော်လည်း မှန်သည်ဟု မုံက ခေါင်းမာနေဆဲဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဘယ်မိန်းကလေးကိုမှ ဂရုမစိုက်တတ်ခဲ့သော မုတ်သုန်သည် ပျိုးကိုတော့ တွေ့စတည်းက ခင်မင်စွာနှင့် ဂရုစိုက်ခဲ့တာဖြစ်သည်။

ပျိုးလည်း သူ့အပေါ်မှာ ရင်ခုန်ကျေနပ်သည်။ သူတို့နှစ်ယောက်သည် လိုက်ဖက်ညီသည်ဟု မုံကတော့ ယူဆလေသည်။ ဒါကြောင့် သူတို့နှစ်ယောက်ကို ဖြစ်စေချင်သည်။ ပျိုးဆိုသော ကလေးမနှင့် လိုက်ဖက်ညီ စိတ်ချရသော လူအဖြစ်



www.burmeseclassic.com

www.burmeseclassic.com



မုတ်သုန်ကိုသာ မုံကမြင်သည်။ ဒါပေမဲ့ ခုတလောမှာ မုတ်သုန်ရဲ့ အကြည့်တွေကို မုံက တန်မျိုးတစ်မည် ခံစားလို့ရလာသည်။ မုံသည် အဲဒီလောက် အ,သောမိန်းကလေးတစ်ယောက် မဟုတ်ပါ။ ယောက်ျားလေးတစ်ယောက်ရဲ့ ခပ်နက်နက် အကြည့်တွေကို ဘာသာမပြန်တတ်တဲ့အထိ တုံးအသော မိန်းကလေးတစ်ယောက် မဟုတ်။ မုံ ထင်တာ ပြောရလျှင်တော့ မုတ်သုန်တစ်ယောက် နားလည်မှုလွဲသွားပြီဟု ထင်သည်။

မုံရဲ့လွတ်လပ်ပေါ့ပါးကာ ပွင့်လင်းသော ဆက်ဆံမှုတွေကို ခေတ်လူငယ်ပီပီ သူက နားလည်ပေးနိုင်လိမ့်မည် ထင်ခဲ့သော်လည်း သူက ထင်သလို မဟုတ်ခဲ့ချေ။ သူ့မျက်ဝန်းညိုများသည် မုံ့အပေါ်မှာ လေးနက်လာတာကို မုံ တွေ့နေရသည်။ ခုတ်ရာတခြား ရှရာတခြားတော့ ဖြစ်ပြီဟု ထင်သည်။ အဲဒီလိုတော့ အဖြစ်မခံနိုင်ပါ။ မုံသည် အောင်သွယ်နဲ့ညားသည်ဟူသော စကားကို အမုန်းဆုံးပဲဖြစ်သည်။ ဒီအတွက်ကြောင့် သူတို့နှစ်ယောက်ကို အမြန်ဆုံး နီးစပ်အောင် ပို့ပေးရမည်။ တွန်းပို့လောက လုပ်ပေးရတော့မည်ဆိုတာ မုံ နားလည်လို့လာသည်။

မုံရဲ့အနေအထားတွေကို ပြောင်းလဲကာ၊ ပျိုးကို ရှေ့တန်းသို့ ပို့ပေးရတော့မည် ဆိုတာကို နားလည်လာသည်။ သူ့ကို တကယ်တမ်း စိတ်ဝင်စားတာ မုံ မဟုတ်ဘဲ ပျိုးဆိုတာ သူ နားလည်လာအောင်၊ သိလာအောင် လုပ်ရတော့မည်ဖြစ်သည်။ ဒီအတွက်လည်း ပျိုးကို နားဝင်အောင် ရှင်းပြရသည်။ မုံသည်





ကြားထဲကနေ၍ ကိုယ့်ထမင်း ကိုယ်စားကာ စိတ်ဆောရနေလသည်။ တကယ်တော့ ပျိုးကသာ နည်းနည်းဆေးသော မိန်းကလေးမို့ မသိမြင်နိုင်ခြင်းဖြစ်သည်။ တော်ရုံတန်ရုံ ပါးရည်နပ်ရည်ရှိသော မိန်းကလေးသည် ဘေးကနေ ကြည့်တာနဲ့ကို မုတ်သုန်ရဲ့အကြည့်တွေကို အကဲခတ်မိကာ သိနိုင်သည်။

ပျိုးကတော့ ဘာမှမသိ။ ချစ်တာတစ်ခုတည်း သိတယ်ဟူသော အစားမျိုးထဲကသာ ဖြစ်သည်။ အဲဒါကြောင့်လည်း မုံက သူမချစ်သောသူကို ပိုင်ဆိုင်ခွင့် ရစေချင်တာဖြစ်သည်။ ကိုယ်ချစ်တဲ့သူကို ပိုင်ဆိုင်ခွင့်ရအောင် ကြိုးစားခြင်းသည် ယောက်ျားလေးပဲဖြစ်ဖြစ်၊ မိန်းကလေးပဲဖြစ်ဖြစ် ဘယ်သူမဆို ကြိုးစားခွင့်ရသည်ဟု ထင်သည်။ မြန်မာနိုင်ငံမှာတော့ ဒီကိစ္စက ယောက်ျားလေးတွေက အားသာသည်။ ကိုယ်ကြိုက်သလို ကြိုးစားရုံပင်။ မိန်းကလေးတွေကတော့ နည်းနည်းပညာသားပါသည်။ ပေါတင်ကြီးကျတော့လည်း မကောင်း။ ဒီတော့ Idea သွက်သွက်လေးတွေ ထွက်မှ ကောင်းသည်။ ခက်တာက အဲဒီလို Idea အသစ်တွေ ထွက်သော်လည်း ပျိုးဟူသော ကလေးမက အဲဒါတွေကို လိုက်မလုပ်နိုင်။ အဲဒါက အဓိကပြဿနာပဲ ဖြစ်တော့သည်။ အဲဒီအတွက် မုံက ကြားထဲက ဝင်ရသည်။ အဲဒီ ရလဒ်အဖြစ် မုတ်သုန်ရဲ့အကြည့်တွေ မုံ့အပေါ်မှာ အရောင်ပြောင်းလာတာပဲ ဖြစ်တော့သည်။ အစောကြီးထဲကသာ မုံ့ရဲ့ပုံစံအတိုင်း ပျိုး လုပ်ခဲ့လျှင် အခုချိန်မှာ သူတို့နှစ်ယောက်ဟာ ကောင်းကောင်းကြီး အိုကေနေလောက်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ ? ? ? …။ မုံသည် ဒီနေရာမှာ ယောက်ျားလေးတွေရဲ့ စိတ်ဓာတ်တွေကို နည်းနည်းတော့ အံ့သြချင်သည်။ ယောက်ျားလေးတွေရဲ့စိတ်ဟာ ဘာအရောင်မှ မခြယ်ရသေးသော ကင်းဗတ်တစ်စဆိုလျှင် အဲဒီအပေါ်မှာ အရောင်လာခြယ်သူ မိန်းကလေးတစ်ယောက်ရဲ့ စုတ်ချက်အတိုင်း ခံစားတတ်ကြလား ဆိုတာပဲ ဖြစ်သည်။ မုံကတော့ အဲဒီအတိုင်းပဲ ခံစားတတ်ကြသည်ဟု ထင်သည်။ မုတ်သုန်ကိုပဲကြည့်၊ သူသည် ပျိုးနဲ့မုံ နှစ်ယောက်စလုံးကို ပြိုင်တူသိကျွမ်းခဲ့သည်။ ပျိုးကိုတောင် သူက စေတနာပိုပိုဖြင့် ဖိနပ်တွေ ဘာတွေ ပေးစီးကာ၊ သူတော့ မစီးဘဲ စေတနာတွေ ပိုခဲ့သူ ဖြစ်သည်။ ဒါပေမဲ့ မုံက သူ့ကို လိုက်လိုက်လျောလျော ဆက်ဆံသောအခါ သူ့ရဲ့ပုံရိပ်တွေက မုံ့ဘက်သို့ ထင်ဟပ်လာခဲ့သည်။

ဒါတွေကို အချိန်မလွန်ခင် မုံသည် တားဆီးတော့မည်ဖြစ်ပါသည်။ အခုလည်း မုံနဲ့ ပျိုးသည် ကန်တင်းမှာ ထမင်းစားနေတုန်း သူ ရောက်လာမှာကို ကြိုသိနေသောကြောင့် ပျိုးကိုမှာစရာရှိတာတွေ မှာထားရသည်။ သူနဲ့ ဖုန်းပြောရင်းမှ သိထားသော သူ ဘာတွေကြိုက်တတ်တယ် ဆိုတာကို ပျိုးကို ပြောပြထားသဖြင့် ဒီနေ့လည်း ပျိုးက သူကြိုက်တတ်သည့် ငါးကြင်းပေါင်းနှင့် မုန်လာချဉ်သုပ်ကို ထည့်ယူလာခဲ့သည်။ အဲဒါကို သူ့အား ဂရုတစိုက် ကျွေးမွေးဖို့ မုံက မှာထားပြီးသား ဖြစ်ပါသည်။





ခဏကြာတော့ သူက ရောက်လာသည်။ ထမင်းစားနေသော မုံ့ကို အပြုံးတစ်စုနှင့် မေးဆတ်ပြကာ …

"တွယ်လှချည်လား မုံရဲ့။ ဝ,လာဦးမယ်နော်"

"သြော် … ဝမှ လှတာ၊ မုံတို့ကတော့ ကြိုက်ရင်ဆွဲတာပဲ။ ထိုင်လေ မုတ်သုန်၊ ထမင်းစားပါလား။ မုံတို့ဆီမှာ ဟင်းတွေအများကြီးပဲ …

ထမင်းဖြူပဲ မှာလိုက်"

"အိုကေ … သူများဟင်းပဲ ကပ်စားရတော့မှာပေါ့၊ အအေးတော့ ကိုယ်တိုက်ပါ့မယ်၊ သောက်လေ တစ်ခုခု"

"အင်းပါ … ပြီးတော့ သောက်တာပေါ့။ ကဲ … စား … စား။ မုံ့ဟင်းက သိပ်မကောင်းပါဘူး၊ ခြောက်ကပ်ကပ်နဲ့ ကြက်သားကြော် တစ်မျိုးတည်း …

ပျိုးဆီကမှ ကောင်းတာ၊ ပျိုးဆီက တောင်းစား။ ပျိုး မုတ်သုန်ကို ကျွေးမယ် မဟုတ်လား"

မုံက စတင်ပို့လိုက်ပြီး မျက်စပစ်ပြလိုက်လျှင် ပျိုးက "ကျွေးမှာပေါ့"ဟူသော စကားလေးကိုတောင် မနည်းဖျစ်ညှစ်ထုတ်လိုက်ရဟန်တူသည်။ မုံသည် စိတ်ဓာတ်များပင် ကျရကာ ချိန်းထားသော သူငယ်ချင်းဆီက ဖုန်းမြန်မြန်လာပါစေဟု ဆုတောင်းနေရသည်။ ခဏနေတော့ မုံ ဆုတောင်းပြည့်သွားလေသည်။ ဖုန်းမြည်လာလျှင် မုံက ဖွင့်ကိုင်ကာ …



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို ... အေး ... ပူတူး ပြော။ အင်း ... ဟုတ်လား ဩော် ... လာခဲ့မယ်လေ။ အေးပါ ... အေးပါ ... အခုလား ပြီးပြီ ... ပြီးပြီ အခုပဲ လာခဲ့ပါ့မယ်၊ အေး ... ဆီးလ ခဏနေရင်"

မုံက ဖုန်းချပြီးနောက် ကိုယ့်ကိုကြည့်နေကြသည့် နှစ်ယောက်စလုံးကို ပခုံးတစ်ချက်တွန့်ပြကာ ...

"ကဲ ... မုတ်သုန်နဲ့ ပျိုးတို့ ဆက်စားနှင့်ကြနော်။ မုံတော့ ထုံးစံအတိုင်း ဘော်ဒါတစ်ယောက်က လှမ်းဆွဲလို့ သွား တော့မယ်၊ ဖြစ်တယ် မဟုတ်လား"

ပျိုးကတော့ ဓာတ်ညိုပြီးသားမို့ ပူစရာမလို၊ မုတ်သုန် ရဲ့မျက်နှာကို ကြည့်လိုက်လျှင် နည်းနည်းတော့ တစ်မျိုးဖြစ်သွား သည်ဟု ထင်သည်။ တစ်မျိုးဆိုသည်မှာ မုံ့ကိုတော့ သူ တစ်မျိုး ထင်တာတော့ မဟုတ်။ အခြေအနေတွေကိုသာ တစ်မျိုးဖြစ်သွား တာဖြစ်သည်။

သူ မှန်းထားတာက မုံနဲ့အတူ ထမင်းလက်ဆုံ စားချင့်ကို ဖြစ်နိုင်သော်လည်း အဲဒီကိစ္စက မဖြစ်နိုင်တော့ပြီ။ မုံ ခန့်မှန်းထားတာတွေက တကယ်မှန်နေပြီဖြစ်သည်။

မုံက ထိုင်ခုံမှ ထရပ်လိုက်လျှင် သူက မုံ့ကို ကြည့်ကာ ...

"လေးက ဒီကို ပြန်လာဦးမှာလား"





"အင်း ... လာဖြစ်မယ် မထင်တော့ဘူး၊ စောင့်မနေနဲ့တော့ လေ။ စားပြီးရင်လည်း အတန်းအကူတူ သွားတက်လိုက် ကြတော့ ...

မုံက အပြင်ကိုလစ်မှာ၊ ကျောင်းလစ်မှာ၊ ဟဲ ဟဲ ... ကဲ သွားပြီနော် ... ဘိုင့်ဘိုင်"

မုံက ခပ်ဘည်တည်နှင့် တာ့တာပြပြီး ထွက်လာခဲ့ လျှင် သူတို့နှစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။ မုတ်သုန်သည် ပျောက်ခွာသွားသော မုံရဲ့ကျောပြင်ကိုကြည့်ကာ စိတ်ထဲမှာ တစ်စုံ တစ်ရာဖြစ်ပြီး ကျန်ခဲ့သည်။ အဲဒါဟာ ဘယ်အရာဆိုတာလည်း သော အတိအကျတော့ သူ မသိ။ သေချာတာတော့ မုံနဲ့အတူတူ ထမင်းလက်ဆုံစားရတော့မည်ဆိုသော အတွေးဖြင့် သူ ပျော်ရွှင် ကျေနပ်ခဲ့ရတာဖြစ်သည်။

မုံ ထွက်သွားပြီးလျှင် ပျိုးက သူ့ရှေ့လာချသော ထမင်းပန်းကန်ထဲသို့ ဟင်းတွေထည့်ကာပေးသည်။ ပြီးတော့ ... "စားနော်"ဟု အသံတိုးတိုးလေးဖြင့် ပြောတာကိုလည်း သူက သဘောကျစွာ ပြုံးရသေးသည်။ ဒီကောင်မလေးသာ သူ့ညီမအရင်း လေး ဆိုလျှင်တော့ လေးမျက်မုံထံ အပ်လိုက်မှာ သေချာပါသည်။ ဒါတောင် အရင်ကထက်စာလျှင် သူမက အများကြီးတိုးတက်လာ သည်ဟု ပြောရမှာဖြစ်သည်။ သူက ထမင်းတစ်ဇွန်းကို ခပ်စားရင်း မှ အရသာရှိသော ငါးကြင်းပေါင်းရဲ့ ထူးကဲမှုကို ခံစားမိသည်။ သူက ငါးကြင်းပေါင်းကို အင်မတန်ကြိုက်သောသူ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မျိုးရဲ့ငါးကြင်းပေါင်းက ကောင်းလိုက်တာ"

မနေနိုင်လွန်း၍ ပါးစပ်ကထုတ်ကာ ချီးကျူးမိသွားသည်အထိပင် ဖြစ်သည်။ မျိုးက သူ့ကို နူးညံ့သော အပြုံးလေးနှင့် ကြည့်လာကာ ...

"မုတ်သုန်က ငါးကြင်းပေါင်းကို အရမ်းကြိုက်တာ မဟုတ်လား"

"အင်း ... ဟုတ်တယ်၊ မျိုး ဘယ်လိုလုပ် သိလဲ"

"သိတာပေါ့။ ဝက်သားပုန်းရည်ကြီးချက်လည်း ကြိုက်တယ် မဟုတ်လား။ မနက်ဖြန် ချက်ခဲ့မယ်လေ"

"ဟား ... ဒါလည်း သိနေတယ်။ နေပါ မျိုးရဲ့၊ အားနာစရာကြီး"

"အားနာစရာ မလိုပါဘူး။ မျိုး ချက်တဲ့ဟင်းကို မုတ်သုန် ကြိုက်တယ်ဆိုရင် မျိုးက ပီတိဖြစ်နေတာပါ ...

မျိုးက တော်တော်များများ ချက်တတ်တယ် မုတ်သုန်ရဲ့။ မုတ်သုန် ဘာကြိုက်တတ်လဲ ပြောပြထားလေ"

ဟိုက်ရှားဘား;။ သူ ဘုရားတ,မိတော့မလို ဖြစ်သွားသည်။ ဒီစကားတွေကို ပြောနေသော မျိုးသည် သူသိသော နွမ်း မျိုးပင်မှ ဟုတ်ပါလေစ။ သူက မျိုးရဲ့မျက်နှာကို တစ်ချက် အသေ ခတ်ကြည့်လိုက်လျှင် သူမရဲ့မျက်နှာလေးကတော့ အရင်အတိုင်း မပြောင်းလဲဘဲ ပကတိ အေးချမ်းလျက်ရှိသည်။ ဒါပေမဲ့ သူ့ မျက်နှာသည် တစ်ခုခုကို ကျေနပ်နှစ်သိမ့်ဟန်ဖြင့် ကြည်နူး





မြူးနေသည်။ အဲဒီအပြုံးကို သူ ဘဝင်မကျပါ။ သူ့စိတ်ထဲတွင် တစ်ခုခုကို စနိုးစနောင့်ဖြစ်လျက်ရှိသည်။

"ထည့်စားနော် မုတ်သုန်။ မုတ်သုန် ကြိုက်တတ်တယ်ဆိုလို့ မျိုးက တမင်ချက်လာတာပါ၊ များများလည်း ထည့်လာတာ။ အားမနာပါနဲ့နော်"

"အားမနာပါဘူး၊ ဒါပေမဲ့ ကိုယ် ငါးကြင်းပေါင်းကြိုက်တာတို့၊ ဝက်သားပုန်းရည်ကြီး ကြိုက်တာတို့ကို မျိုး ဘယ်လိုလုပ် သိလဲ"

သူမက ရှက်ပြုံးလေးတစ်ခုဖြင့် ခေါင်းငုံ့သွားကာ ...

"မုံ့ဆီက မေးထားတာပါ"

အဲဒီအဖြေစကားကြောင့် သူ ခေါင်းနည်းနည်းမူးသွားသည်။ တွေးမယ်ဆိုလျှင်လည်း အတွေးစက အရှည်ကြီးပဲဖြစ်သည်။ သူမက သူ ကြိုက်တတ်တဲ့ဟင်းတွေကို ဘာကြောင့် လေးမှာ မေးရတာလဲ။ မေးပြီးတော့ ဘာကြောင့် ချက်ပြုတ်လာရတာလဲ။ အခုနကတင်ကို သူမပါးစပ်က သူ ကြိုက်သဖြင့် တမင်ချက်လာတာပါဟု ပြောပြီးသားလည်း ဖြစ်သည်။ သူ ကြိုက်တာတွေကို သူမက ဘာကြောင့် ချက်လာရတာတဲ့လဲ။ အဲဒီအဖြေကို သူ မတွေးချင်ပါ။ သူ ရင်နည်းနည်းမောသွားသည်။ ထမင်းကိုကောင်း စိတ်ဖြောင့် လက်ဖြောင့် မစားနိုင်တော့ပါ။

မျိုးက သူ ထမင်းစား တုံ့သွားတာကို ရိပ်မိကာ ...

"ဘာဖြစ်လို့လဲဟင်။ စားရတာ မကောင်းလို့လား"



www.burmeseclassic.com

www.burmeseclassic.com



သူသည် ဒီတစ်ခါတော့ အကြောင်းနာသဒ္ဒါတရားမွေ ပြည့်ဝနေသည့် မိန်းမပျို၏အပြုံးကို ကောင်းစွာသဘောပေါက် သွားသည်။ သူ အဲဒီလောက် မအပါ။ ဘာတွေဟာ ဘယ်လိုဖြစ် ကုန်ပြီလဲ ဆိုတာတော့ သူ မတွေးတတ်တော့။ တစ်ဖက်မိန်းက လေးတွေရဲ့သိက္ခာကိုလည်း သူ မချချင်ပါ။ ဒီကိစ္စကို သူငယ်ချင်း တွေနဲ့တောင် မတိုင်ပင်ရဲလောက်အောင် ဖြစ်ရသည်။ အရင်တုန်း က သူ ထင်ထားခဲ့တာသည် လေးမျက်မုံရဲ့ ပွင့်လင်းဖော်ရွေသော အကြောင်းနာတွေကိုဖြစ်သည်။ ခုတော့ နွယ်ပျိုးပင်ကပါ ...။ ကျွတ်_ သူ စိတ်တွေလေလာသည်။

မိန်းကလေးတွေကို သူ ဘယ်လိုနားလည်ရမှာပါ လိမ့်။

"ကောင်းပါတယ်၊ ကောင်းလွန်းလို့ နင်နေတာ။ ပျိုး တစ်ခု မေးချင်တယ်၊ စိတ်ဆိုးမှာလား"

သူမက သူ့ကို အနည်းယင် အံ့သြရက်ရွှံ့သွားသော မျက်ဝန်းများဖြင့် မော့ကြည့်ကာ ချက်ချင်းပဲ ခေါင်းငုံ့သွားသည်။ ပြီးတော့မှ ခေါင်းမမော့တမော့ အနေအထားဖြင့် ...

"ဘာမေးမလို့လဲဟင်"

"ပျိုး ရည်းစားထားဖူးသလား"

"အို ... မထားဖူးဝါဘူး။ ဘာဖြစ်လို့ မေးတာလဲ"

"အင်း ... ကိုယ်လည်း ထင်တော့ ထင်ပါတယ်၊ ပျိုးပုံ က ရည်းစားမထားဖူးမှန်း သိသာအောင်ကို ဖြူစင်နေတ





တယ်။ ယောကျ်ားလေးတွေနဲ့ ပတ်သက်ပြီး အတွေ့အကြုံ မရှိဘူးလို့ ထင်တယ်။ ပြောရမယ်ဆိုရင်တော့ ယောကျ်ား လေး တစ်ယောက်ရဲ့ ကာရိုက်တာကို မဖမ်းတတ်ဘူး။ ဟုတ်လား"

"အင်း ... ဟုတ်တော့ ဟုတ်ပါတယ်။ မုတ်သုန် ဆိုလို ချင်တာက ဘာလဲဟင်"

"ကိုယ်ပြောချင်တာက တချို့မိန်းကလေးတွေက အရမ်း ဆရာကျတယ်ကွာ၊ ယောကျ်ားလေးတစ်ယောက်ရဲ့ ပြောပုံ ဆိုပုံ အနေအထားကိုကြည့်ပြီး အဲဒီ ... တစ်ယောက်က ဘာလဲ ဆိုတာ မှန်းနိုင်ကြတယ် ...

ပျိုး စာအုပ်တွေထဲမှာ မဖတ်ဖူးဘူးလား။ တချို့ စာရေးဆရာတွေ ထည့်ရေးတယ်လေ။ တစ်ဖက်သားကို အရမ်း အကဲခတ်တော်တဲ့ လူတွေပေါ့ ...

ယောကျ်ားလေး ... ငင်လည်း မိန်းကလေးတစ် ယောက်ကို အကဲခတ်တာတော်တယ်။ မိန်းကလေးဆိုရင် လည်း ယောကျ်ားလေး တစ်ယောက်ကို အ...ခတ်တော် တယ်၊ အဲလိုမျိုးပေါ့ ...

ပျိုးက အဲဒီလို မိန်းကလေးမျိုးထဲမှာတော့ မပါဘူး နဲ့တူတယ်"

သူမက တစ်ချက် စဉ်းစားပြီးတော့မှ ခေါင်းညိတ် ၁ ဉ်။



www.burmeseclassic.com

www.burmeseclassic.com



"ပျိုးက အဲဒီလိုမျိုး မရပါဘူး။ ညံ့ပါတယ်"

"ညံ့တယ်ဆိုတာ တော်အောင်ကြိုးစားလို့ရတဲ့ အရာတစ်ခု ပါ။ စာများများဖတ်၊ များများတွေးပြီး ကိုယ့်ပတ်ဝန်းကျင် က လူတွေကို လေ့လာပေါ့ ပျိုးရဲ့"

"အင်း ... မုတ်သုန်က ပျိုးကို အဲဒီလို ဖြစ်စေချင်လို့လား ဟင်။ ပျိုး ကြိုးစားပါမယ်"

ဟင် ... လွဲပြန်ပြီ။ သူက ဆက်ပြောလျှင်လည်း အကြောင်းထူးမည် မထင်သော ကလေးမကို ဘာမှ ဆက်မပြော တော့ဖို့ ဆုံးဖြတ်လိုက်သည်။ စကားကိုတော့ အကုန်မပြောဘဲ ထမင်းကိုသာ ကုန်အောင်စားလိုက်ပါသည်။ သူ ထမင်းစားနေ တာကို ပျိုးက ကျေနပ်စွာဖြင့် ပြုံးကြည့်နေကာ ...

"စားကောင်းတယ် မဟုတ်လားဟင်။ မနက်ဖြန်ကျရင် ဝက်သားပုန်းရည်ကြီး ချက်ခဲ့မယ်နော်။ ပြီးတော့ ဘာစား ချင်သေးလဲဟင်"

"မစားချင်ပါဘူး ပျိုးရာ။ မချက်ခဲ့ပါနဲ့၊ ပျိုး ပင်ပန်းပါ တယ်"

"ဟင့်အင်း ... မပင်ပန်းပါဘူး။ ပျိုးက ချက်ရုံလေးတင် ချက်ရတာပါ။ ကူမယ့်သူတွေလည်း ရှိပါတယ်။ တခြား စားချင်တဲ့ မုန့်တွေလည်း ရှိရင်ပြောလေ"

"အင်းပါ ပျိုးရယ်။ အင်းပါ ... စေတနာအတွက် ကျေးဇူး တင်ပါတယ်။ မချက်ခဲ့ပါနဲ့တော့။ ပျိုး ပင်ပန်းမှာ စိုးလို့ပါ"





"မပင်ပန်းပါဘူး ဆိုနေမှပဲ။ ဘာလဲ ... မုတ်သုန်က ပျိုး ချက်တာတွေကို မစားချင်လို့လား"

"အဲဒီ့လို မဟုတ်ပါဘူးကွာ။ ဒီလောက် လက်ရာကောင်း တာကို ကိုယ်က ဘာလို့မစားချင်ရမှာလဲ"

"ဒါဆိုလည်း ပြီးတာပဲ၊ ဘာမှမပြောနဲ့တော့။ ညတိုင်း မုတ်သုန် ဖုန်းဆက်ပြီး စားချင်တာကိုပြော။ ပျိုး ချက်လာ ခဲ့မယ်"

သူသည် မျက်လုံးတဝင့်ဝင့် နှုတ်ခမ်းတဆူဆူ၊ လက်ညှိုးတထောင်ထောင်ဖြင့် ပြောနေသော နွယ်ပျိုးပင်ကိုကြည့် ကာ ပါးစပ်အဟောင်းသားဖြင့် ဘာမှမပြောနိုင်တော့။ ဘယ်လို ဖြစ်သွားရတာလဲ၊ သူ ဘာမှနားမလည်နိုင်တော့။ လေးမျက်မုံ ရေ ... ဒီအကြောင်းတွေကို မင်း သိပါသလား။

ကိုယ်နဲ့ မင်းက နားလည်မှု ယူထားကြတာလေ။ ကိုယ်ချစ်တာက မင်းပဲဥစ္စာ။

သူသည် သက်ပြင်းတစ်ချက်ကိုသာ ရင်ထဲမှာ ကျိတ် ချမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၄

အခြေအနေတွေဟာ ဘယ်လိုယူဆရမှန်း မသိအောင် ရှုပ်ထွေးလို့လာသည်ဟု သူကတော့ ထင်ပါသည်။ သူက မုံ့ကို ကြိုးစားနေချိန်မှာ ပိုးရဲ့အနေအထားတွေက တစ်မျိုးပြောင်းလဲလို့ လာပြန်သည်။ သူ ကြိုက်တတ်သော ဟင်းတွေ၊ အစားအစာတွေ ကို တစ်နေ့တစ်မျိုး မရိုးရအောင် ချက်ပြုတ်လာစဉ်မှာ မုံ့ကပါ သူနဲ့ပိုးကို တွဲစချင်လာသလို ဖြစ်လာသည်။ ဒီကိစ္စကို သူ့သူငယ် ချင်းတွေကပါ နားမလည်တော့။ ဒီထက် သိသာတာက ကန်တင်း မှာ သူနဲ့ဆုံလျှင် ပိုးကို သူနဲ့နှစ်ယောက်တည်း ထားခဲ့ပြီး သူ ကတော့ လွတ်ရာကျွတ်ရာကို ရှောင်,ရှောင်ထွက်သွားတာပဲဖြစ် သည်။ အစပိုင်းတော့ သူ နားမလည်ချေ။ နောက်တော့မှ ဘယ်အချိုး ချိုးတယ်ဆိုတာကို ရေတေးတေး သဘောပေါက်လာ ခြင်း ဖြစ်သည်။



အဲဒီအတွက် သူ့ရင်မှာ တအုံတညြှနှင့် နာကျင် ခံခက် ဖြစ်ရသည်။ သူတို့ကိစ္စတွေကို အနီးကပ် သိမြင်နေသော သူငယ်ချင်းတွေတောင် မျက်စိတွေ လည်ကုန်ကာ သူ့ကို မေးယူ ရသည်အထိပင်။

"ဟေ့ကောင် ... မင်းတို့ ဇာတ်ထုပ်က ဘယ်လိုကြီးလဲကွ။ သုံးပွင့်ဆိုင် ပတ်လည် round နေတာလား ...

မင်းက ဘယ်သူ့ကိုလဲ၊ အစကတော့ လေးမျက်မုံ့ လိုလို ဘာလိုလိုနဲ့ အခုတော့ မဟာဆန်သူလေး နွယ်ပိုးပင် ဖြစ်သွားပြန်ပြီလား"

"မဟုတ်ပါဘူးကွာ၊ ငါကို နားမလည်နိုင်တော့တာ"

"ဟင်း ... မင်းတောင် နားမလည်ဘူး ဆိုမှတော့ ငါတို့က ဘယ်လိုလုပ် သိတော့မှာလဲ။ အခု ငါတို့ မြင်သလောက် ပြောပြရရင် လေးမျက်မုံ့က မင်းကိုရှောင်ပြီး နွယ်ပိုးပင် က ရှေ့ကို တက်လာတဲ့သဘောပဲ ...

အဲဒီအတိုင်း ... ဟုတ်လား"

ဟုတ်နေသဖြင့် သူက ဘာမှပြန်မပြောနိုင်။ ဆိတ် ဆိတ်ငြိမ်ခြင်းသည်သာ ဝန်ခံခြင်း ဖြစ်တော့သည်။ မိန်းကလေး တွေရဲ့စိတ်ဓာတ်တွေကို သူ ဘယ်လိုမှ လိုက်မမီတော့ပါ။ ပိုးကို လူတစ်ယောက်ရဲ့ ကာရိုက်တာအား မဖမ်းတတ်ဘူးလား ဘာလား ဖြင့် ဆရာကြီး လုပ်ခဲ့သောသူသည် အခုတော့ လေးမျက်မုံ့ရဲ့

www.burmeseclassic.com

www.burmeseclassic.com



ကာရိုက်တာကို အယ်လိုဖမ်းရတော့မယ်မသိ။ သူ နားလည်ခဲ့သော သူမရဲ့မျက်ဝန်းတွေကို ဘယ်လိုများ ဘာသာပြန်မိခဲ့လို့ပါလိမ့်။ တကယ်ပဲ ခေါင်းတွေ ရှုပ်လာသည်။

"မင်း ဘာဆက်လုပ်မှာလဲ၊ ငါတို့ အကြံပေးချင်တာတော့ တစ်ခုခုကို ပြတ်ပြတ်သားသား ဆုံးဖြတ်စေချင်တယ် ...

နှယ်ပျိုးပင်ကိုလည်း အိပ်မက်တွေ ပေးမနေစေချင်ဘူး။ သူက တခြားမိန်းကလေးတွေနဲ့ မတူဘူးလေ"

"ငါသိပါတယ်ကွာ။ ငါ့ပုံစံက အိပ်မက်တွေ ပေးနေတဲ့ပုံ ပေါက်နေလို့လား"

"အိပ်မက်တွေ ပေးနေတဲ့ပုံစံတော့ မပေါက်ပါဘူး၊ ဒါပေမဲ့ အားနာပြီး သူ ချက်တဲ့ဟင်းလေးတွေကို နေ့တိုင်း အားပေး နေတာကတော့ သူ့ကို မျှော်လင့်ချက်တွေ ပေးနေသလိုပဲ ပေါ့ကွာ ...

ခုတောင် တချို့က မင်းနဲ့ နှယ်ပျိုးပင်ကို ဘာလိုလို ညာလိုလို ထင်နေကြပြီ၊ ငါ့ကိုတောင် မေးနေကြသေးတယ် မင်းတို့က ဖြစ်နေပြီလားလို့"

သူက သက်ပြင်းချပြီးနောက် ခေါင်းကို ဖြည်းဖြည်း ခါယမ်းမိသည်။ ဟုတ်သည်။ သူ တစ်ခုခုတော့ ပြတ်ပြတ်သားသား လုပ်ရတော့မည်။ သူ့သူငယ်ချင်းတွေကလည်း အဲဒီလိုလုပ်ဖို့ တိုက်တွန်းပါသည်။





"မင်းရင်ဘတ်ထဲမှာ လေးမျက်မှုရှိနေတာ မဟုတ်လား၊ နှယ်ပျိုးပင်ကိုတော့ မင်း ရိုးရိုးသားသားခင်တယ်ဆိုတာ သူ နားလည်ပစေပေါ့ ...

အချိန်တွေ သိပ်မဆွဲနဲ့တော့ကွာ၊ ကြာရင် ဖြေရပို ခက်မယ်"

"အေးပါ ငါ နားလည်ပါတယ်"

"မင်း ဒီည မုံတို့အိမ်ရှေ့မှာ သီချင်းသွားဆိုဦးမှာ မဟုတ်လား၊ ခံစားချက်နဲ့တိုက်ဆိုင်တဲ့ သီချင်းဆိုပြီးရင် သူ့ဆီ ဖုန်းဆက်ကွာ ...

တစ်ခါတည်း ပြောသင့်ရင်လည်းပြောလိုက်။ ငါက တော့ ယောက်ျားပီပီ ပြတ်ပြတ်သားသားပဲ ကြိုက်တယ်"

သူက ထက်မြက်ရဲ့စကားကို တစ်စုံတစ်ရာ ပြန် ပြောမိချေ။ စိတ်ထဲမှာတော့ တကယ်ပဲ မောလျက်ရှိသည်။ ရတ်တရက်ဆိုသလို ပြောင်းလဲသွားသော အခြေအနေတစ်ခုကို သူ တကယ်ပဲ လိုက်မမီပါ။ သူနဲ့ မုံနဲ့ကြားတွင် အီစီကလီလို့ အမည်မတပ်ချင်သည့် ရင်ခွင်ဗေဒဘာသာစကားတို့ဖြင့် ပြောခဲ့ သောညများ ရှိခဲ့ဖူးသည်။ ရင်ခွင်ဗေဒဖြင့် နားလည်နိုင်သည့် မျက်ဝန်းများ ရှိခဲ့ဖူးသည်။ အဲဒါတွေသည် သက်သေသာဓကအနေ ဖြင့် အကောင်အထည်မပြနိုင်သော်လည်း တကယ်ရှိခဲ့ဖူးတာဖြစ် ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့ညက သူတို့အုပ်စုမှာ မုံတို့အိမ်ရှေ့ သီချင်းဆိုဖြစ်ကြသည်။ ဒီတစ်ခါတော့ အချစ်သီချင်းတွေထက် အသည်းကွဲသီချင်းတွေကို ဆိုဖြစ်လေသည်။ သီချင်းဆိုခြင်းကို ညဆယ့်တစ်နာရီမှာ အဆုံးသတ်ကာ သူက မုံတို့အိမ်ရှေ့မှပဲ သူမထံ ဖုန်းခေါ်လိုက်သည်။ ညမို့ ဖုန်းလိုင်းတွေက ရှောရှောရှူရှူ သဘောကောင်းစွာ ဝစ်ချက်တည်းဝင်သွားသည်။ ဖုန်းလိုင်းတွေက သဘောကောင်းသော်လည်း သူမကတော့ သဘောကောင်းမကောင်း မမှန်းဆနိုင်ပါ။

"ဟယ်လို"

သူမထံမှ ဖုန်းဖွင့်ထူးသံကတော့ ကြည်ကြည်လင်လင်ပဲ ထွက်ပေါ်လာသည်။ သူက သက်ပြင်းတစ်ချက်ကို ကျိတ်ချ လိုက်ရင်းမှ ...

"လေး အိပ်ပျော်နေပြီလား"

"ဟင့်အင်း မအိပ်သေးပါဘူး"

"ကိုယ့်သီချင်းသံကြောင်း အိပ်မရတာလား"

သူမထံမှ ရုတ်တရက် ပြန်ဖြေသံ မကြားရ။ သူ နားဝင်ချိုမည့် စကားလုံးရွေးနေတာပါလား။ အဲဒီလို ဟန်ဆောင်မှုမျိုးကိုတော့ မနှစ်သက်ပေ။ သူမထံမှ ကတိအမှန်အတိုင်း ဆက်ဆံမှုကိုသာ လိုလားပါသည်။

"မဟုတ်ပါဘူး၊ ကျွန်မက ဆယ့်တစ်ခွဲ၊ ဆယ်နှစ်လောက်မှ အိပ်နေကြပါ"





"ဒါဆို ကိုယ့်သီချင်းတွေကို ညတိုင်း နားထောင်ရတယ်ပေါ့"

"အင်း ... နားထောင်ရပါတယ်"

သူမ ပြန်ဖြေသံက မပွင့်တပွင့်။ ဒီအသံဟာ ပုံမှန်အသံမဟုတ်ဘူးဟု ယူဆပါသည်။ သူနဲ့ အခါအားလျော်စွာ စကားပြောဖူးသော သူမရဲ့အသံမှာ အဲဒီအတိုင်းမဟုတ်ပါ။ Beeze ဆိုသော ဝတ်ရည်သောက်ငှက်ကလေးလို အမြဲတမ်း ရွှန်းဆန်းတက်ကြွနေသော အသံလေးနဲ့ဖြစ်သည်။ သူမ ဘာတွေ ပြောင်းလဲသွားပါသလဲ။

"နားထောင်ရတယ်ဆိုရင် ကိုယ့်ခံစားချက်တွေကိုရော နားလည်လား၊ အဲဒီသီချင်းတွေက ကိုယ့်ခံစားချက်တွေနဲ့ဆိုခဲ့တဲ့ သီချင်းတွေချည်းပဲ"

သူမက တစ်စုံတစ်ရာ စကားမဆိုဘဲ တိတ်နေသည်။ သူက ဆက်ပြောသည်။

"လေး ကိုယ့်အပေါ်မှာ အနေအထားတွေ ပြောင်းလဲနေတယ်၊ အဲဒါကို ဝန်ခံမလား"

"ဘာကို ဝန်ခံရမှာလဲ၊ ကျွန်မ အနေအထားက ဒီအတိုင်းပါပဲ မုတ်သုန်ရဲ့၊ ဘာမှ မပြောင်းလဲပါဘူး၊ ရှင်ဘာသာ ထင်နေတာပါ"

"ကိုယ်ထင်နေတာ မဟုတ်ပါဘူး၊ ကိုယ်က မင်းကို မျက်လုံးနဲ့မြင်လို့ပြောတာမဟုတ်ဘူး လေး၊ ရင်ဘတ်နဲ့မြင်ပြီး ပြောတာပါ ...



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးနဲ့မြင်ပြီး ပြောတဲ့အရာတွေက သက်သေပြလို့ ရပေမယ့် ရင်ဘတ်နဲ့မြင်တဲ့အရာတွေက သက်သေပြလို့ မရတာ ...

ခံငြင်းနေလည်း ကိုယ် ဘာမှ မတတ်နိုင်ဘူး ... ကိုယ်တို့ချင်းပဲသိခဲ့တဲ့ မျက်ဝန်းဘာသာစကားတွေ ရှိခဲ့တာ လေး"

"မဟုတ်ဘူး ... မုတ်သုန်၊ ရှင် ထင်နေတာတွေ မှား ပြီ"

"အိုကေ ... ရပါတယ်၊ မင်းနဲ့ ဒီအကြောင်းအရာ ကိုယ် ငြိုင်မငြင်းလိုပါဘူး၊ ကိုယ့်အတွက်ကတော့ ... ပြောင်းလဲသွားတယ်ဆိုလည်း ပြဿနာမရှိပါဘူး"

"ကျွတ် ... ခက်တော့ခက်နေပြီ မုတ်သုန်ရယ်"

"မခက်ပါဘူး၊ ကိုယ့်အတွက်တော့ မခက်ဘူး၊ ကိုယ့် ... ခက်တဲ့ပြဿနာဆိုတာ မရှိဘူး၊ နားမလည်တာပဲရှိ ... မင်းသိတယ်မဟုတ်လား ...

ကိုယ်က အိုသွေးလေ၊ Fighterသွေးပေါ့၊ ဘာ ... မဆို လွယ်လွယ်နဲ့ အလျှော့ပေးပြီး နောက်မဆုတ်တတ် ... အကြောင်းအရာတစ်ခုအတွက် နိုင်မာတဲ့ Source ... သူ့နောက်ကွယ်မှာ ရှိပြီးသားပါ ...

အဲဒါကို ကိုယ်သိအောင် ကြိုးစားဦးမှာပါ"





"ဟင်း ... သဘောပဲ မုတ်သုန်ရေ၊ ဒါပေမဲ့ ရှင် ထင်နေတာတွေနဲ့ ဖြစ်နေတာနဲ့ကတော့ သိပ်တော့သဘာဝမကျဘူး ထင်တာပဲ"

"အဲဒါကိုက မင်းဟာ အရင်လေးမျက်မှုံ မဟုတ်ကြောင်း ပြနေတာပဲ"

"ပြဿနာပဲ အခု လေးမျက်မှုံက ဘာဖြစ်နေလို့လဲ"

"အင်း ... အဲဒီလို ပြန်မေးတဲ့ပုံကတော့ လေးမျက်မှုံနဲ့ တူလာပြီ"

"ရော် ... ပြဿနာပဲ"

"မင်းက ဒီကိစ္စကို ပြဿနာလို့ သတ်မှတ်နေတာလား၊ အဲဒါဆိုရင်ကို မင်း တစ်ခုခုလွဲနေတာ သေချာပြီ၊ ကိုယ့်ကို မဖုံးကွယ်ထားချင်ပါနဲ့ လေးရယ် ...

မင်း ပြောတတ်ကကောင်းပါတယ်၊ ဒါပေမဲ့ ကိုယ်က ဖီးလ်ကွေးနေတော့ မခံစားနိုင်ဘူး၊ ကဲပါ ... မင်းအတွက် ဒီညတော့ အာရုံနောက်စရာတစ်ခုခု ဖြစ်သွားခဲ့ရင် Sorry ပါ ...

Good nights ! ကိုယ် ပြန်တော့မယ်"

"အင်း"

သူမက မပွင့်တပွင့်ပဲ နှုတ်ဆက်ပြန်သည်။ အရင် ...ခ်လျှင် သူနဲ့ စကားပြောလေတိုင်း ရွှန်းလဲ့သည့်အကြည့်တွေ၊ သွက်လက်ချက်ချာကာ ရင်ဘတ်ဖွင့်ပြီး ပြောတတ်သည့် စကားသံ



www.burmeseclassic.com

www.burmeseclassic.com

ကွေ့ ကိုယ်ရော စိတ်ပါနှစ်ပြီး ပြုံးတတ်သည့် အပြုံးတေ စတာတွေက တဖြည်းဖြည်း ဝေဝါးပျောက်ဆုံးနေသည့် အရာတွေပဲ မဟုတ်လား။ သူ ဆက်မစဉ်းစားချင်တော့ပါ။

"ကိုယ် မင်းအိမ်ရှေ့မှာ သီချင်းလာဆိုနေတာ မင်းအတွက် အနှောင့်အယှက်များဖြစ်နေသေးလား လေး ...

အကယ်၍ မင်း မကြိုက်ဘူးဆိုရင် ကိုယ် ဆင်ခြင်ပါ့မယ်"

"ကျွန်မ သီချင်းကြိုက်ပါတယ်"

"ကိုယ့်ကိုပဲ မကြိုက်တာလား"

"မှတ်သုန် ... ရှင်က ကျွန်မနဲ့ ပြဿနာတစ်ခုကို ဖန်တီးချင်တာလား"

သူမအသံက မကြွဲစဖူးစွာ ခပ်ဆတ်ဆတ်ထွက်လာသည်။ အဲဒီအသံကြောင့် သူ တကယ်ပဲ ဝမ်းနည်းသွားခဲ့သည်။ ခံစားချက်တချို့ကလည်း ရင်ထဲမှာ ပျံ့နှံ့စိမ့်ဝင်ပြီး လာပါသည်။ ခေါင်းမော့လိုက်သောအခါ ညက မှောင်မိုက်စွာ သူ့ကို ငုံ့ကြည့်နေသည်။ ဒီလိုပဲ သူမနှလုံးသားကလည်း ခပ်မှောင်မှောင်ဖြင့် သူ့ကို ငုံ့ကြည့်နေမှာပေါ့။

"အိုကေလေ ... ဆောရီးပါ၊ ကိုယ် နည်းနည်းဘောင်ကျော်သွားတယ် လေး၊ မင်းကို ကိုယ် ဒီလို ပြောပိုင်ခွင့်မရှိပါဘူး –

ဒါပေမဲ့ လူတစ်ယောက်နဲ့တစ်ယောက်ကြားမှာ အစဟည်းက နားလည်မှုတစ်ခုခု ထားခဲ့ကြပြီး၊ တစ်ယောက်





ယောက်ဘက်က အဲဒီနားလည်မှုကို ဖျက်သိမ်းခဲ့ရင် မသိသေးတဲ့ ဒီဘက်လူတစ်ယောက်အတွက်တော့ အမှားတင်ခုကို ကျူးလွန်သွားသလို ဖြစ်တတ်ပါတယ် ...

ဆောရီး လေး ... ကိုယ် ဖုန်းချလိုက်ပြီ"

သူမက ဘာမှ ပြန်မပြောတော့။ သူက ကြေကွဲစွာဖြင့် ဖုန်းကိုပိတ်လိုက်သည်။ အဲဒီနောက် ဂစ်တာကို ပစ်တင်ကာ အားမောင်းဖွင့်ကာလာခဲ့သည်။ သူ့သူငယ်ချင်းတွေကလည်း သူ့အခြေအနေမကောင်းမှန်း သိသဖြင့် ဘာမှ မပြောကြ။ ခဏကြာတော့မှ ထက်မြက်က စဉ်းစားတွေးတောဟန်ဖြင့် စကားတစ်ခွန်းခင်ပြောသည်။

"ငါ တစ်ခုစဉ်းစားမိတာပြောရရင် လေးမျက်မှုံက မင်းကို လေစိမ်းတွေစတိုက်တဲ့အချိန်နဲ့ နွယ်ပျိုးပင်က မင်းကို Favour တွေ စပေးတဲ့အချိန်နဲ့က အတူတူလောက်ကျနေတယ်ဆိုတော့ လေးမျက်မှုံ မင်းကို စိမ်းကားရတဲ့ကိစ္စက နွယ်ပျိုးပင်နဲ့ ဆိုင်မနေနိုင်ဘူးလား"

သူ့ခေါင်းထဲတွင် တစ်ချက်လင်းသွားသည်။ အဲဒီအချက်ကို သူ ဘာကြောင့် မတွေးမိပါလိမ့်။ နေမင်းကလည်း နောက်ခန်းထဲမှ ရှေ့သို့ကိုင်းကာ ဝင်ပြောပြန်သည်။

"ဒီကောင်တွေးတာ ဖြစ်နိုင်တယ်နော်၊ လေးမျက်မှုံက အချစ်မှမဟုတ်တာ၊ နွယ်ပျိုးပင် ဘာဖြစ်နေတယ် ဆိုတာသိလို့ သူက နောက်ဆုတ်သွားတာရော မဖြစ်နိုင်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"အချစ်မှာ နောက်ဆုတ်လို့ ရလို့လား"

"အချစ်အဆင့်အထိ မရောက်သေးလို့ နေမှာပေါ့"

"တော်ပြီကွာ၊ ဆက်မပြောနဲ့တော့၊ ငါ သဘောပေါက်ပြီ သူ နောက်ဆုတ်ပေမယ့် ငါ နောက်မဆုတ်ဘူး၊ ရှေ့ဆက် တိုးမယ်၊ ငါ ပြတ်သားမှပဲဖြစ်တော့မယ်"

သူက ရဲရဲတောက်ပြောပြီးလျှင် ဂီယာချိန်း လီဗာမြှင့်လိုက်သည်။ သူ့ကားသည် လေးညို့မှပစ်လိုက်သောမြား ဝှဲ့ရှိန်ထိုးပြေးသွားသည်။ ဒီလိုပဲ သူ့နှလုံးသားကလည်း သူ သို့ တစ်ရှိန်ထိုးပြေးသွားတော့မည် ဖြစ်လေသည်။





၁၅

မုံသည် အိပ်ရာမနိုးလာသောအခါ ခေါင်းအုံးဘေးက ...ကိုယူကာ နာရီကြည့်တတ်တာ ထုံးစံပဲဖြစ်သည်။ ဆလိုက် ...လေးကို တွန်းဖွင့်လိုက်စဉ်မှာပဲ ဖုန်းမှာ စာအိတ်အဝါလေး ...နေတာကို တွေ့လိုက်ရလျှင် Message တစ်ခုရောက်နေပြီဆိုတာ ...လိုက်ရသည်။ Message Box ထဲမှာ ပင်၍ ဖွင့်ကြည့်လိုက်လျှင် ...သူက မုတ်သုန်ဖြစ်နေတာကို တွေ့လိုက်ရသည်။ ဘာသား ...ကို မုံ ရုတ်တရက် နားမလည်နိုင်ပါ။

"လေး ...

မင်းရဲ့နှလုံးသားက ချိုမြိန်ပြီးသားပါ။

ဒါကြောင့် အချိုတွေ ထပ်မကြိုက်ပါနဲ့တော့။

ကျေးဇူးပြု၍ ..."



www.burmeseclassic.com

www.burmeseclassic.com



မုံသည် စာသားကို မျက်မှောင်ကြုတ်ကြည့်ကာ အထပ်ထပ်အခါခါဖတ်သည်။ သူ့ရဲ့ဆိုလိုရင်းကို မုံ သိပ်နားမလည်ပါ။ ဒါပေမဲ့ အခြေအနေမကောင်းဘူးဆိုတာကိုတော့ သိသည်။ မုံသည် သက်ပြင်းတစ်ချက်ကို ရှိုက်ကာ နဖူးပေါ်လက်တင်ပြီး မျက်လုံးများကို ပြန်မှိတ်ထားမိသည်။ မျက်လုံးများမှိတ်လို့ထားလည်း အမြင်အာရုံထဲ မင်းပဲမြင်တယ်ဆိုသော စည်သူလွင်ရဲ့ သီချင်းထဲကလို မျက်လုံးတွေ မှိတ်ထားလိုက်သော်လည်း သူ့ပုံရိပ်တွေက မျက်ဝန်းထဲမှာ ထင်ဟပ်ပြီးလာသည်။ ညက ခံစားချက်တွေနဲ့ပြောသွားသော စကားတွေကို မုံ နားလည်သော်လည်း အဲဒီအတွက် ဘာမှ မတာတ်နိုင်။

မုံ့အပေါ်မှာ ပြောင်းလဲလာသော သူ့ရဲ့မျက်ဝန်းရိပ်တွေကို မုံ နားလည်သော်လည်း မုံ့ဘက်မှာက ပျိုးရှိနေသေးသည်။ ပျိုးအပေါ်မှာ မုံ သစ္စာမဖောက်ရက်။ မုံ့ကို ယုံကြည်စွာ ဖွင့်ဟတိုင်ပင်ခဲ့သော ပျိုးကို ကျော်ပြီး မုံ မလုပ်ရက်ချေ။ သူနဲ့ပတ်သက်၍ မုံ့ရဲ့ခံစားချက်တွေ ရှိပင်ရှိသော်ငြား မုံ့ခံစားချက်တွေက နုနယ်သေးသည်။ ဒီအချိန်မှာ ဖြတ်မယ်ဆိုရင်လည်း ဖြတ်လို့ရသော ခံစားချက်တွေဖြစ်သည်။ ဒါကြောင့် မုံသည် အရှည်သဖြင့် ဝေးဝေးကို မျှော်တွေးကာ ဒီနေရာမှာပဲ ဇာတ်လမ်းကို တစ်ခန်းရပ်ဖို့ ပြင်ခဲ့ခြင်းဖြစ်သည်။ ရှေ့ပိုင်းမှာ မုံ ကပြခဲ့ပြီး နောက်ပိုင်းကိုတော့ ပျိုးဘာသာ ဆက်ကပစေတော့ဟု သဘောထားခဲ့ခြင်းဖြစ်လေသည်။





ဒါပေမဲ့အခြေအနေတွေက မုံ မှန်းသလိုမဖြစ်။ မုံလည်းပဲ သူ့သဘောထားတွေကြောင့် အတွေးတွေ ကစဉ့်ကလျားဖြစ်ကာ နှလုံးသားတွေ မတည်မငြိမ်ဖြစ်ရသည်။ ဒါကြောင့်ကျောင်းတက်ရတာတောင် ခါတိုင်းလို စိတ်မပါတော့။ စိတ်မရွှင်လန်းတော့။ မုံကသာ စိတ်မပါသော်လည်း ပျိုးကတော့ ခါတိုင်းထက်တောင် တက်ကြွနေသေးသည်။ မုတ်သုန် ကြိုက်တတ်သော ကြက်သားဘူးသီးဟင်းနှင့် ငါးဖယ်သုပ်ကို ဖွယ်ဖွယ်ရာရာ ထည့်လာခဲ့သည့်အကြောင်း၊ ညက မုတ်သုန်ဆိုသော သီချင်းတွေမှာ အသည်းကွဲသီချင်းတွေဖြစ်ကြောင်း စီကာပတ်ကုံး ပြောပြနေသေးသည်။ မုံသည် ပျိုးရဲ့ အချစ်ဓာတ်ထိသဖြင့် တက်ကြွနေသော မျက်နှာလေးကို ငေးကာ ...

"ပျိုး သူ့ကို သိပ်ချစ်သလားဟင်"

ပျိုးက ရှက်ပြုံးလေးပြုံးသော်လည်း အရင်လောက် အရှက်မသည်းတော့သော မျက်နှာဖြင့်

"ချစ်တာပေါ့"ဟု မဆိုင်းမတွ ဖြေသည်။ ဘာသည် သုမတစ်ယောက် အဲဒီလို လွတ်လွတ်လပ်လပ် ပြန်ဖြေသောပုံစံကို ပြန်ပြီး အားကျလာသည်။ မုံ့မှာတော့ သူမ ပျော်လာတာနဲ့အမျှ အဲဒီလို လွတ်လပ်ခွင့်တွေ ပျောက်ဆုံးလာသည်ဟု ထင်ပါသည်။

"ဟုတ်လား၊ အချစ်ဆိုတာ ဘယ်လိုမျိုးလဲ၊ ပျိုး ခံစားနားလည်သွားတဲ့အချစ်ကို ပြောပြပါလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ပျိုး ခံစားရတဲ့ အချစ်က သိပ်တော့ မပြည့်စုံသေးဘူးလို့ ထင်တယ်"

"ဘယ်လိုမပြည့်စုံတာလဲ"

"ဒီလိုလေ အခုဟာက ပျိုးက သူ ကြိုက်တာလေးတွေ ဖြည့်ဆည်းပေးနေရတာနဲ့တင် ကျေနပ်နေတာလေ၊ သူ့ကို ချစ်တယ်ဆိုတဲ့ အချစ်စိတ်တစ်ခုကြောင့် ရင်ထဲမှာ ကြည်နူးမှုက အလိုလိုဝင်နေတာတော့ ဟုတ်တယ် ...

ဒါပေမဲ့ အချစ်ရဲ့ ပြည့်စုံမှုဆိုတာကျတော့ သူကလည်း ကိုယ့်ကိုသိပ်ချစ်, ကိုယ်ကလည်း သူ့ကို သိပ်ချစ်၊ တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် နားလည်မှုနဲ့ ချစ်ကြတယ်ဆိုတဲ့အချစ်ကတော့ ပြည့်စုံမှုတစ်ခုဖြစ်လိမ့်မယ်လို့ ထင်တယ် ...

ပျိုးက အဲဒီလို ပြည့်စုံမှုမျိုး မရသေးဘူးလေ"

မုံသည် ပျိုးရဲ့အဖြေကြောင့် ပင့်သက်တစ်ချက်ကို မသိမသာရှိုက်မိသည်။ ပျိုးရယ် အခြေအနေတွေက မင်းထင်နေသလို မဟုတ်ဘဲ တစ်မျိုးတစ်မည်တွေ ပြောင်းလဲနေတယ်ဆိုရင် မင်း ဘယ်လိုခံစားရမှာတဲ့လဲ။ မင်းကို အပြည့်အဝ စိတ်ချမ်းသာစေချင်တာက တို့စေတနာတွေရယ်ပါ။

မုံသည် အတွေးတွေကို ဖွတ်ဖျောက်ဂ ပျိုးကို အားပေးနှစ်သိမ့်လိုက်ရပြန်သည်။





"ဘာပဲဖြစ်ဖြစ်ပေါ့ ပျိုးရယ်၊ ဒီအတိုင်းလေး ချစ်နေတာကလည်း စိတ်ချမ်းသာမှုတစ်ခုပဲ မဟုတ်လား။ မေတ္တာစေတနာဆိုတာ ရောင်ပြန်ဟပ်တတ်ပါတယ် ...

သူ့အတွက်တော့ ပျိုးဟာ နှလုံးသားနဲ့ပဲကြည့်ကြည့်၊ ဦးနှောက်နဲ့ပဲကြည့်ကြည့် ဘယ်ဘက်ကပဲကြည့်ကြည့် ခွင့်လွှတ်မခံနိုင်တဲ့ မိန်းကလေးတစ်ယောက်ပါ ...

ပျိုး ဒီအတိုင်းလေးပဲ ဆက်နေပါနော် ..."

ပျိုးက ပြုံးပြုံးလေး ခေါင်းညိတ်ပြသည်။ မုံသည် ပျိုးရဲ့အပြစ်ကင်းသော မျက်နှာလေးကို ငေးကာ ဒီလောက်ဖြူစင်ရိုးသန့်သည့် ကောင်မလေးကို မှတ်သုန်က ဘာကြောင့် မချစ်နိုင်ရတာလဲဟု တွေးနေမိသည်။ အစတုန်းက မုံ ထင်ခဲ့တာသည် ဒီကောင်မလေးကို မှတ်သုန်တစ်ယောက်တော့ သံယောဇဉ်တွေ ဘယ်ကာ ကရုဏာတွေကတစ်ဆင့် ချစ်သွားလိမ့်မည်ဟု မျှော်လင့်ခဲ့သည်။ သူတို့နှစ်ယောက်၏ ပုံသဏ္ဌာန်လေးတွေကို မုံကိုယ်တိုင်ကလည်း သဘောကျစွာဖြင့် ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ ကူညီခဲ့သည်။

လူတစ်ယောက်ကို စကားပြောလျှင် စိတ်ရောကိုယ်ပါ နှစ်ကာ ရင်ဘတ်နဲ့အပြည့် ပြောတတ်သော မုံ့ရဲ့ပုံစံနှင့် ပျိုးရဲ့ကိုယ်စား ဆောင်ရွက်ပေးခဲ့သော ကိစ္စများအပေါ် မှတ်သုန်က ဘယ်လိုယူဆသွားသလဲတော့ မပြောတတ်တော့ပါ။ မုံသည်



www.burmeseclassic.com

www.burmeseclassic.com



ရော မုတ်သုန်အပေါ်မှာ ဘယ်လို သဘောထားမိလဲ။ အဲဒီမေးခွန်းကို မုံပြန်မဖြေနိုင်ပါ။ ခုတလော၌ မုံ့ရဲ့အတွေးတို့သည် မလန်းဆန်းနိုင်ဘဲ နွမ်းဖျော့ဖျော့ရှိနေတတ်၏။

"ဟော ... သူ လာနေပြီ"

ပျိုးထံမှ စကားသံတစ်ခု ထွက်လာသဖြင့် မုံက မော့ကြည့်လိုက်လျှင် မုံတို့ရှိရာသို့ လျှောက်လာသော သူ့ကို တွေ့လိုက်ရသည်။ မုံသည် ခါတိုင်းဆိုလျှင် ဟေး မောနင်းတို့၊ ဟိုင်း မင်္ဂလာပါတို့ ပါးစပ်ထဲရှိသမျှ အော်ဟစ်နှုတ်ဆက်နေတတ်သော်လည်း ခုတော့ ဟန်ဆောင်ပန်ဆောင်လေးနဲ့တောင် အဲဒီစကားတွေကို နှုတ်ဖျားမှထုတ်၍မရချေ။ မုံနဲ့စာလျှင် ပျိုးကတောင် သွက်လက်လာသည်။

"မုတ်သုန် ဒီနေ့ စောသားပဲနော်၊ ပေပါဝမ်း ကျူတိုရီယယ်ရှိတယ်၊ စာတွေရပြီလား၊ ညက စာရော ကျက်ဖြစ်ရဲ့လား"

"မကျက်ဖြစ်ပါဘူး"

သူက မုံ့ကို ကြည့်ကာ ဖြေသည်။ ဘယ်ကျက်ဖြစ်မလဲ။ သူ မုံ့ဆီ ဖုန်းဆက်တော့ကို ဆယ့်နှစ်နာရီထိုးတော့မည်ဖြစ်သည်။

"ဟုတ်လား ဒါဆို ဘယ်လိုလုပ်မလဲ။ ထက်မြက်တို့နေမင်းတို့ရော စာရကြတယ်မဟုတ်လား"

"ဒီကောင်တွေလည်း မရပါဘူး"





"ဟင် ... ဒုက္ခပါပဲ၊ နားမလည်လို့လား၊ ဘာလိုအပ်လို့လဲဟင်၊ ပျိုး ရှင်းပြရမလား"

"ရပါတယ် ပျိုး၊ နေပါစေတော့"

"ဟင် ... မုတ်သုန်ကလည်း။ ကျူတိုရီယယ်အမှတ်တွေကလည်း အရေးကြီးတဲ့ဥစ္စာကို၊ စာမကျက်ဘဲ ဂစ်တာတွေချည်း တီးနေတော့လည်း"

"ပျိုး"

ပျိုးရဲ့စကားမဆုံးခင် မုံက ခပ်သွက်သွက် ခေါ်လိုက်သကြောင့် သူရော ပျိုးပါ မုံ့ကို ပြိုင်တူကြည့်လာကြသည်။

"မုံ ဖစ်ဆစ်က သူငယ်ချင်းတစ်ယောက်စီ ခဏသွားစရာရှိလို့ ပျိုး သူနဲ့ပဲ ကင်တင်းသွားရင် သွားလိုက်တော့လေ၊ ကန်တင်းမှာ စာနည်းနည်းလောက် ရှင်းပြရင်ရှင်းပြလိုက်တော့ပေါ့"

"အင်း"

ပျိုးက အင်းဟု ဆိုလျှင် မုံသည် ခေါင်းတစ်ချက်ဆတ်ပြပြီးနောက် သူတို့ရှေ့မှ လှည့်ထွက်လာခဲ့သည်။ သူတို့နှစ်ယောက် ကန်တင်းသို့ သွားလား မသွားလားတော့ မုံ အသေအချာမသိတော့။ မုံသိသည်မှာ မုတ်သုန်ရဲ့ ခံစားချက်ဖြင့် နင့်သီးနေသော မျက်ဝန်းများကို ရင်မဆိုင်လိုခြင်းပဲ ဖြစ်တော့သည်။ အခုချိန်မှာ မုံ တတ်နိုင်သောအရာသည် မုတ်သုန်က ပျိုးရဲ့



www.burmeseclassic.com

www.burmeseclassic.com



သဘောထားတွေကို နားလည်ကာ (မုံ့ကိုလည်း မခံချင်စိတ်ဖြင့်) ပျိုးကို ချစ်ရေးဆိုပါစေဟု ဆုတောင်းနေဖို့ပဲ ဖြစ်တော့သည်။

မုံ့ ထွက်သွားလျှင် ပျိုးက မုတ်သုန်ကို မော့ကြည့်မိသည်။ မုတ်သုန်ကလည်း ပျိုးကို စိုက်ကြည့်နေတာနှင့် ကြုံရသောအခါ ပျိုးမှာ နည်းနည်းဘောင် လန့်သွားလေသည်။ မုတ်သုန်က ပျိုးကို ခေါင်းတစ်ချက်ဆတ်ပြရင်းမှ ...

"ကန်တင်းသွားမယ် မဟုတ်လား ပျိုး"

"အင်း ... သွားမယ်လေ"

"အိုကေ ... သွားတာပေါ့၊ ကိုယ်လည်း ပျိုးကို ပြောစရာရှိတယ်"

ပျိုးရဲ့နှလုံးသားသည် ဒိန်းခနဲ တစ်ချက်ဆောင့်ခုန်သွားသော်လည်း ဘာမှ မဖြစ်သယောင်ဖြင့် အတတ်နိုင်ဆုံး ဖုံးဖိလိုက်ရသည်။ သူနဲ့အတူတူ ကန်တင်းသို့ လျှောက်လာသော်လည်း ခြေထောက်တို့က မြေကြီးနဲ့ ထိတယ်ဟုမထင်။

သူ ဘာပြောမလဲဟူသော အတွေးသည် ပျိုးနှလုံးသားကို တဒိုင်းဒိုင်းနှင့် တုန်လှုပ်စေသည်။ ဒါကြောင့် မုံ့ သင်ပေးထားသည့်အတိုင်း စိတ်လှုပ်ရှားလျှင် ပေါ့ပေါ့ပါးပါး စကားလေးတွေ ရွေးချယ်ပြောပါဟူသော အကြောင်းအရာကို သွားသတိရမိသောကြောင့် ပျိုးက သူ စိတ်ဝင်စားမည်ထင်သော စကားကို ရွေးချယ်လိုက်သည်။





"ဒီနေ့လေ ပျိုး မုတ်သုန်အတွက် ပုစွန်တုပ်မီးဖုတ်လာတယ် သိလား၊ ပြီးတော့ နာနတ်သီးနဲ့ ကြက်သားနဲ့ ချက်တာရော၊ အဟင်း ... အဲဒီဟင်းတွေကတော့ စာအုပ်ထဲမှာပါလို့ အဲဒီနည်းအတိုင်း စိတ်ဝင်စားပြီး ချက်ထားတာ ... မုတ်သုန် ကြိုက်ပါ့မလား မသိဘူး"

သူက လမ်းလျှောက်နေရာမှ ရပ်ကာ ပျိုးကို အသာငဲ့ကြည့်သည်။ ပြီးတော့ ရေတမာပင်ကို လက်နဲ့ထောက်ရပ်လိုက်ကာ ...

"ပျိုး ကိုယ်တို့ ဒီနေရာမှာပဲ စကားပြောရအောင်"

"ရှင် ... ဒီနေရာမှာ။ ကန်တင်း မသွားတော့ဘူးလားဟင်၊ မုတ်သုန်ကို ပျိုး စာရှင်းပြရဦးမယ်မဟုတ်လား"

"အဲဒါတွေက အရေးမကြီးပါဘူး ပျိုး၊ အခု ကိုယ်ပြောမယ့် စကားက ပိုအရေးကြီးတယ်"

ပျိုးသည် သူ့မျက်နှာကို တအံ့တသြဖြင့် ငေးကြည့်နေမိသည်။ သူ ဘာပြောမလို့ပါလိမ့်။ သူ့ကြည့်ရတာ ရည်းစားစကားပြောမည့်ပုံစံနဲ့လည်း မတူပါ။ မိန်းကလေးတစ်ယောက်ကို ရည်းစားစကားပြောမည့် ယောကျ်ားလေးတစ်ယောက်ရဲ့ ပုံစံသည် ဒီလိုပုံစံမျိုးတော့ မဖြစ်နိုင်ဟု ပျိုး ထင်သည်။ ဒီလိုနေရာမျိုးမှာလည်း ပြောစရာအကြောင်းမရှိပါ။ ပျိုးသည် သူ့မျက်နှာကိုကြည့်ကာ နားမလည်ခြင်းများစွာတို့သာ ပြည့်နှက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပျိုး"

"ပြောလေ မုတ်သုန်၊ ဘာပြောမလို့လဲဟင်"

"နောက်နေ့တွေကစပြီး ကိုယ့်အတွက် ဟင်းတွေချက်ပြီး ထည့်မလာပါနဲ့တော့၊ ကိုယ့်အတွက် စာကူးပေးတာတွေ၊ တခြားထွေလီကာလီ ဂရုစိုက်တတ်တာမျိုးတွေ မလုပ်ပါနဲ့တော့ ပျိုး"

"ရှင် !... ဘာဖြစ်လို့လဲဟင်"

"ဘာမှ မဖြစ်ပါဘူး၊ ကိုယ်က ပျိုးရဲ့သာမန်သူငယ်ချင်းတစ်ယောက်ပဲလေ၊ အဲဒီလို အညွန့်အဖူး အခွင့်အရေးတွေ ယူနေရမယ့်သူမျိုးလည်း မဟုတ်ဘူး ...

မိန်းကလေးတစ်ယောက်ရဲ့ ဂရုစိုက်မှုအပေါ်မှာ သာယာပြီး မှိန်းနေမယ့် ယောကျ်ားမျိုးထဲမှာလည်း ကိုယ်မပါဘူး၊ ကိုယ်ပြောတာ ပျိုး သဘောပေါက်လားမသိဘူး ...

ကြာရင် အဲဒါတွေဟာ ပျိုးအတွက်လည်း မကောင်းဘူး၊ ကိုယ့်အတွက်လည်း မကောင်းဘူးလေ"

ပျိုးသည် သူ့စကားတွေကို အံ့သြခြင်းကြီးစွာဖြင့် ငေးကြောင်ကြည့်နေမိသည်။ သူ ပြောတဲ့စကားတွေဟာ ဘာအဓိပ္ပာယ်တွေပါလိမ့်။ ရှင်းရှင်းလင်းလင်း သဘောမပေါက်သော်ငြား သူဟာ ပျိုး အဲဒီလို လုပ်နေတာတွေကို မကြိုက်ဘူးဆိုတဲ့ အဓိပ္ပာယ်ကိုတော့ ပျိုး ကောင်းကောင်းကြီး နားလည်နိုင်ပါသည်။





ဒါဆို ညစဉ်ညတိုင်းပျိုးတို့ အိမ်ရှေ့ကို သူ့ခံစားချက်တွေနဲ့ သီချင်းတွေ လာတီးနေတာကရော ဘာသဘောပါလိမ့်။ ပျိုးရဲ့ မိန်းကလေးမာနသည် ဒီနေရာမှာတော့ လှစ်ခနဲ ခေါင်းပြူပြီးထွက်လာသည်။

"နေပါဦး ဒါဖြင့်ရင် မုတ်သုန်က ဘာဖြစ်လို့ ညတိုင်း အိမ်ရှေ့မှာ ဂစ်တာလာတီးနေရတာလဲ"

သူ့မျက်နှာတွင် အံ့သြခြင်းများစွာဖြင့် ပျိုးကို ငဲ့ကြည့်သည်။

"ဘာရယ် ပျိုး။ ကိုယ်က ပျိုးအိမ်ရှေ့မှာ ဂစ်တာလာတီးတယ် ဟုတ်လား"

"အင်းလေ အဲဒါက ဘာဖြစ်လို့ တီးတာလဲ"

သူက မျက်မှောင်တစ်ချက် ကြုတ်သွားသည်။ ပြီးတော့ ခေါင်းတစ်ချက်ယမ်းကာ ...

"မဖြစ်နိုင်ဘူးထင်တယ် ပျိုး၊ တစ်ခုခုတော့လွဲနေပြီ"

သူ့မျက်နှာသည် ကြောက်စရာကောင်းအောင်ကို မျက်ယွင်းလာသည်။

ပျိုးသည် သူ့မျက်နှာကို ငေးကြည့်ကာ ကိုယ်ပါ ...လိုက်နေရင်း ဝမ်းနည်းလို့လာလေသည်။

"ဘာလွဲရမှာလဲ။ အိမ်ရှေ့မှာ မုတ်သုန် ညတိုင်း သီချင်းလာဆိုတဲ့ကိစ္စကို မံလည်း သိတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွတ် ... ကိုယ် သဘောပေါက်ပြီ ပျိုး၊ ဆက်မပြောနဲ့တော့၊ ကိုယ် ကောင်းကောင်းကြီး သဘောပေါက်သွားပြီ။ လက်စသတ်တော့ မုံက မင်းနဲ့ ကိုယ့်နဲ့ကို အရူးလုပ်သွားတာပဲ ...

လေးမျက်မုံရာ ဘာဖြစ်လို့ အဲဒီလောက် ရက်စက်ရတာလဲ"

သူက နာကြည်းခံခက်စွာဆိုလျှင် ပျိုးသည် မျက်လုံးအဝိုင်းသားဖြင့် ကပျာကယာ ဖြေရှင်းချက် ထုတ်မိသည်။

"အို ... မုံ့ကို အပြစ်မတင်ပါနဲ့။ မုံနဲ့ ဘာမှမဆိုင်ဘူး မှတ်သုန်"

"ဘာလို့ မဆိုင်ရမှာလဲ။ ဆောရီး ... ပျိုး။ အားလုံးကို နားလိုက်ပါတော့၊ ဒီကိစ္စမှာ မင်းက အပြစ်အမဲ့ဆုံးလူပါ။ ကိုယ်နဲ့ လေးမျက်မုံနဲ့ပဲ စာရင်းရှင်းဖို့ လိုတာပါ။ ဆောရီး မင်း နေခဲ့လိုက်တော့"

သူက ပျိုးကို ထားရစ်ခဲ့ကာ ဒေါသတကြီး လှည့်ထွက်သွားလျှင် ပျိုးသည် ဘာလုပ်ရမှန်း မသိဘဲ အထိတ်ထိတ် အပျာပျာဖြင့် ကျန်ရစ်ခဲ့သည်။ ဒူးတွေတောင် တုန်လာသဖြင့် ဆက်မရပ်နိုင်တော့ဘဲ အနီးနားရှိ ခုံတန်းလေးတွင် ဝင်ထိုင်လိုက်ရသည်။ အခြေအနေတွေက ဘာတွေ ဘယ်လို ဖြစ်ကုန်မှန်းကို မသိတော့ပါ။ သေချာတာကတော့ မုံ ပြောသလိုတွေ ဖြစ်





လာခဲ့။ သူ့ထံမှ မထင်မှတ်သော စကားတွေသည် ပျိုးကို ဖိစီးခြင်းစက်မှုတွေ ကြီးကျယ်စွာ ပေးလျက်ရှိသည်။

ပျိုးသည် မျက်ရည်မကျမိအောင် အတန်တန် ထိန်းထားလျက်ရှိသည့်ကြားမှ မျက်ရည်တွေ စို့တက်လာသည်။ မုံ ဘယ်မှာလဲ၊ မုံ့ကို အမြန်ဆုံးတွေ့ဖို့ လိုအပ်လာပြီဟု ထင်မိလေသည်။

❧ ❧ ❧



www.burmeseclassic.com

www.burmeseclassic.com



မှတ်သုန်သည် ခြေလှမ်းတွေကို လှမ်းသာလှမ်းလ
ခဲ့ရသော်လည်း သူ့ခြေထောက်တွေသည် မြေကြီးနဲ့ မထိ
ပေ‌ပင်မိလေသည်။ ခံစားချက်ပေါင်းစုံက မွှေနှောက်နေသောကြော
သူ့ရင်သည် ဖြောင်းဆန်ပြီး နေလျက်ရှိသည်။ သူဟာ ကျော
စားပြမှန်းသိ ဆိုသလိုပင် အဖြစ်သနစ်အစုံကို အခုမှပဲ ကော
ကောင်းကြီး သဘောပေါက်တော့တာဖြစ်သည်။ လေးမျက်မှုံသ
သူ့ကို တစ်ချိန်လုံး အရူးလုပ်နေခဲ့တာဖြစ်သည်။ သူမရဲ့သူ
ချင်းအတွက် သူ့ကို အရုပ်တစ်ရုပ်လို ဆော့ကစားနေခဲ့သည်ဟု
သူက မြင်သည်။ ကွယ်ရာမှာ သူ့ကို ဘယ်လောက်တောင်မှ
ကောင်းကောင်းကြီး ဟားနေမှာပါလိမ့်။

အဲဒီဂိတ်သည် သူ့ကို တစ်ကိုယ်လုံးအား ဖိစီးနှ
ဆော်လျက်ရှိသည်။ [illegible] အဆောင့်ဘက်ရှိ ခုံတ
တွင် ငြိမ်သက်စွာ ထိုင်နေကာ သူ့အလာကို ကြိုတင်စောင့်
သလိုပဲရှိသည်။ သူ့ကိုတွေ့ကို မြင်သောအခါမှာတော့ နည်းနည်
တော့ အံ့သြသွားဟန် ရှိပါသည်။ သူက သူမရှေ့တွင် ခြေ
လိုက်ကာ ...





"လေးမျက်မှုံ ... မင်းနဲ့ ကိုယ် စကားခဏပြောချင်တယ်"

"ပြောပါ မှတ်သုန်"

သူမက တစ်ခုခုကို ကြိုသိထားသည့်အလား တည်တည်ငြိမ်ငြိမ်ပဲ ဆိုသည်။ အဲဒီပုံစံကို သူက ပိုပြီးအသည်းနာသွားရသည်။ အခါများစွာက ပွင့်လင်းလွတ်လပ်ခဲ့သော ပုံရိပ်တွေဟာ ဟန်ဆောင်မှုတွေပဲတဲ့လား။ ဒီလို အေးစက်တည်ငြိမ်တဲ့ ပုံစံကမှ သူမရဲ့ပုံရိပ်အစစ်တဲ့လား။ မင်း ငါ့ကို ကစားနေခဲ့တာပေါ့ လေးမျက်မှုံ။

"ကိုယ် သိချင်တာကို ပထမဆုံး မေးပါရစေဦး။ မင်းအိမ်လို့ ကိုယ်သိထားတဲ့၊ ကိုယ် ဂစ်တာသွားတီးနေတဲ့အိမ်က နွယ်ပျိုးပင်ရဲ့အိမ်ပေါ့ ...

ဟုတ်လား"

အဲဒီမေးခွန်းကြောင့် သူမ နည်းနည်းတော့ ပျက်သွားသည်။ သို့သော် ဆရာမကြီးဖြစ်သော သူမက ချက်ချင်းပဲ ပြန်လည်ပြင်ယူနိုင်စွမ်း ရှိလေသည်။

"အဲဒါက အကြောင်းရှိတယ် မှတ်သုန်၊ ရှင့်ကို တမင်လှည့်စားခဲ့တာတော့ ..."

"တော်ပါတော့ကွာ၊ ဆက်မပြောပါနဲ့တော့။ မင်း ဘယ်လိုမိန်းကလေးလဲ လေးမျက်မှုံ။ ဘာဖြစ်လို့ မင်း ထင်ရာတွေလျှောက်လုပ်နေခဲ့ရတာလဲ ..."



www.burmeseclassic.com

www.burmeseclassic.com



မင်း သိအိုရိတွေအတိုင်း အဖြေထုတ်လို့ မှန်မယ် ထင်နေလို့လား ...

ငါနဲ့ နွယ်ပျိုးပင်နဲ့က မင်း ကြိုးဆွဲရာ က,ရတဲ့ ရုပ်သေးရုပ်တွေ မဟုတ်ဘူး။ အခုဟာ မင်း လုပ်နေခဲ့တဲ့ ပုံစံကို ငါ ကောင်းကောင်းကြီး သဘောပေါက်သွားပြီ_

"ငါ့ဘက်မှာ ကျတော့လည်း မင်းက အရမ်းပဲ နွေးထွေးလိုက်လှဲပါတယ်ဆိုတဲ့ ပုံစံမျိုးနဲ့ ဆက်ဆံတယ်။ နွယ်ပျိုးပင်ဘက်ကို ကျတော့လည်း ..."

"မုတ်သုန် ! အဲဒါက ..."

သူက သူမကို လက်ဝါးတစ်ချက် ကာပြလိုက်သည်။

"မပြောနဲ့ဦး။ မင်း ပြောမှာကို ကိုယ်သိတယ်။ ဒါပေမဲ့ မင်း သိထားရမှာက ကိုယ့်မှာလည်း ကိုယ့်ခံစားချက်နဲ့ ကိုယ့်နှလုံးသားနဲ့ပဲလေ ...

ဒီလိုဖြစ်တိုင်း ကိုယ်က စိတ်ယိုင်ရမှာလား။ မင်း တွက်တာတွေ သိပ်မှားသွားပြီ လေးမျက်မုံ။ အမိက,က မင်း မရိုးသားခဲ့တာပဲ ...

မင်းက ပျိုးရဲ့ရိုးသားဖြူစင်မှု အပေါ်မှာလည်း ကျော်သွားတယ်။ ကိုယ့်ကိုလည်း အရူးလုပ်တယ်။ မင်း အိမ်လိပ်စာကို ကိုယ်မေးတာ ဘာကြောင့် ပျိုးလိပ်စာ ပြောလိုက်ရတာလဲ ...





ပျိုးကလည်း အဲဒီအတွက်နဲ့ သက်သက်ရူးရဦးမယ်။ ကိုယ်ကလည်း ဘာမှန်း ညာမှန်း မသိဘဲနဲ့ အရူးလို သီချင်းတွေ လာဆိုလို့၊ မင်းကတော့ အဲဒီအချိန်မှာ တစ်ယောက်တည်း ကျိတ်ရယ်နေပေါ့ ... ဟုတ်လား ...

လုပ်ရက်ပါတယ် လေးမျက်မုံရယ်"

သူက နင့်သီးသော အသံဖြင့် ဆိုလိုက်လျှင် သူမက တကယ်ကို ကြေကွဲသွားသောပုံစံဖြင့် မတ်တတ်ထရပ်သည်။ ဒါပေမဲ့ အဲဒီပုံစံတွေကို သူက မယုံတော့ပါ။

"မင်းကို တစ်ခုတော့ ပြောချင်တယ် လေးမျက်မုံ။ အချစ်ဆိုတာ ဖန်တီးပြုပြင်ယူလို့ မရဘူးကွ။ နားလည်လား ...

ဘာတွေကြောင့် ချစ်ရတာပါဆိုတဲ့ အကြောင်းပြချက်မျိုး အချစ်မှာ မရှိဘူး။ အဲဒီ့အတွက် အကောင်းဆုံး သက်သေတစ်ခု မင်းကို ပြမယ်။ အဲဒါကတော့ ခုချိန်ထိ မင်းကို ငါ ချစ်ဆဲပဲ ဆို(..)ပဲ လေးမျက်မုံ ...

မင်းအနေနဲ့ ကိုယ့်အပေါ်မှာ ဒီလို လှည့်စားထားတာတွေ ရှိပေမယ့် ကိုယ် မင်းကို မမုန်းဘူး။ ပျိုး (..)ယ့်အပေါ်မှာ ဂရုစိုက်ပေမယ့်လည်း ကိုယ် ချစ်ခဲ့တာ မင်းပါ ...

ဒါဟာ မပြောင်းလဲပါဘူး။ အဲဒါလေးပဲ မင်းကိုပြောပြချင်တာပါ။ ဒါပါပဲ ... ကိုယ့်ကို ခွင့်ပြုပါဦး"

သူက ပြောပြီးတာနဲ့ ချာခနဲ လှည့်ထွက်လိုက်သည်။ ဒါပေမဲ့ သူ့ခြေလှမ်းတွေက ဆက်လျှောက်၍ မရစွာဖြင့် တုံ့ခနဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားသည်။ ပျိုးသည် နေရာမှာတင် သူတို့နှစ်ယောက်ကို ကြောင်ငေးကာ ဆွံ့အလျက် ကြက်သေ,သေပြီး ရပ်ကြည့်နေသည်။ သူ့ရှေ့မှာက ပျိုး ဖြစ်လျက် သူ့နောက်မှာတော့ မုံဖြစ်သည်။ သူတို့သုံးယောက်သည် မျဉ်းဖြောင့်တစ်ကြောင်းတည်းဆွဲလျှင် တန်းနေသော အနေအထားမှာ ရှိကြလေသည်။

❧ ❧ ❧





### ၁၆

စေတနာဟာ တစ်ခါတလေမှာ ဝေဒနာ ဖြစ်တတ်ယ် ဟူသော စကားလုံးလေးကို အရင်က မုံ ကြားခဲ့ဖူးသော်သည်း ဒီလောက်ထိတော့ နက်နက်ရှိုင်းရှိုင်း နားမလည်ခဲ့ဖူးပါ။ ... စေတနာအပြည့်ဖြင့် ကူညီခဲ့သော ကိစ္စများသည် မုံရဲ့စေတနာ... အသိအမှတ်ပြု ခံခဲ့ရတာတွေချည်းပဲ ဖြစ်သည်။ အခုတော့...။ ...အာရုံတွေ့သည် မကြုံစဖူး ထူး...ဖြင့် ညစ်နေသည်။ ဘာ...မှ ကောင်းကောင်း စိတ်ဝင်စား၍မရ။ မုတ်သုန် ပြောသွားသော ...ကားလုံးတွေကို နားနဲ့ဆတ်ဆတ် ကြားသွားသော ပျိုး...တွက်...သည်း မုံ့မှာ ဖြေရှင်းစရာစကား မရှိတော့ချေ။ မုံရဲ့ဦးနှောက်တွေ...တော်ပဲ ပျက်ရပါသည်။

ပျိုးကတော့ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး စကားကိုအစ...တော့ပါ။ မုတ်သုန် ပြောခဲ့သော စကားတစ်ခွန်းသည် ပျိုးကို ...သတ်လိုက်သော၊ တစ်နည်းအားဖြင့် မုံနဲ့ ပျိုးကို ရှင်ကွဲခွဲ



www.burmeseclassic.com

www.burmeseclassic.com



လိုက်သော စကားလုံးသာဖြစ်သည်။ အဲဒီအတွက် ပျိုးကို ဘယ်လိုတာဝန်ယူပေးရမယ်ဆိုတာ မုံ မသိတော့။ ပျိုးသည် မုံ့ကိုတိတ်ဆိတ်စွာ ရှောင်ရှားလာသည်။ စကားဟဟ မပြောတော့။ အထိအခိုက် မခံသော ပျိုးရဲ့ပုံစံအတွက် များစွာနာကျင်ရပါသည်။ "ပျိုး ... မုံ့လေ"ဟု စကားစလိုက်လေတိုင်း ပျိုးက ဆက်မပြောပါနဲ့တော့ ဟူသော ပုံစံဖြင့် ခေါင်းယမ်းပြသည်။ ဒီ့ထက် မုံ့ဖွင့်တောင်းဆိုလျှင် သူမက ...

"ပျိုး ... မုံ့ကို မမုန်းပါဘူး။ မခေါ်ချင်လို့ စကားမပြောတာလည်း မဟုတ်ပါဘူး။ ပျိုးအပေါ်မှာ မုံ ဘယ်လောက်ကောင်းတယ်ဆိုတာ ပျိုး သိပါတယ် ...

ဒါပေမဲ့ ပျိုးကို နားလည်ပေးပါ မုံ။ ပျိုး ဘာအကြောင်းမှ မပြောချင်ဘူး။ ဘာမှမဖြစ်သလို ဟန်ဆောင်ပန်ဆောင်ပြီးတော့လည်း မနေတတ်လို့ပါ ...

ပျိုးကိုယ်ပျိုး တည်ငြိမ်အောင် ဆောက်တည်ပါရစေ"

ပျိုးက အဲဒီလို ပြောသောအခါ မုံသည် တိတ်ဆိတ်စွာ ငေးကြည့်ရုံမှအပ ဘာမှမပြောနိုင်ပါ။ ပျိုးဘက်ကိုလည်း မုံက ကိုယ်ချင်းစာသည်။ သူမ ယုံကြည်ကိုးစားစွာ ရင်ဖွင့်ခဲ့သောသူငယ်ချင်းကိုမှ သူမချစ်သော ချစ်သူက ချစ်နေခဲ့တယ် ဆိုတော့ သူမက ဘယ်လောက်တောင်များ ခံစားရမှာပါလိမ့်။ ရက်လည်း ရက်ရာမည်။ နဂိုကမှလေတိုက်ရင်တောင် ရက်နေသော ပိန်းကလေးက ဒီလိုအခြေအနေမျိုးမှာဆိုတော့ ပြောဖွယ်ရှိမှာ မဟုတ်တော့။





သူမကိုလည်း မုံက နားလည်ပါသည်။ ရှက်ရှက်နှင့် တစ်ခုခု မလုပ်တာတောင် တော်သေးသည်ရဲ့ဟု ပြောရမည်။ သူမကိုလည်း မုံ ဘာမှလုပ်မပေးနိုင်။ မုတ်သုန်ကိုလည်း မုံ ဘာမှ လုပ်မပေးနိုင်။ မုံ့ကိုယ်မုံတော့ အစက အမှတ်ကြီးထင်ခဲ့သည်။ ခုတော့ ဘာမှမဟုတ်တော့။ မုံသည် ဘာကိုမုန်းမသိ နာကြည်းလာကာ ရှုံးသွပ်ခြောက်ကပ်စွာ ရယ်မောမိလေသည်။

ဒီလိုနဲ့ပဲ ပထမနှစ်စာမေးပွဲ ဖြေချိန်သို့ ရောက်ရှိလို့ လာခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မုံသည် စာမေးပွဲခန်းထဲမှ ထွက်လာခဲ့သောအခါ ကိုယ့်ကို တစ်စုံတစ်ယောက်က စောင့်နေတာကို အံ့သြဖွယ် တွေ့လိုက်ရသည်။ အဲဒီတစ်ယောက်ကတော့ မုံ့ကို တစ်လလောက် စကားမပြောခဲ့သည့် ပျိုးပဲဖြစ်လေသည်။ ပျိုးသည် ကြည်လင်သော မျက်နှာနဲ့ပဲ မုံ့ကို စောင့်ကြိုနေသည်။

"ဖြေနိုင်ရဲ့လား မုံ"

"အင်း ... ဖြေနိုင်ပါတယ်။ ပျိုးရော"

"ပျိုးလည်း ဖြေနိုင်ပါတယ်။ ပျိုး မုံ့ကို ပြောစရာရှိလို့ စောင့်နေတာ"

"ဟုတ်လား ... ပြောလေ၊ ဘာပြောမလို့လဲ"

"အပြင်မှာ သွားပြောရအောင်လေ"

ဒီတစ်ခါတော့ ပျိုးက ဦးဆောင်ကာ ရေတမာပင်အောက်လေးရှိ ခုံတန်းပြာလေးထံသို့ ခေါ်သွားသည်။ ပျိုးရဲ့ပုံစံသည် အခါများစွာကလို မဟုတ်ဘဲ အေးဆေးတည်ငြိမ်သော ပုံစံနှင့် ဖြစ်သည်။





"ဒီအတောအတွင်းမှာ မုံ့ကို ပျိုး စကားမပြောခဲ့တာ ခွင့်လွှတ်ပါ"

"သြော် ... ခွင့်လွှတ်ပါတယ် ပျိုးရယ်။ ခွင့်မလွှတ်နိုင်စရာ ဘာအကြောင်း ရှိလဲ။ မုံကသာ ပျိုးကို တောင်းပန်ရမှာပါ"

"မဟုတ်တာ။ ပျိုးလည်း ပျိုးအကြောင်းနဲ့ ပျိုးမို့ ဒီလိုဖြစ်ရတာပါ။ ခုတော့ ပျိုး အားလုံး အဆင်ပြေသွားပါပြီ ...

အားလုံးကိုလည်း နားလည်သွားပါပြီ။ ပျိုး စေ့စပ်တော့မှာ မုံ"

မုံသည် ထင်မထားသော စကားကြောင့် အကြီးအကျယ် အံ့သြသွားသည်။ ပျိုးက မုံ့ရဲ့အံ့သြနေသော ပုံစံကို အပြုံးလေးတစ်ခုဖြင့် ခေါင်းဆတ်ပြကာ ...

"ဟုတ်တယ် မုံ။ ပျိုးဖေဖေရဲ့မိတ်ဆွေ၊ သူတို့သားနဲ့ပါ။ ပျိုးထက်တော့ ကြီးတယ်။ အခုမှ ဟောက်စ်ဆင်းမယ့် ဆရာဝန်တစ်ယောက်ပေါ့ ...

ဖေဖေနဲ့ ဒေါ်လေးတော ပျိုးရဲ့ပုံစံကို စိတ်မချကြဘူးလေ။ ဒီတော့ သင့်တော်တဲ့ လူတစ်ယောက်နဲ့ အိမ်ထောင်ချပေးချင်ကြတယ်။ ပျိုး ကိုယ်တိုင်လည်း ရင်ခုန်စိတ်လှုပ်ရှားတဲ့ အချစ်တစ်ခုထက် ငြိမ်းအေးလုံခြုံတဲ့ ဘဝမျိုးကိုပဲ လိုချင်ပါတော့တယ် ...



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် လူကြီးတွေ စီစဉ်တဲ့ အစီအစဉ်ကို လက်ခံလိုက်တာပါ။ ဧစ့စပ်ပွဲဖိတ်စာကို မုံဆီ ပို့လိုက်ပါ့မယ်။ လက်ထပ်တာကတော့ ကျောင်းပြီးသွားမှ လက်ထပ်မှာပါ"

"အော်"

မုံသည် အော် တစ်လုံးတည်းနဲ့သာ အံ့သြနေရသည်။ ဘာစကားမှတောင် ပြန်မပြောနိုင်တော့။ လူ့စိတ်တွေကို မုံ တကယ်ပဲ လိုက်မမီတော့ပါ။ လောကကြီးက ထင်မှတ်မထားတာတွေချည်း ဖြစ်တတ်သလား။ မုံ့ထက်စာလျှင် ရိုးသားဖြူစင် အရုက်အကြောက်ကြီးသော ပျိုးလို မိန်းကလေးက အိမ်ထောင်ရှင်စောစီးစွာ ဖြစ်တော့မည်။

"အဲဒီတော့ ပျိုးအတွက် မုံ ဘာမှမငဲ့ပါနဲ့တော့။ ပျိုးအတွက် မုံ ဘာမှလုပ်မပေးနိုင်ခဲ့ပေမယ့် မုတ်သုန်အတွက်တော့ မုံ တစ်ခုခု လုပ်ပေးနိုင်မှာပါ ...

သူ မုံ့ကို သိပ်ချစ်နေရှာတာပါ"

"ဟယ် ... ပျိုးက ဘယ်လိုလုပ်သိလဲ"

"ပျိုးကို သူ လာတောင်းပန်ပါတယ်။ တကယ်တော့ အဲဒီနေ့က သူ ပြောခဲ့တဲ့ စကားတွေက မလွန်ပါဘူး။ ပြောရရင် သူက လေးစားဖို့ကောင်းတဲ့ ယောကျ်ားတစ်ယောက်ပါ။ ပျိုးအပေါ်မှာ အသားမယူဘူး။ မဖြစ်နိုင်တဲ့ အရာတစ်ခုအတွက် အိပ်မက်တွေပေးပြီး မှိန်းမနေဘူး ...





သူ့ရင်ထဲ ရှိတာကို ပြတ်ပြတ်သားသား ပြောခဲ့တယ်။ အဲဒီစိတ်ဓာတ်ကို ပျိုး အတုယူပြီး ကိုယ့်ကိုယ်ကိုယ် ပြန်လည်ဆန်းစစ် ပြုပြင်ခဲ့ပါတယ် ...

မုဟ်သုန်ကိုလည်း နားလည်ပေးခဲ့ပါတယ်။ သူ့ကိုလည်း ပျိုး စေ့စပ်တော့မယ့်အကြောင်း ပြောလိုက်ပါပြီ။ သူကတောင် ပြောသေးတယ်။ ပျိုး ကံကောင်းမှာပါတဲ့ ...

အဲဒီတော့ မုံ ဘာကိုမှ ငဲ့တွက်စရာ မလိုတော့ပါဘူး။ မုံ့ကိုတော့ ဘာလုပ်ပါဆိုပြီး မတိုက်တွန်းတော့ပါဘူး။ ရင်ထဲက ကိစ္စတွေဟာ ဘယ်လိုမှ ဖန်တီးပြောင်းလဲယူလို့ မရဘူးဆိုတာ ပြီးခဲ့တဲ့ ကိစ္စတွေက သက်သေပါပဲ ...

အားလုံး အဆင်ပြေချင်ပါတယ် မုံ။ ရော့ ..."

ပျိုးက သူမအိတ်ထဲမှ စာလေးတစ်စောင်ကို ထုတ်ပေးသည်။

မုံက လှမ်းယူတုန်းမှာပဲ သူမက ဆက်ပြောသည်။

"မုတ်သုန်က ပေးထားတဲ့စာပါ။ ပျိုး သွားတော့မယ်နော်"

မုံသည် ပျိုးကို ခေါင်းညိတ်ပြလိုက်ပြီးနောက် တဒိတ်ဒိတ်ခုန်လာသော ရင်အစုံဖြင့် စာအိတ်လေးကို ဖွင့်လိုက်သည်။ အထဲမှာ ရေးထားသောစာက သိပ်များများစားစား မဟုတ်ပါ။ ခပ်သော့သော့ ရေးထားပေမယ့် ခိုင်မာပြတ်သားသော လက်ရေးများသည် မုံရဲ့နှုတ်ခမ်းများကို ပွင့်အေးတုန်ယင်လာစေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"လေး ...

အရင်လို ဘဝမျိုးကိုပဲ ပြန်မျှော်လင့်နေဆဲပါ ...
အားလုံးလည်း ရှင်းလင်းသွားပြီလို့ ထင်ပါတယ် ...
မင်းကို သိပ်ချစ်ခဲ့ပါတယ် ...
ဒါကို မင်းလည်း သိနေတယ်ဆိုရင် ...
မင်းနှလုံးသားကို နေရာပြောင်းလိုက်ပါတော့ ...
ကိုယ့်ရင်ခွင်ထဲကိုလေ ...

မင်းအတွက် ... ကိုယ်

(မုတ်သုန်)"

မုံသည် စာကိုဖတ်ပြီးသောအခါ ကြည်နူးစိတ်က တစ်ကိုယ်လုံးကို လှိုက်တက်လာလျက် ရှိန်းခနဲ ခံစားလိုက်ရသည်။ ဘုရားရေ ... ဒါအချစ်ပဲလား။ အဲဒီလို တွေးမိသွားလျှင် အင်အားကြီးသော အချစ်က မုံ့တစ်ကိုယ်လုံးကို ဆွဲမြှောက်ခေါ်သွားသလို ခံစားလိုက်ရလေသည်။ မုံသည် အဲဒီစာရွက်လေးကို ကိုင်ကာ ကားပါကင်ဆီသို့ ပြေးလာခဲ့သည်။ ကားပါကင်ရှိ မုံ့ရဲ့ကားနံဘေးတွင် မုတ်သုန်က မှီပြီးရပ်နေသည်။ သူ့ကာ မှ ပြေးလာတာကို မမြင်ဘဲ အဝေးသို့ ငေးနေသည်။ သူ့ပုံစံက တစ်ခုခုကို လွင့်မျော စွာ တွေးနေတဲ့ပုံမျိုး။

မုံသည် မုတ်သုန်ရဲ့ ပြတ်သားသော အချစ်အတွက် ဂုဏ်ယူသောအားဖြင့် အပြေးခြေလှမ်းတွေကို ထပ်၍သွက်လိုက် သည်။ ဒီနေ့ခေတ်မှာ မုတ်သုန်လို ပြတ်သားစွာ ဆုံးဖြတ်တတ်သော ယောက်ျားလေးမျိုးတွေ အများကြီး လိုအပ်ပါသည်။ ဒါမှ သူတို့ရဲ့ချစ်သူ မိန်းကလေးတွေ စိတ်ချမ်းသာရမည်။

"မုတ်သုန်ရေ"

မုံရဲ့မြူးဖျူသောအသံသည် လေထဲတွင် လွင့်သွား သည်။ သူက ခေါ်သံကြောင့် ဆတ်ခနဲ ဖြစ်သွားကာ မုံ့ကိုလှည့် ကြည့်ပြီး မြင်သွားသည်။ ပြေးလာသော မုံရဲ့ပုံစံကိုမြင်လျှင် သူ့ မျက်နှာသည် ချက်ချင်းပဲ ဝင်းပသွားသည်။

မုံသည် လက်ထဲမှ စာရွက်အပြာရောင်လေးကို သူ မြင်သာအောင် ဝှေ့ယမ်းပြမိသည်။ အဲဒီအခိုက်မှာ စာရွက်လေးက လေအဝှေ့မှာ လွင့်ပြီးပါသွားသည်။ ထိုအချိန်သည်-သူ့ထံသို့ မုံ ရောက်ဖို့ သုံးလေးလှမ်းမျှသာ လိုတော့သည့်အချိန်ဖြစ်သည်။

သူက စာရွက်လေးကို လှမ်းပြီးအဖမ်း၊ ကားတစ်စီး သည် သူ့အနားသို့ပွတ်ကာ သပ်ကာ ဖြတ်သန်းသွားသောအခါ မုံသည် သုံးလေးလှမ်းစာကွာသော အခြေအနေကို ဘယ်လိုခုန် ဖမ်းသွားမိသလဲတော့ မပြောတတ်။ ကားနဲ့ သူနဲ့ လွတ်အောင် သူ့ခါးကို ဆွဲလှည့်ပြီးသား ဖြစ်သွားသည်။ နိုင်ငံခြားရုပ်ရှင်တွေ ထဲကလို တကယ့်ကို ပွတ်ကာသီကာပဲ ဖြစ်ပါသည်။ သူက ရုတ်တရက်ကြီး ပြောင်းလဲသွားသော အခြေအနေကို အံ့သြစွာဖြင့် ငေးကြောင်နေသည်။ မုံကတော့ သူ့အတွက် စိုးရိမ်စိတ်ဖြင့်







BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးဝိုင်းတုန်း။ ခဏနေတော့ နှစ်ယောက်သားသည် အခြေအနေတစ်ခုကို သဘောပေါက်စွာဖြင့် တဟားဟား ရယ်မောမိကြသည်။

စကားတွေ သိပ်ပြောဖို့ မလိုပါ။ လူငယ်တွေကြားက လွတ်လပ်စွာ စီးဆင်းသော အချစ်သည် မျက်ဝန်းစကားနဲ့ တင်ကို လုံလောက်ပါသည်။ မျက်ဝန်းများနဲ့ အဖြေပေးလိုက်သော မုံရဲ့စကားသံတွေကို သူ သိတယ်ဆိုတာ သူ့မျက်ဝန်းတွေနဲ့ နှုတ်ခမ်းတွေက သက်သေပြ၍ နေခဲ့သည်။ သူ့ရင်ထဲက အချစ်သည် မုံ့ ရင်ခွင်ထဲသို့ ဘယ်အချိန်တည်းက တိတ်တိတ်လေး ရွှေ့ပြောင်းလာခဲ့သလဲတော့ မသိပါ။

ဆုမြတ်မွန်မွန်
1:10(A.M)
1st, July. 2009.

BURMESE CLASSIC .com

ဧ စ တ နာ ၁ စ ၁ ဓ ပ

၏

အ မှ တ် တ ရ အ င် အ ဝ ၃်

သို့

မင်္ဂလာပါ

မဆုမြတ် ကျွန်တော်က မဆုမြတ်ရဲ့ပရိသတ်တစ်ယောက်ပါ။ ပထမဆုံးမိတ်ဆက်စာ စရေးခြင်းမို့ အမှားပါရင်ခွင့်လွှတ်ပါ။ ကျွန်တော်ကအရင်တုန်းကဆိုရင် မဂ္ဂဇင်းစာအုပ်တွေပဲဖတ်လေ့ရှိပါတယ်။ ဒါပေမဲ့ ကျွန်တော့်ရဲ့သူငယ်ချင်းက မဆုမြတ်ရဲ့စာအုပ်'မှော်ကဗျာရွှေရုပ်'ဆိုတဲ့ ဝတ္ထုကိုဖတ်ကြည့်ဆိုလို့ ဖတ်ရင်းကနေ ဝတ္ထုစာအုပ်ဖတ်ခြင်းကို နှစ်သက်သွားခဲ့ပါတယ်။ အဲဒီကနေ တောက်လျှောက် အစ်မရဲ့စာအုပ်တော်တော်များများကိုဖတ်လေ့ရှိပါတယ်။ အစ်မရဲ့စာအုပ်တွေထဲက 'မှော်ကဗျာရွှေရုပ်' 'အသည်းကြီးဝတ်ရည်'တို့ကို အရမ်းကြိုက်ပါတယ်။ 'အသည်းကြီးဝတ်ရည်'ဇာတ်သိမ်းခန်းလေးကို အရမ်းကြိုက်ပါတယ်။

မဆုမြတ်တစ်ယောက် ဒီထက်မက
ပို၍အောင်မြင်ပါစေလို့ ဆုတောင်းပေးနေမဲ့
အစ်မရဲ့...

အမြဲတမ်းပရိသတ်
နေလင်းလက်

အမှတ်၇၇၊ လမ်းမတော်လမ်း။
ရုံးရပ်ကွက်၊ သရက်မြို့။

www.burmeseclassic.com